www.burmeseclassic.com

BURMESE CLASSIC

# မြတ်ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတရား

ဆန်းလွင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

• မြတ်ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးတရား
• ဆန်းလွင်
စာမူခွင့်ပြုချက် • ၂၇၀/၂၀၀၄(၅)
မျက်နှာဖုံးခွင့်ပြုချက် • ၆၂၉/၂၀၀၄(၁၀)
အကြိမ် • ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ • ၅၀၀
တန်ဖိုး • ၁၅၀၀ ကျပ်

မျက်နှာဖုံး ပန်းချီ ဒီဇိုင်း • ချစ်ကြည်
ကွန်ပျူတာစာစီ၊စာမျက်နှာဖွဲ့ • *KZ*AW DTP
ဖလင် • AZ
စာအုပ်ချုပ် • ကိုရဲထွန်း

ထုတ်ဝေသူ • ဦးကျော်ဟင်း၊ယုံကြည်ချက်စာပေ၊(၀၉၁၀)
၁၁၁၊၃၃လမ်း၊ရန်ကုန်မြို့။
ပုံနှိပ်သူ • ဦးကျော်ဇင်၊ခိုင်ရည်မွန်ပုံနှိပ်တိုက်(၀၄၂၂၉)
၈၁၊ဗိုလ်ချုပ်လမ်း၊ပုဇွန်တောင်၊ရန်ကုန်မြို့။

## နန်းဒေဝီစာပေ

တိုက်-၂၀၀၊ ၃၆ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၀၂၅


www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓ၏
# ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးတရား

ဆန်းလွင်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်း | | |
| ၁ | အတွေးထဲက အမေး | .... | ၇ |
| ၂ | သမီးငယ်ကို နားလည်ခြင်း | .... | ၁၃ |
| - | မရေးချင်သေးသော အမှာစကား | .... | ၂၁ |
| ၃ | မြတ်ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးအတွက် သိအပ်သော တရားများ | .... | ၂၃ |
| ၄ | ဆုံးမလွယ်သူ ဖြစ်ကြောင်းတရား | .... | ၂၉ |
| ၅ | အဆွေခင်ပွန်းကောင်းရှိသူ ဖြစ်ကြောင်းတရား | .... | ၃၈ |
| ၆ | အကြောင်းဟုတ်သည် (မဟုတ်သည်)၌ လိမ္မာသူ ဖြစ်ကြောင်းတရား | .... | ၅၆ |
| ၇ | ပြောင့်မတ်သောသူ ဖြစ်ကြောင်းတရား | .... | ၈၂ |
| - | အတိတ်ဝတ္ထု | | |
| ၈ | နူးညံ့ပြေပြစ်သောသူ ဖြစ်ကြောင်းတရား | .... | ၉၇ |
| ၉ | သည်းခံခြင်းတရား ရှိသောသူ ဖြစ်ကြောင်းတရား | .... | ၁၁၃ |
| ၁၀ | ကောင်းသော အမူ၌ မွေ့လျော်သူဖြစ်ကြောင်းတရား | .... | ၁၂၈ |
| ၁၁ | နူးညံ့သိမ်မွေ့ ပြေပြစ်သော ချစ်ဖွယ်စကားကို ဆိုတတ်သူ ဖြစ်ကြောင်းတရား | | ၁၃၄ |
| ၁၂ | လောကဝတ် ပျူငှာဖော်ရွေခြင်း ရှိသူ ဖြစ်ကြောင်းတရား | .... | ၁၄၃ |
| ၁၃ | ဣန္ဒြေတို့၌ စောင့်ထိန်းတတ်သူ ဖြစ်ကြောင်းတရား | .... | ၁၅၀ |
| ၁၄ | စားဖွယ် (ဘောဇဉ်)၌ အတိုင်းအရှည် သိတတ်သူ ဖြစ်ကြောင်း တရား | .... | ၁၅၅ |
| ၁၅ | မမေ့မလျော့သောသူ ဖြစ်ကြောင်းတရား | .... | ၁၆၂ |


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

My Homage to Him the Blessed One,

the Exalted One and the Fully Enlighted One.

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

## ၁။ အတွေးထဲက အမေး

*'ထေရဝါဒအာဝတ်မြစ်များအဖွင့်'* စာအုပ်ငယ် ထွက်ပေါ်လာသောအခါ မြန်မာပရိသတ်များက (ထင်ထားသည်ထက်ပို၍) ဝမ်းပန်းတသာ ကြိုဆို အားပေးကြသည်ကို တွေ့ရသည်။ ထိုအခါ သမီးငယ် စောမြတ်ကလျာဆန်းသည် သူ၏ ခေတ်ပြိုင်မြန်မာ လူငယ်များအတွက် သည့်ထက်ပိုပြီး ဘဝအတွက် လက်တွေ့ ကျေးဇူးများမည့် စာအုပ်တစ်အုပ် ရေးသားပေးစေလိုသော ဆန္ဒ ဖြစ်ပေါ်လာဟန်တူသည်။ ထိုအခါ သူက တောင်းဆိုသည်။ သူသည် ချဉ်းကပ်ပုံ တစ်မျိုးဖြင့် ချဉ်းကပ်လာသည်။

***ကလျာ*** အဖေကြီး Personality ဆိုတဲ့ စကားကို မြန်မာလို အကောင်းဆုံး ဘယ်လို အဓိပ္ပာယ် ပေးရမလဲ မသိဘူး။

***အကျွန်ုပ်*** သမီးက အဘိဓာန်ထဲမှာ ရှာမကြည့်ဘူးလား။

***ကလျာ*** ကြည့်ပါတယ် အဖေကြီး။ Personality ကို တစ်ဦး တစ်ယောက်နှင့် စပ်ဆိုင်သော အခြင်းအရာလို့ ပေးထားတယ်။

ဦးထွန်းငြိမ်း အဘိဓာန်ထဲမှာ အဲဒါကို သမီးက သိပ်ပြီး ဘဝင်မကျဘူး။

***အကျွန်ုပ်*** ဘာဖြစ်လို့လဲ သမီးက။

***ကလျာ*** သမီး စိတ်ထဲမှာ သူ ပေးတဲ့ အဓိပ္ပာယ်က မပြည့်စုံဘူး။ ပြီးတော့ ဒီစကားလုံးရဲ့ အဓိပ္ပာယ် သက်ရောက်ပုံကလည်း လိုရင်း မရောက်ဘူးလို့ သမီး စိတ်ထဲမှာ ခံစားရလို့ပါ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** သမီးစိတ်ထဲ ဘာကြောင့် အဲဒီလို ခံစားရသလဲ။

**ကလျာ** အဲဒါလား။ သမီးက Random House အင်္ဂလိပ် အဘိဓာန်မှာ ကြည့်မိလို့ပါ ဖေဖေ။

**အကျွန်ုပ်** အဲဒီ အဘိဓာန်မှာ ဘယ်လို ဆိုထားလို့လဲ။

**ကလျာ** သူ ဆိုထားတာက 1. The visible aspect of one's character as it impresses others လို့ ဆိုပါတယ် ဖေဖေ။ အခြားအနက်တွေလည်း ပေးထားသေးတယ်။ ဒီစကားအရဆိုရင် Personality ဆိုတာ သူတစ်ပါး အထင်ကြီးလောက်စရာ လူတစ်ယောက်ယောက်ရဲ့ မြင်သာသော အခြင်းအရာ အရည်အချင်းလို့ မဆိုနိုင်ဘူးလား ဖေဖေ။

**အကျွန်ုပ်** အင်း. . ဆိုနိုင်ပါတယ်ကွယ်။ တကယ်တော့ Personality ဆိုတာဟာ လူတစ်ယောက်ရဲ့ ပင်ကို အရည်အချင်း ဂုဏ်သတ္တိကို ပြောတာပဲကွယ်။

**ကလျာ** ဟုတ်တယ်၊ဟုတ်တယ်။ အဲဒီ Dictionary ထဲမှာ အဲဒီလိုလည်း အဓိပ္ပာယ် ဖွင့်ထားသေးတယ်။

**အကျွန်ုပ်** ဘယ်လို ဆိုထားသေးလို့လဲ။

**ကလျာ** 2. a person as an embodiment of a collection of qualities လို့လည်း ပြထားပါတယ် ဖေဖေ။ သူ့အထဲမှာ အဓိပ္ပာယ် အတော်များများ ပြထားပါတယ်။ လူတစ်ဦးရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ခံစားမှုပိုင်း၊ လူမှုရေးပိုင်းနဲ့ သက်ဆိုင်တဲ့ ထူးခြားတဲ့ အခြင်းအရာ သွင်ပြင်လက္ခဏာများဆိုတဲ့ သဘောကိုလည်း ပြတယ်။ ပြီးတော့ လူတစ်ဦးရဲ့ ထူးခြားတဲ့ ဖြစ်တည်ပုံ အခြင်းအရာ အရည်အသွေးများ The quality of being a person: personal existence or identity လို့လည်း ဆိုပါတယ် ဖေဖေ။ ဒါကြောင့် သမီးစိတ်ထဲ မြန်မာအဘိဓာန်ထွက် အနက်အဓိပ္ပာယ်ကို အားမရဘူးလို့ ပြောတာပါ။

**အကျွန်ုပ်** အင်း. .၊ ဟုတ်တာပေါ့။ သမီးတို့လို လူငယ်တွေဟာ ဘယ်ကိစ္စကိုမဆို အမြင်ကျယ်ချင်တဲ့ သဘော ရှိကြတာဆိုတော့ အားမလို အားမရ ဖြစ်စရာပဲပေါ့။ ဖေဖေ တက္ကသိုလ်မှာ ရှိစဉ်တုန်းက စိတ်ပညာဌာနက ဒီစကားရဲ့ အဓိပ္ပာယ်ကို အနက်ပေးတဲ့ မြန်မာစကားလုံးဟာ မြန်မာလည်း ဆန်တယ်၊ အနက်လည်း ကျယ်ဝန်းတယ်လို့ ထင်တဲ့အတွက် အတော် နှစ်သက်ခဲ့ဖူးတယ်။

**ကလျာ** ပြောပါဦး ဖေဖေ၊ သမီး ဒီကိစ္စကို စိတ်ဝင်စားလွန်းလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** မြန်မာ စိတ်ပညာရှင်များက Personality ကို 'ကိုယ်ရည်ကိုယ်သွေး' ဆိုပြီး မြန်မာဆန်ဆန် အနက်ပြန်တယ်။

**ကလျာ** ဟာ. . .၊ သိပ်ကောင်းတာပဲ ဖေဖေ။ သမီး ရင်ထဲမှာ ဒီစကားလုံးရဲ့ အသံထွက်ကို ကြားရတာ အားရလိုက်တာ။ 'ကိုယ်ရည်ကိုယ်သွေး' ဆိုရာမှာ ကိုယ်နှစ်လုံး ဆင့်ထားပေမယ့် ကိုယ်တစ်လုံးက ရုပ်၊ ကိုယ် တစ်လုံးက မနော(စိတ်)ကို ညွှန်းနေသလိုပဲနော်။

**အကျွန်ုပ်** မှန်တယ် သမီးရဲ့။ ဒီစကားကို COLLINS အင်္ဂလိပ် အဘိဓာန်ထဲမှာ အနက်ပေးပုံက ရှင်းရှင်းကလေးနဲ့ ပိုတောင် ထိထိမိမိ ရှိသေးတယ်လို့ အဖေကြီးထင်တယ်။

**ကလျာ** ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** နေဦး။ ဒီမှာ ဖေဖေ သူ့ မူရင်း အနက်ပေးပုံအတိုင်း ဖတ်ပြမယ်။ ဘယ်လိုဆိုထားသလဲဆိုတော့ 1. the sum total of all behavioural and mental characteristics by means of which an individual is recognized as being unique. တဲ့။

**ကလျာ** ဟာ ဟုတ်တာပေါ့။ ရှင်းလိုက်တာ။ အဓိပ္ပာယ်လည်း ပြည့်စုံတယ်။ သမီး နားလည်သလို ပြောပြမယ် ဖေဖေ။

**အကျွန်ုပ်** အေး၊ ပြောစမ်း။

**ကလျာ** လူတစ်ဦးတစ်ယောက်ရဲ့ ထူးခြားချက်ကို အသိအမှတ် ပြုစရာဖြစ်တဲ့ အမူအရာနဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများကို စုပေါင်းပြီး ခေါ်တာဆိုတဲ့ အနက် မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ် သမီးရဲ့။ ဒါနဲ့ သမီးကို မေးရဦးမယ်။ သမီးက ဘာကြောင့်များ ဒီစကားလုံးကို ထူးထူးခြားခြား စိတ်ဝင်စားနေရတာလဲ ပြောစမ်းပါဦး။

**ကလျာ** သမီးစိတ်ထဲမှာ ခုခေတ် လူငယ်တွေ၊ အထူးသဖြင့် မြန်မာ ဗုဒ္ဓဘာသာ လူငယ်တွေနဲ့ ပတ်သက်ပြီး မချင့်မရဲ ဖြစ်နေလို့ပါ ဖေဖေ။ မြန်မာလူငယ်တွေဆိုတဲ့ အထဲမှာ သမီးလည်း ပါ,ပါတယ်။

**အကျွန်ုပ်** သမီးက ဘယ်အချက်တွေ အပေါ်မှာ ဘဝင်မကျ ဖြစ်နေရတာလဲ ကွယ်။

**ကလျာ** သမီး တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် အကဲခတ်မိပါတယ် ဖေဖေ။ သမီး ကိုယ်တိုင် အကဲခတ်တယ်ဆိုတာ သမီး ကိုယ်စားပြုတဲ့

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ ဗုဒ္ဓဘာသာ လူငယ်တွေကို အကဲခတ်မိတာပဲလို့ ဆိုရင် ရတယ်ထင်ပါရဲ့ ဖေဖေရယ်။

**အကျွန်ုပ်** အေး. . ရပါတယ်ကွယ်။ သမီးက ခေတ်လူငယ် တစ်ဦးပဲဟာ၊ သမီး ရင်ထဲဖြစ်တာကို ပြောစမ်းပါဦး။

**ကလျာ** ဒီလိုပါ ဖေဖေရဲ့။ သမီး သတိထားမိတယ်။ ဒီကနေ့ လူငယ်တွေဟာ မြန်မာမှု မြန်မာဟန်၊ မြန်မာ့တန်ဖိုးထားမှုတွေကို စိတ်ဝင်စားမှု နည်းလာပြီး တိုင်းတစ်ပါးက လျှင်လျှင်မြန်မြန် ကူးစက်လာတဲ့ အမူအကျင့်တွေ၊ ဟန်ပန်တွေ၊ စိတ်ထားသဘောထားတွေ ခံစားမှုကို ပိုပြီး စိတ်ဝင်စားလာကြတာ သတိပြုမိပါတယ် ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပြီ၊ အဲဒီ အပေါ်မှာ သမီးက ဘာကြောင့် ဘဝင် မကျတာလဲ။ ဒါကို လူငယ်တွေ အမြင်ကျယ်တယ်လို့ သမီး မယူဆချင်ဘူးလား။

**ကလျာ** သမီး ရင်ထဲမှာ ဒါကို အမြင်ကျယ်တယ်လို့ မထင်ဘူး။ အမြင်ကျော်တယ်လို့ ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** ဟေ. . ၊ သမီး စကားက ခပ်ဆန်းဆန်းပဲ။

**ကလျာ** ဩော်. . ဦးဆန်းလွင် သမီးပဲဟာ၊ ဖေဖေကလည်း နည်းနည်းတော့ ဆန်းချင်ဆန်းမှာပေါ့။ ဒီလို ဘာကြောင့် သမီး ရင်ထဲမှာ ခံစား သိမြင်လာရသလဲလို့ မေးရင်၊ သမီး ဖြေချင်တာ တစ်ခုရှိပါတယ် ဖေဖေ။

**အကျွန်ုပ်** အင်း. . ၊ သမီးက အတော် စဉ်းစားတတ်လာပြီပဲ၊ ကဲ ဆိုစမ်းပါဦး။

**ကလျာ** သမီး ရင်ထဲမှာ မြန်မာလူငယ်တွေ ဘာကြောင့် အမြင်ကျော်သွားရသလဲဆိုရင်၊ သူတို့ မျက်စိတွေ နားတွေထဲမှာ မြန်မာ့ လူ့ဘောင်ထဲက စံတန်ဖိုးတွေကိုရော၊ ဒီတန်ဖိုးတွေရဲ့ နက်နဲတဲ့ အဓိပ္ပာယ် အနှစ်သာရတွေ အပေါ်မှာရော အမြင်ကျဉ်းနေတယ်။ သိသင့်တာတွေကို မသိဘူး ဖြစ်နေတယ်။ မသိသင့်တာတွေကိုတော့ အဆွယ်ကောင်းလို့ အဟောကောင်းလို့ ကြော်ငြာကောင်းလို့ သိနေကြပါတယ်။ အများကြီး သိနေကြပါတယ် ဖေဖေ။ ရိုးရိုးရှင်းရှင်း ပြောရရင် ကိုယ့်အကြောင်းကိုယ် မသိဘဲနှင့် သူများအကြောင်းတော့ ပိုပြီး သိနေကြတာနဲ့ တူမယ် ထင်ပါတယ် ဖေဖေရယ်။

နောက် တစ်ချက်လည်း ရှိပါသေးတယ် ဖေဖေ၊ အဲဒါကတော့ modern ရဲ့ သဘောနဲ့ တူပါတယ်။ ခေတ်ရဲ့ ခံစားချက်လို့ ဆိုရမလား မပြောတတ်ပါဘူး။ ဒါက ဘာလဲဆိုတော့ ဒီနေ့ မြန်မာလူငယ်တွေဟာ (၁) ပြောတိုင်းမယုံဘူး။ ဒါ ထူးခြားလာတယ်။ ရှေးလူကြီးတွေကတော့ ဆုံးမလွယ်သူတွေ ဖြစ်ကြပါလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ။ ခုခေတ် လူငယ်တွေက ဘယ်သူပြောပြော မယုံဘူး။ Sceptic လို့ ခေါ်တဲ့ သံသယဝါဒီတွေလား ဆိုတော့လည်း မဟုတ်ဘူး။ ယုံသင့်မှ ယုံမယ်ဆိုတဲ့ တက္ကဝါဒီရော ပုဂ္ဂိုလ်မျိုးတွေလို့ ဆိုသင့်မယ်ထင်ပါတယ်။ ဒါက တစ်ချက်ပါ ဖေဖေ။ နောက်တစ်ချက်က သူတို့ဟာ (၂) ကြုံတိုင်းလည်း **မလိုက်ပါဘူး။** သူတို့ဟာ အခွင့်ကြုံရင် လေ့ကြုံစီးမည့်သူတွေ၊ လွယ်လွယ်နှင့် စည်းရုံးသိမ်းသွင်းလို့ ရနိုင်သူတွေလည်း မဟုတ်ဘူး ဖေဖေ။ သူတို့မှာ ထူးခြားတဲ့ ခုခံရေး လက်နက်တစ်ခု ရှိပါတယ်။

**အကျွန်ုပ်** ဘာများလဲ သမီးရဲ့။

**ကလျာ** ‘ပြန်မပြော နားမထောင်’ ဆိုတဲ့ လက်နက်ပါ ဖေဖေ။ ဆုံးမ မလွယ်မှုပဲ ဆိုပါတော့။

**အကျွန်ုပ်** အင်း ဟုတ်တယ်။ သမီးရဲ့ အစ်ကိုလို လူငယ်တွေ များပါတယ်။ ဒါပေမယ့် ဖေဖေက ကံကောင်းပါတယ်။

**ကလျာ** ဘာဖြစ်လို့လဲ ဖေဖေ။

**အကျွန်ုပ်** သမီးလို လူငယ်၊ ဆုံးမလွယ်သူ သမီးကို ရလို့ပေါ့ကွယ်။

**ကလျာ** ဟဲ…ဟဲ၊ ဖေဖေကလည်း ကိုယ့်သမီးကို မြှောက်နေပြန်ပါပြီ။ သမီးကလည်း မြှောက်တာတော့ ကြိုက်တတ်ပါတယ်။

**အကျွန်ုပ်** အေး၊ လူငယ်တွေကို နှိမ်ချပြီး ဆုံးမလို့ မရဘူး။ ကောင်းတဲ့ ဘက်မှာ အားသန်လာအောင် မြှောက်ပေးရမယ်။ ကဲ…၊ သမီး ပြောတဲ့စကား ဆက်ပါဦး။

**ကလျာ** ပြောတိုင်း မယုံဘူး။ ကြုံတိုင်း မလိုက်ဘူး။ အဲဒီလိုပဲ (၃) နိုင်းတိုင်း **လည်း** မလုပ်ဘူး။ ဒီတော့ သူတို့ရဲ့ ရင်ထဲမှာ ဝိရောဓိတွေ ရှိနေတာ ထင်ရှားတယ်။ ဒါကို သမီး ကိုယ့်ကိုယ်ကိုယ် ဝေဖန်ပြီး နားလည်လာတယ် ဖေဖေ။ အဓိက ကတော့ သူတို့ဟာ သိသင့်တာကို မသိကြဘူး။ နားလည်သင့်တာတွေကိုလည်း နားမလည်ကြတာပေါ့။ ဒါလည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရဆိုတဲ့ တရားအတိုင်းပဲပေါ့ ဖေဖေရယ်။

**အကျွန်ုပ်** အင်း…၊ သမီး အစဖော်ပေးမှပဲ ဖေဖေ့ စိတ်ထဲမှာ ကာလ ကြာမြင့်စွာကတည်းက ဖြစ်ပေါ်နေခဲ့တဲ့ **အတွေးထဲက အမေး** ဟာ ပြန်ပေါ်လာတယ်။

**ကလျာ** ဘာအမေးလဲ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် ဒီနေ့ခေတ် ကာလသား၊ လူငယ်များ ဘာကို သိချင်မလဲ၊ ဘာကို သိသင့်သလဲ ဆိုတာပါကွယ်။

ကလျာ ဟာ၊ ကောင်းလိုက်တာ၊ အဲဒါ လိုရင်းအချက်ပဲလို့ ထင်ပါတယ် ဖေဖေ။ ဒီအချက်မှာ သမီးရင်ထဲက ခံစားချက် ပြောပါရစေ။

အကျွန်ုပ် ပြောစမ်းပါဦး သမီးရဲ့။

ကလျာ သမီးရင်ထဲမှာ လူငယ်တွေ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်မြင့်မားလာအောင် ဘာတွေ သိသင့်သလဲ။ သမီးတို့ မြတ်ဗုဒ္ဓက ကော လူငယ်တွေရဲ့ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်ရေးအတွက် ဘာတွေ ဟောခဲ့သလဲ။ အဲဒီ ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး အဆုံးအမတွေကိုကော သမီးတို့ မြန်မာ လူမျိုးတွေ ဘယ်လို လက်ခံ ကျင့်သုံး လာခဲ့ကြသလဲ ဆိုတာတွေကို သမီး သိချင်ပါတယ် ဖေဖေ။ ဒါကြောင့် Personality ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ် ထိရောက်တဲ့ မြန်မာ စကားလုံးကို သမီး ရှာနေခဲ့တာပါ။

အကျွန်ုပ် ဒီကနေ့ သမီးနဲ့ စကားပြောရတာ သိပ်အဖိုးတန်သွားပြီ။ ဖေဖေ့ ခေါင်းထဲမှာ ရှိနေခဲ့တဲ့ အတွေးထဲက အမေးရဲ့ အဖြေကိုလည်း ရသွားပြီ။ ဒါကြောင့် မြတ်စွာဘုရားရဲ့ အဘိဓမ္မာထဲက မွေသင်္ဂဟီခေါ်တဲ့ စိတ်ပညာ ကျမ်းကြီးထဲမှာ မြတ်ဗုဒ္ဓဟောကြားထားတဲ့ '**ဗုဒ္ဓနည်းကျ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရား**' ကို သမီးကို ဖေဖေ ပြောပြမယ်။

ကလျာ ဟုတ်ကဲ့ပါ ဖေဖေ၊ ပြောပါဦး။

အကျွန်ုပ် ကဲ. . . သမီး၊ နားထောင်တော့။

www.burmeseclassic.com

www.burmeseclassic.com

## ၂။ သမီးငယ်ကို နားလည်ခြင်း

အကျွန်ုပ်၏ ရင်သွေး သားသမီးများထဲတွင် သမီးထွေး စောမြတ်ကလျာဆန်းသည် ထူးခြားသည်။ သူ့မှာ ထူးခြားသော ကိုယ်ရည်ကိုယ်သွေးများ ပါလာသည်။ ၁၉၈၁–ခုနှစ်က သူ ဆယ်တန်းအောင်သည်။ အကျွန်ုပ်သည် သူ့ကို ဝိုင်းကျူရှင် မထားပါ။ မထားခြင်းမှာ မိမိ၏ စီးပွားရေး အခြေအနေကြောင့်လည်း ဖြစ်သည်။ စီးပွားရေးထက် ခံယူချက်ကြောင့် ဖြစ်သည်ဟု ဆိုလျှင် ပိုပြီး မှန်မည် ထင်ပါသည်။

ကျူရှင် မပါလျှင် မပြီးသော ခေတ်ကာလ၌ သူ့ကို ကျူရှင် အားမကိုးဘဲ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်သူ ဖြစ်နိုင်ကြောင်း ပြစေချင်သည်။ သူ မိဘ အခြေအနေကိုလည်း သိသည်။ စကားကိုလည်း နားထောင်သည်။

သူ ဆယ်တန်းကို အောင်တော့ သင်္ချာဂုဏ်ထူး တစ်ခုပဲ ပါသည်။ နှစ်ချင်း ပေါက် အောင်သည်။ စာမေးပွဲ အောင်စာရင်းထွက်တော့ သူ ငိုပြီး အိမ်ကို ပြန်လာသည်။ သူ့စိတ်ထဲမှာ ဂုဏ်ထူး D များများ မပါ၍ ဖြစ်မည် ထင်ပါသည်။ အကျွန်ုပ်က သူ့ကို စိတ်ဓာတ်မကျရဘူး။ D များများ ပါမှ ဘဝ အဆင့်အတန်း မြင့်မယ်၊ အသက်မွေးဝမ်းကျောင်း လိုင်းကောင်းကောင်း ရမယ်ဆိုတာ လူတိုင်း ထားတဲ့ ရည်မှန်းချက် ဖြစ်သည်။ ထိုလမ်းကို လျှောက်မှ လူဖြစ်မည် မထင်နှင့်၊ အများ သွားသော လမ်းမှာ တိုးဝှေ့သွားလျှင် အားကြီးသူသာ အနိုင်ရသွားမည်။ ဝင်ပြိုင်နေလျှင် ပင်ပန်းမည်။ ကိုယ့်လမ်းကိုယ် ထွင်ပြီး လျှောက်ပါ သမီးရဲ့ဆိုတော့ ချက်ချင်း သူ မျက်ရည်စဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မကြာမီ သူသည် ဘဝလမ်း ရွေးချယ်စရာ အခွင့်အရေးတွေ ပေါ်လာသည်။ ဘွဲ့ယူမလား၊ စီးပွားရှာမလား သူ့ကို မေးသည်။ "ကဲ သမီး၊ ဘွဲ့ယူပြီးမှ ဘွဲ့လက်မှတ်ကိုင်ပြီး အလုပ်ရှာတဲ့ ဒုက္ခကို ခံမလား၊ စင်ကာပူကို သွားပြီး ပိုက်ဆံရအောင် အလုပ်လုပ်မလား" ဆိုတော့ သူ ချက်ချင်း အဖြေပေးသည်။

"ဘွဲ့ယူပြီးလည်း စီးပွားရှာရမှာပဲ ဖေဖေ၊ အချိန်တွေကို နှမြောတယ်။ သမီး စင်ကာပူကို သွားပြီး အလုပ်ပဲ လုပ်တော့မယ်။ ဘွဲ့ရမှ ပညာတတ်တာ မဟုတ်ပါဘူး။ လောကထဲမှာ ဉာဏ်ရှိရှင် ပညာတွေ အများကြီး ရနိုင်ပါတယ်။ ရှေးတုန်းက ဦးပုညတို့၊ ရှိတ်စပီးယားတို့၊ သိပ္ပံပညာရှင် အက်ဒီဆင်တို့လည်း ဘွဲ့ရတွေ မဟုတ်ပါဘူး။ ဉာဏ်မျက်စိ ရှိဖို့ပဲ လိုတယ်လို့ သမီးထင်ပါတယ်။ ဘဝဆိုတာလည်း ကျောင်းပဲ တက္ကသိုလ်ပါပဲ ဖေဖေရယ်။ ဘွဲ့ရပြီး လူစဉ်မမီတဲ့ လူတွေ အများကြီးပဲ။ သမီး မြင်နေပါတယ်။ အချိန်ကို တန်ဖိုးဖြစ်အောင် သမီး လုပ်ချင်ပါတယ် ဖေဖေ"

"အေး၊ ဖေဖေကလည်း သမီးဘာသာ ရွေးချယ်စေချင်လို့သာ ပြောရတာ၊ သမီး ခု ဆုံးဖြတ်ချက်ကိုပဲ နှစ်သက်တယ်။ တက္ကသိုလ်မှာ ပညာတွေ သင်ချင်သလောက် သင်၊ ဘဝအတွေ့အကြုံလောက် ကောင်းတဲ့ ပညာ ဘာမှ မရှိဘူး။ တက္ကသိုလ် Ph.D ရတာဟာလည်း ထူးချွန်ပြီး ထွန်းပေါက်တာ မဟုတ်ဘူး။ သတ်မှတ်ထားတဲ့ အသိုင်းအဝိုင်းထဲမှာ လူရာဝင်ရုံ အသိအမှတ်ပြု ခံရရုံပဲ ရှိမယ်။ လူသားအားလုံးရဲ့ ရင်ထဲမှာ တန်ဖိုးထားခြင်း ခံရသူ ဖြစ်လိမ့်မယ်လို့တော့ မထင်နဲ့၊ Ph.D ဟာ ဘုန်းကံလောက် တန်ဖိုး မရှိဘူး သမီးရဲ့"

"Ph.D ဟာ ဘုန်းကံလောက် တန်ဖိုး မရှိဘူး ဆိုတာ ဘာကို ဆိုတာလဲ ဖေဖေ"

"Ph.D ကို လူတွေက ပညာရှိလို့၊ ပညာတတ်၊ (အတတ်ပညာရှင်၊ အသိပညာရှင်) လို့ အသိအမှတ် ပြုချင်ပြုမယ်။ ဒါပေမယ့် သူ့ကို လူတွေက ပဏ္ဍိတ သူတော်ကောင်း၊ လူလိမ္မာ ပညာရှိလို့တော့ ရင်ထဲက လက်မခံဘူး။ လုပ်ငန်းတစ်ခုကို ကျွမ်းကျင်သူလို့ပဲ လက်ခံတယ်။ ဒီတော့ သူဟာ အထွတ်အထိပ်ကို မရောက်ဘူး။ အခိုင်းခံ၊ အစေခံ၊ အသုံးခံပဲ ဖြစ်နိုင်တယ်။ လူအများရဲ့ အကြည်ညိုခံ ပုဂ္ဂိုလ် မဖြစ်နိုင်ဘူး။ လူသားတွေ နှလုံးသားပေါ်မှာ တင်ထားခံရတဲ့၊ နှလုံးသားပေါ်က ဘုရင်တစ်ပါး၊ သူရဲကောင်းတစ်ဦးတော့ မဖြစ်နိုင်ဘူး။ သူတို့က ချမ်းသာ စီးပွားကို ရှာရတော့ မောတယ်။ ချမ်းသာစီးပွားက သူတို့ဆီကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



မလာဘူး။ ပြေးလိုက်နေရတော့ မောတာပေါ့။ ပြီးတော့ အခိုင်းခံ ဘဝက အနားယူတော့လည်း ပင်ကို အရောင်မရှိတဲ့ လူဟာ အမှောင်ထဲမှာ ပျောက်ကွယ်သွားတယ်။ သူ့ကို အရေးလုပ်မည့် သူလည်း မရှိတော့ဘူး။ ဒါကြောင့် သမီးအနေနဲ့ သူများ လျှောက်တဲ့လမ်းကို မလျှောက်ချင်ဘူးဆိုရင်ပဲ ဖေဖေက ကျေနပ်ပြီ''

သမီးအဖ နှစ်ဦး သဘောတူ ဆုံးဖြတ်ခဲ့ကြပြီးနောက် သူ စင်ကာပူကို ထွက်သွားသည်။ ၂ နှစ်ခွဲလောက် ကြာသည်။ သူ့လက်ထဲမှာ ငွေ အတော်အတန် စုမိဆောင်းမိသည်။ ထိုအချိန်တွင် အင်္ဂလန် စာရင်းကိုင်ပညာသင်တန်း၊ LCCI ဖွင့်သည်။ သူ ဒေါ်လာတွေ ပေးပြီး ဝင်ဖြေသည်။ နှစ်နှစ်မှာ အဆင့်သုံးကို ရောက်သည်။ DMA ဘွဲ့ အောင်လက်မှတ် ရသည်။ သူတို့ဘွဲ့ (ဒီပလိုမာ) ရတော့ ဆမ်းမစ်ပတ်မြူး ဟိုတယ်မှာ လုပ်ချင်လျှင် လခကောင်းသော အလုပ် ရသည်။ တစ်လကို မြန်မာငွေ နှစ်သောင်းကျော် ရသည်။ ဒေါ်လာလည်း တစ်ရာ ရမည်ဟု ဆိုသည်။ သူက မေးသည်။ ''အဖေကြီးသဘော ပြောပါဦး'' ထိုအခါ အကျွန်ုပ်က ဆိုလိုက်သည်။

''ဒီ အရေးဟာ သမီးရဲ့ အရေးပဲ။ ဒါ ကိုယ့် ကိစ္စ၊ ကိုယ့် ကိစ္စကို ကိုယ့်ဘာသာ ရွေးချယ်ပြီး ကိုယ့်ဘာသာ ဆုံးဖြတ်ရမယ်။ ကောင်းကျိုး ဆိုးကျိုးကို လည်း ကိုယ်ပဲ တာဝန်ခံရမယ်။ အဲဒါ အဖေကြီးရဲ့ သဘောပဲ''။ ထိုအခါ သူက ဆိုသည်။

''ဒါဆိုလည်း သမီးပဲ ဆုံးဖြတ်ပါ့မယ်။ သမီး စင်ကာပူမှာ နေခဲ့တုန်းက သူတို့ လူမျိုးဆီက စိတ်ဓာတ်တစ်ခုကို ရခဲ့တယ်။ သမီးကတော့ လခစား အလုပ် ရယ်၊ အလုပ်သမား လုပ်ရမှာရယ်ကို မကြိုက်ပါဘူး ဖေဖေ။ သမီး အလုပ်သမား တော့ မလုပ်ဘူး။ အလုပ်ရှင်ပဲ လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်''

''အေး . . ၊ အဲဒီလို ရဲရင့်တဲ့ ဆုံးဖြတ်ချက် ချနိုင်တဲ့ သတ္တိရှိတဲ့ အသံကိုပဲ ဖေဖေက ကြားချင်တယ်။ သမီး စင်ကာပူကို သွားဖို့ စဉ်းစားတုန်းက ဖေဖေ သမီးရဲ့ ဆုံးဖြတ်ချက် ပြတ်သားတာရယ်၊ စိတ်ဓာတ်ခိုင်မြဲတာရယ် အဓိကနဲ့ သာမညကို ခွဲခြားထားနိုင်တာရယ်ကို အားရကျေနပ်ခဲ့ရတယ်''

''သမီးက ဘာတွေများ ထူးထူးခြားခြား လုပ်ခဲ့လို့လဲ ဖေဖေ''

''ဩော်၊ သမီး မေ့သွားပြီလား စင်ကာပူ သွားခါနီးမှာ သမီးကို ချဉ်းကပ်လာတဲ့ အမျိုးသားကလေးတစ်ဦးရဲ့ မေတ္တာကို လက်ခံခဲ့တယ်လေ။ ပြီးတော့ ရက်ပိုင်းအတွင်းပဲ သမီး သူ့ကို ထားခဲ့ပြီး စင်ကာပူကို ထွက်ခွာသွားတယ်။ လေဆိပ်မှာ သမီး လေယာဉ်ဆီကို ထွက်ခွာသွားတော့ ဘာမှ စိတ်ထဲ မခံစားရဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးရွှင်ရွှင် တူကလေး အီးတိ(လျှမ်းပြည့်)ကို လက်တွဲပြီး လေယာဉ်ပေါ် တက်သွားတယ်။ ဒီအချိန်မှာ ဟိုလူငယ်ကလေးဟာ လေဆိပ်ခန်းမ လေသာဆောင်က ထွက်ကြည့်ရင်း မျက်ရည်စက်လက်ဖြစ် ကျန်ရစ်ခဲ့တယ်။ သူ့ကိုတော့ သနားပါတယ်။ ဒါပေမဲ့ သမီးရဲ့ ရွှင်လန်းနေတဲ့ အမူအရာကို ကြည့်ပြီး ဖေဖေ့ စိတ်ထဲမှာ အတိတ်က ဖေဖေ့ နားထဲမှာ စွဲကျန်ရစ်တဲ့ အမှတ်ရဆဲ သူ တစ်ဦးရဲ့ စကားသံတွေကို ကြားယောင်လာတယ်''

''ဘာစကားလဲ ဖေဖေ''

''ဖေဖေ ရတနာသုံးပါးထဲမှာ အမှတ်တရ ရေးခဲ့တဲ့ စကားလေး..''

''ပြောပါဦး ဖေဖေ''

]]The brainy head should not be predominated by dainty heart ဆိုတာပဲ သမီးရဲ့''

''ဪ..မှတ်မိပြီ မှတ်မိပြီ၊ အဖေကြီးရဲ့ 'မ' ပြောခဲ့တဲ့ စကား မဟုတ်လား''

ကျွန်ုပ် မျက်ရည်ဝဲပြီး ခေါင်းညိတ်လိုက်ပါသည်။

''ဟော..အဖေကြီး ခုထိ မျက်ရည်ဝဲဆဲပါလား။ 'မ'ကို အမှတ်ရပြန်ပြီ ထင်တယ်''

''တရားသဘောနဲ့ ပြောရင် သတိရတာ မမေ့တာ ကောင်းပါတယ်။ ဒါပေမဲ့ တဏှာဥပါဒါန်နဲ့ ပတ်သက်တာတွေကို သတိရရင် အမှတ်ရရင် ရင်ထဲမှာ သောက၊ ပရိဒေဝဆိုတာတွေ ဖြစ်လာတာပေါ့ကွယ်။ ဒါကြောင့် တို့ မြတ်စွာဘုရားက ဝေဒနာကနေ တဏှာ၊ ဥပါဒါန်ကို ကူးဆက် မသွားအောင် ဝိပဿနာဉာဏ် (သတိပဋ္ဌာန်မဂ်)နဲ့ ဖြတ်ဖို့ ဆုံးမတော် မူခဲ့တာပေါ့''

''စပ်စုတယ်လို့တော့ မထင်ပါနဲ့ ဖေဖေ။ ဒါဆို အဖေကြီးရဲ့ 'မ'ကို အဖေကြီးရဲ့ စိတ်ထဲမှာ သိပ်ပြီး brainy ဖြစ်တယ်။ ဦးနှောက် အားကောင်းတယ်။ perfect ဖြစ်တယ်လို့ ထင်နေလို့လားဖေဖေ''

''ဟင့်အင်း..မထင်ပါဘူး။ သူဟာ brainy ဖြစ်တယ်လို့ ဆိုပေမယ့် သူ့မှာ orthodoxy ရှိနေတယ်''

''orthodoxy ဘာလဲ ဖေဖေ''

''ခရစ်ယာန် အယူအဆစွဲ သန်တဲ့သဘောပေါ့ကွယ်။ သူက တခြား ကိစ္စတွေမှာ ဦးနှောက်အား သန်ပေမယ့် ခရစ်ယာန်ဘာသာ အယူအစွဲမှာတော့ သူက open mind မရှိဘူး။ လွတ်လွတ်လပ်လပ် စဉ်းစားတတ်တဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ သူနဲ့ ဖေဖေ လမ်းခွဲခဲ့ကြရတာလည်း အဲဒီ အချက်ပေါ်မှာ သဘောထား ဆန့်ကျင်ခဲ့ကြလို့ပဲကွယ်။ ဒါ ထားလိုက်ပါတော့။ ခု သမီး ကိစ္စကိုသာ သမီး ကိုယ်တိုင် စဉ်းစားပြီး ဆုံးဖြတ်ပါ။ သမီး မေမေကိုလည်း မပြောနဲ့၊ သူက လတ်တလော ငွေ တစ်သောင်း နှစ်သောင်း ရတာကိုပဲ မြင်လိမ့်မယ်။ ထောင် မြင်ရင် ရာစွန့်ရဲရတယ် သမီးရဲ့။ ဖေဖေကတော့ တစ်သက်လုံး တစ်ခုပြီးတစ်ခု စွန့်ပစ်ခဲ့တာပဲ''

''မှန်ပါတယ် ဖေဖေ။ မြတ်စွာဘုရားဟာ ထီးနန်းဆိုတဲ့ မင်းစည်းစိမ်ကို စွန့်ပြီး တောထွက်ခဲ့တာ၊ သုံးလောကရဲ့ အထွတ်အထိပ်ကို ရောက်ခဲ့တာပဲ''

''ဟုတ်တယ်။ ခရစ်တော်တို့၊ မိုဟာမက်တို့ ဆိုတဲ့ ဘာသာရေး ခေါင်း ဆောင်ကြီးတွေရဲ့ ဘဝမှာ 'စွန့်ခြင်းကြီး' ဆိုတဲ့ 'မဟာပရိစ္စာဂ' မရှိဘူး။ ဂျိန်းဘာသာ ခေါင်းဆောင်ဖြစ်တဲ့ မဟာဝီရကတော့ မြတ်ဗုဒ္ဓလိုပဲ ထီးနန်း မင်းစည်းစိမ်ကိုပါ စွန့်လွှတ်ခဲ့တယ်''

''အင်း...၊ ဒီလို စွန့်ရဲသူ ဖြစ်ဖို့ဆိုတာလည်း တော်ရုံကိုယ်ရည်ကိုယ်သွေး ရှိလို့တော့ ဖြစ်မယ်မထင်ပါဘူး ဖေဖေရယ်''

သမီးသည် ငယ်စဉ်ကပင် ကိုယ်ရည်ကိုယ်သွေး ထက်မြက်မှုကို စိတ်ဝင်စား သည်။ သူ့ဘဝ အတွေ့အကြုံထဲမှာ အခက်အခဲ ကြုံတိုင်း ကြံ့ခိုင်သော စိတ်ဖြင့် ဆုံးဖြတ်ရဲသူဖြစ်အောင် သူ ကြိုးစားသည်ကို အကျွန်ုပ် ကောင်းစွာ သတိထားမိ သည်။ စင်ကာပူက ပြန်လာသောအခါ သူ့စိတ်သည် ပိုပြီး ပြတ်သားလာသည်။ အကျိုး မရှိမှန်းသိလျှင် ထိုအလုပ်ကို သူ ချက်ချင်း စွန့်ပစ်သည်။ ပေါင်းသင်းဖို့ မသင့်တော့ဟု ထင်လျှင် ထိုသူငယ်ချင်းကိုလည်း သူ ချက်ချင်း ခွဲခွာသည်။ ယုတ်စွအဆုံးမှာ သူ လက်ခံထားခဲ့သော သူ၏ boy friend (အမျိုးသား သူငယ်ချင်း) ကိုပင် သူ့ဘဝအတွက် သင့်တော်မည့်သူ မဟုတ်ဟု နားလည်သည် နှင့် တစ်ပြိုင်နက် နေ့ရက်ရှည်ကြာစောင့်မနေဘဲ ''နောက်ထပ် ရှင် ကျွန်မဆီကို မလာနဲ့တော့''ဟုဆိုပြီး ကျောခိုင်းပစ်လိုက်သည်။ ထိုသူငယ်က သူ့ကို တယ်လီဖုန်း ဆက်ပြီး တောင်းပန်သည်။ ထိုအခါ သမီးငယ် ဘယ်လိုလုပ်မလဲဟု အကျွန်ုပ် စောင့်ကြည့်သည်။ သမီးငယ်သည် ထိုသူငယ် ဖုန်းဆက်မှန်း သိသည်နှင့် စကား ဆက်မပြောဘဲ ဖုန်းကို ချပစ်လိုက်သည်။ ပထမတော့ အကျွန်ုပ်စိတ်ထဲမှာ သူ့ကို အသည်းနှလုံး မာကျောသူဟု ထင်နေခဲ့သည်။ ထိုအခါ အကျွန်ုပ်က မေးကြည့်မိ သည်။ ''သမီးက ဒီသူငယ်ကို မုန်းသွားပြီလား။ သူ့မှာ ဘာအပြစ် ရှိလို့လဲ'' ဟု မဆီမဆိုင် စပ်စုကြည့်မိသည်။ ထိုအခါ သူက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



''သမီးက တစ်ဘဝလုံးနဲ့ ဆိုင်တဲ့ ကိစ္စမှာ အချစ်အမုန်းနဲ့ မဆုံးဖြတ်ပါဘူး ဖေဖေ။ လုပ်သင့် မလုပ်သင့် ဆိုတာနဲ့ စဉ်းစားတာပါ။ အမျိုးသမီး တစ်ဦး အိမ်ထောင်ဖက် ရှာတယ်ဆိုတာ အားကိုးရှာတာလို့ ထင်ပါတယ် ဖေဖေ။ ဒီအယူအဆ မှန်ရင် သမီးရဲ့ လက်ထဲမှာ တိုင်းတာစရာ ပေတံက အားကိုးလောက်ရဲ့လားဆိုတာ ဆင်ခြင်စဉ်းစားရမှာပေါ့။ သမီး သူ့ကို အမျိုးမျိုး စမ်းကြည့်တယ်။ သူက ဆရာကြီးပဲ လုပ်ချင်တယ်။ သမီးက သူ့ကို အားမကိုးရဘူး၊ သူက သမီးကို အားကိုးချင်တာ တွေ့ရတယ်။ ဒီတော့ သူ့ကို သမီး လုပ်ကျွေးရမယ့် ယောက်ျားမျိုး ဖြစ်နေရင် လမ်းခွဲသင့်တယ်လို့ ဆုံးဖြတ်ပါတယ် ဖေဖေ''

''ဒါဆို သမီးကို ဖေဖေ စိတ်ချသွားပြီ။ သမီးမှာ ဉာဏ်မျက်စိ ရှိနေပြီ။ ဖေဖေကလည်း သမီးကို သုတ ဗုဒ္ဓိ ဉာဏ်မျက်စိ ရှိတဲ့ သမီးကလေး အဖြစ်နဲ့ပဲ မြင်ချင်ပါတယ်''

သမီးငယ်သည် လခစား အလုပ်ကိုလည်း မလုပ်၊ ယောက်ျားကလေးများသာ လုပ်နိုင်သည် ထင်သော ကားသေး ဝယ်ရောင်း အလုပ်ကို လုပ်သည်။ မော်တော်ကား တာယာ အရောင်းဆိုင် တည်သည်။

''သမီးနှယ် ဒီအလုပ်တွေ ယောက်ျားတွေ လုပ်တဲ့ အလုပ်တွေ မဟုတ်လား သမီးရဲ့''

''သမီးက အလုပ်ရှင်ပဲဟာ၊ သမီး ကိုယ်တိုင် လုပ်တတ်ဖို့ မလိုပါဘူး ဖေဖေရဲ့၊ ခိုင်းတတ်ဖို့ပဲ လိုပါတယ်။ အခု သမီးကို အကူအညီ ပေးမည့် ကလျာဏ မိတ္တလို့ ခေါ်တဲ့ မိတ်ဆွေကောင်းလည်း တွေ့ထားပါပြီ ဖေဖေ''

''သမီး သူ့ကို စိတ်ချယုံကြည်ရရဲ့လား။ စီးပွားရေး ကိစ္စမှာ ဖြောင့်မတ်မှုလည်း ရှိမှ လုပ်ငန်း ကျွမ်းကျင်မှုလည်း ရှိမှ၊ အခြား အထင်ကြီးလောက်စရာ အရည်အချင်းတွေလည်း လိုတာပဲ သမီးရဲ့''

''သမီး သူ့ကို ယုံကြည်စိတ်ချနိုင်စရာ အရည်အချင်းတွေ တွေ့ပါတယ် ဖေဖေ။ တစ်က သူဟာ (ဗုဒ္ဓဘာသာဝင် မဟုတ်ပေမယ့်) ကံ၊ ကံ၏ အကျိုးကို ယုံကြည်တယ်။ သမီးနဲ့ စပ်တူလုပ်ပြီး အရောင်းအဝယ် လုပ်ခါမှ သူ့ဘဝမှာ အဘက်ဘက်က တိုးတက်အောင်မြင်လာတာကို သူ တွေ့ရတယ်။ ''အစ်မ၊ မင်း သိပ်ကံကောင်းတယ်၊ မင်းအတွက် ဒီနေ့ ကားတစ်စင်း ဝယ်ပြီးရင် နောက်နေ့ ဒီကား ရောင်းရတယ်။ ငါ တစ်ခါမှ မတွေ့ဖူးဘူး။ ပြီးတော့ တစ်ကားမှလည်း မရှုံးဘူး။ ဘယ်လောက်ပဲ ဉာဏ်ကောင်းကောင်း၊ ကံ မပါလည်း မရဘူးဆိုတာ ခု ငါ ယုံနေပြီ''လို့ သူက ပြောပါတယ် ဖေဖေ။ ပြီးတော့ သူက စာမတတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့လုပ်ငန်းနဲ့ ပတ်သက်သမျှ ဗဟုသုတ သူ့မှာ အကုန် အပြည့်အစုံ ရှိတယ်။ ကားတစ်စင်းကို မြင်ပြီး၊ ဝယ်မယ်လို့ သူ ဆုံးဖြတ်ပြီးရင် ဒီကား သူ့လက်ထဲ ရောက်ရင် ဘယ်လို ပြုပြင်လိုက်ပြီး၊ ဘယ်နေရာမှာ သွားရောင်းရင် ဘယ်လောက်ရတယ်ဆိုတာပါ အကုန် သူ့ခေါင်းထဲမှာ တွက်ချက်ပြီး ဖြစ်နေတယ် ဖေဖေ။ သူ့ အရည်အချင်းကို သမီး စောင့်ကြည့်တယ်။ သူ ကြိုတင် တွက်ဆတာ တွေဟာ လက်တွေ့မှာ တကယ်ပဲ ဖြစ်လာတာ တွေ့ရပါတယ် ဖေဖေ။ ထူးခြား တာက သူ့လက်ထဲ ပိုက်ဆံရလာရင် သူ ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး။ ဒါပေမယ့် ရွှေတိဂုံ ဘုရားပေါ် တက်ပြီး ရွှေသက်နန်းကပ်တယ်။ သိန်းနဲ့ချီပြီးလည်း လှူပါတယ်။ သူ့ဘာသာ အတွက်လည်း ရက်ရက်ရောရောလှူပါတယ် ဖေဖေ။ ဆင်းရဲ နွမ်းပါး သူ၊ ဒုက္ခရောက်သူတွေ့ရင်လည်း သူ့အိတ်ကပ်ထဲ ရှိသလောက် ထောင်သောင်း ချီပြီး ပေးကမ်း စွန့်ကြဲပစ်ရဲတယ် ဖေဖေ''

''ဟုတ်ပြီ၊ သမီးဟာ တို့မြတ်စွာဘုရား ဟောကြားတော် မူခဲ့တဲ့ လူရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို အကဲခတ်တယ် ဆုံးဖြတ်တတ်နေပြီပဲ''

''မြတ်စွာဘုရားက လူ့ကိုယ်ရည်ကိုသွေး အကဲခတ်နည်းတွေကို ဘယ်လို များ ဟောကြားခဲ့လို့လဲ ဖေဖေ''

''မြတ်ဗုဒ္ဓဟာ လူသားတွေကို လောကီနယ်မှာလည်း ထွန်းပေါက်စေချင် တယ်။ လောကုတ္တရာ အကျိုးစီးပွားတွေကို ခံစားရအောင်လည်း ရှင်သန်နေဆဲမှာ ပေါက်ပေါက်မြောက်မြောက် လုပ်နိုင်အောင်၊ လုပ်တတ်အောင်၊ လိုအပ်သမျှကို ဟောဖော်ညွှန်ပြ ဆုံးမတော်မူခဲ့ပါတယ် သမီးရယ်။ ဘုရားရဲ့ ကျေးဇူးတော် အစုံ၊ ဂုဏ်တော် အနန္တကတော့ ချီးကျူးလို့ မကုန်နိုင်စရာ၊ ကြည်ညိုခံ ပြီးဆုံးနိုင်စရာ မရှိပါဘူးကွယ်။ မြတ်ဗုဒ္ဓရဲ့ ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တကို သိရလေလေ၊ လက်အုပ်ချီမိုး ရှိခိုးမဆုံး ရှိခိုးချင်လေပဲကွယ်။ သိပ်ပြီး အံ့သြဖို့ ကောင်းတာပဲ''

''မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်မားရေးတရားတွေကို သမီးသိပါရစေ ဖေဖေ။ သမီးတို့ လူငယ်တွေအတွက် သိပ်ကျေးဇူးများမှာပါ''

''ကျေးဇူးများတာပေါ့ သမီးရယ်။ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေး အတွက် ဟောကြားတော်မူခဲ့တဲ့ တရားတွေကို ဒီကနေ့ လူငယ်တွေ သိချင်ပါလိမ့် မယ်။ သိလည်း သိသင့်တယ်လို့ ဖေဖေ ထင်ပါတယ်''

''ဟုတ်ပါတယ် ဖေဖေ။ ပြောပြပါ။ ရေးလည်းရေးခဲ့ပါ ဖေဖေရယ်။ ပိဋကစာပေတွေက လူငယ်တွေကို မဆိုထားနဲ့ လူကြီးတွေနဲ့တောင် လက်လှမ်းမမီသလို

www.burmeseclassic.com



ဖြစ်နေတယ်။ ပိဋကစာပေဆိုတာ ရဟန်း သံဃာတွေနဲ့ပဲ ဆိုင်သလို ဖြစ်နေပါတယ် ဖေဖေ။ ဖေဖေ့ အနေနဲ့ ဒီတရားတွေကို လူကြားထဲမှာ ပျံ့နှံ့အောင် လုပ်နိုင်တဲ့ အင်အား ရှိနေပြီပဲ။ လုပ်ပေးခဲ့ပါ ဖေဖေ။ သမီး အနေနဲ့တော့ ဖေဖေ့ဆီက အဲဒီ အမွေတွေကိုပဲ လိုချင်ပါတယ်''

''အေး..၊ သမီးဆန္ဒ ပြည့်ဝပါလိမ့်မယ်ကွယ်။ ဖေဖေ မသေမီ မြန်မာ ပြည်က ခေတ်လူငယ် ခေတ်ပညာတတ်တွေ၊ အသစ်ဖြစ်ပေါ်လာတဲ့ အဆင့်မြင့် စာဖတ်ပရိသတ်တွေအတွက် မြတ်ဗုဒ္ဓရဲ့ အတွေးအခေါ်တွေနဲ့ နက်ရှိုင်းပုံ၊ အနှစ်သာရ ပြည့်စုံပုံ၊ လက်တွေ့ဘဝအတွက် အသုံးချတတ်ရင် တန်ဖိုးအနန္တ ထိုက်ပုံတွေကို သိအောင် စာအုပ်တွေ ရေးထားခဲ့ဖို့ စိတ်ဆုံးဖြတ်ချက် ရှိပါတယ်ကွယ်''

''ရေးဖြစ်အောင် ရေးခဲ့ပါ ဖေဖေ။ ထေရဝါဒအုတ်မြစ်များအဆင့် စာအုပ်ကလေး တောင် လူငယ် စာဖတ်ပရိသတ် အတွက်ရော၊ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် လူကြီး တွေ အတွက်ရော အလွန် ကျေးဇူးများတယ်လို့ ကြားရပါတယ် ဖေဖေ''

''ဖေဖေ့ စိတ်ထဲမှာလည်း မြတ်ဗုဒ္ဓရဲ့ ဒေသနာတွေကို အရိုးအစင်း မူရင်း အတိုင်း တင်ပြတာထက်၊ ခေတ်အမြင် ခေတ်အကြား ခေတ်အတွေးတွေနဲ့ ရောနှော သုံးသပ်ပြီး ခေတ်လူငယ်တွေအတွက် အကျိုးလည်း ရှိအောင်၊ အကြိုက်လည်း ဖြစ်အောင် ပုံစံသစ်တွေနဲ့ ချဉ်းကပ်တင်ပြဖို့ ဆုံးဖြတ်ထားပါတယ်''

''ဒါဆို သမီးကို ပြောပြပါ ဖေဖေ။ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေး တရားအမြင်ကို ပြောပြပါ ဖေဖေ''

''ကဲ.. ဒါဆိုလည်း ဒီအကြောင်းကို စကြစို့ရဲ့''

www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
**My Homage to Him the Blessed One,**
**the Exalted One and the Fully Enlighted One.**

၁

# မရေးချင်သေးသော အမှာစကား

ယခုအခါ ကမ္ဘာမှာ စိတ်ပညာသစ်တစ်ခု ပေါ်ပေါက်နေသည်။ ထိုစိတ်ပညာ ဂိုဏ်းခွဲကို behavioural science ဟု ခေါ်သည်။ လူနှင့် တိရစ္ဆာန်တို့၏ အမူအကျင့် သဘောကို လေ့လာသော သိပ္ပံပညာ ဖြစ်သည်။ ၎င်းသည် သက်ရှိတို့၏ အမူအကျင့် behaviour ကို လေ့လာပြီးမှ သူတို့၏ အယူအဆကို ဖော်ထုတ်သော စိတ်ပညာ psychology လည်း ဖြစ်၍၊ လူမှုရေး သိပ္ပံ (sociology) လည်း ဖြစ်သည်။ အမူအကျင့် သိပ္ပံပညာကို behaviourism ဟုလည်း ခေါ်ကြသည်။ ဤသိပ္ပံပညာသည် ပုဂ္ဂလိက ဆန္ဒစွဲ သဘော ပါသော စိတ်ဟု ယူဆသော နာမ်သဘောများ၊ မနော သဘာဝ အခြေအနေများ (mental states) များကို ပို၍ တိကျနိုင်မာသော မြင်သာထင်သာသော လူနှင့် တိရစ္ဆာန်တို့၏ အမူအကျင့် ဖြစ်ပေါ်ပုံများကို တိတိကျကျ လေ့လာဆန်းစစ်ပြီး အခြေရှာသော သဘောတရား အယူဝါဒ ဖြစ်သည်။ လူ့ အမူအကျင့် တိရစ္ဆာန် အမူအကျင့်များသည် သက်ရှိရုပ်တို့၏ အတွင်း လှုံ့ဆော်မှုများနှင့် အပြင် လှုံ့ဆော်မှုများကို တုံ့ပြန်သော တုံ့ပြန်မှုများသာ ဖြစ်ကြသည်ဟု ဤဝါဒက ယူသည်။ ပေးထားသော ပတ်ဝန်းကျင် အခြေအနေထဲတွင် ရုပ်ဝတ္ထု တစ်ခု၏ ပြုမူပုံနှင့် တုံ့ပြန်ပြုမူပုံ (action and reaction) သည် အမူအကျင့် သဘောပင် ဖြစ်သည်။ ဤ ခေတ်သစ် စိတ်ပညာ သဘောမှာ မလိုလားအပ်သော အမူအကျင့်များကို ပြောင်းလဲသွားအောင် အလေ့အထ ဖြစ်အောင် ပြုလုပ်နည်း (biofeed-

www.burmeseclassic.com

www.burmeseclassic.com



back of conditioning) နည်းဖြင့် တိုက်ရိုက် ပြုပြင်၍ ရသည် ဆိုသော သဘောအမြင် ရှိသည်။ ဤသဘောတရားသည် ယခု နှစ်ဆယ်ရာစု ခေတ်ကျမှ ပေါ်ပေါက်သော သဘောတရား ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ကိုယ်ကျင့် စိတ်ပညာ Ethical Psychology (ဓမ္မသင်္ဂဏီ)တွင် ဖော်ပြထားသော ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတရား အမြင်များသည် ခေတ်သစ် စိတ်ပညာထက် အနှစ် ၂၅၀၀ ကျော် စောစီးစွာကပင် ပေါ်ပေါက်နေပြီဟု ယူဆနိုင်သည်။ မြတ်ဗုဒ္ဓသည်လည်း လူ၏ ကိုယ်ရည်ကိုယ်သွေးများကို လူ၏ ပတ်ဝန်းကျင် (အတွင်း အပြင် လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသော) တုံ့ပြန် သဘောများ အဖြစ်ဖြင့် ဆင်ခြင်ထားကြောင်း ပေါ်လွင်သည်။ မလိုလားအပ်သော ကိုယ်ရည်ကိုယ်သွေး များကို ပယ်ဖျက်ပြီး အလိုရှိအပ်သော ကိုယ်ရည်ကိုယ်သွေးမျိုး ဖြစ်ပေါ်လာအောင် လေ့ကျင့် ပျိုးထောင် ပေး၍ ရကြောင်းကိုလည်း အသိအမှတ် ပြုထားကြောင်း ထင်ရှားသည်။

ဤစာ၏ နိဒါန်းကို ယခုလို ရေးသားရန် မရည်ရွယ်သေးပါ။ နောင်သော အခါ ဤစာကို ဖတ်ရသဖြင့် မြန်မာလူငယ် ပရိသတ်တို့၌ ဤစာ၏ လှုံ့ဆော်မှု ကြောင့် ဖြစ်ပေါ်လာသော တုံ့ပြန်မှုများကို တွေ့မြင်ရသောအခါမှသာ အာရုံခံစားမှု ဇီဝကမ္မ သဘော (neurophysiological) နှင့် အချက်ပြ စူးစမ်းရေး သဘော တရား (signal detection theory) ကို ပေါင်းစပ်လေ့လာမည်ဟု ဆန္ဒ ပြုထားပါသည်။

ဆန်းလွင်

www.burmeseclassic.com

## ၃။ မြတ်ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးအတွက် သိအပ်သောတရားများ

**အကျွန်ုပ်** မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေးဆိုင်ရာ အမြင် အယူအဆများက များတယ် သမီးရဲ့။ ကျယ်လည်း ကျယ်ဝန်းတယ်။

ဒီတရားတွေဟာ နက်နဲလွန်းလို့ မြတ်စွာဘုရားက ဒီတရားတွေကို ပထမ အဘိဓမ္မာကျမ်း မွေသင်္ဂဏီမှာ ဟောတော်မူတယ်။ အဲဒီ ဟောကြားချက်တွေထဲက ထုတ်ပြီး ပြရမယ်ဆိုတော့ ပထမ အကြောင်းအရာနဲ့ စပ်တဲ့ ခေါင်းစဉ်သဘော မာတိကာကို အလျင်ပြောမှ ဖြစ်မယ်ထင်တယ်။ သမီး နားလည်ရလွယ်အောင် လေ့လာရလွယ်အောင် ပေါ့ကွယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ။ သမီးက အဘိဓမ္မာကို မလေ့လာဖူးတော့ နားမလည် ပါးမလည် ဖြစ်နေပါ့မယ်။

**အကျွန်ုပ်** ဒီနေရာမှာ အဘိဓမ္မာကို မြတ်စွာဘုရား ဟောကြားပုံ ခွဲခြားပြပုံကို နည်းနည်း သိရမယ်။ အထူးသဖြင့် ပထမ အဘိဓမ္မာကျမ်း

မွေသင်္ဂဏီကို ဟောပုံပေါ့ သမီးရယ်။ အဘိဓမ္မာမှာ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ နိက္ခေပပိုင်း၊ အဋ္ဌကထာပိုင်း ဆိုပြီး ခေါင်းစဉ် မာတိကာ ခွဲပြီး ဟောတော်မူထားတယ်။ အဲဒီ ကဏ္ဍ တစ်ခုစီကိုလည်း (၁) တစ်မျိုးတည်းသာပြတဲ့ ဧကနည်း၊ (၂) နှစ်မျိုး ခွဲပြတဲ့ ဒုကနည်း၊ (၃) သုံးမျိုးခွဲပြတဲ့ တိကနည်း ဆိုပြီး. . ၁၁ မျိုး ခွဲပြတဲ့နည်းအထိ ခွဲခြမ်းစိတ်ဖြာပြီး ဟောတယ် သမီးရဲ့။ တစ်ခါ ဒုကနည်း (နှစ်မျိုးခွဲနည်း) မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



(က) ပကိဏ္ဏကဒုက် (ခ) ဝတ္ထုဒုက် (ဂ) အာရမ္မဏဒုက် (ဃ) အာယတနဒုက် (င) ဓာတုဒုက် (စ) ဣန္ဒြိယဒုက် (ဆ) သုခုမရူပဒုက် ဆိုပြီး ခွဲပြပြန်တယ်။ ဒီ ဓမ္မသင်္ဂဏီကျမ်း၏ ခေါင်းစဉ် (မာတိကာ) မှာ တိက် ၂၂ တိက်နဲ့ ဒုက် ၁၄၂ ဒုက် ခွဲပြီး ပြထားတယ်။ ဒီနေရာမှာ တိတ္တုပ္ပါဒကဏ္ဍတို့မှာကတော့ ကုသလတိက် တစ်တိက်တည်းလို့သာ ဟောတယ်။ နိက္ခေပ ကဏ္ဍကတော့ တိက်၊ ဒုက် အားလုံးကို ပြည့်ပြည့်စုံစုံ ဖွင့်ပြတဲ့ ကဏ္ဍလို့ မှတ်ရမယ်။

သမီး တိက်၊ ဒုက်ဆိုတာ တိကနည်း ဒုကနည်းကို ပြောတာလား ဖေဖေ။

အကျွန်ုပ် ဟုတ်တယ်လေ။ တိက်(တိက) ဆိုတာ သုံးမျိုး ခွဲပြတဲ့နည်း။ ဒုက်(ဒုက)ဆိုတာ နှစ်မျိုး ခွဲပြတဲ့ နည်းပဲပေါ့။ ခုပြောမယ့် ကိုယ်ရည်ကိုယ်သွေး ဆိုင်ရာ အချက်အလက်တွေကိုတော့ သုတ္တန္တိက ဒုကနိက္ခေပပိုင်းမှာ ဟောထားတယ်။

သမီး ဘယ်အချက်တွေကို မာတိကာအားဖြင့် ဟောထားသလဲ ပြောပြပါဦး ဖေဖေ။

အကျွန်ုပ် အေး. . ၊ သမီး ခေါင်းက ရှင်းတယ်။ မေးတတ်တယ်။ အဲဒါ အရေးကြီးတယ်။ ပထမ မာတိကာကို သိမှသာ အကျယ်ဟောတဲ့ အခါ မှတ်ရလွယ်တာပေါ့။ ဒီနေရာမှာ ဒုက်သဘောက ဆန့်ကျင်ဘက် သဘောနှစ်ခုကို တွဲပြပြီး ဟောတာ။ ဥပမာ–ဆုံးမလွယ်သူဖြစ်ခြင်း ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးကို ပြတဲ့အခါ ဆုံးမတတ်သူ ဖြစ်ခြင်းဆိုတဲ့ သဘောကိုပါ တွဲပြီးပြတယ်။ ဒီတော့ ကိုယ်ရည်ကိုယ်သွေး တစ်ခုရဲ့ ရှိမှုနဲ့ မရှိမှု ကွာခြားပုံကိုပါ ဉာဏ်မှာ ထင်လာရတာပေါ့ သမီးရယ်။

သမီး သမီး သဘောပေါက်ပါပြီ ဖေဖေ။ အဓိကကိုသာ ပြောပြပါ။

အကျွန်ုပ် ကောင်းပါပြီကွယ်။ မြတ်စွာဘုရားက လူတစ်ယောက် ထွန်းပေါက် အောင်မြင်သူ၊ ထင်ရှားပေါ်လွင်သူ၊ လောကီ လောကုတ္တရာ အကျိုးကျေးဇူးတွေကို ခံစား စံစားရသူ ဖြစ်ဖို့အတွက် လိုအပ်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ခေါင်းစဉ်ခွဲပြီး ဟောထားတယ်။ အဲဒီ ခေါင်းစဉ် (မာတိကာ) ကို ပထမ သမီး သိလွယ်အောင် ဖေဖေ စာရင်းချပြမယ်။

သမီး ဟုတ်ကဲ့ပါ ဖေဖေ။ သမီး ရေးမှတ်ထားပါ့မယ်။

အကျွန်ုပ် ရေးမှတ်ထားရင် ပိုကောင်းတယ်။ ခေါင်းစဉ် စာရင်းက များလို့. . မှတ်ထားတော့ ပိုပြီး သေချာတာပေါ့။ ကဲ. . ဖေဖေ ပြောပြမယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဆုံးမလွယ်သူ ဖြစ်ခြင်းဆိုတဲ့ အရည်အချင်းတစ်ရပ်။ (သူ့ရဲ့ ဆန့်ကျင်ဘက် ဆုံးမခက်သူ ဖြစ်ခြင်း သဘောကိုပါ နားလည် ရမယ်)

၂။ အဆွေခင်ပွန်းကောင်း ရှိသူဖြစ်ခြင်း

၃။ အကြောင်း ဟုတ်သည် (မဟုတ်သည်ကို) လိမ္မာသောသူ ဖြစ်ခြင်း

၄။ ဖြောင့်မတ်သောသူ ဖြစ်ခြင်း

၅။ နူးညံ့ပြေပြစ်သောသူ ဖြစ်ခြင်း

၆။ သည်းခံနိုင်သူ ဖြစ်ခြင်း

၇။ ကောင်းသောအမှု၌ မွေ့လျော်သူ ဖြစ်ခြင်း

၈။ ချစ်ခင်ပြေပြစ်သော စကားကို ပြောဆိုတတ်သူ ဖြစ်ခြင်း

၉။ ပျူငှာဖော်ရွေသူ ဖြစ်ခြင်း

၁၀။ မျက်စိကလြွေကို စောင့်ထိန်းတတ်သူ ဖြစ်ခြင်း

၁၁။ စားဖွယ်(ဘောဇဉ်) ၌ အတိုင်းအရှည်ကို သိသူ ဖြစ်ခြင်း

၁၂။ သတိမမေ့မလျော့သူ ဖြစ်ခြင်း

၁၃။ သမ္မာဇဉ် (ဆင်ခြင်) ဉာဏ်ကောင်းသူ ဖြစ်ခြင်း (မတုန်မလှုပ် ဆင်ခြင်နိုင်ခြင်း ရှိသူဖြစ်ခြင်း)

ကဲ ဒီအရည်အချင်း ဆယ့်သုံးခုကိုပဲ လေ့လာကြည့်ရင် မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည် ကိုယ်သွေး သတ်မှတ်ချက်တွေဟာ ဘယ်လောက် လှုကြည်ညိုဖွယ် ဖြစ်တယ် ဆိုတာ မပေါ်ဘူးလား။

**သမီး** ပေါ်ပါတယ် ဖေဖေ။ သမီး တစ်ခု သတိထားမိပါတယ် ဖေဖေ။

**အကျွန်ုပ်** ဘာကို သတိထားမိတာလဲ သမီးရဲ့။

**သမီး** ကောလင်း အဘိဓာန်ထဲက ကိုယ်ရည်ကိုယ်သွေး အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သတိရလို့ပါ ဖေဖေ။

**အကျွန်ုပ်** ကဲ၊ သမီးအမြင်အတိုင်း ပြောပါဦး။

**သမီး** အဲဒီ အထဲမှာ the distinctive character of a person that makes him socially attractive.

ဆိုတာပါ ဖေဖေ။ လူတွေက ဆွဲဆောင်နိုင်တဲ့ လူတစ်ဦးရဲ့ ထူးခြားတဲ့ ပေါ်လွင် ထင်ရှားတဲ့ သဘောလက္ခဏာ အရည်အချင်းကို ကိုယ်ရည်ကိုယ်သွေးလို့ ဆိုတယ် မဟုတ်လား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဟုတ်ပါတယ် သမီး။ ကိုယ်ရည်ကိုယ်သွေးဆိုတာ လူတစ်ဦးကို လူအများက ကြည်ညိုလေးစားအောင် ယုံကြည်အားထားအောင် ဆွဲဆောင်နိုင်တဲ့ ဂုဏ်သတ္တိထူးကို ပြောတာပဲ။ ဒါဟာ ပုဂ္ဂိုလ်ရေးနဲ့ ဆိုင်တဲ့ သတ္တိတစ်မျိုးလို့ ဆိုနိုင်သော် လူအများနဲ့ လူမှုဘဝနဲ့လည်း ဆက်စပ်နေတယ်လေ။

**သမီး** ဟုတ်တယ်။ ဟုတ်တယ် ဖေဖေ။ သမီးက အဲဒါကို ပြောချင်တာပါ။ လူအများကို လူတစ်ဦးက သြဇာလွှမ်းမိုးနိုင်အောင် ပံ့ပိုးပေးတဲ့ လူပုဂ္ဂိုလ် တစ်ဦးမှာ ရှိရမည့် ဂုဏ်သတ္တိတွေပဲလို့ ဆိုချင်တာပါ။

**အကျွန်ုပ်** ခု အဖေကြီး ပြောပြတဲ့ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး သတ်မှတ်ချက်တွေကို ကြားရတော့ သမီးစိတ်ထဲမှာ ဘယ်လို ခံစားရသလဲ။

**သမီး** ကြားရရုံနဲ့ပဲ ကြည်ညိုစရာ ဖြစ်နေပါတယ် ဖေဖေ။ လူပုဂ္ဂိုလ် တစ်ဦးမှာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဒီကိုယ်ရည်ကိုယ်သွေး ဆယ့်သုံးခုသာ အမှန် ရှိမယ်ဆိုရင် ဒီလူဟာ လူတိုင်းကို ဆွဲဆောင်နိုင်တဲ့ လူ့သံလိုက်ကြီးတောင် ဖြစ်နိုင်ပါပြီ ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီး။ ကမ္ဘာမှာ ပေါ်ထွန်းခဲ့တဲ့ The Great Men ဆိုသူတွေဟာ ဒီလို ကိုယ်ရည်ကိုယ်သွေး ကောင်းတွေ ရှိကြတဲ့ လူတွေပေါ့ကွယ်။ တို့ဘုရားက ဒီကိုယ်ရည်ကိုယ်သွေး ကောင်းတွေရဲ့ ကျေးဇူးကို ပိုပြီး ပေါ်လွင်အောင် သူ့ရဲ့ ဆန့်ကျင်ဘက် ကိုယ်ရည်ကိုယ်သွေး ညံ့တွေကိုပါ (ဒုက်ပိုင်း) မှာ တွဲယှဉ်ပြီး ပြထားတယ်။

**သမီး** မှန်ပါတယ် ဖေဖေ။ ဒီလို ယှဉ်ပြလိုက်မှ ကိုယ်ရည်ကိုယ်သွေး ကောင်းတဲ့ လူဟာ ဘယ်လို အကျိုးကျေးဇူးရှိတယ်။ ကိုယ်ရည်ကိုယ်သွေး ညံ့တဲ့ လူဟာ ဘယ်လို အကျိုးယုတ်နိုင်တယ်ဆိုတာ ဉာဏ်ထဲမှာ ပိုပြီး ရှင်းလာပါတယ် ဖေဖေ။

**အကျွန်ုပ်** အေး ဟုတ်တယ်။ ကိုယ်ရည်ကိုယ်သွေး ဆိုတာက အကောင်းချည်း မဟုတ်ဘူး။ ကိုယ်ရည်ကိုယ်သွေး အညံ့တွေလည်း ရှိသေးတယ်။ နောက်ပြီး မကောင်းမှုဘက်မှာ ထက်မြက်တဲ့ ကိုယ်ရည်ကိုယ်သွေးမျိုးလည်း ရှိသေးတယ်။ ဥပမာ–ဖောက်ထွင်းဝိဇ္ဇာတို့ နေအေးလို လူလိမ်ဝိဇ္ဇာ တို့လိုပေါ့။

**သမီး** ဒါပေမဲ့ အဲဒီလို အဆိုးဘက်မှာ သန်တဲ့ ကိုယ်ရည်ကိုယ်သွေးက လူတွေအပေါ် ဆွဲဆောင်နိုင်ပါ့မလား ဖေဖေ။

**အကျွန်ုပ်** မှန်တယ်။ မိစ္ဆာကိုယ်ရည်ကိုယ်သွေးတွေက လူတွေကို ကြည်ညိုအောင်တော့ မဆွဲဆောင်နိုင်ဘူး။ ဒါပေမဲ့ ကြောက်အောင် သူ့

www.burmeseclassic.com



အောက်မှာ ပိပြားနေအောင် ခေါင်းမထောင်နိုင်အောင်တော့ လုပ်နိုင်တယ်။ ဒါလည်း စွမ်းဆောင်နိုင်တဲ့ သတ္တိပဲပေါ့ကွယ်။

**သမီး** ဟုတ်တယ်နော်။ စတာလင်တို့၊ ဟစ်တလာတို့လို လူတွေဟာ အဆိုးဘက်မှာ အားသန်တဲ့ ကိုယ်ရည်ကိုယ်သွေး ရှိသူတွေလို့ ဆိုနိုင်တာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အေး. . စကားစပ်ပြီး ပြောလာတော့ ကိုယ်ရည်ကိုယ်သွေး အကောင်းအဆိုး အကြောင်းကို ပြောတဲ့ အဆင့်ကို ရောက်လာပြီ။ အမှန်ကတော့ ကိုယ်ရည်ကိုယ်သွေး ဆိုတာကတော့ အစွမ်းသတ္တိ တစ်မျိုးပဲ သမီးရဲ့။ သူချည်းသက်သက်က အဖွဲ့အစည်းနဲ့ မပတ်သက်ရင် သူ့ချည်း တခြားလူနဲ့ မပတ်သက်ရင်တော့ သူ တစ်ယောက်တည်းကို အကျိုးရှိစေပါတယ်။ ဒါပေမဲ့ သူ တစ်ယောက်တည်း ကောင်းဖို့သာ ကြည့်ပြီး အများ ဆင်းရဲအောင် အများ ဒုက္ခရောက်အောင် လုပ်တဲ့နေရာမှာ အသုံးချရင်တော့ အဲဒီကိုယ်ရည်ကိုယ်သွေး ဟာ ကောင်းကျိုး မပေးနိုင်ဘူး။ ဒီနေရာမှာ ဖေဖေ ကြည့်ဖူးတဲ့ အနောက်တိုင်း ရုပ်ရှင်တစ်ခုကို ပြောပြမယ်။ ဇာတ်ကားနာမည်က The Wild Water လို့ ထင်တာပဲ။ ရုပ်ရှင်မင်းသားက ကယ်ပင်ကော့စနာလို့ မှတ်မိတယ်။ ဇာတ်ကားထဲမှာ ပုစွန်ဖောင်တစ်ဖောင်နဲ့ ပင်လယ်ကြီးထဲမှာ တစ်ယောက်တည်း ဖြစ်အောင်နေ၊ လုပ်ဆောင်နေတဲ့ လူတစ်ယောက်အကြောင်းကို ရုပ်ရှင်ရိုက်ပြထားတာ။ အဲဒီ ဇာတ်ကားထဲမှာ တခြား ဘာမှ ထူးခြားတဲ့ အကြောင်းအရာ မပါဘူး။ ဇာတ်လိုက်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ဇာတ်လမ်းဖွဲ့ထားတယ်။ သောက်ရေ မရှိတဲ့ နေရာမှာ သူ သောက်ရေ ရအောင် သူ ပေါက်တဲ့ သေးရည်ကို ခွက်နဲ့ခံပြီး ရေသန့်ဖြစ်အောင် လုပ်ပုံကအစ ပင်လယ်ထဲမှာ မုန်တိုင်းနဲ့ ကြုံတဲ့အခါ မုန်တိုင်းရန်ကို ခုခံပြီး သူ အသက်ရှင်နိုင်အောင် လုပ်ပုံတွေ ပင်လယ်ဓားပြတွေနဲ့ ကြုံတဲ့အခါ ပင်လယ်ဓားပြ တွေကို သူတစ်ယောက်တည်း ဉာဏ်ဆင်ပြီး ဖြုံခွဲပုံတွေ ဒုက္ခရောက်နေတဲ့ ရွာသူ ရွာသားတွေကို သူ တွေ့တော့ ကယ်တင်ပုံတွေကို ရိုက်ပြရာမှာ ဒါရိုက်တာက မင်းသားရဲ့ ကိုယ်ရည်ကိုယ်သွေး ကောင်းပုံတွေကို ဇာတ်လမ်းဖွဲ့ပြီး ပရိသတ် စွဲမက်လောက်အောင် ရိုက်ပြသွားနိုင်တယ်။ ထိုင်စဉ်းစားရင် မဖြစ်နိုင်ဘူး ထင်ရတယ်။ ဒါပေမဲ့ သူ ရိုက်ပြထားပုံကို ကြည့်ရင် မင်းသားရဲ့ ကိုယ်ရည်ကိုယ်သွေး ကောင်းတွေကြောင့် သူ လုပ်တာတွေဟာ ဖြစ်နိုင်တာတွေချည်းပဲလို့ ထင်ရတယ်။

**သမီး** ဒါဆို ကိုယ်ရည်ကိုယ်သွေး ကောင်းတယ်ဆိုတာ ဖြတ်ထိုးဉာဏ် ကောင်းတာကိုကော မထည့်သင့်ဘူးလား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဘုရား ဟောတဲ့ အထဲမှာ အကုန် ပြည့်စုံနေပြီ။ ဘာမှ ထည့်စရာ မလိုတော့ဘူး ဖြတ်ထိုးဉာဏ်ဆိုရာမှာ ကောက်ကျစ်စဉ်းလဲတတ်တဲ့ သဘောလည်း ပါတယ်။ ကောက်ကျစ်စဉ်းလဲရာမှာ တေဒဂ်ရလောက်အောင် တော်တဲ့ လူတွေ ရှိတယ်။ ဉာဏ်နီဉာဏ်နက်လို့ လူတွေက ခေါ်ကြတယ်။ အဲဒီ ဉာဏ်နီဉာဏ်နက်ကို မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး သတ်မှတ်ချက်တွေထဲမှာ မထည့်ဘူး။ ကောင်းတဲ့ဘက်၊ အများနှင့် စပ်ဆိုင်တဲ့ အမှုကိစ္စတွေမှာ အကျိုးရှိတဲ့ ဘက်မှာ ရှိသင့်တဲ့ ကောင်းတဲ့ ဉာဏ်အမြင်ကိုသာ ဗုဒ္ဓရဲ့ အတွေးအခေါ်မှာ ဖော်ပြတယ်။

**သမီး** ဘယ်လို ဖော်ပြတာလဲ ဖေဖေ။

**အကျွန်ုပ်** စောစောက ဖေဖေ ပြောခဲ့တဲ့ ကိုယ်ရည်ကိုယ်သွေး ဆယ့်သုံးမျိုး ထဲမှာ (က) အကြောင်း ဟုတ်သည် မဟုတ်သည် လိမ္မာခြင်း ဆိုတာရယ်၊ (ခ) သတိမမေ့လျော့ခြင်း။ (ဂ) မတုန်မလှုပ် ဆင်ခြင်နိုင်ခြင်း ရှိသူ ဖြစ်ခြင်း။ (ဃ) သည်းခံနိုင်စွမ်း ရှိသူဖြစ်ခြင်း ဆိုတာတွေ အစုံပါနေပြီ၊ ဖေဖေပြောတဲ့ အဲဒီ ဇာတ်ကားထဲမှာလည်း ဒီအချက်တွေကို အသားပေး ဖော်ပြထားတယ်။ ဇာတ်ကားထဲက ဇာတ်လိုက်ဟာ အမြဲ သတိရှိတယ်။ ပြဿနာပေါ်လာရင် မတုန်မလှုပ် ဆင်ခြင် စဉ်းစားနိုင်တယ်။ အကြောင်း ဟုတ်သည် မဟုတ်သည်ကို ခွဲခြား ဆုံးဖြတ်နိုင်တယ်၊ ဒါကြောင့် ကြမ်းတမ်းခက်ထန်လှတဲ့ ပင်လယ်ပြင်ကျယ်ကြီး ထဲမှာ သူ တစ်ယောက်တည်း ကိုယ်စွမ်းကိုယ်စကို အသုံးပြုပြီး ပြဿနာ အားလုံးကို သည်းခံပြီး ဖြေရှင်းနိုင်စွမ်း ရှိတယ်။

**သမီး** သမီး အတော် သဘောပေါက်လာပါပြီ ဖေဖေ၊ သမီးတို့ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ ကိုယ်ရည်ကိုယ်သွေးများကို တစ်ချက်ချင်း ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** အေးကွယ်၊ ခု သမီး တောင်းဆိုတဲ့ အချက်ဟာ မျက်မှောက်ခေတ် မြန်မာလူငယ်တွေ အထူးသဖြင့် မြန်မာဗုဒ္ဓဘာသာ လူငယ်တွေ သိသင့်လို့ ဖေဖေ့ စိတ်ထဲမှာ သိစေချင်တာ ကာလအတန်ကြာပါပြီကွယ်။ ခု သမီးက မေးမှ ဒါပြောဆိုဖို့ အခွင့်သာလာတယ်။ သမီးရဲ့ စေတနာကိုလည်း ဖေဖေက နှစ်သက်တယ်။ ဂုဏ်လည်း ယူပါတယ်။ လူငယ်ဆိုတာ အမြင်ကျယ်သူ ဖြစ်ရမယ်။ ကဲ . . . ၊ ဖေဖေတို့ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးအတွက် သတ်မှတ်ချက်တွေကို အသေးစိတ် လေ့လာကြည့်ကြစို့။

**သမီး** ကောင်းပါတယ် ဖေဖေ၊ ကျေးဇူးတင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

## ၄။ ဆုံးမလွယ်သူ ဖြစ်ကြောင်းတရား

**အကျွန်ုပ်** စွမ်းဆောင်ရည် ကိုယ်ရည်ကိုယ်သွေး အကောင်းစားကို ရလိုသူဟာ ဆုံးမလွယ်သူ ဖြစ်ရမယ်လို့ မြတ်ဗုဒ္ဓက တိတိကျကျ ဟောပြော ဆုံးမပါတယ်။ ဆုံးမတယ်ဆိုတာ လိမ္မာ ယဉ်ကျေးစေလိုတဲ့ စေတနာ အရင်းခံကြောင့် အမှားကို မြင်ပြီး ပြုပြင်အောင်၊ အမှန် မြင်ပြီး လိုက်နာချင်အောင် အနုနည်းနဲ့ ဖြစ်စေ၊ အကြမ်းနည်းနဲ့ ဖြစ်စေ သွန်သင်တာ ပြောဆိုတာ၊ အမှတ်တရ ဖြစ်အောင် ပြုရတာပဲ သမီးရဲ့၊ အဲဒီလို စေတနာကောင်းနဲ့ ပြောဆို ဆုံးမတာကို လိုက်နာခြင်းဟာ ကိုယ်ရည်ကိုယ်သွေးကောင်းတစ်ခုပဲ ဖြစ်တယ် သမီးရဲ့။ အဲဒီလို လိုက်နာဖို့ ကိစ္စမှာ အလွယ်တကူ လက်ခံတတ်သူကို ဆုံးမလွယ်သူလို့ ဘုရားက သတ်မှတ်တော်မူတယ်။ သို့သော် ဘယ်လိုပဲပြောပြော လိုက်နာခဲသူ လက်ခံခဲသူ၊ အပြောရခက်သူကိုတော့ ဆုံးမခက်သူလို့ သတ်မှတ်ရတာပေါ့ကွယ်။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ မြတ်စွာဘုရားက ဆုံးမလွယ်သူနဲ့ ဆုံးမခက်သူကို ဘယ်လို အခြင်းအရာတွေနဲ့ ခွဲခြားပြီး ဟောခဲ့ပါသလဲ ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရားက ဆုံးမလွယ်သူဆိုတာ ဆုံးမလွယ်အောင် ပြုတတ်သော တရားကို ကျင့်ကြံသူကို ခေါ်တာ၊ ဒီတရားကိုတော့ ပါဠိလို 'သောဝစဿတာ' လို့ ခေါ်တယ် သမီးရဲ့။

**သမီး** အဲဒီ ဆုံးမလွယ်သူ ဖြစ်စေတတ်တဲ့ တရားကို ပြောပြပါဦး ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** အေး. . .၊ ပြောပြမယ် နားထောင်၊ (တစ်) က မိဘ၊ ဆရာသမား အသက်ကြီးသူ၊ ဂုဏ်ကြီးသူ၊ ပညာရှိသူ၊ အတွေ့အကြုံ ဗဟုသုတ များသူတို့က သင်ပြောသော စကား။ သင်ပြသော အပြုအမူသည် နှစ်သက်ဖွယ် မရှိ၊ အပြစ်မကင်း၊ အကျိုးမဲ့ဖြစ်ကြောင်း၊ အပြစ်ကို ပြပြီး အဲဒီအပြစ်ကို အချိန်မီ ကုစားသင့်ကြောင်း ပြောဆိုဆုံးမတဲ့အခါ ကိုယ်ရည်ကိုယ်သွေးကောင်း ရှိသူဟာ ကိုယ်မသိခဲ့တဲ့၊ သတိမပြုမိဘဲ နေခဲ့တဲ့ ကိုယ့်အမှား ကိုယ့်အပြစ်ကို မြင်တာနဲ့ ချက်ချင်း ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် အပြစ်ကင်းစင်အောင်၊ သန့်စင်အောင် ပြုပြင်ချင်တဲ့ စိတ်ပေါ်ပြီး ချက်ချင်းပြုပြင်တယ်။ အဲဒီလူကို ဆုံးမလွယ်သူ၊ လွယ်ကူ သော စကားရှိသူ အလွယ်တကူ အမူအကျင့်ကို ပြုပြင်သူ ဖြောင့်မတ်တဲ့ သဘော ရှိသူ၊ လုပ်သင့်တာတွေကို မြင်ရင် မဆန့်ကျင်ဘူး။ အလွယ်တကူ ခံယူတယ်။ မဆန့်ကျင်တဲ့ သဘောကို သာယာတယ်။ ဘယ်သူနဲ့မှ ကန့်လန့်လုပ်တာမျိုး မရှိဘူး။ သင့်မြတ်လိုတဲ့ သဘောသာ သူ့ရင်ထဲမှာ ရှိတယ်။ လူကြီးမိဘ၊ ဆရာသမား များ၊ ဉာဏ်ကြီးသူ အတွေ့အကြုံ များသူများနှင့် သဘောတူအောင်၊ စိတ်ထား သဘောထား ညီညွတ်အောင်သာ လုပ်လိုတဲ့ ဆန္ဒရှိတယ်။ ဆုံးမသူကို ရိုသေ တယ်။ ဒါကြောင့် ထိုသူဟာ ရိုသေခြင်း ရှိသူဖြစ်တယ်။ ဆုံးမလွယ်သော သဘော များသော ဒရိယံဆိုတဲ့ ရိုသေတတ်သော သဘောရှိခြင်းဟာလည်း ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေး ဖြစ်တယ်။ ဆုံးမလွယ်သူဟာ လေးစားခြင်း ရှိသူလည်း ဖြစ်တယ်။ 'သဂါရဝတာ' ဆိုတာ အဲဒီ ကိုယ်ရည်ကိုယ်သွေးပဲ သမီးရဲ့၊ ပြီးတော့ ဆုံးမလွယ်သူရဲ့ သဘောမှာ 'သပ္ပဋိဿဝတာ'လို့ ခေါ်တဲ့ ကျိုးနွံခြင်းလည်း ရှိတယ်။

**သမီး** သမီး နားလည်သလိုလိုတော့ ရှိပါတယ် ဖေဖေ။ ဒီထက်ပိုပြီး ရှင်းလင်းအောင် ပြောပါဦး ဖေဖေ။

**အကျွန်ုပ်** ဘာကို ပြောရမှာလဲ သမီးရဲ့။

**သမီး** ပါဠိလို အလျှင်ပြောပါ ဖေဖေ။ 'သောဝစဿတာ' ဆိုတဲ့ ဆုံးမ လွယ်သူ ဖြစ်ဖို့ လိုအပ်တဲ့ အရည်အချင်းတွေကို ပါဠိလို ရေတွက် ပြပါလို့ ဆိုလိုတာပါ ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ သမီးက ခေါင်းရှင်းအောင် မေးတတ်တယ်။ ပါဠိလို ကျတော့ စကားလုံးတွေက ကျစ်လျစ်တော့ မှတ်ရလွယ်တာပေါ့။ သောဝစဿတာ ဖြစ်ဖို့ (၁) သောဝစဿတာ လွယ်ကူသော စကားရှိသူ၊ ဆုံးမလွယ်သူရဲ့ အပြုအမူ ဖြစ်ကြောင်းတရား ရှိရတယ်။ (၂) အပ္ပဋိကူလဂ္ဂါဟိတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက မဆန့်ကျင်သူ ဖြစ်တာကို ပြောတာ။ (၃) သာဒရတာ ဆိုတာက ရိုသေတတ်သူ အရိုအသေရှိသူ ဖြစ်တာကို ပြောတာ။ (၄) သဂါရဝတာဆိုတာက လေးစားတတ်သူ၊ လေးစားခြင်းရှိသူ ဖြစ်လာရန် ပြောတာ။ (၅) သပ္ပဋိဿဝတာ ဆိုတာ စူးစိုက်ပြီး နားထောင်ခြင်း ရှိသူ၊ ကျိုးနွံခြင်း ရှိသူကို ဆိုတာ သမီးရဲ့။ ရှင်းရှင်း နားလည်ရဲ့လား သမီး။

**သမီး** သိပ်ရှင်းတာပဲ ဖေဖေ။ မြတ်စွာဘုရားရဲ့ တရားတော်က နှစ်သက်ဖွယ် ကောင်းလိုက်တာ၊ သိပ် အမြင်ရှင်းတာပဲနော်။ ဆုံးမလွယ်သူမှာ ရှိအပ်တဲ့ ကိုယ်ရည်ကိုယ်သွေး အသေးစိတ်ကို သိရတော့မှ ကိုယ်ရည်ကိုယ်သွေး ကောင်းဖို့ လိုချင်တဲ့ သူဟာ ကိုယ်မှာ ဒီဂုဏ်သတ္တိတွေ၊ ဒီလို အရည်အသွေးတွေ ရှိရဲ့လားလို့ ဝေဖန်ကြည့်ပြီး မရှိသေးရင် ရှိအောင် လုပ်ဖို့လည်း လွယ်လွယ်ကူကူ ဉာဏ်လမ်းပွင့်သွားနိုင်တယ်လို့ ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** ဘုရားက ဆုံးမလွယ်သူရဲ့ သဘောကို ပေါ်လွင်ထင်ရှားအောင် နားလည်လွယ်အောင်၊ အတွေ့အကြုံအရ ဆန်းစစ်လွယ်အောင်လို့ ဆုံးမခက်သူရဲ့ သဘောကိုလည်း ဟောထားတယ် သမီးရဲ့။

**သမီး** သောဝစဿတာက ဆုံးမလွယ်သူ ဆိုတော့ ဆုံးမခက်သူကို ပါဠိလို ဘယ်လို မှတ်ရတာလဲ ဖေဖေ။

**အကျွန်ုပ်** ဆုံးမခက်သူကို 'ဒေါဝစဿတာ' လို့ ခေါ်ပါတယ်ကွယ်။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ သမီး မှတ်မိပါပြီ။ ဒါဆို ဆုံးမခက်သူ ဖြစ်အောင် ပြုတတ်သော တရားတွေကို ပြောပါဦး ဖေဖေ။

**အကျွန်ုပ်** (၁) က ခဲယဉ်းသော စကားရှိသူ ဖြစ်ခြင်းတဲ့၊ ဆိုဆုံးမရ ခက်သူ ဖြစ်ခြင်း၊ ဆုံးမ ခက်သူရဲ့ အမူအကျင့်က ဝိပ္ပဋိကူလဂ္ဂါဟိတာ (မလျောက်ပတ်သည့်ကို ယူလေ့ရှိခြင်း) ပဲကွယ်။ သူတစ်ပါး မနှစ်သက်တဲ့ သူတစ်ပါးနှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ စက်ဆုပ်ဖွယ်၊ ဆန့်ကျင်ဘက်လုပ်ရတာကျမှ နှစ်သက်တတ်သူကို ဆုံးမခက်သူလို့ မှတ်ရတယ်။ နောက်တစ်ချက်က သမီးရဲ့ အစ်ကိုတို့လို ပြန်မပြော နားမထောင်တာဟာလည်း ဆုံးမခက်ခြင်း သဘောပဲကွယ်။ ဒါကိုတော့ 'ဝိပစ္စနီကသာတတာ' လို့ ခေါ်တယ်။ မြန်မာလိုကတော့ ဆုံးမတာကို နားမထောင်တတ်ဘူး။ မနာခံတတ်ဘူးဆိုတဲ့ သဘောပေါ့ကွယ်။ ဆုံးမခက်သူရဲ့ သဘောမှာ ရိုသေခြင်း မရှိဘူးကွယ်။ (အဂါရဝတာ) လို့ ခေါ်တယ်။ မနာခံတတ်တော့ မရိုသေဘူးပေါ့။ မရိုသေတတ်တော့ လေးစားတဲ့ သဘောလည်း မရှိဘူးပေါ့။ ပါဠိလိုတော့ 'အနာဒရတာ' လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး မှတ်မိပါပြီ။

**အကျွန်ုပ်** အေး…၊ ဆုံးမခက်သူမှာ ရိုသေခြင်း သဘောလည်း မရှိ။ လေးစားခြင်း သဘောလည်း မရှိ၊ စူးစိုက်စွာ နာခံခြင်း သဘောလည်း မရှိတာကြောင့် ကျိုးနွံခြင်း (အပ္ပဋိဿဝတာ) လည်း ဘယ်ရှိတော့မလဲ ကွယ်။

**သမီး** ခေါင်းထဲမှာ ရှင်းသွားတာပဲ ဖေဖေရယ်။ မြတ်စွာဘုရားက လူရဲ့ ကောင်းမှုဆိုးမှု သဘောတွေကို ထိုးထိုးထွင်းထွင်း ရှုမြင်ထားတာ ဟာ ဖောက်ထွင်းပြီး မြင်သလိုပဲနော်။ အမြင်လည်း သိပ်ရှင်းတာပဲ။ သဘောလည်း သိပ်ပေါ်တာပဲ ဖေဖေ။ ပြီးတော့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးမှာ ဆုံးမလွယ်ခြင်း ဆိုတဲ့ သဘောဟာ တော်တော် အရေးပါတယ်ဆိုတာ ရင်ထဲမှာ စွဲသွားတာပဲ ဖေဖေ။

**အကျွန်ုပ်** အေး…၊ မြတ်ဗုဒ္ဓက ဇာတကနိပါတ်တော်တွေထဲမှာ မိဘစကား၊ ဆရာသမားစကားကို နားမထောင်တတ်လို့ ဒုက္ခတွေ့ရပုံ ဝတ္ထုတွေကိုရော၊ နားထောင်သူ (ဆုံးမလွယ်သူ) ဖြစ်လို့ အကျိုးကျေးဇူး များပုံတွေကိုလည်း လူပြိန်းတွေ နားလည်သဘောကျအောင် ဟောဖော်ညွှန်ပြ ဆုံးမထားတာလည်း ရှိတယ် သမီးရဲ့။

**သမီး** ပြောပြပါဦး ဖေဖေရဲ့၊ ဗဟုသုတ ရတာပေ့ါ။

**အကျွန်ုပ်** မြတ်စွာဘုရားက ဇာတကပါဠိတော်တွေထဲမှာ သီလဝဂ် ၁၅ မှာ ခရာဒိယဇာတ်ကို ဟောထားတယ်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်အခါက ရဟန်းတစ်ပါးဟာ မထေရ်ကြီးများရဲ့ ဆုံးမစကားကို နားမထောင်ဘဲ၊ ဆန့်ကျင်ဘက် လုပ်နေတယ်တဲ့။ ဆုံးမခက်သူပေ့ါ။ ဒါကို မြတ်စွာဘုရား ကြားသိတော်မူတော့ ဒီရဟန်းကို ခေါ်ပြီး မေးမြန်းတော်မူတယ်။ မေးမြန်းတော့ ပြောသံကြားတဲ့အတိုင်း မှန်နေတာကို တွေ့ရတယ်။ ဒီတော့ ဘုရားက ရဟန်းကို "သင်ဟာ ရှေးအခါကလည်း ဆုံးမခက်သူ၊ ပညာရှိတို့ရဲ့ အဆုံးအမကို မနာခံသူ ဖြစ်လို့ သမင်ဘဝမှာ ညွှတ်ကွင်းမိပြီး အသက်ဆုံးရှုံးခဲ့ရဖူးပြီ" ဆိုပြီး ဟောတော်မူတယ်။

**သမီး** ဘယ်လို အသက်ဆုံးရှုံးခဲ့ရတာလဲ ဖေဖေ။

**အကျွန်ုပ်** ဒါက ရှေးအတိတ်ဇာတ်ကြောင်းပေ့ါ။ ဒီရဟန်းက သမင် ဖြစ်ခဲ့ဖူးတယ်တဲ့။ သမင်ဘဝတုန်းက သူ့မိခင်က သူ့ဦးရီးတော်ထံမှာ သမင်မာယာ ပညာကို သင်စေခဲ့တယ်တဲ့။ အဲဒီအချိန်တုန်းက သူ့ကို သမင်မာယာ

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးဖို့ သူဦးရီးတော်က လာဖို့ ခေါ်တဲ့ရက်မှာ သူက မသွားဘဲ ခုနစ်ကြိမ်တိုင်တိုင် ပျက်ကွက်ခဲ့တယ်တဲ့။ ပညာ သင်ရမည့် အချိန်မှာ မသင်ဘဲ လှည့်လည်သွားလာနေခဲ့လို့ ကျော့ကွင်းမိ ခံရတယ်။ သမင်မာယာ မတတ်တော့လို့ လွတ်မြောက်အောင် မကြံဆောင်နိုင်ဘူးတဲ့ကွယ်။ ဒီတော့ မုဆိုးလက်ချက်နဲ့ အသက်ဆုံးရှုံးရတာပေါ့ သမီးရဲ့။

**သမီး** ဒီတော့ ဘယ်လို သင်ခန်းစာ ယူရမလဲ ဖေဖေ။

**အကျွန်ုပ်** ဘဝသင်ခန်းစာကတော့ ဆုံးမရခက်သူဟာ အရေးကြုံတဲ့အခါ အတတ်ပညာကို တတ်မြောက်ထားခြင်း မရှိတဲ့ အတွက် အကျိုးမဲ့ဖြစ်တတ်တယ်။ ပျက်စီး ဆုံးရှုံးရတတ်တယ်လို့ သဘောကျရမှာပေါ့ကွယ်။

**သမီး** ဒါဆို ဆုံးမတာကို နာခံတတ်မှသာ တတ်သင့် နားလည်သင့်တဲ့ အတတ်ပညာကို တတ်မြောက်နိုင်တယ်။ အန္တရာယ် ကြုံတွေ့တဲ့အခါ လွတ်မြောက်အောင် ကြံဆောင်နိုင်တယ်လို့ နားလည်ရမှာပေါ့နော်။

**အကျွန်ုပ်** ဆုံးမလွယ်မှု၊ နာခံတတ်မှု သဘောဟာ ပါရမီနဲ့ ပြောတဲ့ မင်္ဂလာ၊ သိပ္ပ မင်္ဂလာ၊ ဗဟုသစ္စ မင်္ဂလာ ဖြစ်တယ်လို့ မှတ်သင့်တာပေါ့ကွယ်။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ။ သမီး ခေါင်းထဲမှာ အသိဉာဏ် တစ်ခု တိုးသွားသလို ခံစားရပါတယ် ဖေဖေ။ ဒါနဲ့ ဆုံးမလွယ်သူ အကျိုးခံစားရပုံကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** အေး..အေး..၊ မြတ်စွာဘုရားက ဆုံးမစကားကို နာယူလွယ်သူဖြစ်လို့ ကြီးပွားချမ်းသာကြောင်းကို တိပ္ပလ္လတ္ထမိဂဇာတ်မှာ ဟောတော်မူခဲ့တယ်။ မြတ်စွာဘုရား အာနုဝိမြို့ အဂ္ဂါဠဝစေတီမှာ သီတင်းသုံးတော်မူတုန်းက ရှင်ရာဟုလာရဲ့ ဆုံးမလွယ်တဲ့ သဘောကို အကြောင်းပြုပြီး ဟောတော်မူခြင်း ဖြစ်တယ် သမီးရဲ့။

**သမီး** ဟုတ်ကဲ့၊ ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရား သာသနာမှာ ရဟန်းများသည် လူ သာမဏေများနှင့်အတူ မအိပ်ရ ဆိုတဲ့ သိက္ခာပုဒ် ပြဋ္ဌာန်းထားတာ ရှိတယ်။ ရှင်ရာဟုလာဟာ ဒီသိက္ခာပုဒ်ကို ပြဋ္ဌာန်းတော်မူပြီး နောက်မှာမှ ဘုရားကျောင်းတော်ကို ရှင်ရာဟုလာ ရောက်လာသတဲ့။ အဲဒီအချိန်မှာ ကျောင်းတစ်ခုလုံး ရဟန်း သံဃာတော်များနဲ့ ပြည့်ကျပ်နေတဲ့အတွက် သူ့မှာ အိပ်စရာ နေရာ မရှိဖြစ်နေတာပေါ့။ အဲဒီအခါ ရဟန်းများက ရှင်ရာဟုလာ ကိုယ့်နေရာ ကိုယ်ရှာပါလို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်တော့၊ သူ့မှာ အိပ်စရာ နေရာ မရှိတော့ဘူး။ မြတ်စွာဘုရား အသုံးပြုတဲ့ ဝစ္စကုဋီတော် တစ်နေရာပဲ ကျန်တော့တယ်တဲ့။ ရှင်ရာဟုလာလည်း ဘာမှ ပြောမနေဘဲ အဲဒီ ဝစ္စကုဋီ (အိမ်သာ) ထဲ ဝင်ပြီး အိပ်သတဲ့ကွယ်။ ဘုရား သားတော်ကလေး အိမ်သာထဲ ဝင်ပြီး အိပ်တယ်ဆိုတာ ကြားကြတော့ ရဟန်းများ က ချီးကျူးကြတာပေါ့ သမီးရယ်။

**သမီး** ဒါဆို ရှင်ရာဟုလာမှာ ဝိနည်း သိက္ခာတော်တွေကို ရိုသေခြင်း၊ လေးစားခြင်း၊ ကျိုးနွံခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ ပြည့်စုံ တယ်လို့ ဆိုရမှာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ်၊ ဆိုရုံဘယ်ကမလဲ၊ အမိန့်ကို နာခံတတ်ခြင်း၊ မဆန့် ကျင်ခြင်း စတဲ့ ကိုယ်ရည်ကိုယ်သွေးတွေနဲ့လည်း ပြည့်စုံ ကုံလုံ တယ်လို့ ဆိုသင့်တာပေါ့။

**သမီး** ဟုတ်ပါတယ် ဖေဖေ။ ဒီလို ရှင်ရာဟုလာက ကုဋီထဲ ဝင်အိပ်တာ ကျ ရဟန်း သံဃာများက ချီးကျူးမယ်ဆိုလည်း ချီးကျူးထိုက်ပါ တယ်။ ရှင်ရာဟုလာမှာ ငါ ဘုရားသားတော်ပဲ၊ သာကီဝင်မင်းသားပဲ ဆိုတဲ့ မာန်မာနလည်း မရှိဘူးနော်။ ဒီတော့ မြတ်စွာဘုရားက ဘယ်လို မိန့်တော်မူသေးလဲ ဖေဖေ။

**အကျွန်ုပ်** ဪ . . အေး၊ မြတ်စွာဘုရားက ရှင်ရာဟုလာသည် ယခု ဘဝ မှာသာ ဆုံးမလွယ်သူ ဖြစ်တာ မဟုတ်သေးဘူး။ အတိတ် ဘဝတုန်းကလည်း ဆုံးမလွယ်သူ ဖြစ်ခဲ့လို့ ချမ်းသာရခဲ့ဖူးတယ် ဆိုပြီး အတိတ် ဝတ္ထုကိုလည်း ဟောတော်မူပါတယ်။

**သမီး** အတိတ်ဝတ္ထုကိုလည်း ပြောပြပါဦး ဖေဖေ၊ သမီး သိချင်ပါတယ်။

**အကျွန်ုပ်** အတိတ်ဘဝ တစ်ခုတုန်းက ဘုရားလောင်းဟာ သမင်မျိုး ဖြစ်ခဲ့ ဖူးတယ်တဲ့။ အဲဒီတုန်းက ဘုရားလောင်းက သူ့နှမရဲ့ သား တူဖြစ်သူ သမင်ကလေးကို သမင်မာယာ အတတ်ကို သင်ဖို့ရာ ခေါ်တော့ သမင်ကလေးဟာ နေ့စဉ် ဦးရီးတော် သမင်ကြီးထံမှာ သမင်မာယာ အတတ်ကို သွားသင်သတဲ့။ တစ်နေ့တော့ သမင်ငယ်ကလေးဟာ လှည့်လည် သွားလာရင်းပဲ ကျော့ကွင်းမှာ မိတော့၊ ကျော့ကွင်းမိတဲ့ အသံနဲ့ အော်မြည်လိုက်တယ်။ ဒီအခါ သမင်တွေက သူ့မိခင်ထံကို သွားပြောသတဲ့။ သူ့မိခင်က သူ့အစ်ကို သမင်ကြီးထံ သွားပြီး သူ့သားငယ်ကို သမင်မာယာ အတတ်ကို သင်ပေးပြီးပြီလား မေးတာပေါ့။ ဒီအခါ သူ့အစ်ကို သမင်ကြီးက "နှမ သင်သည် သားအတွက် ဘေးတစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကျရောက်သည်ကို မပူပါနဲ့၊ သင့်သား သမင်မာယာအတတ်ကို ကောင်းစွာ တတ်မြောက်ပြီးပြီ" လို့ ပြောသတဲ့ကွယ်။

**သမီး** ဒါဆို သမင်ငယ်ကလေးဟာ ကျော့ကွင်းက လွတ်အောင် လုပ်နိုင်သလား ဖေဖေ။

**အကျွန်ုပ်** သမင်မာယာ အတတ်နဲ့ သူက သေယောင်ဆောင်နေလိုက်တာ တစ်ကိုယ်လုံး တောင့်နေဆိုပဲ။ ယင်ကောင်တွေ ကျီးကန်းတွေကတောင် ကိုယ်ပေါ်မှာ ဝိုင်းအုံနေကြဆိုပဲကွယ်။ သမင်ငယ်ဟာ ကိုယ်ကို တောင့်ထားပြီး မြေကြီးမှာ ကပ်ထားတဲ့ နှာခေါင်း တစ်ဖက်တည်းနဲ့သာ အသက်ရှူနေဆိုပဲကွယ်။ မုဆိုးကလည်း စောစောကပင် ကျော့ကွင်းမိလို့ သေနေတယ် ထင်ပြီး ပုပ်တောင်ပုပ်ခါနီးပြီ အထင်နှင့် ကျော့ကွင်းကို ဖြုတ်ပေးလိုက်တာပေါ့။ ပြီးတော့ သမင်သားကို ထုပ်ပြီး ယူသွားဖို့ သစ်ရွက် သွားရှာနေတုန်း၊ မြန်းဆို သမင်ကလေးဟာ အသက် အန္တရာယ်က လွတ်အောင် ထွက်ပြေးနိုင်ခဲ့ ဖူးကြောင်း လွတ်မြောက်ခဲ့ဖူးကြောင်းကို ဟောတော်မူတယ်။

**သမီး** အင်း..၊ ဒီပုံပြင်ကလေးကို နာရတာ ဆုံးမလွယ်မှ ပညာရတယ် ဆိုတဲ့ ဘဝသင်ခန်းစာကို ရတယ်။ ပညာရှိမှ ချမ်းသာရတယ်လို့လည်း ဆိုနိုင်တာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အေးလေ၊ ဆုံးမလွယ်မှ အမြင်ကျယ်တယ်လို့လည်း ဆိုသင့်ပါတယ်ကွယ်။ ဘဝ အတွေ့အကြုံ များသူ ပညာရှိသူတို့ ဆိုဆုံးမတာကို နာယူမှတ်သားလေ့ရှိတဲ့ ကိုယ်ရည်ကိုယ်သွေး ပြည့်စုံသူဟာ နေရာတကာမှာ သူများနဲ့ ပြိုင်ရင်လည်း တစ်ပန်းသာပါတယ်ကွယ်။ ပြီးတော့ ပညာရှိထံမှာ အဆုံးအမ ခံမှလည်း အမြင်မှန် ရနိုင်ကြောင်းကိုလည်း မြတ်စွာဘုရားက မာလုံတဇာတ်မှာ ဟောတော်မူသေးတယ်။

**သမီး** ဟုတ်ကဲ့ ဖေဖေ။ ဖေဖေလည်း ပြောရလွန်းလို့ မောပြီ၊ မပြောပါနဲ့တော့ သမီးဘာသာ ရှာပြီး ဖတ်လိုက်ပါ့မယ်။

**အကျွန်ုပ်** ဒါပေါ့ သမီးရဲ့၊ လူဆိုတာ ကိုယ်စွမ်းကိုယ်စကို ပြနိုင်ရမှာပေါ့။ ကိုယ့်ကိုယ်ကိုယ် အမြင်ကျယ်အောင် ထိုးထွင်း ကြံစည်နိုင်အောင်လည်း ကိုယ့်အားကိုယ်ကိုးရမယ်။ အမှီရှိမှ အထက် တက်နိုင်တာက ကျောရိုးပျော့တဲ့ နွယ်မျိုးသာ ဖြစ်တယ်။ သစ်ပင် မဖြစ်နိုင်ဘူး။ ဇာတက ပါဠိတော် မြန်မာပြန်ထဲမှာ ဆုံးမခက်လို့ ပျက်စီးရကြောင်း ဟောထားတဲ့ ဇာတ်ဝတ္ထုတော် အတော်များများ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ဖာတ်ဝတ္ထု နာမည်ကလေးတွေကို ပြောပါဦး ဖေဖေ။

**အကျွန်ုပ်** အေး…၊ ပြောပြတာပေါ့ကွယ်။ ဥပမာ–ဆရာ့စကားကို နားမထောင်လို့ အသက် ဆုံးရှုံးရမှာကို ပြတဲ့ ဝေဠုက ဖာတ်ဆိုတာ ရှိတယ်။ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် အခါတုန်းက အဆုံးအမ ခက်တဲ့ ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ဟောတဲ့ ဝေဒဗ္ဗဇာတ် ဆိုတာလည်း ရှိသေးတယ်။ ဒီဝေဒဗ္ဗဇာတ်ဟာ ငါးရာ့ငါးဆယ် နိပါတ်လည်း ထင်ရှားတယ်။ ဒီဇာတ်မှာ ထူးခြားတာက နက္ခတ်ကြုံရင် ရတနာမိုးကို ရွာသွန်းစေတတ်တဲ့ ဝေဒဗ္ဗမန္တန်ကို တတ်တဲ့ ပုဏ္ဏားဆရာကို တပည့်ဖြစ်သူ ဘုရားလောင်းက ဒီမန္တန်ကို နက္ခတ်ကြုံလည်း မရွတ်ပါနဲ့လို့ မှာကြားတာကို ဆရာလုပ်သူက ပညာမာန်တက်ပြီး နားမထောင်လို့ ပျက်စီးရပုံအကြောင်း သမီးရဲ့။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ ဇာတ်ဝတ္ထုကိုတော့ သမီး ရှာပြီး ဖတ်ပါ့မယ်။ ဒီနေရာမှာ ဆုံးမလွယ်မှုဆိုတာ ဆရာ တပည့်နဲ့ မဆိုင်ဘူးလား ဖေဖေ။

**အကျွန်ုပ်** အေး…၊ သမီးရဲ့ မေးခွန်းကလေးကတော့ ကောင်းပါတယ်ကွယ်။ မဆိုင်ဘူး သမီးရဲ့။ ဆရာဆိုတိုင်း ပညာရှိ မဟုတ်ပါဘူး။ အတတ်ပညာ တစ်ခုကို ကျွမ်းကျင်ရင် ဆရာဖြစ်တာပဲ။ သို့သော် အကြောင်း ဟုတ် မဟုတ်၊ သင့် မသင့်ကို ဆင်ခြင်တတ်သူသာ ပညာရှိ ဖြစ်တယ်။ သူ့ထံမှာ အတတ်ပညာကို သင်ယူနေတဲ့ တပည့် ဘုရားလောင်းကမှ ပညာရှိဖြစ်တယ်။

**သမီး** ဒါဆို အတတ်ပညာနဲ့ ကိုယ်ရည်ကိုယ်သွေးဟာ မဆိုင်ဘူးလား။

**အကျွန်ုပ်** အတတ်ပညာတစ်ခုကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင်မြင်အောင် သင်ကြားရာမှာတော့ တတ်မြောက်လွယ်မှုဟာ ကိုယ်ရည်ကိုယ်သွေး ကောင်းမှုအပေါ် အထိုက်အလျောက် တည်တယ် သမီးရဲ့။ အင်္ဂလိပ်လိုတော့ IQ လို့ ခေါ်ရမှာပေါ့။ သို့သော် ပိုပြီး ထင်ရှားတာက အတတ်ပညာကို အသုံးပြုတဲ့အခါမှာ မိမိကိုယ်ကို သူများထက် တစ်ပန်းသာအောင်၊ လူကြိုက်များအောင်၊ ထင်ပေါ်ကျော်ကြားအောင်၊ ပိုပြီး ထက်မြက်အောင် လုပ်ပေးတာက ပိုပြီး ကိုယ်ရည်ကိုယ်သွေးနဲ့ ဆိုင်တယ်။

**သမီး** ဒါဆို၊ စောစောက ပြောတဲ့ ဝေဒဗ္ဗဇာတ်မှာ ရတနာမိုး ရွာအောင် မန္တန် ရွတ်တာကို ဘယ်လိုအချိန်အခါ ဘယ်လို နေရာမှာ လုပ်သင့် မလုပ်သင့်ကို သိတာကို ပိုပြီး အရေးကြီးတယ်လို့ ဆိုရမလား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** မြတ်စွာဘုရားက ဒါကြောင့် အကြောင်း ဟုတ် မဟုတ်ကို သိတတ်တဲ့ သဘောကို ကိုယ်ရည်ကိုယ်သွေးကောင်း တစ်ခု အဖြစ်နဲ့ ဟောကြားတော်မူခဲ့တာပေါ့ သမီးရယ်။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ အဲဒီ ကိုယ်ရည်ကိုယ်သွေး အကြောင်းကို ရှင်းပြပါဦး။ ဆုံးမလွယ်သူဖြစ်ပြီး ဆုံးမခက်သူ ဖြစ်ခြင်းရဲ့ အကျိုး အပြစ်ကိုတော့ သမီး ခန့်မှန်းတတ်ပါပြီ ဖေဖေ။

**အကျွန်ုပ်** ကောင်းပြီ။ ဆုံးမခက်တဲ့ အတွက် ဥစ္စာ ပျက်စီးရတဲ့ အကြောင်း ကိုလည်း မြတ်စွာဘုရား ဘောဓိဝံဒက ဇာတ်မှာ ဟောတော်မူသေး တယ်။ 'မိတ္တဝိန္ဒကဇာတ်' မှာလည်း ဆုံးမခြင်းကို နားမထောင်လို့ ဒုက္ခရောက်ရပုံ ကို ဟောတော်မူသေးတယ်။ သမီးရှာပြီး ဖတ်ဦးနော်။

**သမီး** ဆုံးမခက်တဲ့ ရဟန်းတစ်ပါးကို အကြောင်းပြုပြီး မြတ်စွာဘုရား ဟောတာပဲလား ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီး။ ဒီလို ဇာတ်ဝတ္ထုတွေထဲမှာ အရက်မူးလို့ ဆုံးမစကား နားမထောင်လို့ ပျက်စီးတာ၊ မိဘက ဆုံးမသင့်တာကို ဆုံးမလို့ အပေါင်းအသင်းကို ငဲ့ပြီး နားမထောင်လို့ ပျက်စီးတာ စသည်ဖြင့် ဟောထား တာတွေလည်း ရှိတယ်။ ကဲ ဒါကို ထားပါတော့ အဆွေခင်ပွန်းကောင်း ရှိသူဖြစ်ကြောင်း ကိုယ်ရည်ကိုယ်သွေးကို ဆက်ပြီး ပြောကြရအောင် နော်။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ သမီးလည်း ပြောတော့မလို့ပါ။ နောက် ကိုယ်ရည် ကိုယ်သွေး တစ်ခုအကြောင်းကို ပြောပါဦး ဖေဖေ။

**အကျွန်ုပ်** အေး . . ၊ ကောင်းတာပေါ့။ ဖေဖေ ပြောပြမယ်နော်။

**သမီး** ဟုတ်ကဲ့ပါ။ ပြောပါ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com

## ၅။ အဆွေခင်ပွန်းကောင်းရှိသူ ဖြစ်ကြောင်းတရား

**သမီး** ဆုံးမ လွယ်သူ ဖြစ်ခြင်း ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး အကြောင်းကိုတော့ သမီး အတော်အတန် နားလည်ပါပြီ ဖေဖေ။ နောက် ကိုယ်ရည်ကိုယ်သွေး တစ်ခုကို ပြောပြပါဦး။

**အကျွန်ုပ်** ကောင်းပါပြီကွယ်။ နောက်တစ်ခုဆိုတော့ အဆွေခင်ပွန်းကောင်း ရှိသူဖြစ်ခြင်း ဆိုတာကို ပြောမယ်။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ။

**အကျွန်ုပ်** အဆွေခင်ပွန်းကောင်း ရှိသူကို ပါဠိလို ကလျာဏမိတ္တလို့ မှတ်ရမယ်။ ကလျာဏမိတ္တဆိုတာ အမှန်ကတော့ အဆွေခင်ပွန်း ကောင်း ရှိသူဖြစ်ခြင်း အကြောင်းတရားတွေကို ပြောတာ။

**သမီး** အဆွေခင်ပွန်းကောင်း ရှိသူဖြစ်အောင် ဘာတွေ လုပ်ရမလဲ ဆိုတာပဲ မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ်ကွယ်။ ကလျာဏမိတ္တဆိုတာ အဆွေခင်ပွန်း ကောင်း ရှိသူ ဖြစ်အောင် ပြုတတ်သော တရားကို ဆိုတာပါ ပဲကွယ်။

**သမီး** မြတ်စွာဘုရားက ကိုယ်ရည်ကိုယ်သွေး တစ်ခုကို စာတန်ဖိုး သတ်မှတ်စရာ ပေတံတွေကို ပေးထားတာနဲ့ တူတယ်လို့ သမီး စိတ်ထဲမှာ ခံစားရပါတယ် ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဟုတ်တာပေါ့ သမီးရဲ့၊ အဆွေခင်ပွန်းကောင်း ရတဲ့လူ ဖြစ်ချင်ရင် ဘယ်အချက်တွေကို သိထားရမယ်ဆိုတာကို ထင်ရှားအောင် ပြတာပဲကွဲ့။

**သမီး** အဲဒီအချက်အလက်တွေကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ကောင်းပါပြီကွယ်။ ကဲ..ဖေဖေ ပြောပြမယ် နားထောင် (တစ် အဆွေခင်ပွန်းကောင်း ရလိုလျှင် (ကံ ကံ၏ အကျိုးကို) ယုံကြည်မှု 'သဒ္ဓါ' ရှိသူ ဖြစ်ရမယ်တဲ့။

**သမီး** ဘာကို ပြောတာလဲ ဖေဖေ။ ကံကို ပြောတာလား။ သဒ္ဓါကို ပြောတာလား ဖေဖေ။

**အကျွန်ုပ်** 'သဒ္ဓါ' ကို ပြောတာပါ သမီးရဲ့။ သဒ္ဓါဆိုတာ ယုံကြည်မှု (faith) ကို ပြောတာလေ။ ဒီမှာ ကံကိုလည်း ယုံကြည်ရမယ်လို့ ဆိုချင်တာ ဖြစ်တယ်။

**သမီး** ယုံကြည်မှု ရှိတာ 'သဒ္ဓါ' ပဲ ဆိုတာတော့ သမီးနားလည်ပါတယ်။ သို့သော် ကံကို ယုံကြည်ရာမှာ လူတွေက ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်တယ်။ မကောင်းတာ လုပ်ရင် မကောင်းတာ ဖြစ်တယ် ဆိုတဲ့ ကမ္မနိယာမကို ယုံကြည်တာက တစ်မျိုး၊ ငါ လုပ်ရင် ငါ ရတယ်။ ဒီဘဝ ငါ လုပ်ရင် နောက်ဘဝမှာ ငါ ရမယ်လို့ ဒိဋ္ဌိစွဲဖြစ်လို့ မှန်တယ်လို့ ယူနိုင်ပါ့မလား။

**အကျွန်ုပ်** သမီး မေးတာ ကောင်းပါတယ်ကွယ်။ ကောင်းတယ်ဆိုတာ အမြင် ကျယ်မှုကို ကျေးဇူးပြုတယ်လို့ ဆိုတာကွဲ့။ ဒီနေရာမှာ တောင်မြို့ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ မိန့်တော်မူတဲ့ 'ကိုယ်ကျင့်အဘိဓမ္မာ' ကျမ်းမှာ သဒ္ဓါ ယုံကြည်မှုကို အနက်ဖွင့်ထားတာ သိပ်ကောင်းတာပဲကွယ်။

**သမီး** ပြောပြပါ ဖေဖေ။ သမီး နားချင်လို့ပါ။

**အကျွန်ုပ်** အေး..၊ နာသင့်တာပေါ့ကွယ်။ ကဲ..နား၊ ဖေဖေ ပြောပြမယ်။ ဆရာတော်က ယုံကြည်မှုဆိုရာမှာ ယုံက အဓိပ္ပာယ် တစ်ရပ်၊ ကြည်က အဓိပ္ပာယ် တစ်ရပ် ဖြစ်တယ်လို့ ခွဲပြတော်မူတယ်။ ယုံကိုတော့ 'ဒိဋ္ဌိ' (အယူမှား) သည်၊ ကံတရား မရှိ၊ ကံ၏ ကောင်းကျိုးဆိုးကျိုး မရှိ၊ လွန်ခဲ့သော အတိတ်ဘဝဆိုတာလည်း မရှိ၊ ယခုဘဝ သေရင် နောက်ဖြစ်ဖို့ ဘဝသစ်လည်း မရှိ။ တရားလည်း မရှိ၊ သံသရာလည်း မရှိ။ ဒီလို ယုံမှားခြင်း ရှိတယ်။ ကံကို လုံးဝ မယုံကြည်ဘူး။ အေး..၊ သဒ္ဓါကတော့ ကံ ကံ၏ အကျိုးစတဲ့ အစုသည် ကောင်းရှိတယ်လို့ ယုံတယ်။ ဒီ ယုံသဒ္ဓါကို 'သဒ္ဓါမေဂ္ဂ' လို့ ခေါ်တယ်။ ယုံသော

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ဆုံးဖြတ်ချက်ချခြင်းသဘောလို့ မှတ်ရတယ်။ ဒါက မှန်သော အကြောင်း အရာ၌ ယုံခြင်းကိုသာ သဒ္ဓါအစစ်လို့ဆိုခြင်း ဖြစ်ပါတယ်ကွယ်။ ဒီနေရာမှာ သမီး ပြောသလို ငါစွဲ ဒိဋ္ဌိသန်ပြီး ငါ(အတ္တ)ကို ခိုင်တယ်၊ မြဲတယ်၊ အထင်နဲ့ ငါလုပ် ငါရမှာပဲဆိုတဲ့ သဒ္ဓါဒိဋ္ဌိဖြစ်ရင်လည်း ဒါ သဒ္ဓါမှန် မဟုတ်ဘူးကွယ်။

**သမီး** သဒ္ဓါမှန်ဖြစ်ဖို့ဆိုရင် ဉစ္ဆေဒဒိဋ္ဌိကိုရော သဿတဒိဋ္ဌိကိုရော ပယ် ရမယ် မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** သိပ်ဟုတ်တာပေါ့ကွယ်။

**သမီး** ဒါဆိုရင် အဲဒီ ဒိဋ္ဌိနှစ်မျိုးကို ပယ်ဖို့အတွက် ကံနဲ့ ပတ်သက်တဲ့ အမြင်မှန်ရအောင် ဘာကို သိရတာလဲ ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ ဒီစကားတစ်ခွန်းမေးဖို့ သိပ်အရေးကြီးတယ်။ ဒီနေရာမှာ အကောင်းဆုံးအဖြေကို ပေးရမယ်ဆိုရင်တော့ ပဋိစ္စသမုပ္ပါဒ်ကို သိရင် ပြီးပါတယ်ကွယ်။

**သမီး** နေပါဦး ဖေဖေ၊ သမီးစဉ်းစားမိတာကလေးကို ပြောပါရစေဦး။

**အကျွန်ုပ်** အေး. . .၊ ပြောပါဦး။

**သမီး** ဒီနေရာမှာ ဝဋ်သဘောနဲ့ ပြောရင်တော့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်တယ်။ ကမ္မဝဋ် ဖြစ်လို့ ဝိပါကဝဋ် ဖြစ်ပုံ ကြောင်းကျိုး ဆက် ပဋိစ္စသမုပ္ပါဒ်ကို မြင်ရပါတယ် ဖေဖေ။ တစ်ခါကမ္မဘဝပစ္စယာဇာတိ (ပဋိသန္ဓေ စိတ်) ဖြစ်ပေါ်ပုံကို ပြန်တော့ အတိတ်က ပြုခဲ့တဲ့ ကံသတ္တိရဲ့ အရေးပါပုံကို သတိပြုမိပါတယ်။ ဒါနဲ့ 'ယုံပုံ'ကိုတော့ အဖေကြီး ရှင်းပြလို့ သမီးနားလည်သလိုလို ရှိပါတယ်။ အစင်အကြွယ် နားလည်တယ်လို့တော့ မဆိုနိုင်သေးဘူးဖေဖေ။ အဲဒါ ထားပါတော့ ခု'ကြည်ပုံ'ကို ပြောပြပါဦး။

**အကျွန်ုပ်** အေး. . .၊ သမီးက အတော်အတန် အမြင်ကျယ်လာပြီပဲ။ ဆင်ခြင် စဉ်းစားပုံ ထောင့်စေ့လာတယ်။ ကဲ 'ကြည်ပုံ'နဲ့ ပတ်သက်ပြီး မဟာဂန္ဓာရုံ ဆရာတော်ကြီး ဖော်ပြထားပုံကို ဖေဖေ ပြောပါ့မယ်။

**သမီး** သမီးမှတ်ထားပါ့မယ်၊ ပြောပါ ဖေဖေ။

**အကျွန်ုပ်** စွန့်ကြဲပေးကမ်း လှူဒါန်းနေရသောအခါ သီလဆောက်တည်၍ ကမ္မဋ္ဌာန်းစီးဖြန်းသောအခါ ထိုထိုကုသိုလ်ဆိုင်ရာ ကိစ္စကို ပြုနေရ သောအခါ စိတ်၌ ကြည်လင်သော သဒ္ဓါ ဖြစ်နေ၏။ နောက်ကျိသော ရေဗွက်၌ ပတ္တမြားရတနာကို ထည့်လိုက်သောအခါ အနည်၊ အမှုန်တွေအောက်၌ ရေသည် ကြည်လင်လာသကဲ့သို့ စိတ်၌ ပတ္တမြားရတနာနှင့် တူသော သဒ္ဓါဖြစ်ပေါ်လာသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ဝိစိကိစ္ဆာ စသော ကိလေသာ အနှောက်အယှက် ကင်းကွာ၍ စိတ်ကြည်လင် လာပေသည်။ ထိုသို့ စိတ်ကြည်လင်သော ပြုနိုင်သော သဘောကား သဒ္ဓါပင် တည်းလို့ ဆိုပါတယ်ကွယ်။

**သမီး** နေပါဦး ဖေဖေရဲ့၊ ခုသမီးတို့ ဆွေးနွေးလာတာက ကိုယ်ရည် ကိုယ်သွေးဆိုတော့ သဒ္ဓါတရား ထက်သန် အားကောင်းမှုကိုလည်း ကိုယ်ရည်ကိုယ်သွေးကောင်း တစ်ခုလို့ မှတ်ရမှာပေါ့နော်။

**အကျွန်ုပ်** ဟုတ်တာပေါ့ သမီးရဲ့။ သဒ္ဓါသည် ကိုယ်ရည်ကိုယ်သွေးကောင်း တစ်ခုလို့ ဆိုသင့်တာပေါ့ကွယ်။

**သမီး** ဟုတ်ပါပြီ ဖေဖေ၊ ခု သမီးတို့ ဆွေးနွေးလာကြတာက၊ 'အဆွေ ခင်ပွန်းကောင်း ရှိသူဖြစ်ခြင်း' ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးတစ်မျိုး အကြောင်း မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** အင်း . . ၊ ဟုတ်တယ်လေ။

**သမီး** ဒါဆို သဒ္ဓါရှိမှုနဲ့ အဆွေခင်ပွန်းကောင်း ရှိသူ ဖြစ်မှုဟာ ဘယ်လို ဆက်စပ်နေသလဲ ဖေဖေ။ သမီးခေါင်းထဲမှာ မရှင်းလို့ပါ။

**အကျွန်ုပ်** အေး . . ၊ ဒီကိစ္စကို ရှင်းရှင်းသိဖို့ရာ သိပ်အရေးကြီးတယ်။ ကဲ . . ဖေဖေ ပြောပြမယ်၊ သဒ္ဓါစရိုက်ရှိသူရဲ့ ထူးခြားတဲ့ ကိုယ်ရည် ကိုယ်သွေးကို ဆရာတော်ကြီး ရှင်ဇနကာဘိဝံသ ဖော်ပြထားရာမှာ ရာဂစရိုက် ရှိသူနဲ့ သဒ္ဓါစရိုက် ရှိသူရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေဟာ တော်တော် ဆင်တူတယ်တဲ့။ နှစ်ဦးစလုံး အသွားအလာ၊ အနေအထိုင်၊ ယဉ်ကျေးတယ်။ သန့်ရှင်းအောင် သေသေသပ်သပ် နေတတ်တယ်။ ချိုဆိမ့်မွှေးကြိုင် ပြန့်လှိုင်နူးညံ့တဲ့ အစားအသောက်၊ အသုံးအဆောင်ကို နှစ်သက်တတ်ကြတယ်တဲ့။ ဒါပေမဲ့ သူတို့ နှစ်ယောက်ရဲ့ ကွဲပြားခြားနားပုံကျတော့ ဆရာတော်က ရာဂစရိုက် ရှိသူဟာ ကာမဂုဏ်အာရုံတွေကို တွေ့ရင် မခွဲနိုင်သူ၊ စွဲလမ်းတတ်တယ်တဲ့၊ မာနလည်း ကြီးတယ်။ လောဘလည်း ကြီးတယ်။ ပရိယာယ်လည်း များတယ်။ မာယာလည်း များသတဲ့။ ကောက်ကျစ်စဉ်းလဲမှုလည်း အားကြီးသတဲ့။ သဒ္ဓါစရိုက် ရှိသူကျတော့ မာယာ မရှိဘူး။ မာနလောဘသိပ်မကြီးဘူး။ ပေးကမ်းစွန့်ကြဲမှု၌ ရက်ရောတယ်။ ပေးကမ်းတယ်။ စွန့်ကြဲတယ်။ လျှာဒါန်းလှေ့ရှိတယ်။ ဘုရား၊ တရား၊ သံဃာကို ရှိသေဆည်းကပ် လေးမြတ်တဲ့ သဘောလည်း ရှိတယ်တဲ့ သမီးရယ်။

**သမီး** ရှင်းတယ်နော် ဖေဖေ၊ ဒါဆို ဒီကိုယ်ရည်ကိုယ်သွေး ရှိသူဟာ အဆွေခင်ပွန်းကောင်းလည်း ဖြစ်နိုင်တယ်။ အဆွေခင်ပွန်းကောင်း ရှိသူလည်း ဖြစ်နိုင်တယ်လို့ ဆိုနိုင်မလား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** မိတ်ဆွေကောင်းလည်း ရှိသူ၊ မိမိကိုယ်တိုင်လည်း မိတ်ဆွေကောင်း ဖြစ်နိုင်သူရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ထုတ်ဖော်ဟောကြားရာမှာ မြတ်ဗုဒ္ဓရဲ့ ဟောကြားချက်များဟာ အလွန်ပြည့်စုံပါတယ်။ မှတ်ရလွယ်ပါတယ်ကွယ်။

**သမီး** ဘာတွေများ နောက်ထပ် ဟောထားသေးလို့လဲ ဖေဖေ၊ ပြောပြပါဦး။

**အကျွန်ုပ်** မြတ်ဗုဒ္ဓက အဆွေခင်ပွန်းကောင်းရှိသူဖြစ်ကြောင်း တရားမှာ 'သီလဝန္တ' ဖြစ်ခြင်းဆိုတဲ့ အချက်ကိုလည်း အရေးတကြီး ဖော်ပြထားတော်မူတယ်။

**သမီး** သီလဝန္တဆိုတာက အကျင့်သီလရှိသူကို ပြောတာ မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ်ကွယ်၊ မိတ်ဆွေကောင်း ရရှိသူဖြစ်ဖို့ ကိုယ့်မှာ သီလဆိုတဲ့ အကျင့်ကောင်းရှိဖို့ လိုတယ်။ အကျင့်သီလ မရှိသူကို ဘယ်သူကမှ အပေါင်းအသင်း မလုပ်ချင်ပါဘူးကွယ်၊ ဒီနေရာမှာ ဇာတ်နိပါတ်တော်တွေထဲမှာ မြတ်စွာဘုရား ဟောကြားတော်မူထားတာတွေကို လေ့လာကြည့်ရင်၊ အကျင့်သီလနဲ့ ပတ်သက်ပြီး ဆိုထားတာတွေဟာ အများကြီးပဲ၊ ဒါတွေကို စေ့စေ့စုံစုံ သိထားမှသာ ငါ့သမီး မကောင်းသော မိတ်ဆွေနဲ့ မတွေ့နိုင်ဘူးပေါ့ကွယ်။

**သမီး** ဒါ အရေးကြီးပါတယ် ဖေဖေ။ ဒီခေတ်မှာ သမီးတို့ လူငယ်တွေ ပျက်စီးတာ၊ မတိုးတက်တာဟာ အပေါင်းအသင်းမှားလို့ ဖြစ်တာများပါတယ် ဖေဖေ၊ သမီးခေါင်းထဲမှာ မှတ်ရလွယ်အောင် ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဒီနေရာမှာ မြတ်ဗုဒ္ဓက မိတ်ဆွေယုတ်ရှိသူ ဖြစ်ကြောင်း တရားများကိုလည်း အကောင်းနဲ့ အဆိုး တွဲစပ်ပြီး ဟောထားပါသေးတယ်ကွယ်။

**သမီး** ဟုတ်ကဲ့ ပြောပါ ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ သမီးမှတ်ထား၊ မိတ်ဆွေဆိုး၊ မိတ်ဆွေတုရှိသူ ဖြစ်ကြောင်း တရားထဲမှာ (၁)သဒ္ဓါမရှိခြင်း (အသဒ္ဓါ) (၂)သီလမရှိခြင်း (ဒုဿီလ)၊ (၃)အကြားအမြင် မရှိခြင်း (အပ္ပဿုတ)၊ (၄)နှမြောဝန်တိုသဘောရှိခြင်း (မစ္ဆရီ)၊ (၅)ပညာမရှိခြင်း (ဒုပ္ပညာ) ထိုသို့ ယုတ်သော သဘောရှိသော ပုဂ္ဂိုလ်တို့ကို ပေါင်းသင်းဆက်ဆံခြင်း (သေဝနာ) မှီဝဲဆည်းကပ်ခြင်း၊ ထိုသို့ ယုတ်ညံ့သော သဘောရှိသူသို့သာ ယိမ်းညွတ်ကိုင်းရှိုင်းတတ်ခြင်း (သမ္ပဝင်္ကတာ) ဆိုပြီး ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** စောစောက ဖေဖေပြောတာ ကြားလိုက်ပါတယ်။ ဘုရားက မိတ်ဆွေကောင်းရှိသူဖြစ်ရေးမှာ မိတ်ဆွေယုတ်ရှိသူတို့ရဲ့ သဘော၊ မိတ်ဆွေယုတ်၊ မိတ်ဆွေညံ့တို့ရဲ့ သဘောတွေကို မြတ်ဗုဒ္ဓက ဇာတ်နိပါတ်တော်တွေထဲမှာလည်း ဟောတော်မူသေးတယ် ဆိုသလားလို့။

**အကျွန်ုပ်** ဟုတ်ပါတယ် သမီးရဲ့၊ ဟောထားတာတွေကတော့ အများကြီးပဲ။

**သမီး** သမီး မှတ်သားထားချင်လို့ ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ကောင်းပါပြီကွယ်၊ ပထမဇာတ်နိပါတ်တော်တွေထဲက ထုတ်ပြီး အကျယ်ပြောပြသင့်တာတွေကို ပြောမယ်၊ ဇာတ်နိပါတ်တော်တွေထဲမှာ ပါတဲ့ အကြောင်းအရာ ခေါင်းစဉ်တွေကို အလျင်ပြောပြမယ်။

**သမီး** ကောင်းတာပေါ့ ဖေဖေရဲ့၊ သမီး မှတ်ရလွယ်တာပေါ့။ ပြောပြပါဦး။

**အကျွန်ုပ်** ဖေဖေ သတိပြုမိတဲ့ အချက်တစ်ချက်က မြတ်စွာဘုရားက ခေါင်းဆောင်ကောင်းကို မိတ်ဆွေကောင်းလို့ သဘောထားသင့်ကြောင်း၊ ခေါင်းဆောင်ကောင်းရဲ့ စကားကို နာယူလိုက်နာသင့်ကြောင်း ဟောထားတာတွေကို တွေ့ရတယ်။

**သမီး** ဒီကိစ္စမှာ ခေါင်းဆောင်ကောင်းကို မိတ်ဆွေကောင်းလို့ သဘောထားဖို့ကျတော့၊ ခေါင်းဆောင်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ဖော်ပြပြီး ဘုရားက ဟောထားသေးသလား ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ အေး. . .၊ သမီးမေးတာ အချက်ကျလိုက်တာ၊ တို့များ မြတ်စွာဘုရားက တရားဟောတာ ကွက်တိစေ့စပ်လှပါတယ်ကွယ်၊ ခေါင်းဆောင်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကိုလည်း သင့်သလို ဖော်ပြဟောကြားတော်မူပ ါတယ်။

**သမီး** အဲဒါ ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** နေပါဦး သမီးရဲ့၊ နောက်ပြီးကျတော့ ပြောရတာပေါ့၊ ခု ဘုရားဟောထားတဲ့ အဆွေခင်ပွန်းကောင်း၊ အဆွေခင်ပွန်းယုတ် သဘောတွေကို အလျင် လေ့လာကြည့်ကြသေးတာပေါ့၊ မဟုတ်ရင်၊ အစပျောက်သွားမှာ ; စိုးရတယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ သမီး စိတ်လောကြီးသွားပါတယ်။ အဆင်ပြေသလိုသာ ပြောပါ ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အဆွေခင်ပွန်းကောင်း ရရှိရေးမှာ ပညာမဲ့ မိတ်ဆွေဟာ ရန်သူထက်တောင် ပိုဆိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပညာမဲ့ မိတ်ဆွေကို ပေါင်းသင်းမိရင် ကိုယ်ကျိုးနည်းတတ်တယ်။ ဒီအချက်ကို သိနိုင်တဲ့ ပညာရှိ သူတော်ကောင်းနှင့်သာ ပေါင်းသင်းတတ်တဲ့ ကိုယ်ရည်ကိုယ်သွေး လိုတာပေါ့ကွယ်၊ မိတ်ဆွေဆိုတိုင်း ကောင်းတာ မဟုတ်သေးဘူး။ ဟန်ဆောင်တတ်တဲ့ မိတ်ဆွေကိုလည်း ခွဲခြားပြီး သိတတ်ရမယ်။ မိတ်ဆွေတု မိတ်ဆွေစစ်ကိုလည်း ခွဲခြားသိဖို့ လိုတယ်။ မြတ်စွာဘုရားက အပပြေပြစ်၊ အတွင်းညစ်တဲ့ ကောက်ကျစ်စဉ်းလဲသော မိတ်ဆွေကိုလည်း ပေါင်းသင်းမိသူဖြစ်ရင် မိမိမှာ ဆုံးရှုံးနစ်နာတတ်ကြောင်း ဟောပါတယ်။ ဒါကြောင့် အဆွေခင်ပွန်းကောင်းဆိုရာမှာ မြတ်စွာဘုရားက ဝါသနာတူဖြစ်ရင် စိတ်သဘော ညီညွတ်မှု ရှိတယ်။ အကျင့်သီလ ရှိသူနှင့် ပေါင်းမှသာ တိုးတက်ကြီးပွားနိုင်တယ်။ ပိုပြီး အရေးကြီးတဲ့ အချက်တစ်ချက်ကိုလည်း ဟောတော်မူတယ်။

**သမီး** ဘယ်အချက်ပါလဲ ဖေဖေ။

**အကျွန်ုပ်** ဒါက မိတ်ဆွေကောင်း ဟုတ်မဟုတ်ကို ဘေးအန္တရာယ် ကျတဲ့ အချိန်ကျမှ ပိုပြီး သိနိုင်သတဲ့၊ အရေးကြုံတဲ့အခါ ကိုယ်နှင့်အတူ မကွဲမကွာဘဲ ရင်ဆိုင်ဖြေရှင်းပေးမှသာ အဲဒါ မိတ်ဆွေစစ်လို့ မှတ်ရမယ်တဲ့ကွယ်။

**သမီး** ဟာ. . .၊ ကောင်းလိုက်တာ ဖေဖေရယ်၊ အဲဒီလို မိတ်ဆွေမျိုး ရဖို့ဆိုတာ သိပ်မလွယ်ဘူး ထင်ပါတယ် ဖေဖေ။ ဒါပေမဲ့ သမီး ကံကောင်းပါတယ်။

**အကျွန်ုပ်** ဘာအတွက် ကံကောင်းတာလဲ။

**သမီး** သမီးနဲ့အတူ ခုစီးပွားဖက် လုပ်နေတဲ့ မိတ်ဆွေဟာ အဆွေခင်ပွန်းကောင်းလို့ ဆိုရမယ် ထင်ပါတယ် ဖေဖေ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့သမီး ကားတစ်စင်းကို ရောင်းပေးတယ်။ ဝယ်တဲ့လူတွေက ကားဖိုးတွေကို အကျေမချေသေးဘဲ၊ (စရန်ပဲ ပေးပြီး) အဲဒီကားကို တစ်နေရာမှာ အပေါင်ဆုံးသွားထားတယ်။ ကံကောင်းချင်တော့ မေမေက အဲဒီ သူတို့ ကားပေါင်ခံတဲ့ ကုမ္ပဏီကို အစုရှယ်ယာ ထည့်သင့်မသင့် သွားစုံစမ်းတော့ သမီးတို့ ကားကို တွေ့ရော ဆိုပါတော့၊ မေးကြည့်တော့ လူတစ်စုလာပြီး ပေါင်သွားကြောင်း သိရတာ ပေါ့။ သမီးအနေနဲ့ ကားဝယ်သွားတဲ့ လူတွေဟာ ဘယ်သူဘယ်ဝါ မသိဘူး။ ဒီပြဿနာဖြစ်တော့ သမီးရဲ့မိတ်ဆွေက ခေါင်းရှောင်မသွားဘူး။ ဒီကားကို ပြန်သွားသိမ်းပေးတယ်။ ဟိုလူတွေ စရန်ဆုံးရောပေါ့။ သူဟာ ကားပွဲစား ဆိုပေမဲ့ အစအဆုံး အရှုပ်အရှင်း ဖြစ်လာတော့ တာဝန်ယူပြီး ဖြေရှင်းပေးတယ်။ ပွဲစားလုပ်ပြီး ပွဲခရပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပဲဆိုပြီး ခေါင်းမရှောင်ဘူးလေ။

**အကျွန်ုပ်** အေးပေါ့ သမီးရဲ့၊ မိတ်ဆွေကောင်းဆိုတာဟာ ဘေးအန္တရာယ်ရှိတဲ့ အခါ ကိုယ့်ဘက်မှာ မားမားမတ်မတ်ရပ်ပြီး ပြဿနာကို ရင်ဆိုင်ပေး သူဖြစ်မှသာ၊ မိတ်ကောင်းဆွေကောင်းလို့ ဆိုရတယ်။ လောကမှာ မိတ်ဆွေကောင်း အဆွေခင်ပွန်းကောင်း ရဖို့ဆိုတာကလည်း ကိုယ်ပြုခဲ့တဲ့ အတိတ်ကုသိုလ်ကံနဲ့လည်း ဆိုင်တယ်ထင်ပါတယ်။ ဒီဘဝမှာ သွေးမတော် သားမစပ်ပေမဲ့ သွေးရင်းသားရင်းတွေ ထက်တောင်မှ အဆွေခင်ပွန်းကောင်းဟာ ကျေးဇူးပိုများပါတယ်။ ခုကြည့်လေ၊ သမီးတို့ စီးပွားဘက် အရောင်းအဝယ်လုပ်ကြရာမှာ ဒီသူငယ်ဟာ ဘယ်တုန်းကမှ အပပြေပြစ် အတွင်းညစ်တဲ့ ကောက်ကျစ်မှုမျိုး တစ်ခါမှ မလုပ်ခဲ့ဘူး ဟုတ်လား။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ သူက အပြင်အပအနေနဲ့တော့ မပြေပြစ်ဘူး။ ဒေါသလည်း ကြီးတယ်။ ဒါပေမဲ့ သမီး သူ့ကို အကဲခတ်ကြည့် တယ်။ တစ်ယောက်ယောက်က ဒုက္ခ ရောက်လာလို့ သူ့ရှေ့မှာ သွားပြီး ငိုပြရင် ချက်ချင်းငါးထောင်တစ်သောင်း ပေးလိုက်တယ်။ ငယ်ငယ်တုန်းက သူ သိပ်ဆင်းရဲ ခဲ့တယ်။ လမ်းဘေးမှာ ရေခဲရေ ရောင်းခဲ့ရတယ်။ မုန့်ဟင်းခါး ဆိုင်မှာ ထမင်းကျွေး၊ တစ်နေ့နှစ်ကျပ်နဲ့လည်း သူလုပ်ခဲ့ရတဲ့အကြောင်းကို မကွယ်ဝှက်ဘူး ပြောတာပဲ ဖေဖေ။

**အကျွန်ုပ်** အဲဒါ ဖြောင့်မတ်တာပဲပေါ့ သမီးရယ်၊ ဆင်းရဲခဲ့လို့ ကျရာကြုံရာ လုပ်စားခဲ့တယ်ဆိုတာ ရှက်စရာ မဟုတ်ပါဘူး။ ဘာမှ မရှိတဲ့ ဘဝက ခုလိုသူဟာ မာစီးဒီးကား ထည်လဲနှင့် စီးနိုင်တဲ့ ဘဝကို ရောက်အောင် လုပ်နိုင်တာဟာ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေး ထက်မြက်လို့ပေါ့ကွယ်။

**သမီး** ဟုတ်တယ် ဖေဖေ၊ သူ့ကို သမီး အံ့သြတယ်။ သူ ကျောင်းပညာ တော့ မတတ်ဘူး။ နှစ်တန်းပဲ သင်ခဲ့ရတယ်တဲ့၊ ဒါပေမဲ့ မော်တော် ကားနဲ့ ပတ်သက်လာရင်တော့ ဘွဲ့ရတဲ့ လူလည်း သူ့ကို မယှဉ်နိုင်ဘူး။ သူ့ဆီကို ရောက်လာတဲ့ ကားဆိုရင် ဘာကား၊ ဒီကားရဲ့ အားနည်းချက်က ဘာ၊ အားသာချက်က ဘာ၊ ဒါ ဘယ်သူ့ကား၊ ခု ဘယ်ကို ရောက်နေတယ်။ ဘယ် လောက် လက်ပြောင်းခဲ့ပြီ ဆိုတာပါ သိတယ်။ ပြီးတော့ သူက ကားသေးတာယာ ရောင်းတယ်။ ကားတစ်စင်းကို ကြည့်လိုက်ရင် ဒီတာယာ သူ့ဆိုင်က ဝယ်သွားတဲ့ တာယာဆိုတာ မြင်တာနဲ့ သိတယ်။ ပြီးတော့ ကားတစ်စင်း တိုက်မိလို့ ပျက်သွားရင် သူ ဒီကားကို အောက်ဈေးနဲ့ ရရင် ဝယ်တယ်။ သူ ဘယ်လို ပြင်မယ်။ ပြင်ပြီး ရောင်းရင် သူ ဘယ်လောက် ရနိုင်တယ် ဆိုတာကို ခန့်မှန်းလိုက်ရင်၊ သူမှန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း သိပ်မကွာဘူး ဖေဖေ။ ကားပွဲစားထဲမှာ သူ့လို ကားမောင်း ကျွမ်းတာ ကားဈေးကွက် နားလည်တာ သမီးတော့ ရှာမတွေ့သေးဘူး ဖေဖေ။ သူက သူများလို ဈေးကွက်ထဲက ကားကိုလည်း မကိုင်ဘူး။ ကွက်ပျောက်ကားမှ ကိုင်တယ်။ ဂျပန်ကားတွေ အရောင်းသွက်နေတဲ့ အချိန်မှာ သူက မာစီးဒီးတို့ ဘီအမ်၊ ဒဗလျူတို့ အော်ဒီတို့လို ဂျာမန်ကားတွေ ကိုင်တယ်။ အောက်တန်း ကားတွေကို သူ မကိုင်ချင်ဘူး။ သိန်းငါးဆယ် တစ်ရာ အထက် ကားတွေကိုမှ ကိုင်တယ်။ တစ်ခါတစ်ခါ သူလုပ်နေပုံကို ကြည့်ပြီး သမီးတော့ ရင်တောင်တုန်တယ်။

**အကျွန်ုပ်** အဲဒါ entrepreneur (အင်ထရီပရီနွာ) လို့ ခေါ်တဲ့ လူမျိုးလေ သမီးရဲ့။ စီးပွားရေးဈေးကွက်ထဲမှာ စွန့်စားပြီး ရင်းနှီးလုပ်ကိုင်တတ်သူရဲ့ သဘောပဲလေ၊ အင်္ဂလိပ်လိုဆိုတော့ the owner or manager of a business enterprise who, by rish and initiative, attempts to make profits လို့ ဆိုရမှာပေါ့။ လုပ်ငန်းရှင်၊ ဒါမှမဟုတ်၊ မန်နေဂျာ လုပ်ငန်းကြီးတစ်ခုကို စွန့်စွန့်စားစား၊ သူများ မလုပ်ရဲတာကို သူက လမ်းစ ထွင်ပြီး လုပ်ရဲတဲ့ ကိုယ်ရည်ကိုယ်သွေး ရှိသူမျိုးလေ သမီးရဲ့၊ ဒီလို initiative (အင်နီရှေးတစ်) ရှိတဲ့ လူဖြစ်အောင် ကျောင်းက သင်ပေးတဲ့ ပညာက မတတ်နိုင်ဘူး။

**သမီး** ဒါဆိုရင် သမီးမိတ်ဆွေကို စာမတတ်လို့ ပညာမဲ့လို့ မဆိုနိုင်ဘူးနော် ဖေဖေ။

**အကျွန်ုပ်** ဟာ. . .၊ သမီးကလည်း ကျောင်းက ပေးလိုက်တဲ့ ဘွဲ့လောက်နဲ့တော့ ဘယ်တော့မှ လမ်းစထွင်ပြီး လုပ်နိုင်သူ မဖြစ်ဘူး။ သူ့လို ဘဝအတွေ့အကြုံထဲက ရလာတဲ့ ဉာဏ်အမြော်အမြင်နဲ့ လမ်းစထွင်ပြီး ကိုယ့်ကိုယ်ကိုယ် ကြီးပွားချမ်းသာအောင် လုပ်တတ်သူသာလျှင် ပညာရှိလို့ ဆိုရမယ်။ ဘွဲ့တွေ ဂုဏ်တွေ၊ လူအသိအမှတ် ပြုတဲ့ လက်မှတ်တွေက လူစွမ်းလူစမရှိတဲ့ လူတွေ အတွက်သာ လိုတာပါကွယ်။ လူစွမ်းလူစ၊ ကိုယ်ရည်ကိုယ်သွေး ထက်မြက်တဲ့ လူမှာ ဘွဲ့လက်မှတ်တို့၊ ဘွဲ့တံဆိပ်တို့ ဆုတံဆိပ်တို့ မလိုပါဘူး။

**သမီး** မိတ်ဆွေကောင်း ရသူဖြစ်ဖို့ လိုအပ်တာတွေ သိသင့်တာတွေကိုတော့ သမီးအတော်အတန် သိပြီးပါပြီ ဖေဖေ၊ စောစောက ဖေဖေပြောပြတဲ့ မိတ်ဆွေယုတ်တွေ မိတ်ဆွေတုတွေ ဟန်ဆောင်မိတ်ဆွေ၊ ပညာမဲ့ မိတ်ဆွေရဲ့ သဘောတွေကိုလည်း သမီး ဗဟုသုတရအောင် ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ကောင်းပြီ၊ မြတ်ဗုဒ္ဓဟောတော်မူခဲ့တဲ့ 'မကာသ' ဇာတ်မှာ ဘုရားက ပညာမဲ့ မိတ်ဆွေဟာ ပညာရှိ ရန်သူထက် ကြောက်စရာ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကြောင်းကို ဟောတော်မူတယ်။

သမီး နည်းနည်းလောက် ပြောပြပါ ဖေဖေ။

အကျွန်ုပ် အင်း. . .၊ ပြောပြမယ်၊ နားထောင်၊ တို့မြတ်စွာဘုရား ပွင့်တော်မူစဉ်အခါတုန်းက တစ်နေ့သ၌ မာဂဓတိုင်းမှာ ဒေသစာရီ ကြွချီတော်မူတော့ ရွာကလေးတစ်ရွာကို ရောက်သွားတယ်။ ဒီရွာထဲမှာ လူမိုက်တစ်စု ပေါင်းသင်းနေထိုင်ကြတယ်။ သူတို့ကို အကြောင်းပြုပြီး ဒီမကသဇာတ်ကို ဟောတော်မူတယ်ကွဲ့။ တစ်နေ့ ဒီရွာသားသူမိုက်တွေဟာ ရွာလယ်မှာ စုပြီး စည်းဝေးတိုင်ပင်ကြတယ်တဲ့။ ဒီပညာမဲ့ လူမိုက်တွေက ငါတို့ တောထဲ ဝင်ပြီး အလုပ်လုပ်ကြတဲ့အခါ ခြင်တွေ၊ မှက်တွေက ကိုက်တော့ အလုပ်ပျက်တယ်။ ဒါကြောင့် ဒီခြင်တွေ၊ မှက်တွေကို ဓားတွေ၊ လှံတွေ၊ လေးမြားတွေနဲ့ တိုက်ခိုက်ဖျက်ဆီးပစ်မယ်လို့ တိုင်ပင်ကြသတဲ့။ ပြီးတော့ ခြင်တွေ၊ မှက်တွေကို လေးတွေမြားတွေနဲ့ ပစ်ကြ၊ ဓားတွေနဲ့ လိုက်ခုတ်ကြတာ အချင်းချင်း ထိခိုက်ပြီး ဒဏ်ရာအနာတရ ဖြစ်ကုန်ကြတာပေါ့၊ ဒီရွာကို မြတ်စွာဘုရား ကြွသွားတဲ့အခါ ပညာရှိရွာသားတွေက မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်တွေကို အလှူကြီးပေးပြီး ပူဇော်နေကြစဉ် ဘုရားက ဒီမှာ ဒဏ်ရာရတဲ့ လူနာတွေ များလှပါကလား၊ ဘာဖြစ်ကြတာလဲလို့ မေးသတဲ့။ ပညာရှိ ရွာသားများက မှက်၊ ခြင်တို့နဲ့ စစ်တိုက်ပြီး ဤသို့ ဖြစ်ရကြောင်း လျှောက်ထားကြတော့ မြတ်စွာဘုရားက ဒီလူတွေရဲ့ အတိတ်ဝတ္ထုကို ဟောတယ် သမီးရဲ့။

သမီး အတိတ်ဝတ္ထုက ဘယ်လိုလဲ ဖေဖေ၊ ပြောပြပါဦး။

အကျွန်ုပ် ဒီဝတ္ထုပုံပြင်ကို သမီး ကြားဖူးမှာပါ။

သမီး ပြောပြပါဦး ဖေဖေ။

အကျွန်ုပ် ရှေးအတိတ်ကာလတုန်းက ဘုရားလောင်းက ကုန်သည်မျိုးမှာ ဖြစ်ခဲ့တယ်။ ကာသိတိုင်းက ရွာတစ်ရွာကို ရောက်တယ်။ လက်သမားများ နေတဲ့ ရွာပေါ့ကွယ်၊ အဲဒီ လက်သမားများအနက် တစ်ဦးသော လက်သမားဟာ သစ်ရွေးနေစဉ် မှက်ကြီးတစ်ကောင်က သူ့ခေါင်းကို ကိုက်တာ၊ လှံနဲ့ ထိုးသလို စူးပြီး နာတာပေါ့။ ဒါနဲ့ အနားမှာ ရှိတဲ့သားကို 'သားရေ ငါ့ခေါင်းက မှက်ကို မောင်းပေးစမ်းပါ' ဆိုတော့ သားက 'နေဦး ဖေဖေ၊ ဒီမှက်ကို တစ်ချက်တည်း အစတုံးအောင် လုပ်ပစ်နိုင်တယ်' ဆိုပြီး လက်ထဲက ပေါက်ဆိန်နဲ့ အဖေ ခေါင်းက မှက်ကို ခုတ်ချလိုက်တာ၊ ဖခင်လည်း ပွဲချင်းပြီး သေသတဲ့ကွယ်၊ ဒါကို ဘုရားလောင်း ကုန်သည်က မြင်တော့ နှုတ်က ဂါထာ ရွတ်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သမီး ဘာဂါထာလဲ ဖေဖေ။

အကျွန်ုပ် ပညာရှိ ရန်သူသည် ပညာမဲ့ အဆွေခင်ပွန်းထက် မြတ်သေးတယ်။ သားပင် ဖြစ်သော်လည်း ပညာမဲ့လွန်း၊ ဖျင်းလွန်းလို့ မှက်ကို သတ်တာ အဖေပါ သေရလေပြီလို့ ဆိုတယ်တဲ့ သမီးရယ်။

သမီး ဟီး. . ဟီး. .၊ ဒီသားကလည်း ဒီလောက်တောင်ပဲ အ,ရသလား ဖေဖေ။

အကျွန်ုပ် အဓိကက ဒီဝတ္ထုကလေး ကြားရတဲ့အခါ ဉာဏ်မှာ ပေါ်လာတဲ့ အသိပညာကသာ အဓိက ကျပါတယ်။ ဝတ္ထုကလေးရဲ့ အဆုံးမှာ သင်ခန်းစာ ဆိုပြီး ဖော်ပြထားတာက 'ပညာမဲ့ မိတ်ဆွေသည် ပညာရှိ ရန်သူထက် ကြောက်စရာ ကောင်းသည်' လို့ ဖော်ပြထားပါတယ်ကွယ်။

သမီး အင်း. .၊ တော်တော်အရေးကြီးတဲ့ စကားပဲနော် ဖေဖေ၊ မိတ်ဆွေ ကောင်း ရရှိသူ ဖြစ်နိုင်ဖို့ လိုအပ်တဲ့ ကိုယ်ရည်ကိုယ်သွေး သဘော ကို သိလာတော့ တော်တော် နက်နက်ရှိုင်းရှိုင်း သိတတ်ဖို့ လိုသလားလို့ သမီး စဉ်းစားမိပါတယ် ဖေဖေ၊ ဒါထားပါတော့၊ နောက်ထပ် ပြောပြပါဦး။

အကျွန်ုပ် သမီးက ဘာပြောစေချင်လို့လဲ။

သမီး ဩော် ဖေဖေရယ်၊ ဖေဖေကလည်းမေ့ပြန်ပြီ။ စောစောက ဖေဖေ ပြောတဲ့ အထဲမှာ ဟန်ဆောင်တတ်တဲ့ မိတ်ဆွေ မိတ်ဆွေတု၊ အပပြေပြစ်၊ အတွင်းညစ်တဲ့ လူကောက်ကျစ် မိတ်ဆွေဆိုတာတွေ ကျန်သေးတယ် လေ။ မိတ်ဆွေကောင်း ရရှိရေးမှာ ဒီလို မိတ်ဆွေယုတ်တွေ (ပါပမိတ္တ) တွေ အကြောင်းကိုလည်း ကောင်းကောင်း သိထားမှ ဖြစ်မှာပေါ့။

အကျွန်ုပ် ဟုတ်တာပေါ့ကွယ်၊ သမီးပြောတာ မှန်ပါတယ်။ ဖေဖေက တခြား စိတ်ကူးဆီ ရောက်သွားလို့ ပြောဖို့ ကုန်သွားတာ ဟုတ်တယ်။ ဟန်ဆောင်တတ်သော မိတ်ဆွေလည်း ရှိသေးတယ်။ မြတ်စွာဘုရားက ဟန်ဆောင် တတ်သော မိတ်ဆွေအကြောင်းကို 'ကုမာကဇာတ်' မှာ ဟောတော်မူခဲ့တယ်။

သမီး ဘာကိစ္စကို အကြောင်းပြု ဟောတာလဲ ဖေဖေ။

အကျွန်ုပ် miracle ခေါ်တဲ့ အံ့ဖွယ် သရဲကို ပြုတတ်တဲ့ ရဟန်းတစ်ပါးကို အကြောင်းပြုပြီး မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူတာကွဲ့၊ အတိတ်ကာလတုန်းက ရွာတစ်ရွာမှာ အံ့ဖွယ်သရဲကို ဖြစ်စေ တတ်တဲ့ ကောက်ကျစ်စဉ်းလဲတဲ့ ရသေ့တစ်ပါး ရှိသတဲ့။ သူကြွယ်တစ်ယောက်က ဒီရသေ့ကို ကြည်ညိုတော့ တောကျောင်းဆောက် လှူပြီးထားသတဲ့ကွယ်၊ သူကြွယ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဒီရသေ့ကို သီလရှိသူလို့ ယုံကြည်ပြီး သူ့ကျောင်းအနီးမှာ ရွှေစင် တစ်ပိဿာကို ခိုးသားတေးပြရန်က ကင်းအောင် မြှုပ်နှံထားသတဲ့။ ပြီးတော့ ရသေ့ကို 'ရှင်ရသေ့ ဒီရွှေကို သတိပြုပြီး ကြည့်ရှုပေးပါ' လို့လည်း လျှောက်ထားသတဲ့။ ဒီအခါ ရသေ့က 'သူကြွယ် သင်သည် ရဟန်းတို့ကို ဒီစကားမျိုး မပြောသင့်ဘူး။ ငါတို့သည် သူတစ်ပါး ဉစ္စာကို လိုချင်တပ်မက်ခြင်း မရှိ' လို့ ဆိုသတဲ့။ သူကြွယ် စိတ်မှာ ရသေ့စကားကို ပိုပြီး ယုံကြည်သွားတာပေါ့ သမီးရယ်။ ဒီအခါ ရသေ့ပျက် စိတ်ထဲမှာ ဒီလောက် ဉစ္စာကို ရရင်ဖြင့် ချမ်းချမ်းသာသာ နေနိုင်လောက်ပြီလို့' နှလုံးပိုက်ပြီး နှစ်ရက်သုံးရက် လွန်သောအခါ ရွှေတစ်ပိဿာကို ယူပြီး ခရီးလမ်း ကြောင်း တစ်နေရာမှာ ဝှက်ထားပြီး ကျောင်းကို ပြန်လာကာ ဣန္ဒြေမပျက် နေပြန်သတဲ့။ ပြီးတော့ ရသေ့က ဒီသူကြွယ်ဒါယကာ အိမ်က ပင်တဲ့ ဆွမ်းကို စားပြီးနောက် ပြောသတဲ့၊ "ဒါယကာ၊ ငါသည် သင့်ကို မှီပြီး နေခဲ့တာလည်း ကြာပြီ၊ ရသေ့ရဟန်းဆိုတာ တစ်နေရာမှာ ကြာမြင့်စွာ နေလျှင် လူတွေနှင့် ရောနှောခြင်း ဖြစ်တော့တယ်။ ရောနှောခြင်းဟာ ရသေ့ရဟန်းအတွက်မှာ အညစ်အကြေးပဲ။ ဒါကြောင့် ငါသွားတော့မယ်" လို့ ဆိုသတဲ့။ သူကြွယ်က အတန်တန် တောင်းပန်သော်လည်း မရဘူးတဲ့။ သူကြွယ်က ရွာတံခါးတိုင်အောင် လိုက်ပို့သတဲ့။ ရသေ့ပျက်ဟာ အတော်အတန် သွားပြီးမှ "ဒီသူကြွယ်ကို ငါ လှည့်စားဦးမည်" ကြံစည်ပြီး ဆံကျစ်ကြားမှာ မြက်မှိုက်ကို ထားကာ ပြန်လာသတဲ့။ သူကြွယ်က "ဘာကြောင့် ပြန်လာသလဲ" ဆိုတော့ "ဒါယကာ သင့်အိမ်ခေါင်မိုးက မြက်မှိုက်တစ်ပင်သည် ငါ့ဆံကျစ်ကြားမှာ ကပ်ပါလာတယ်။ ပိုင်ရှင်မပေးတဲ့ ဉစ္စာကို ယူသွားခြင်းသည် ရသေ့ရဟန်းအား မအပ်စပ်ပါ။ ထို့ကြောင့် ထိုမြက်မှိုက်ကို လာပို့ တာ" ဟု ဆိုသတဲ့။ ဒီအခါ သူကြွယ်ရဲ့ စိတ်ထဲမှာ "ငါ့အရှင် ရသေ့ဟာ မြက်ဝါးခြမ်းလောက်သော သူတစ်ပါးဉစ္စာကို မယူတတ်ပါကလား။ အပြစ်အာပတ် ဖြစ်မှာ အလွန်ပူပန်တတ်ပါကလား" နှလုံးပြုလျက် ပိုလို့တောင် ကြည်ညိုသွားသတဲ့ ကွယ်။ ဒီအခါ ဉစ္စာရှာရန် ပစ္စန္တရာဇ်သို့ သွားသော ဘုရားလောင်းသည် ဒီသူကြွယ် အိမ်မှာပဲ တည်းခိုနေသတဲ့။ ဒီအခါ သူကြွယ်ထံက ဒီရသေ့ရဲ့ သတင်းကို ကြားရ သဖြင့် ဘုရားလောင်း စိတ်မှာ "ဒီရသေ့ပျက်ဟာ သူကြွယ်ထံက တစ်စုံတစ်ခုကို ခိုးယူခြင်း ဖြစ်လိမ့်မယ်" လို့ ထင်ပြီး "အဆွေသူကြွယ်၊ ထိုရသေ့ထံမှာ သင့်ဉစ္စာ တစ်စုံတစ်ရာ အပ်နှံထားသေးသလား" လို့ မေးတာပေါ့။ "ဟုတ်ပါသည် အဆွေ၊ ရွှေတစ်ပိဿာ အပ်နှံထားပါတယ်" လို့ ဆိုတော့ "အဆွေ ထိုရွှေကို စုံစမ်းစစ်ဆေး ကြည့်စမ်းပါ"လို့ ပြောသတဲ့။ သူကြွယ်လည်း ရသေ့နေခဲ့သော ကျောင်းကိုသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သူဝှက်ထားသောရွှေကို စုံစမ်းကြည့်တော့ မရှိတော့ဘူးပေါ့ကွယ်။ ဒီအခါ ဘုရားလောင်းက ''အဆွေ သင့်ရွှေကို ဘယ်သူမှ မယူဘူး။ ထိုရသေ့ လူညစ်သာ ယူသွားခြင်း ဖြစ်၏'' လာ ဒီရသေ့ညစ်ကို လိုက်ဖမ်းကြစို့ ဆိုပြီး လူစုလူဝေးနှင့် လိုက်ဖမ်းပြီး မိသောအခါ ရိုက်နှက်စစ်ဆေးမှ ရွှေကို ပြန်ရသတဲ့ကွယ်။

**သမီး** အင်. . ၊ သမီးတို့ ခေတ်မှာလည်း ဒီလို ဟန်ဆောင်မိတ်ဆွေတွေ ရှိမှာပဲနော်။

**အကျွန်ုပ်** ဟ. . ၊ ရှိတာပေါ့ သမီးရဲ့၊ မကြာသေးခင်ကပဲ ရခိုင်ပြည်နယ် ဘက်က မိတ်ဆွေတစ်ဦး ဖေကြီးဆီကို ရောက်လာတယ်။ ရခိုင်ပြည်နယ် ဘက်မှာ ဒီလိုပဲ အံ့ဖွယ်သရဲကို လုပ်ပြပြီး လူအများကြီးကို လိမ်သွားတဲ့ မိန်းမကြီးတစ်ဦး အကြောင်းကို ပြောပြတာ ကြားလိုက်ရတယ်။ လူတွေက ဆင်းရဲ ကျပ်တည်းလာတော့ ဖြတ်လမ်းနဲ့ ချမ်းသာချင်စိတ်က များနေတဲ့အချိန်မှာ ဒီလို အံ့ဖွယ်သရဲကို လုပ်ပြတတ်တဲ့ မှော်ဆရာ၊ မှော်ဆရာမတွေက လိမ်လို့ ကောင်းတာ ပေါ့ကွယ်။ ဆရာသုခ ရိုက်ကူးပြဖူးတဲ့ နေအေးလိမ်နည်း၊ 'ပန်းတစ်လိမ် နန်းတစ်လိမ်' ဇာတ်ကားမှာလည်း ဟန်ဆောင်ကောင်းတဲ့ မိတ်ဆွေက လိမ်သွားတာတွေကို ရိုက်ပြထားတယ်။

**သမီး** ဖေဖေပြောတဲ့ ရခိုင်ပြည်နယ်ဘက်က မိန်းမကြီး လိမ်နည်းကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဒီမိန်းမကြီးက ဒီရွာမှာ ဘယ်အိမ်ပစ္စည်းဥစ္စာ ချမ်းသာသလဲ ဆိုတာကို လက်ထောက်သွားစုံစမ်းပြီး၊ ဒီအိမ်သားတွေ အကြိုက်ကို လက်ဆောင်ယူပြီး ဝင်လာတတ်သတဲ့။ ''အမေက သမီးတို့ သားတို့ အိမ်ကို ဓာတ်ကျလို့ ရောက်လာရတာ၊ အထက်ပုဂ္ဂိုလ်များက စေလွှတ်လိုက်လို့ လာရ တာ'' ဆိုပြီး ဝင်လာတယ်။ ပြီးတော့ အိမ်သားတွေ ရှေ့မှာ လေထဲကနေ ဘုရားဆင်းတုတော်တွေကို ပင့်ပြတယ်။ အိမ်သားများကလည်း မမြင်ဖူး မကြုံဖူး တာ မြင်ရတော့ အံ့သြပြီး ယုံကြတာပေါ့။ နောက်နေ့ကျတော့ သူလာပြီးရွှေနဲ့ ကွင်းထားတဲ့ လက်စွပ်တစ်ကွင်းကို ရှန်ပန်းနီစနဲ့ ထုပ်ပြီး ဘုရားစင်ပေါ် တင်ထားခဲ့ပြီး သူက ရွာဦးက ဘုရားမှာ အဓိဋ္ဌာန်ပုတီး သွားစိပ်မယ်ဆိုပြီး အိမ်ပေါ်မှာ ညမအိပ်ဘဲ ထွက်သွားတာပေါ့ကွယ်။ ဒီတော့ အိမ်သားများကလည်း သူ့ကို ပိုပြီး စိတ်ချသွားတာ ပေါ့။ မနက်ကျတော့ အိမ်ကို ပြန်ရောက်လာပြီး ညတုန်းက ဘုရားစင်ပေါ် ထားခဲ့တဲ့ လက်စွပ်အထုပ်ကို အိမ်သားများကို ဖြေခိုင်းတယ်။ အိမ်သားများ အထုပ်ဖြေလိုက်တော့ ရွှေလက်စွပ်နှစ်ကွင်း ဖြစ်နေသတဲ့။ ''ကဲ သမီးတို့နဲ့ ထိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ ရတာ ပွားလာတဲ့ လက်စွပ်ကို သမီးတို့ ယူကြ၊ အမေ့လက်စွပ်ကို အမေ့ကို ပြန်ပေး'' လို့ ဆိုပြီး ပွားလာတဲ့ လက်စွပ်ကို အိမ်သားများကို ပေးသတဲ့။ အိမ်သားများကလည်း ယုံကြည်ပြီး အားကိုးကြတာပေါ့။ အိမ်နီးနားချင်း မသိအောင် ဒီမိန်းမကြီးကို အိမ်ပေါ်က ဆင်းမသွားချင်အောင် ပြုစုကြပါရောတဲ့။ နောက်နေ့ကျတော့ မိန်းမကြီးက လက်ကောက်တစ်ဖက် တောင်းပြီး ရှန်စနဲထုပ်၊ ဘုရားစင်ပေါ် တင်ပြီး ရွာနီးဘုရားမှာ သွားပြီး နေပြန်ဆိုပဲ။ မနက်မိုးလင်းတော့ လက်ကောက်က နှစ်ကွင်းဖြစ်နေရောတဲ့။ ဒီတစ်ခါမှာတော့ အိမ်သားများကို လက်ကောက်နှစ်ကွင်း စလုံးကို ပေးသတဲ့၊ ''ကဲ. . သမီးတို့သားတို့၊ အမေလည်း ပြန်ရတော့မယ်၊ ဒါကြောင့် လုပ်ပေးနိုင်သမျှကို လုပ်ပေးခဲ့မယ်။ အဲဒီတော့ သမီးတို့မှာရှိတဲ့ အတွင်း ပစ္စည်းတွေကို အထုပ်ထုပ်ပြီး ဘုရားစင်ပေါ်မှာသာ တင်ထားကြပေတော့၊ ဒီည နောက်ဆုံးအမေ ဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီးရင် ဒီရွာက ပြန်တော့မယ်၊ ဆိုပြီး မိုးချုပ်ခါနီးမှာ ရွာဦးဘုရားကို ထွက်သွားသတဲ့။ အိမ်သားတွေကလည်း ဒီအမျိုးသမီး ရွာက ထွက်သွားရင် မရလိုက်မှာစိုးပြီး ရှိသမျှ အတွင်းပစ္စည်းတွေကို အထုပ်ထုပ်ပြီး ဘုရားစင်ပေါ်မှာ တင်ထားကြတာပေါ့ သမီးရယ်''။

**သမီး** ဒါဆို ဒီအဘွားကြီးက ဘယ်လိုလိမ်တာလဲ ဖေဖေ။

**အကျွန်ုပ်** အေး. . ၊ ခု ပြောမယ်။ အဘွားကြီးက သူတို့ အထုပ်ကို သူ့လက်နဲ့လည်း မကိုင်ဘူး။ အိမ်ပေါ်မှာလည်း မနေဘူး။ ဒါပေမဲ့ မနက်ကျတော့ ဘုရားစင်ပေါ်မှာ မူလကထက် နှစ်ဆလောက် ကြီးတဲ့ အထုပ်ကြီး ရောက်နေသတဲ့၊ ဖွင့်လှစ်ကြည့်လိုက်တော့ အထဲမှာ အုတ်ခဲကြမ်းတွေချည်း ဖြစ်နေတယ်။ ရွှေထည် ပစ္စည်းတစ်ခုမှ မရှိတော့ဘူး။ ပါသွားပြီလေ။ ဒါက သူ့ရဲ့မွေးပြီး အောက်လမ်းနည်းမှော်အတတ်နဲ့ လိမ်တာ သမီးရဲ့၊ ဒါ တကယ့်ဖြစ်ရပ်နော်၊ သမီးတို့လည်း ဒီလို မိန်းမကြီးများကို သတိထားကြရမယ်။ ဟန်ဆောင်ကောင်းတဲ့ မိတ်ဆွေ လုပ်တတ်ပုံကို ပြောတာနော်။

**သမီး** ဒါဆိုရင် ဒီလို ဟန်ဆောင် မိတ်ဆွေတွေရဲ့ လိမ်နည်းတွေကို သိမထားတဲ့ လူဆိုရင်တော့ ကိုယ့်အိမ်ထဲက ဟာတွေ ပါသွားဖို့ သေချာတယ်။ သူလုပ်ပုံက ရဲကို တိုင်ပြီး အမှုဖွင့်ဖို့တောင် မလွယ်ဘူးနော် ဖေဖေ။

**အကျွန်ုပ်** အေး. . ၊ ဟုတ်တယ် သမီးရဲ့၊ ဘုရားလောင်းလို ပညာရှိနဲ့ မတွေ့ရင်တော့ ခြေရာလက်ရာပျောက် လိမ်နည်းပဲကွဲ့၊ ကြွားက

www.burmeseclassic.com

www.burmeseclassic.com



သူရဲက လုပ်ပေးနေတာဆိုတော့ ဖမ်းရခက်ကြီးပေါ့ကွယ်။

**သမီး** လောကမှာ လူတွေ အလိမ်ခံရတာဟာ တကယ်တော့ လောဘကြီးလို့ပဲလို့ သမီးထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** အေးလေ. . .၊ လောဘရှိသူ၊ ဒါကြောင့် အလောဘစိတ်ရှိဖို့ လိုတယ်။ တိဟိတ်ဖြစ်ဖို့ လိုတာပေါ့ကွယ်၊ ပြီးတော့ မြတ်ဗုဒ္ဓက အဆွေခင်ပွန်းကောင်း ရှိသူဖြစ်ရေးမှာ အကြားအမြင် (ဗဟုသုတ) များသူဖြစ်ဖို့လည်း လိုတယ်လို့ သတ်မှတ်ချက်နဲ့တကွ ဟောထားတော် မူတယ်မဟုတ်လား။ ပညာရှိသူ ပညာဂရုဖြစ်ဖို့လည်း လိုအပ်ကြောင်း ဟောတော်မူတယ်။

**သမီး** နေပါဦး။ ဟန်ဆောင်မိတ်ဆွေကိုတော့ သိပါပြီ ဖေဖေ။ ဒါဖြင့် ခုခေတ် အဲ့ဖွယ်တွေ ပြပြီး လာဘ်လာဘဖြစ်အောင် လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဘိုးတော်မယ်တော်ဆိုတာတွေ၊ ချဲနံပါတ်ပေးပြီး မ,နေတယ်ဆိုတဲ့ ရသေ့တွေဟာ ဟန်ဆောင်မိတ်ဆွေတွေပဲ သတ်မှတ်ရမှာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** လူတွေက အားမကိုးသင့်တာတွေကို အားကိုးနေကြလို့ ဟန်ဆောင် မိတ်ဆွေတွေ ပေါ်လာတာပဲ သမီးရဲ့။ အမှန်ကတော့ အခွင့်အရေးတွေ၊ လာဘ်လာဘကို ပြပြီး သူတို့ကိုယ်ကျိုး လုပ်ကြသူမှန်သမျှကို ဟန်ဆောင်မိတ်ဆွေတွေချည်းသာ မှတ်ပါ။

**သမီး** ဒါဆို မိတ်ဆွေတုဆိုတာကတော့ ဟန်ဆောင်မိတ်ဆွေနဲ့ မတူဘူးလား ဖေဖေ။

**အကျွန်ုပ်** သူလည်း လူအထင်ကြီးအောင် ဟန်ဆောင်ပြီး ကိုယ့်မိတ်ဆွေကို ပျက်စီးကြောင်း ကြံစည်သူပါပဲ သမီးရဲ့။ မြတ်စွာဘုရားက ဒီလို မိတ်ဆွေမျိုးအကြောင်းကို ဗိဠာရဝတဇာတ်မှာ ဟောတော်မူတယ်။ ဗိဠာရဝတဆိုတာ ကောက်ကျစ်စဉ်းလဲတဲ့ အကျင့်ကို ပြောတာ သမီးရဲ့။

**သမီး** သမီးလည်း ကြားဖူးမှာပေါ့၊ ဇာတ်နိပါတ်တော်တွေထဲမှာတော့ ကောက်ကျစ်စဉ်းလဲမှုရဲ့ ပြယုဂ်ကတော့ မြွေခွေးပေါ့။ ရှေးလွန်လေပြီး အတိတ်ကာလတုန်းက ဘုရားလောင်းက ကြွက်မျိုးမှာ ဖြစ်ခဲ့ဖူးသတဲ့၊ ကြွက်ဆိုပေမဲ့ ဝက်ငယ်ကလေးလောက် ကြီးသတဲ့၊ တစ်နေ့တော့ မြွေခွေးတစ်ကောင်ဟာ နေဘက်ကို မျက်နှာမူပြီး ခြေတစ်ချောင်းတည်း ထောက်ပြီး ပါးစပ်ကို ဟနေသတဲ့။ ဘုရားလောင်း ကြွက်မင်းက မြွေခွေးကို အနေအထိုင် ထူးခြားပုံကို လေ့လာပြီး စုံစမ်းမေးမြန်းသတဲ့။ သင့်နာမည် ဘယ်သူလဲ ဆိုတော့ ဓမ္မိက (တရားကျင့်သူ) လို့ ဖြေသတဲ့။ ဘာကြောင့် ခြေတစ်ချောင်းတည်း ထောက်နေတာလဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ခြေလေးချောင်းလုံး ထောက်ရင် မြေကြီး မခံနိုင် ပြိုမှာစိုးလို့ လို့ ဖြေသတဲ့။ ဘာကြောင့် ပါးစပ်ဖွင့်ထားတာလဲဆိုတော့ အခြား အစားအစာကို မစားဘဲ လေကို သာ စားလို့ လို့ ဖြေသတဲ့။ ဘာကြောင့် နေကို မျက်နှာမူနေရတာလဲဆိုတော့ ငါ နေမင်းကို ရှိခိုးနေတာလို့ ဆိုသတဲ့။ ဒီစကားကို ကြွက်မင်းက ယုံပြီး နေ့စဉ် ကြွက်အပေါင်း ခြံရံပြီး မြေခွေးကို နေ့စဉ်သွားပြီး ဆည်းကပ်ပူဇော်တယ်တဲ့။ ကြွက်အပေါင်း ပြန်သွားပြီဆိုရင် မြေခွေးက နောက်ဆုံး ကြွက်ကို ဖမ်းစားတာပေါ့။ ဒါနဲ့ တဖြည်းဖြည်း ကြွက်တွေ နည်းလာတာကြောင့် ဘုရားလောင်း ကြွက်မင်းက ဒါမြေခွေးလက်ချက်ပဲ ဖြစ်မယ်ဆိုပြီး သူနောက်ဆုံးက လိုက်ပြီး စုံစမ်းတာ မြေခွေးက သူ့ကို ခုန်အုပ်တော့ သူက မြေခွေးပေါ် ခုန်တက်ပြီး မြေခွေး လည်ပင်းကို ကိုက်သတ်လိုက်သတဲ့။ သင်ခန်းစာက မိတ်ဆွေပေါင်းသင်းရာမှာ မိတ်ဆွေတုဟာ ရန်သူထက်ပင် ကြောက်စရာကောင်းကြောင်း ဟောတော်မူတယ်။

**သမီး** အင်း. . .၊ လောကမှာ မိတ်ဆွေစစ်က ရှားတော့ ရှားပါးလိမ့်မယ် ဖေဖေ။ မိတ်ဆွေရဖို့ဆိုတာလည်း ဒုလ္လဘာပဲနော်။ မိတ်ဆွေစစ် ရသူဖြစ်ဖို့ဆိုတာ အတော်ကိုယ်ရည်ကိုယ်သွေး ကောင်းမှပဲ ဖြစ်နိုင်မှာပဲ။ အင်း. . .၊ စဉ်းစားစရာချည်းပါပဲ ဖေဖေရယ်။ သမီးတော့ တော်တော် သံဝေဂ ဖြစ်မိပါတယ်။ မတော်လို့များ မိတ်ဆွေတု၊ ဟန်ဆောင်မိတ်ဆွေတွေနဲ့ ကြုံရရင်တော့ ကိုယ်ကျိုး နည်းပါပြီ။

**အကျွန်ုပ်** ဟုတ်ပါတယ်ကွယ်။ ပိုပြီး ကြောက်စရာ ကောင်းတာက အပ ပြေပြစ်၊ အတွင်းညစ်တဲ့ ကောက်ကျစ်သူ မိတ်ဆွေပဲ သမီးရဲ့၊ ဒါက အများအားဖြင့် လူယုံကြည်အောင် ရသေ့ရဟန်းအသွင်ကို ဆောင်ပြီး လိမ်လည်နေသူတွေ ကောက်ကျစ်စဉ်းလဲစွာ အသက်မွေးသူတွေကို ဆိုလိုပါတယ်။ မြတ်စွာဘုရား ဂေါဓာတ်မှာ ဟောတော်မူတယ်။ မြတ်စွာဘုရား ဖွတ်ဘဝတုန်းက ရသေ့တစ်ပါးကို သူတော်ကောင်းထင်ပြီး ကိုးကွယ်နေတာ တစ်နေ့ကျတော့ ရသေ့ ဟာ ဖွတ်သားဟင်းကို စားရပြီး တပ်မက်စိတ် ဖြစ်လာကာ ဘုရားလောင်း ဖွတ်မင်းကို သတ်ဖြတ်ဖို့ ကြံစည်ပုံ ဝတ္ထု ဖြစ်ပါတယ်ကွယ်။

**သမီး** ဒါလည်း မြေခွေးဝတ္ထုနဲ့တော့ ခပ်ဆင်ဆင်ပဲနော် ဖေဖေ၊ နေပါဦး တစ်ခုကျန်ပါသေးတယ်။ ဘေးအန္တရာယ် ရောက်လာမှ မိတ်ဆွေ စစ် မစစ် သိနိုင်ကြောင်း။ ဆိုတာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဟုတ်တာပေါ့ သမီးရဲ့ မိတ်ဆွေဆိုတာက ဘေးအန္တရာယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရတဲ့အခါ ကိုယ့်အသက်ကို ပဓာနမထားဘဲ သက်စွန့်ဆံဖျား ကူညီသူ ဖြစ်မှသာ မိတ်ဆွေစစ် မည်တယ်ကွယ်။ ဒီအကြောင်းကို မြတ်စွာဘုရားကရှက်မိဂဇာတ်မှာ ဟောတော်မူတယ်။ မြတ်စွာဘုရားကို ဒေဝဒတ်က သတ်ဖို့ ကြိုးစားနေတယ်ဆိုတာကို ကြားတော့ ဘုရားက ဒီဇာတ်ကို ဟောတော်မူတာ။ ရှေးဘဝတုန်းက ဘုရားလောင်းဟာ သမင်မျိုးမှာ ဖြစ်တယ်။ ရေအိုင်တစ်အိုင်အနီး ချုံတစ်ခုကို အမှီပြုပြီး နေတယ်။ အိုင်ထဲမှာ လိပ်တစ်ကောင်ရှိတယ်။ သစ်ပင်ပေါ်မှာ ထောက်ရှာငှက်တစ်ကောင် ရှိတယ်။ ကာလကြာလာတော့ ဒီသတ္တဝါ သုံးကောင်ဟာ အဆွေခင်ပွန်းဖွဲ့ပြီး နေကြတယ်တဲ့။ တစ်နေ့တော့ မုဆိုးတစ်ယောက်ဟာ ရေအိုင်အနီးမှာ သမင်ခြေရာ တွေ့သွားပြီး သမင်ကို ကျော့ကွင်းထောင်တယ်။ သမင်လည်း ကျော့ကွင်းမိပြီး အော်နေသတဲ့။ ဒါကို သစ်ပင်ပေါ်က ထောက်ရှာငှက်က ကြားပြီး လိပ်ကို အကြောင်းကြားတယ်။ ပြီးတော့ သူတို့နှစ်ဦး သမင်ကို ကယ်ဖို့ ကြိုးစားကြတယ်။ လိပ်က ကျော့ကွင်းကို သွားနဲ့ ကိုက်ဖြတ်ဖို့၊ ထောက်ရှာငှက်က မုဆိုးမလာနိုင်အောင်လုပ်ဖို့ ဆုံးဖြတ်ကြတယ်။ မုဆိုးအိမ်ပေါက်ဝအနားက သစ်ပင်ပေါ်မှာ ထောက်ရှာငှက်က နားနေတယ်။ လှံတံကို ကိုင်ဆွဲပြီး မုဆိုးထွက်လာတာ တွေ့တော့ မုဆိုးမျက်နှာကို သူ့အတောင်နဲ့ ပုတ်ခတ်လိုက်တယ်။ မုဆိုးက အတိတ်နိမိတ် မကောင်းဘူးဆိုပြီး အိမ်က မထွက်ဘဲ နေတယ်။ နောက်တစ်ခါ မုဆိုးက အိမ်နောက်ဖေးပေါက်က ထွက်ပြန်တယ်။ ငှက်က တစ်ခါ ပုတ်ခတ်ပြန်တယ်။ ဒါနဲ့ မုဆိုး အတိတ်နိမိတ်မကောင်းဘူး ဆိုပြီး ပြန်အိပ်ပြန်တယ်။ လိပ်လည်း ကျော့ကွင်းကို တစ်ညလုံး သွားပါးစပ်နဲ့ ကိုက်ဖြတ်တယ်။ တစ်ပင်ဖြတ်ပြီး နောက်တစ်ပင် ပြတ်ခါနီးမှာ ငှက်ရောက်လာပြီး မုဆိုးလာနေပြီးဖြစ်ကြောင်း ပြောတယ်။ သမင်လည်း အားကုန် ရုန်းထွက်လိုက်တာ လွတ်မြောက် သွားတယ်။ ဒီအချိန်မှာ လိပ်က မပြေးနိုင်ဘဲ ညွတ်ကွင်းနားမှာ လုံးနေရတာပေါ့။ မုဆိုးလည်း လိပ်ကို သူ့အိတ်ထဲ ကောက်ထည့်ပြီး သစ်ပင်မှာ ချိတ်ဆွဲထားလိုက်သတဲ့။ ဒါကို မြင်တဲ့အခါ သမင်ဟာ အားမရှိတော့သလို လုပ်ပြီး မုဆိုးကို လှည့်ဖြားပြီး တောထဲကို ခေါ်သွားပြီး ခြေရာဖျောက်ကာ လိပ်ကို ဦးချိုနဲ့ ကော်ပြီး အိတ်ကို ဖောက်ခွဲပေးတယ်။ လိပ်လည်း ရေကန်ထဲ အချိန်မီ ဆင်းပြေးနိုင်တယ်။ ထောက်ရှာငှက်လည်း တခြားအရပ်ကို သားငယ်တွေ ချီပွေ့ပြီး ပြေးတယ်။ တစ်ကောင်ကို တစ်ကောင်က အသက်ပေးပြီး ကယ်ကြတာကို ဟောတော်မူတာ ဖြစ်တယ်။ ဘေးအန္တရာယ်ပြုတဲ့အခါမှ မိတ်ဆွေစစ် မစစ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်ပုံကို ပြတာပဲ သမီးရဲ့။ လောကမှာ အဆွေခင်ပွန်းကောင်း ရဖို့ဆိုတာ အကြောင်းညီညွတ်မှသာ ဖြစ်နိုင်တယ်။ သို့သော် အဆွေခင်ပွန်း ကောင်းဖို့ လိုတာ ပေါ့ကွယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ။ ဒါနဲ့ သမီး မေးပါရစေဦး။

**အကျွန်ုပ်** ဘာများလဲကွယ်။

**သမီး** သမီး သတိထားကြည့်တယ်။ ဖေဖေ့မှာ ရင်းနှီးတဲ့ မိတ်ဆွေ တစ်ယောက်မှ မရှိသလိုပဲ၊ ဖေဖေ့အနားမှာ သမီးသိတတ်တဲ့ အရွယ်ကစပြီး လည်ပင်းဖက်ပေါင်းတဲ့ မိတ်ဆွေ တစ်ယောက်မှ မတွေ့ခဲ့မိဘူး။

**အကျွန်ုပ်** ဟုတ်ပါတယ် သမီး၊ ဖေဖေဟာ မိတ်ဆွေကံမကောင်းပါဘူး။ ဖေဖေ့ဘဝမှာ လည်ပင်းဖက် ပေါင်းရလောက်အောင် သစ္စာရှိတဲ့ မိတ်ဆွေမျိုး မရခဲ့ဘူးကွယ်။ ဖေဖေ ကောင်းစားတဲ့အခါ ကပ်လာတဲ့ မိတ်ဆွေတချို့ ရှိပါတယ်။ ဒါပေမဲ့ ဖေဖေ ဒုက္ခရောက်တဲ့အခါ ခွာသွားတဲ့ မိတ်ဆွေပဲ တွေ့ဖူးတယ်။ ဆင်းရဲဒုက္ခ ရောက်တဲ့အခါ ကူညီတဲ့ မိတ်ဆွေက ခပ်ရှားရှားပဲ။ နောက်ဆုံးကတော့ ဖေဖေလည်း မိတ်ဆွေ သံယောဇဉ် ကင်းတဲ့လူ ဖြစ်လာတယ်။

**သမီး** အဲဒါ ဖေဖေ့မှာ အဆွေခင်ပွန်းကောင်းရှိသူ ဖြစ်နိုင်တဲ့ ကိုယ်ရည် ကိုယ်သွေး မရှိလို့ကော မဖြစ်နိုင်ဘူးလား ဖေဖေ။ သမီးက အမှန်ကို သိချင်လို့ မေးတာပါနော်။ ဖေဖေ သမီးကို စိတ်မဆိုးပါနဲ့။

**အကျွန်ုပ်** အမယ်လေး၊ သမီးကလည်း ဒီလို မေးတာကို ဖေဖေ စိတ်မဆိုးပါ ဘူး။ သမီးဆင်ခြင်သလို ဖေဖေ့မှာ အဲဒီကိုယ်ရည်ကိုယ်သွေး ညံ့လို့ ဖြစ်တယ်ဆိုတာ မငြင်းနိုင်ပါဘူးကွယ်။ ဒါပေမဲ့ ဖေဖေကတော့ အနစ်နာခံတာ များခဲ့ပါတယ်။ ကံမကောင်းတော့ မိတ်ဆွေအစစ်နဲ့ တူတာ တစ်ယောက်မှ မတွေ့ ခဲ့ဖူးပါဘူးကွယ်။

**သမီး** ဒီလောက်ဆို သမီး သဘောပေါက်ပြီ ဖေဖေ၊ မြတ်ဗုဒ္ဓ ဟောတော် မူခဲ့တဲ့ ကိုယ်ရည်ကိုယ်သွေး နောက်တစ်မျိုးကို ပြောပါဦး။

**အကျွန်ုပ်** ကောင်းပါပြီကွယ်။ ကိုယ်ရည်ကိုယ်သွေး မြင့်မား၊ ထက်မြက်တဲ့ လူငယ်တွေ ထွန်းကားလာစေချင်တဲ့ စေတနာနဲ့ သမီးက မေးနေ တာဆိုတော့ ဖေဖေကလည်း ပြောပြရမှာပေါ့ကွယ်။ ကဲ...၊ နားထောင်။

www.burmeseclassic.com

www.burmeseclassic.com

# ၆။ အကြောင်းဟုတ်သည် (မဟုတ်သည်) ၌ လိမ္မာသူ ဖြစ်ကြောင်းတရား

**သမီး** — အကြောင်းဟုတ်သည် (မဟုတ်သည်) ၌ လိမ္မာသူ ဖြစ်ကြောင်း တရားမှာ မြတ်စွာဘုရားက ဘယ်အချက်တွေကို ပြထားသလဲ ဖေဖေ။

**အကျွန်ုပ်** — 'ဌာနကုသလတာ' ဆိုတဲ့ ပါဠိစကားက အကြောင်းဟုတ်သည်နှင့် ကျွမ်းကျင်လိမ္မာသူဖြစ်ကြောင်း တရားလို့ အဓိပ္ပာယ်ရတယ်။ မှတ်မိရဲ့လား။

**သမီး** — မှတ်မိပါတယ် ဖေဖေ၊ စိတ်ဝင်စားဖို့ ဒီလောက်ကောင်းတာ မမှတ်မိဘဲ ဘယ်နေမလဲ။ သမီးရင်ထဲမှာ စွဲနေအောင် မှတ်ပြီးပါပြီ ဖေဖေ။

**အကျွန်ုပ်** — ကောင်းပါတယ်ကွယ်၊ ကဲ. . ခု သမီးဘာကို သိချင်သလဲ မေးလေ။

**သမီး** — 'ဌာနကုသလတာ' အကြောင်းဟုတ်သည်၌ ကျွမ်းကျင်သူ လိမ္မာသူ ဖြစ်အောင် ပြုတတ်တဲ့ တရားကို အရင်သိချင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** — အင်း. . ၊ သိသင့်တယ်။ ဒီကိစ္စဟာ လူ့ဘဝမှာ မသိရင် အချိန်မရွေး ချောက်ကျနိုင်တဲ့ အရေးပဲ၊ အကြောင်းဟုတ်တယ်ဆိုတာကို သိသူ ကျွမ်းကျင်လိမ္မာသူဖြစ်ရင်လည်း အကြံကောင်းလျှင် တစ်ချက်တည်း ကြီးပွားချမ်းသာသူ ဖြစ်နိုင်တယ် သမီးရဲ့။ ဒီနေရာမှာ ပါဠိစကား၊ ဟေတုနဲ့ ပစ္စယကို ခွဲခြားသိရမယ်။ အင်္ဂလိပ်လိုဆိုတော့အကြောင်း cause က 'ဟေတု'၊ အထောက်အပံ့ (အခြေအနေ)က condition ပစ္စယလို့ မှတ်ထားနော်။ အမှုကိစ္စတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အကျိုးတစ်ခု တွေ့တိုင်းမှာ ဒီအကျိုးရဲ့ အကြောင်းက ဘာဖြစ်သလဲ၊ ဒီအကြောင်း ဖြစ်အောင် ထောက်ပံ့တဲ့ ပစ္စည်းတွေက ဘာတွေလဲဆိုတာကို သိနားလည်ဖို့ အရေးကြီးတယ်။ အကြောင်းအကျိုးတရားတို့ ဖြစ်ပေါ်တိုင်းမှာ ထိုထိုအကြောင်း 'ဌာန' တွေ ရှိတယ်။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်ရတာလို့ သိနားလည်ခြင်းကို အကြောင်းဟုတ်သည်၌ ကျွမ်းကျင်လိမ္မာသူလို့ ခေါ်ရတယ်။ ဥပမာ–ဆေးကျောင်းသား ဆရာဝန်လောင်းများကို ဘယ်ရောဂါဖြစ်ရင် ဘာအကြောင်းကြောင့် ဖြစ်တာလို့ သိအောင် နားလည်အောင်၊ ကျွမ်းကျင်လိမ္မာသူ ဖြစ်အောင် သင်ကြားပေးရတယ်။ ဒီနေရာမှာ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်ဆိုတာ သိပြီးရင် ဒီအကြောင်း သေရင် ဒီအကျိုးလည်း ချုပ်တယ်ဆိုတာကိုပါ သိဖို့လိုတာပေါ့။

**သမီး** ဪ . . ၊ မြတ်ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပါဒ်တရားလိုပဲ ပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အင်း . . ၊ သမီးက ဉာဏ်တော်တော် ပါးတယ်။ ချက်ချင်း လိုရင်းကို သိတယ်။ အကြောင်းအကျိုးဖြစ်စဉ်ကို ပြတာဟာ ပဋိစ္စသမုပ္ပါဒ်တရားပဲပေါ့ သမီးရဲ့၊ အကြောင်းဟုတ်သည်၌ ကျွမ်းကျင်လိမ္မာသူ ဖြစ်ချင်ရင် ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် ပြီးပါတယ်ကွယ်။

**သမီး** အကြောင်းဟုတ် (မဟုတ်) ၌ လိမ္မာကျွမ်းကျင်သူ၊ သိသူဆိုတာ ဘယ်လို သိတာကို ဆိုလိုသလဲ ဖေဖေ။ အဲဒီလို ကျွမ်းကျင်လိမ္မာသူဖြစ်ဖို့အတွက် ဘယ်အချက်အရေးကြီးသလဲ ဖေဖေ။

**အကျွန်ုပ်** သမီးအမေးက နှစ်ပိုင်းဖြစ်နေတယ်၊ ဟုတ်ကဲ့လား။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ လိမ္မာကျွမ်းကျင်သူ (သိသူ) ဆိုတာ ဘယ်လို သိရမလဲ။ အဲဒီလို သိဖို့အတွက် ဘာလိုအပ်သလဲလို့ မေးချင်တာပါ ဖေဖေ။

**အကျွန်ုပ်** အေး . . ၊ ကိုယ့်သမီးမို့ ပြောတာ မဟုတ်ဘူး၊ သမီးက မေးခွန်းမေးတာ အလွန် စေ့စပ်တယ်။ အဲဒါလည်း ထူးချွန်သူများမှာ ရှိတတ်တဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုပဲ သမီးရဲ့၊ ကဲ . . ၊ သမီးအမေးတွေကို ဖြေမယ်။

**သမီး** ဖြေပေးပါ ဖေဖေ။

**အကျွန်ုပ်** ကျွမ်းကျင်လိမ္မာသူ ဖြစ်ဖို့အတွက် ဘယ်လို သိရမလဲ ဆိုရင် (က) ခွဲခွဲခြားခြား (အပြစ်အားဖြင့်) သိရမယ်။ (ခ) အမှန်သဘော၌ တွေ့ဝေခြင်း ကင်းစွာ သစ္စာဆိုက်အောင် သိရမယ်။ (ဂ) စိစစ်ခြင်းဖြင့် အမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



သိရမယ်။ အဲဒီလို ခွဲခွဲခြားခြား အပြစ်အားဖြင့် အမှန်အတိုင်း၊ စိစစ်ခြင်းဖြင့် သိဖို့ အတွက်တော့ 'သမ္မာဒိဋ္ဌိ' (အမြင်မှန်) ရှိဖို့ လိုတယ်တဲ့ သမီးရဲ့။

**သမီး** သမ္မာဒိဋ္ဌိအမြင်ဆိုလို့ သမ္မာဒိဋ္ဌိကို ထေရဝါဒ အလိုတူ ဘယ်လို အဓိပ္ပာယ်ဖွင့်သင့်သလဲ ဖေဖေ။

**အကျွန်ုပ်** သမ္မာဒိဋ္ဌိနယ်က အလွန်ကျယ်တယ် သမီးရဲ့။ ကျယ်လွန်းလို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးက သမ္မာဒိဋ္ဌိဒီပနီဆိုပြီး ကျမ်းတစ်စောင်တောင် ရေးဖွဲ့တော်မူခဲ့တယ်။ သမ္မာဒိဋ္ဌိသဘောကို မဂ္ဂင်ဒီပနီမှာ လည်း ဖွင့်ပြထားတယ်။ ပထမမဂ္ဂင်ဒီပနီမှာ ဖွင့်ပုံအကျဉ်းကို ပြောမယ်။ အကျယ် သိချင်ရင်တော့ သမီးဘာသာ စာအုပ်ထဲမှာ ရှာဖတ်ပေါ့။ လယ်တီဒီပနီ ပေါင်းချုပ် ပထမတွဲ စာမျက်နှာ (၁၅၂)မှာ လာတယ်။ အကျဉ်းကို ပြောရရင်တော့ သမ္မာဒိဋ္ဌိ (၃) မျိုး ပြတယ်။ (၁) ကမ္မသကတာသမ္မာဒိဋ္ဌိ ကံ၊ ကံ၏ အကျိုးနဲ့ ပတ်သက်တဲ့ အမြင်မှန် (၂) ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ (၃) စတုသစ္စာသမ္မာဒိဋ္ဌိ ဆိုပြီး သုံးမျိုး ပြထားတယ်။

**သမီး** နည်းနည်းအမြင်ကျယ်အောင် ခွဲပြပါဦး ဖေဖေ။

**အကျွန်ုပ်** အေး (၁) ကမ္မ သကတာ သမ္မာဒိဋ္ဌိ ဆိုတာက ကံ၊ ကံ၏ အကျိုးနဲ့ ပတ်သက်ပြီး ဆရာတော်က ပါဠိတော်ကို ထုတ်ပြတယ်။ သဗ္ဗေ သတ္တာ ကမ္မသကာ–အလုံးစုံသော သတ္တဝါတွေရဲ့ သန္တာန်မှာ ကောင်းမှုကံ၊ မကောင်းမှု ကံတို့ရဲ့ အကျိုးပေးခြင်း သဘောဟာ ဘဝများစွာ ဖြစ်လေရာ ဘဝ တိုင်းမှာ အစဉ်ပါနေတယ်။ မျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ ကံ၊ ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံ၊ ဒီကံတွေက သက်ဆိုင်ရာ ဘဝမှာ အကျိုးပေးခွင့်မရရင် တခြား ဘဝကို မလိုက်ဘဲ အကျိုးမပေးတော့တဲ့ အဟောသိကံ ဖြစ်သွားတယ်။ အကျိုး မပေးရသေး ဘယ်တော့မှ အချည်းနှီး ဖြစ်မသွားတဲ့ ကံတစ်မျိုးလည်း ရှိသေးတယ်။ သူ့ကို အပရာပရိယဝေဒနိယ ကံလို့ ခေါ်တယ်။ ရဟန္တာဖြစ်တဲ့ဘဝ၊ သဗ္ဗညုဘုရား ဖြစ်တဲ့ ဘဝတောင် ခန္ဓာရှိနေသေးရင် ဒီကံ အကျိုးပေးတယ်။ လောကမှာ မြူသူအသစ်၊ ဖြစ်သူအဟောင်းဆိုတာ ကံ ကံ၏ အကျိုး ပေးသဘောကို ပြောတာ။ ဒီဘဝမှာ ကိုယ်ခံရပြီဆိုရင် ဘယ်သူ့ကိုမှ အပြစ်မတင်နဲ့၊ ကိုယ်လုပ်လို့ ကိုယ်ခံရ တာပဲလို့ နားလည်ရမယ်။

**သမီး** ဩော်…၊ မှတ်မိပြီ၊ တစ်ခါတုန်းက သမီးနဲ့ ဖေဖေနဲ့ ကမ္ဘာအေး ဖဲ့ျဒီယံဆောင်က ဦးလုဆန်းဝင်းဆီ သွားတော့၊ ဖေဖေ ဖိနပ်အသစ် မြမာလာ ဖိနပ်ကလေး၊ ဖိနပ်အစုတ်ကြီးနဲ့ အလဲခံခဲ့ရတယ်လေ။ သမီးကတောင်

www.burmeseclassic.com

www.burmeseclassic.com



အဖေကြီး ဟိုဘဝက သူများဖိနပ်ကို လဲတာ ပေါ်ပြီလို့ပြောတော့ ဖေဖေက အေး...၊ ကိုယ်လုပ်ခဲ့လို့ ကိုယ်ခံရတာပါ သမီး၊ ဖေဖေတော့ ကြွေးတစ်ခု ကျေသွားလို့ ဝမ်းသာပါတယ်။ သူ့ခမျာ မရှိရှာလို့ မဝယ်နိုင်လို့ လဲစီးသွားတာ ဖြစ်ပါလိမ့်မယ်။ တော်သေးတယ်။ သူ့ဖိနပ်အဟောင်းကို ထားခဲ့တယ်။ မဟုတ်ဆို ဖေဖေ ဖိနပ်မပါဘဲ ဖဝါး သက်သက်လျှောက်ပြန်ခဲ့ရမှာ၊ မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ။ ဖေဖေ ဒီဖိနပ်ကို သူ့လှူလိုက်ပါတယ်လို့ ဖေဖေပြောတာ၊ သမီးမှတ်မိပါသေးတယ်။ အဲဒါကံနဲ့ ပတ်သက်တဲ့ သမ္မာဒိဋ္ဌိပဲ။ ဖိနပ်ခိုးခံရလို့ ဒေါသဖြစ်ရင်၊ သူ့ကို နှိပ်စက်ချင်တဲ့ စိတ်ပေါ်ရင် ဖိနပ်လည်းဆုံး အကုသိုလ်လည်း ရဦးမှာ၊ ခုတော့ ဖိနပ်ပေမယ့် လှူလိုက်တယ် သဘောထားလိုက်တော့ ကုသိုလ်စိတ် ဖြစ်ပြီး ချမ်းသာသွားတယ်လို့ ဖေဖေ ပြောခဲ့ဖူးပါတယ်။

**အကျွန်ုပ်** အေး..၊ ဟုတ်တယ် အဲဒါ ကမ္မသကတာ သမ္မာဒိဋ္ဌိသဘောပဲ သမီးရဲ့၊ ခန္ဓာကို ဉာဏ်လှည့်ပြီး နှလုံးသွင်းမှန်သွားတော့ စိတ်ချမ်းသာမှု ရတာပေါ့ မဟုတ်ဘူးလား။

**သမီး** သမီး နားလည်ပြီ ဖေဖေ၊ နောက် သမ္မာဒိဋ္ဌိတစ်ခုက ဘာတဲ့လဲ ဖေဖေ၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆို၊ အဲဒါ ဘာတွေ ပြောတာလဲ ဖေဖေ။

**အကျွန်ုပ်** မြတ်ဗုဒ္ဓက၊ 'အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံ..ဆိုပြီး အဇာတသတ် မင်းကြီး ဖခင်ကို သတ်မိလို့ စိတ်သောက ရောက်နေစဉ်အခါတုန်းက တိတ္ထိဆရာကြီးတွေက လှူခြင်း အကျိုးမရှိ၊ ပူဇော်ခြင်း အကျိုးမရှိ၊ ကံ ကံ၏ အကျိုးမရှိ၊ မိခင်၊ ဖခင်ကို လုပ်ကျွေးလည်း ဘာမှ အကျိုးမရှိဘူးလို့ ဟောထားတာတွေကို ပယ်ဖျက်ပြီး

(၁) ဒါနကုသိုလ်မျိုးမှာ အကျိုးရင်း အကျိုးဆက် ရှိတယ်။
(၂) ပူဇော်မှုကြီးမှာလည်း အကျိုးရင်း အကျိုးဆက် ရှိတယ်။
(၃) ပူဇော်မှုငယ်မှာလည်း အကျိုးရင်း အကျိုးဆက် ရှိတယ်။
(၄) သုစရိုက်၊ ဒုစရိုက်၊ ကောင်းမှုကံ၊ မကောင်းမှုကံမှာလည်း အကျိုးရင်း အကျိုးဆက် ရှိတယ်။
(၅) မိခင်ကို ကောင်းစွာ ပြုမှု မကောင်းသဖြင့် ပြုမှုရဲ့ အကျိုးရင်း အကျိုးဆက် ရှိတယ်။
(၆) ဖခင်ကို ကောင်းစွာ ပြုမှု မကောင်းသဖြင့် ပြုမှုရဲ့ အကျိုးရင်း အကျိုးဆက် ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၇) လူတို့ မပြုရတဲ့ ငရဲ ပြိတ္တာ၊ နတ်၊ သိကြား စသူ ဩပပတ္တိ သတ္တဝါတွေ ရှိတယ်။

(၈) မျက်မြင်ဒိဋ္ဌ ဤလောကကြီးလည်း ရှိတယ်။

(၉) သေပြီးနောက် ရောက်ရသော တမလွန်လောက တစ်ပါးလည်း ရှိတယ်။

(၁၀) လူ့ဘုံလူ့ဘဝ လူ့လောက၌ စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကြကုန်သော ဘုရား၊ ရဟန္တာ၊ အဘိညာဉ်ရပုဂ္ဂိုလ်များလည်း အမှန်ရှိတယ် စသည်အားဖြင့် အချက် (၁၀) ချက်ကို ယုံကြည်ခြင်းသည် ဒသဝတ္ထုက သမ္မာဒိဋ္ဌိပဲကွယ်။

**သမီး** ခုမှ ရင်ထဲမှာ ရှင်းသွားပါတယ် ဖေဖေ၊ စတုသစ္စာ သမ္မာဒိဋ္ဌိ ဆိုတာကတော့ သစ္စာလေးပါး မြတ်တရားကို သိမြင်ခြင်း သဘောကို ပြောတာ ဟုတ်လား ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ်။ ဒုက္ခ အရိယသစ္စာ၊ သမုဒယ အရိယသစ္စာ၊ နိရောဓ အရိယသစ္စာ၊ မဂ္ဂ အရိယသစ္စာ ဒီသစ္စာလေးပါးကို သိမြင်တာ စတုသစ္စာ သမ္မာဒိဋ္ဌိလို့ ဆိုရပါတယ်။ ဒီထက်ပိုပြီး အကျယ်အပြန့် သိချင်ရင်တော့ သမီးက သမ္မာဒိဋ္ဌိဒီပနီကို ဖတ်ပါ။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ သမီး မနေပါဘူး။ ရှာပြီး ဖတ်ဦးမှာပါ။ ဒါမှ အမြင်ကျယ်မှာပေါ့။ ခွဲခွဲခြားခြား အများအားဖြင့် သိမှုဆိုတာလည်း နည်းနည်းရှင်းပြပါဦး ဖေဖေ။

**အကျွန်ုပ်** ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုးဆက်တရားကို မသိတော့၊ တစ်ခုခုကို မြင်ရင် ငါမြင်တယ်။ သူမြင်တယ်၊ ကြားပြန်ရင်လည်း ငါကြားတယ်၊ သူကြားတယ်ဆိုပြီး မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှုကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ခန္ဓာငါးပါးပဲလို့ မသိဘဲ၊ သူပဲ၊ ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲလို့ စွဲတာ သက္ကာယဒိဋ္ဌိအမြင်မှားပဲ။ ဒါလည်း အကြောင်းဟုတ်သည်၌ မလိမ္မာတာပဲလို့ ဆိုရတယ်။ ငါမဟုတ်တာကို ငါလုပ်တာ၊ ငါမရှိဘဲ ငါစွဲတာ၊ အဲဒါ မဟုတ်တာကို အဟုတ်လုပ်တာ၊ မရှိတာကို အရှိလုပ်တာပဲလေ။ ဒါကြောင့် ခန္ဓာကို ငါလုပ်လိုက်တော့ ပုထုဇဉ်ရဲ့ စိတ်ထဲမှာ ခန္ဓာငါးပါးဟာ ခုပေါ်ပြီး ခုပျောက်နေတဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားပဲလို့ မမြင်တော့ဘဲ ငါအမြဲရှိနေတယ်လို့ အထင်အမြင် ဖြစ်သွားတယ်။ ဒီတော့ လူ့ုတဲ့အခါမှာလည်း ဒီဘဝ ငါလှူရင်၊ နောက်ဘဝမှာ ဒီကံအကျိုးကို ငါပဲ ရမှာပဲလို့ သဿတဒိဋ္ဌိစွဲဝင်လာတယ်

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့။ တစ်ခါ တချို့ကျပြန်တော့ အကြောင်းလည်း မရှိ၊ အကျိုးလည်း မရှိ၊ သူ့ဘာသာသူ ဖြစ်ချင်သလို ဖြစ်နေတာဆိုပြီး ယူဆကြပြန်တယ်။ ဒါက အဟေတုက ဝါဒီဒိဋ္ဌိပဲ။ တချို့ကျပြန်တော့ ''ဘယ်တတ်နိုင်မလဲ အတိတ်ကံကမှ မကောင်းခဲ့တာပဲ'' ဆိုပြီး ဖြစ်သမျှကို အတိတ်ကံ အကြောင်းချည်း စွဲပြန်ရော၊ အဲဒါကလည်း ဗုဒ္ဓေ ကတ ဟေတုကဝါဒဒိဋ္ဌိ အတိတ်ကံကိုချည်း ပုံချတဲ့ဝါဒ စွဲပြန်ရော။

**သမီး** ဒါဆိုရင် အကြောင်းဟုတ်သည် မဟုတ်သည်ကို ခွဲခွဲခြားခြား သိဖို့အတွက် မိစ္ဆာဒိဋ္ဌိအမြင်တွေ အများကြီးကို ပယ်ပြီး သမ္မာဒိဋ္ဌိ အမြင်ရမှ ဖြစ်မယ်ဆိုတာကိုတော့ သမီး စိတ်ထဲမှာ ရေးရေး ထင်လာပါပြီ ဖေဖေ။ အဲဒီအကျိုးဟာ ဒီအကြောင်းကြောင့် ဖြစ်တာပဲလို့ သိဖို့လိုသလို ဒီအကျိုးဟာ ဒီအကြောင်းကြောင့် မဟုတ်ဘူးလို့ ခွဲခြားသိဖို့လည်း လိုသေးတာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** လိုတာပေါ့ကွယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက အကြောင်းမဟုတ်သည်နှင့် လိမ္မာသော သူ၏ အကြောင်းတရား 'အဋ္ဌာနကုသလတာ' ကို ဟောတော်မူသေးတယ်။ အကြင်အကြောင်းတရားတို့သည် အကြင်အကျိုးတရားတို့ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းမဟုတ်၊ အထောက်အပံ့မဟုတ်၊ ထိုသို့သော အကြောင်းကို စွဲ၍ ထိုထိုသော အကျိုးတရားတို့ မဖြစ်နိုင်ဘူးလို့ သိနားလည်ခြင်းကို အဋ္ဌာဥကုသလတာလို့ မှတ်ရမယ်။ ဒီလို အကြောင်းမျိုးကြောင့် ဒီအကျိုးမျိုး မဖြစ်နိုင်ဘူးဆိုတာကို သိဖို့၊ ခွဲခွဲခြားခြား သိဖို့၊ အများအားဖြင့် သိဖို့၊ အမှန်ကို အမှန်အတိုင်း (တွေဝေခြင်းကို မရှိဘဲ) သိဖို့ဆိုတာကလည်း သစ္စာဆိုက်အောင် သိတဲ့ သမ္မာဒိဋ္ဌိ လိုတာပဲတဲ့။ ဥပမာဆိုရင် စက္ခုပသာဒမျက်လုံး အကြည်ဓာတ်သည် သောကဝိညာဏ် ကြားစိတ်ကို ဖြစ်စေနိုင်တဲ့ အကြောင်းမဟုတ်လို့ သိရမယ်။ ဒါဟာ ဒီအကျိုးကို ဖြစ်စေနိုင်တဲ့ အကြောင်းမဟုတ်ဘူးလို့ ဉာဏ်မှာ ခွဲခွဲခြားခြား မှန်မှန်ကန်ကန်သိဖို့ ကိစ္စကတော့ သဘာဝယုတ္တိ၊ အာဂမယုတ္တိတွေကို နားလည်သူ ဖြစ်ရမယ်။ ဒီအကြောင်းတွေကို အကောင်းဆုံး ဖော်ပြနိုင်တာကတော့ မြတ်စွာဘုရား ဟောကြားတော် မူတဲ့ 'အပဏ္ဏကဇာတ်' ဆိုတာ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတွေထဲမှာ လာတယ်။

**သမီး** ဒီဇာတ်ကို မြတ်စွာဘုရားက ဘာကို အကြောင်းပြုပြီး ဟောသလဲ ဖေဖေ။

**အကျွန်ုပ်** သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးပြီး နေတော်မူစဉ်အခါက အနာထပိဏ်သူဌေးရဲ့ အဆွေခင်ပွန်းများဖြစ်ကြတဲ့ တိတ္ထိတပည့်သား ငါးရာကို အကြောင်းပြုပြီး ဟောတယ်ကွဲ့၊ လိုရင်းကတော့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိ၊ မကျွမ်း၊ မလိမ္မာတဲ့ လူတွေဟာ ကိုးကွယ်ရာ မဟုတ်တာကို ကိုးကွယ်ဆည်းကပ်တတ်ကြတယ်။ ကိုးကွယ်ရာ မဟုတ်တာကို ကြံဆပြီး ယူသော အယူကို ယူတတ်ကြလို့ ရှေးအတိတ်ကာလ တုန်းက ဘီလူးစာဖြစ်ပြီး ပျက်စီးခဲ့ရကြောင်းကို ပြလိုတာတစ်ကြောင်း၊ မချွတ်မယွင်း မှန်ကန်သော အယူကို ယူခဲ့ကြလို့ အဲဒီကန္တာရမှာပဲ ချမ်းသာရခဲ့ဖူးကြောင်းကို ပြလိုတဲ့အတွက် ဒီဇာတ်ကို ဟောတော်မူခဲ့ပါတယ်ကွယ်။

**သမီး** နေပါဦး ဖေဖေ။ ဒီနေရာမှာ ချွတ်ယွင်းသောအယူ ဆိုတာ အကြောင်း မဟုတ်တာကို အကြောင်းလို့ မှတ်ယူတာကို ပြောတာလား ဖေဖေ။

**အကျွန်ုပ်** အကြောင်းမဟုတ်တာကို မဟုတ်မှန်းမသိတော့ ဒီအကြောင်း ကြောင့် ဒီအကျိုးမဖြစ်နိုင်ဘူးလို့ မသိတော့၊ မကိုးကွယ်သင့်တာကို ကိုးကွယ်တာပေါ့ သမီးရယ်။

**သမီး** ဒါဆို ကွန်မြူနစ်ဝါဒနဲ့ လောကနိဗ္ဗာန်ကို တည်ဆောက်လို့ ရမယ်လို့ ယူဆခဲ့ကြတာ၊ ယုံကြည်ခဲ့ကြတာဟာ အကြောင်းမဟုတ်မှန်း မသိခဲ့လို့ ကိုးကွယ်မှု မှားခဲ့တာလို့ ဆိုနိုင်မလား ဖေဖေ။

**အကျွန်ုပ်** အား. . .၊ ငါ့သမီးက တရားသဘောကို သုံးသပ်ဆင်ခြင်တတ် နေပြီပဲ။ အကြောင်းဟုတ်သည် မဟုတ်သည်ကို ခွဲခြား သိသူ ကျွမ်းကျင် လိမ္မာသူတွေ မဟုတ်ခဲ့လို့ အဲဒီ ဝါဒဆိုး ကျဆုံးပျက်စီးသွားရတာ ကိုယ်တွေ့ မျက်မြင်ပဲ မဟုတ်လား သမီးရဲ့။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ ရုရှားနိုင်ငံကြီး ပြိုကွဲသွားလိုက်တာ မြင်မကောင်း ရှုမကောင်းပါပဲ။ ဒီအကြောင်းကို လုပ်ရင် ဒီအကျိုး မဖြစ်နိုင်ဘူးဆိုတာကို သိဖို့ အရေးမှာ ဒီအကျိုး (ဟေတု) ဖြစ်ဖို့ရာ အထောက်အပံ့ (ပစ္စယ) တွေ မရှိဘူးဆိုတာကို သိမြင်နားလည်ဖို့ တော်တော်လိုမယ် ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ်ကွယ်။ ဒါကြောင့် မြတ်စွာဘုရားက အကြောင်း မဟုတ်သည်မှာ ကျွမ်းကျင်လိမ္မာသူ ဖြစ်ကြောင်းကို ပေါ်လွင် ထင်ရှားအောင် အပဏ္ဏက ဇာတ်မှာ ဟောထားတာကို သမီးသိရင် ရင်ထဲမှာ ရှင်းသွားမယ်။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ၊ ပြောပြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်တုန်းက အနာထပိဏ် သူဌေးရဲ့ အဆွေခင်ပွန်းများ ဖြစ်ကြတဲ့ တိတ္ထိငါးရာဟာ ဘုရားဟောတဲ့ တရားတွေကို နာကြရတော့ ဘုရားရှေ့မှောက်မှာ ဗုဒ္ဓသရဏဂုံကို ခံယူကြတယ်။ မြတ်စွာဘုရား ရာဇဂြိုဟ်ကို ကြွသွားတော့ သူတို့ဟာ ဗုဒ္ဓသရဏဂုံကို စွန့်ပြီး တိတ္ထိအယူကို ပြန်ယူသွားကြတယ်။ ဒီကိစ္စကို အကြောင်းပြုပြီး အနာထပိဏ်သူဌေး တောင်းပန်လို့ ဒီဇာတ်ကို ဟောတာ၊ ဒီ တိတ္ထိ ငါးရာဟာ ရှေးအတိတ်ဘဝတုန်းက လှည်းသား ငါးရာ ဖြစ်ခဲ့ကြတယ်။ အဲဒီဘဝတုန်းက အကြောင်းဟုတ်သည် မဟုတ်သည်မှာ လိမ္မာ ကျွမ်းကျင်မှု မရှိသော ခေါင်းဆောင်လှည်းကုန်သည် တစ်ဦးကို ကိုးကွယ်ဆည်းကပ် ခဲ့မိကြလို့ ကန္တာရခရီးမှာ ဘီလူးများ ဖျက်ဆီးလို့ ပျက်စီးဆုံးရှုံးခဲ့ရပုံကို ဟောထားတာ သမီးရဲ့။

သမီး ကြားတော့ ကြားဖူးသလိုပါပဲ ဖေဖေ၊ ကောင်းကောင်းတော့ မမှတ်မိပါဘူး။ ပြန်ပြောပါဦး ဖေဖေ။

အကျွန်ုပ် အတိတ်ဘဝတုန်းက ဘုရားလောင်းဟာ ကာသိတိုင်းဗာရာဏသီပြည်မှာ လှည်းကုန်သည်ကြီး ဖြစ်ခဲ့တယ်။ အဲဒီတုန်းက လှည်းကုန်သည်တွေဟာ ကန္တာရခရီးကြမ်းကို ဖြတ်သန်းပြီး ဝေးလံသော အရပ်ဒေသများသို့ သွားပြီး ကုန်ရောင်းကုန်ဝယ် လုပ်ကြရတယ်။ ဗာရာဏသီပြည်မှာ ဘုရားလောင်း လှည်းကုန်သည်နဲ့ အပြိုင် လှည်းကုန်သည်တစ်ဦးလည်း ရှိသတဲ့ကွယ်။ အခါတစ်ပါးမှာ လှည်းကုန်သည်နှစ်ဦးဟာ လှည်းသား ငါးရာစီနဲ့ ကန္တာရခရီးကို ဖြတ်သန်းပြီး ကုန်ရောင်းကုန်ဝယ်သွားဖို့ စီစဉ်ကြတယ်။ ဒီအခါ ဘုရားလောင်း လှည်းကုန်သည်က ဒီခရီးကို လှည်းအစီး တစ်ထောင်နဲ့အတူ သွားကြရင် ထင်း၊ ရေ ခက်ခဲမှု ရှိမယ်။ နွားတွေအတွက် မြက်အခက်အခဲ ရှိမယ်။ ဒါကြောင့် ငါတို့ လှည်းကုန်သည်နှစ်ဦး အနက် တစ်ဦးဟာ ရှေ့က အလျင်သွား၊ ကျန်တစ်ဦးက နောက်က လိုက်မှ ဖြစ်မယ်ဆိုပြီး စိတ်ကူးရသတဲ့၊ ဒီအကြောင်းကို ဘုရားလောင်း လှည်းကုန်သည်က သူနှင့် ပြိုင်ဘက် ကုန်သည်ကို ပြောပြီး ဤခရီးကို သင်က အစအဦး သွားလိုက သွားပါ။ အကျွန်ုပ်က အစအဦး သွားဆိုလျှင်လည်း သွားမည်။ သင်ကြိုက်ရာ ရွေးပါလို့ ရွေးခွင့်ပေးသတဲ့၊ ဒီအခါ အကြောင်းဟုတ်သည် မဟုတ်သည်မှာ ကျွမ်းကျင် လိမ္မာခြင်း မရှိတဲ့ လှည်းကုန်သည်မိုက်က ငါသည် ရှေ့မှ သွားသော် များစွာသော အကျိုးထူးလည်း ခံစားရမည်။ လမ်းခရီးလည်း မပျက်စီးဘူး။ နွားစာတွေလည်း ပေါပေါများများ ရမည်။ လူတွေအတွက်လည်း လူများ မနှူးရသေးတဲ့ ဟင်းရွက်ဦးကို ရနိုင်တယ်။ ရေကြည်ရေကောင်းကိုလည်း များများစားစား ရမယ်။ ကုန်ရောင်းရာမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ်ကြိုက်တဲ့ ဈေးကို သတ်မှတ်ပြီး ရောင်းနိုင်တယ်။ ဆိုပြီး သူ့ရှေ့က သွားလိုကြောင်း ဘုရားလောင်းကို ပြောသတဲ့ကွယ်။

**သမီး** သူ ဒီလို စဉ်းစားတာဟာ အကြောင်း ဟုတ် မဟုတ်ကို သိလို့ စဉ်းစားတာလို့ မဆိုနိုင်ဘူးလား ဖေဖေ။

**အကျွန်ုပ်** ဘယ်ဆိုနိုင်မလဲ သမီးရဲ့၊ သူက လောဘတဏှာကို ရှေ့တန်းတင်ပြီး စဉ်းစားတာ၊ သူလိုချင်တာ အကုန်ဖြစ်မယ် ထင်နေတာကိုး။ ကဲ သူထင်သလို ရေတွေ ကန္တာရမှာ ပေါပေါများများ မတွေ့ဘူးဆိုရင် ဘယ့်နှယ် လုပ်ရမလဲ၊ ဒါက သေချာတာ မဟုတ်ဘူး။ ရေမရှိရင် သူ ရေရအောင် တူးရဦးမယ်။ ပြီးတော့ သူထင်သလို လူတွေ သွားနေကျလမ်း မဟုတ်ဘဲ လမ်းထွင်ပြီးသွားရင် ဒီလမ်းဟာ သူထင်သလို မပျက်စီးသော လမ်းမဖြစ်ဘဲ မပြေပြစ်တဲ့လမ်း၊ မညီညွတ်သောလမ်း ဖြစ်မနေနိုင်ဘူးလား၊ ဒီလို လမ်းမသာလို့ရှိရင် သူက လမ်းကို ပြေပြစ်အောင်၊ ချောမွတ်အောင် ပြုပြင်မသွားရဘူးလား။ သူက အားလုံး အဆင်ပြေမယ်လို့ ချည်း စဉ်းစားတာကိုး။

**သမီး** ဟုတ်တာပေါ့နော်၊ ကန္တာရလမ်းဆိုတာ သူ စိတ်ကူးယဉ်သလို ဘယ်ဖြစ်ပါ့မလဲ။ အဖုအထစ်၊ အခက်အခဲက အများကြီး ရှိနိုင်တယ်။ ရေလည်း အဆင်သင့်ရှိဖို့ ခဲယဉ်းမှာပဲ၊ ကုန်သည်တွေ အမြဲတမ်း သွားနေကျ လမ်းဆိုရင်တော့ ရှေးကလူတွေ ပြုပြင်ထားလို့ ပြေပြစ်နိုင်တာပေါ့။

**အကျွန်ုပ်** အဲဒါပြောတာပေါ့ သမီးရဲ့၊ သူက လူတွေ အမြဲတမ်း သွားနေတဲ့ လမ်းဆိုရင်သာ ကောင်းမှာ၊ လူမသွားတဲ့ လမ်းကတော့ ခက်ခဲကြမ်းတမ်းမှာပဲ၊ ပျက်စီးချွတ်ယွင်းမှာပဲ ဆိုတာကလေးတောင်မှ ခွဲခြားပြီး မသိတတ်ဘူး ဆိုတော့ သူလိုလူ မပျက်စီးဘဲ၊ ဒုက္ခမရောက်ဘဲ နေပါ့မလား။

**သမီး** အင်း. . .၊ ဟုတ်ပါတယ် ဖေဖေ၊ အကြောင်းဟုတ်သည် မဟုတ်သည်၌ ကျွမ်းကျင်လိမ္မာခြင်း မရှိတဲ့ လူဟာ ပျက်စီးဆုံးရှုံးဖို့သာ များပါတယ်။ ပြောပါဦး ဖေဖေရယ်၊ ဘုရားလောင်းကုန်သည်က ဘယ်လို စဉ်းစားတယ် ဆိုတာကို။

**အကျွန်ုပ်** ဘုရားလောင်း လှည်းကုန်သည်ကတော့ အကြောင်းဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်နိုင်တဲ့ ဉာဏ်ပညာလည်း ရှိတယ်။ ကျွမ်းကျင်လိမ္မာမှုလည်း ရှိတယ်။ လှည်းကုန်သည်မိုက်က သူ့ ရှေ့က အလျင် သွားမယ်ဆိုတော့ ဘုရားလောင်းက သွားပါဆိုပြီး ကြည်ကြည်သာသာ ခွင့်ပြုလိုက်တယ်။ ဒါကို ကြားရတဲ့အခါ လှည်းသားများက ဘုရားလောင်းကို ဘာဖြစ်လို့

www.burmeseclassic.com



သူ့ကို ဦးစားပေးရသလဲ၊ ကျုပ်တို့က သွားချင်သွား၊ အလျှင်သွားမှာပေါ့ ဆိုပြီး တစ်ယောက် တစ်ယောက် ဝေဖန်ပြောဆိုကြတာပေါ့ သမီးရယ်။

**သမီး** ဟုတ်တာပေါ့၊ လှည်းသားတွေကလည်း ဉာဏ်မရှိတော့ လောဘနဲ့ ပြောမှာပေါ့လေ။ အဲဒီတော့ ဘုရားလောင်းက လှည်းသားတွေ ကျေနပ်အောင် ဘယ်လို ပြောသလဲ ဖေဖေ။

**အကျွန်ုပ်** အဲဒါ ခေါင်းဆောင်ရဲ့ သတ္တိပဲကွယ်။ ဘုရားလောင်းက နောက်က သွားတာကသာ ပိုပြီး ကျေးဇူးများတယ်။ ရှေ့က သွားသူတွေဟာ ခရီးလမ်းမညီညွတ်ရာ မပြေပြစ်ရာနေရာတွေကို ညီညွတ်အောင် ပြုပြင်သွားရမယ်။ ဒီတော့ နောက်ကလိုက်တဲ့ လူဟာ သူတို့ ပြုပြင်ပြီး လမ်းပေါ်မှာ သွားကြရမယ်။ ရှေ့က သွားတဲ့ နွားတွေက မြက်ရိုင်းမြက်ကြမ်းကြီးတွေကိုသာ စားသွားကြရမယ်။ နောက်က သွားတဲ့နွားတွေကတော့ အသစ်တစ်ဖန် ပြန်ပေါက်လာတဲ့ မြက်နုမြက်သစ်တွေကို စားကြရတယ်။ ဟင်းသီးဟင်းရွက်တွေလည်း ဒီအတိုင်းပဲ နောက်ထပ်ပေါက်လာတဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်လို့ ပိုပြီး ချိုမှာပဲ၊ ရေဆိုရင်လည်း ရှေ့လူတွေက ရေမရှိတဲ့ နေရာမှာ ရေရအောင် လုပ်ဆောင် သွားကြတဲ့အတွက် နောက်လူက ရေကောင်းရေသန့်တွေကို အရန်သင့်လိမ့်မယ်။ ဈေးကွက်မှာလည်း ရှေ့က လူတွေ ရောင်းသွားတဲ့ ဈေးက သတ်မှတ်ပြီးသား ဖြစ်နေတော့ မိမိတို့အလှည့်မှာ ဈေးနှုန်း သတ်မှတ်ပြီးသားနဲ့ ရောင်းလို့ရတဲ့အကြောင်းတွေကို ဘုရားလောင်းက ပြောပြတော့ လှည်းသားအားလုံးလည်း ကျေနပ်သွားကြတယ်။ လှည်းကုန်သည်မိုက်ကတော့ ရှေ့က သူအလျှင်သွားရတယ်ဆိုပြီး မြန်မြန်ထွက်သွားတာပေါ့ကွယ်။

**သမီး** အင်း...၊ ဒီအတိုင်းဆိုရင် ရှေ့က သွားတာက အခက်အခဲများမယ်။ အန္တရာယ်များမှာပဲနော် ဖေဖေ၊ နောက်က လိုက်တာက ပိုပြီး သက်သောင့်သက်သာနဲ့ အကျိုးများဖို့ သေချာတာပဲနော်။

**အကျွန်ုပ်** အဲဒါ အကြောင်းဟုတ်သည် မဟုတ်သည်မှာ ကျွမ်းကျင်လိမ္မာသူ ဖြစ်စေတတ်သော အကြောင်းတရား၊ ကိုယ်ရည်ကိုယ်သွေးရှိခြင်း မရှိခြင်း ကွာခြားသွားတာပဲ သမီးရဲ့။

**သမီး** သမီး ခေါင်းထဲမှာ ပိုပြီး ရှင်းလာပါပြီ ဖေဖေ၊ ဒီဇာတ်ကို ဆက်ပြီး ပြောပါဦး။ သင်ခန်းစာ ယူစရာတွေ အများကြီး ရှိဦးမှာပဲနော်။

**အကျွန်ုပ်** အား...၊ သိပ်ရှိတာပေါ့ သမီးရယ်၊ ဒီဇာတ်မှာ ကိုယ်ရည် ကိုယ်သွေး ထက်မြက်ခြင်း သဘော၊ အကြောင်း ဟုတ်သည် မဟုတ်သည်ကို ခွဲခွဲခြားခြား အများအားဖြင့် သိမှု သဘောတွေ အများကြီး ပါတယ်။ ကဲ...၊ သမီး နားထောင်ပါဦး။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး မှတ်သားနေပါတယ်။

**အကျဉ်းနိုပ်** လှည်းကုန်သည်မိုက်က သူ အလျင်သွားရတယ်ဆိုပြီး အစဉ့် အတိုင်း သွားတော့ ကန္တာရထဲကို ရောက်သွားတာပေါ့၊ ကန္တာရ ဆိုတာက ခိုးသား ဓားပြများတဲ့ ကန္တာရ၊ ရေရှားတဲ့ ကန္တာရ၊ ဘီလူးများတဲ့ ကန္တာရ၊ သားရဲတိရစ္ဆာန်များတဲ့ ကန္တာရ၊ အစာအစာရှားတဲ့ ကန္တာရဆိုပြီး ငါးမျိုး ရှိတယ်။ လှည်းကုန်သည်မိုက်ဟာ ကန္တာရထဲ ရောက်တော့ ကန္တာရဘီလူးက သူတို့မှာ ပါလာတဲ့ ရေတွေကို စွန့်ပစ်အောင် ဖြားယောင်းပြီး ရေမသောက်ရလို့ လှည်းသားတွေ အားအင်ကုန်ခန်းတဲ့အခါ ဖမ်းစားမယ်ဆိုပြီး နွားအဖြူ နွားသန့်တွေ ကတဲ့ လှည်းကို ဖန်ဆင်းပြီး သူတို့ ကိုယ်ပေါ်မှာလည်း ရေတွေ ရွှဲစို၊ ညွန်တွေ လိမ်းကျံပြီး လာသတဲ့။ လက်ထဲမှာလည်း ကြာပန်းတွေကို စွဲကိုင်လာကြတယ် ဆိုပဲ၊ ဘီလူးအားလုံး ဆယ့်နှစ်ကောင် လာသတဲ့၊ ကြာစွယ်ကြာပန်းတို့ကို စားသူစား၊ ရေစက်တွေ ရွှဲစိုစိုနဲ့ လှည်းကုန်သည်တွေရဲ့ လှည်းတန်းကြီးရှိရာကို လာကြသတဲ့။

အနားကိုရောက်တော့ ''အမောင်တို့ ဘယ်ကလာသလဲ'' ဆိုပြီး လှည်းကုန်သည်မိုက်နဲ့ စကားပြောဆိုကြတာပေါ့ကွယ်။ အကျွမ်းဝင်အောင် လုပ်တာပေါ့။ လှည်းကုန်သည်ကလည်း ငါတို့ ဗာရာဏသီပြည်က လာကြတာလို့ ပြောတာပေါ့ ကွယ်။ ပြီးမှ လှည်းကုန်သည်က ''သင်တို့က ကြာစွယ်ကြာရင်းတွေကို စားပြီး၊ ကြာပန်းတွေကို ကိုင်ပြီး၊ ရေစက်ရေပေါက်တွေ ရွှဲလို့ ဘယ်ကလာကြတာလဲ၊ သင်တို့ လာရာခရီးမှာ မိုးကြီးရွာနေသလား၊ ကြာပန်းတွေ ဖုံးလွှမ်းနေတဲ့ ရေအိုင် တွေလည်း ရှိသလား''လို့ မေးတယ်ဆိုပဲ။

ဒီတွင် ဘီလူးတွေက ''အဆွေ၊ ဘာကြောင့် သင် ဒီစကားကို ဆိုပါသလဲ'' ဆိုပြီး ပြန်မေးတယ်။ ''ဟောဟိုမှာ မြင်ရသော တောစပ်ကစပြီး အစဉ်သဖြင့် စိမ်းစိုသော တောထဲမှာ ရေဟာ မပြတ်မလပ် ရှိတယ်။ ဟိုတောထဲမှာ မိုးကလည်း တရစပ် ရွာနေတယ်၊ ချောက်တွေ၊ အိုင်တွေထဲလည်း ရေတွေ အပြည့်အဝရှိတယ်။ အဲဒါ သင်တို့ ဒီလှည်းတွေပေါ်မှာ အိုးကြီးတွေနဲ့ ထည့်ထားတာက ဘာကုန်တွေ များလဲဆိုတော့ လှည်းကုန်သည်မိုက်က သောက်ရေသုံးရေတွေကို ယူလာတာ ဖြစ်ကြောင်းပြောတယ်ဆိုပဲ။ ဒီတင် ဘီလူးတွေက ရှေးကတော့ သင်တို့ ရေတွေ ယူလာတာကောင်းပါတယ်။ နှစ်သက်ဖွယ် ရှိပါတယ်။ ဒီကာလကစပြီး ဟိုဘက်မှာ တော့ ရေတွေပေါလွန်းလို့ ရေတွေကို သယ်ယူနေစရာ မလိုတော့ဘူး။ အဲဒီရေအိုး တွေကို ခွဲပြီး ရေတွေကို စွန့်၊ လှည်းတွေ ပေါ့ပေါ့ပါးပါး သက်သက်သာသာ သွားပါတော့လို့ ပြောတာကို လှည်းကုန်သည်မိုက်က အကြောင်းဟုတ်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည်၊ ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို မဆင်ခြင်နိုင်တော့ဘဲ လှည်းတွေ ပေါ့ပေါ့ပါးပါး သွားနိုင်အောင် ရေအိုးတွေခွဲ၊ ရေကို သွန်ပစ်ကြတယ်။ ရှေ့ခရီး ဆက်ကြတဲ့အခါကျတော့ ရေက တစ်စက်ကလေးမျှတောင် မရှိဘူးတဲ့။ တစ်နေကုန် ခရီးသွားပြီး ညမှာ လှည်းဝိုင်းချပြီး ရပ်နားကြတဲ့အခါ လူတွေ စားဖို့ အစာကို ချက်ရန် ရေလည်း မရှိ၊ နွားတွေကို တိုက်ဖို့ ရေလည်း မရှိတော့၊ လူတွေလည်း အားအင်ကုန်ခန်း၊ နွားများလည်း ပန်းပြီး လဲလျောင်းနေကြရတော့တာပေါ့။ ညကျမှ ပင်ပန်းပြီး အားအင်ကုန်ခန်းနေကြတဲ့ နွားတွေ၊ လူတွေကို ဘီလူးများလာပြီး အလွယ်တကူ ဖမ်းစားလိုက်ကြတာ အားလုံးပျက်စီးခြင်းသို့ ရောက်ကျရတာပေါ့ သမီးရယ်။

**သမီး** အင်း ... ၊ ယုံအောင်လှည့်ဖြားတဲ့တရား၊ ယုံအောင်လှည့်ဖြားတဲ့ စကားကို ယုံမှားပြီး အားမကိုးသင့်တာကို အားကိုးလွဲကြ၊ မဆည်းကပ် သင့်တာကို ဆည်းကပ်ကိုးကွယ်ကြရင်ဖြင့် ပျက်စီးခြင်းသို့ ရောက်ရတယ်ဆိုတာ ဒီနေ့မျက်မှောက်ကမ္ဘာမှာလည်း အထင်အရှား ဖြစ်နေတာပဲနော် ဖေဖေ။

**အကျွန်ုပ်** ကဲ ... ၊ အဲဒါသာ ကြည့်တော့ မယုံသင့်တာကို ယုံတာ၊ အားမကိုး သင့်တာကို အားကိုးတာဟာ ဘာကြောင့်လဲဆိုတော့ အကြောင်း ဟုတ်သည် မဟုတ်သည်မှာ လိမ္မာ ကျွမ်းကျင်ခြင်း မရှိလို့ဘဲဆိုတာ ပေါ်မလာ ဘူးလား။

**သမီး** ပေါ်ပါတယ် ဖေဖေ၊ ဘုရားဟောစကားဟာ သစ္စာဆိုက်တယ် ဆိုတာ ဘယ်အခါ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ မှန်နေလို့ပဲနော်။ အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိရင် မကျွမ်းကျင်ရင် ကြီးပွားတိုးတက်ဖို့ တော့ မရှိဘူး။ ပျက်စီးဖို့ပဲ ရှိတယ်ဆိုတာ သိပ်ထင်ရှားလှပါတယ် ဖေဖေရယ်။ ဒါနဲ့ ပညာရှိ ဘုရားလောင်း လှည်းကုန်သည် အလှည့်ကျတော့ ဘယ်လိုများ ဘီလူးရန်က လွတ်မြောက်ခဲ့သလဲ ဖေဖေ၊ ပြောပြပါဦး။

**အကျွန်ုပ်** ဘုရားလောင်းလှည်းကုန်သည်ကတော့ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်နိုင်၊ မဖြစ်နိုင်ကို နားလည်သဘောပေါက်တယ်။ သူက နောက်တစ်လခွဲကြာမှ ခရီးစတင် ထွက်ခွာတယ်။ ပထမလှည်းကုန်သည်နောက်က ကပ်ပြီး မလိုက်ဘူး။ ဒါကလည်း လမ်းမှာ ရေကြည်ရေကောင်း ပြန်ရအောင် မြက်သစ်မြက်နုတွေ ထွက်အောင် ခရီးလမ်း ပြန်သာအောင် စောင့်တာလေ။ ပြီးမှ ခရီးစထွက်တယ်။ ကန္တာရကို ရောက်တော့ ယခင်ဘီလူးတွေဟာ ယခင်ပုံစံ အတိုင်း ရေတွေရွှဲလို့၊ ညွှန်တွေပေလို့ ကြာပန်းကြာစွယ်တွေ ပွေ့ပိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လာပြန်တယ်။ ဘုရားလောင်းက ဘီလူးတွေကို မြင်တော့ ချက်ချင်း သိတယ်။ ဒါလူတွေ မဟုတ်နိုင်ဘူးလို့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကန္တာရဟာ ရေမရှိတဲ့ နိရုဒက ကန္တာရမျိုး ဖြစ်တယ်ဆိုတာ သိထားတာကိုး။ ဒီကောင်တွေဟာ ငါ့ကို ပညာရှိဖြစ်မှန်း၊ အကြောင်းဟုတ်သည် မဟုတ်သည်မှာ လိမ္မာသူဖြစ်မှန်း မသိကြဘူး။ ရှိပါစေဆိုပြီးမှ ဘီလူးတွေကို "ကဲ. . .၊ သင်တို့ သွားလိုရာသာ သွားကြပါ။ ငါတို့ ကုန်သည်ဆိုတာ တစ်ပါးသော ရေကို မမြင်သေးဘဲနှင့် ငါတို့ ယူလာခဲ့တဲ့ ရေကို စွန့်ရိုးထုံးစံ မရှိ၊ ရေကို မြင်မှ ပါလာတဲ့ ရေကို စွန့်မယ်"လို့ ပြန်ပြောလိုက်တော့ ဘီလူးတွေလည်း ပြန်သွားကြတာပေါ့ကွယ်။

ဒီအခါ လှည်းသားတွေဟာ ပညာရှိ လှည်းကုန်သည်ကို ဝိုင်းပြီး ဆိုကြပြောကြ ဝေဖန်ကြတာပေါ့။ ဟိုမှာ တောကိုလည်း မြင်နေရတာပဲ၊ ဒီအရပ်က ဟိုဘက်မှာ မိုးတွေရွာနေတယ်၊ ရေအိုင်တွေ ကြာပန်းတွေလည်း ရှိနေတယ်ဆိုမှ ဒီရေတွေကို အလေးခံပြီး သယ်ယူနေဖို့ လိုသေးသလား။ ရေတွေကို စွန့်ပြီး ပေါ့ပေါ့ပါးပါး သွားရင် မကောင်းဘူးလား။ စသည်ဖြင့် ဆိုကြတာပေါ့ကွယ်။ ဘုရားလောင်းက တီးတိုးပြောဆိုနေကြတဲ့ လှည်းသားတွေရဲ့ စကားကို ကြားတဲ့အခါ လှည်းတွေကို ရပ်ပြီး စုဝေးစေတယ်။ ပြီးမှ မေးတယ်၊ "အချင်းတို့ ဒီကန္တာရမှာ ရေတွင်းရေကန်၊ ရေအိုင်တွေ ရှိတယ်လို့ တစ်စုံတစ်ယောက် ပြောသံဆိုသံ ကြားဖူးသလား။ မှတ်ထားကြ၊ ဒါဟာ ရေမရှိတဲ့ နိရုဒကကန္တာရလို့ ခေါ်တယ်။ ဒီလို နိရုဒက ကန္တာရမှာ ရေရှိတယ်၊ ရေတွေပေါတယ်လို့ဆိုတာ အကြောင်း မဟုတ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကဲ. . .၊ ဒါထားပါ၊ ဟိုကောင်တွေက ဟိုဘက်မှာ မိုးတွေ အကြီးအကျယ် ရွာနေတယ်လို့ ပြောသွားတာကို ကြားတယ် မဟုတ်လား၊ မိုးတွေ ရွာနေတယ်ဆိုရင် မိုးသက်လေဆင်နေရမယ်။ အခု မိုးသက် လေတိုက်လို့လားဆိုတော့ လှည်းသားတွေက မတိုက်ပါ၊ မခတ်ပါလို့ ပြောတာပေါ့။ ဒါဆို မိုးတိမ်မိုးညွှန့်တွေကိုကော သင်တို့ မြင်ကြသလား။ မမြင်ပါ။ မိုးတိမ်ကို ဘယ်လောက်ကွာတဲ့ အရပ်က မြင်ရပါသလဲလို့ မေးလိုက်တော့ သုံးယူဇနာလောက်ပင် မြင်ကြရတယ်။ သင်တို့အထဲမှာ မိုးတိမ်မိုးညွှန့်ကို တစ်စုံတစ်ယောက် မြင်သူပါကြရဲ့လား။ မပါပါဆိုတော့ ဒါဆို မိုးသံကော ကြားသလား။ မိုးသံဆိုတာ တစ်ယူဇနာလောက်ကပင် ကြားနိုင်တယ်ဆိုတော့ မိုးခြိမ်းသံလည်း တစ်စုံတစ်ယောက်မျှ မကြားကြဘူးဆိုသည်။

ဒါဆို လျှပ်စီးလက်တာကော မြင်ကြသလား။ မမြင်ပါဟု ဆိုကြသောအခါ ဘုရားလောင်းက သင်တို့ မှတ်ထားကြ စောစောက လာကြတာတွေက လူတွေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဘီလူးတွေ ဖြစ်တယ်။ ငါတို့ကို ရေစွန့်နိုင်းပြီး အားအင် ကုန်ခန်းအောင် လုပ်ပြီးမှ ဖမ်းစားကြဖို့ လာကြတာ၊ ရှေ့က သွားတဲ့ လှည်းကုန်သည်သည် အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိ၊ စင်စစ် ထိုလှည်းကုန်သည် မိုက်ကို ဘီလူးတို့ လှည့်စားပြီး ရေကို သွန်စေပြီးနောက် ဖမ်းယူစားသောက်ပြီး ဖြစ်လိမ့်မည်။ မကြာခင် ငါတို့သည် ထိုလှည်းတွေကို မြင်ကြရလိမ့်မယ်၊ ဒါကြောင့် တစ်လက်မ လောက်သော ရေကိုမျှ မစွန့်ကြနဲ့၊ ကဲ...၊ ခရီးဆက်ကြ''လို့ ပြောသတဲ့။

ခရီးဆက်သွားတော့ ပြည့်နေတဲ့ ဝန်တွေနဲ့ ရှိမြဲ ရှိနေတဲ့ ရှေ့က သွားတဲ့ လှည်းကုန်သည်ရဲ့ လှည်းတွေကို တွေ့ကြရတာပေါ့။ အဲဒီနေရာမှာ လှည်းဝိုင်းချ ချက်ပြုတ်စားသောက်ပြီး လှည်းသမားတွေကို အိပ်စေလျက် ဘုရားလောင်း လှည်းကုန်သည်ကတော့ သန်လျက်ကို ကိုင်စွဲပြီး တစ်ညလုံး မအိပ်ဘဲ အရုဏ် တက်သည်အထိ စောင့်ရှောက်ပေးသတဲ့။ မြတ်စွာဘုရားက ဒီလို အကြောင်း ဟုတ်သည် မဟုတ်သည်ကို နားလည် ကျွမ်းကျင်လိမ္မာခြင်း ကိုယ်ရည်ကိုယ်သွေးကို အပဏ္ဏကာ ဆင်းရဲခြင်းမှ လွတ်ကင်းစေတတ်သော အကျင့်လို့ ခေါ်ပါတယ် သမီးရဲ့။

**သမီး** အင်း...၊ သမီးရင်ထဲမှာ မှောင်နေတာက လင်းထိန်သွားသလိုပဲ ခံစားရပါတယ် ဖေဖေ၊ အကြောင်းဟုတ်သည် မဟုတ်သည်မှာ ကျွမ်းကျင်လိမ္မာမှုဆိုတာ တော်တော်နက်နဲကျယ်ဝန်းတဲ့ ကိုယ်ရည်ကိုယ်သွေးပဲနော်။

**အကျွန်ုပ်** မှန်တာပေါ့ကွယ်။ အကြောင်းဟုတ်သည် မဟုတ်သည်မှာ လိမ္မာ ကျွမ်းကျင်ခြင်း မရှိသူဟာ မိမိရဲ့ အတတ်ပညာ အစွမ်းသတ္တိကို မသုံးသင့်တဲ့ နေရာမှာ သုံးတတ်တယ်၊ ဒီလိုသုံးလို့ ပျက်စီးခြင်း ရောက်ရပုံကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူတယ်ကွဲ့။

**သမီး** အကြောင်းဟုတ်သည် မဟုတ်သည်မှာ ကျွမ်းကျင်လိမ္မာမှုဆိုတာ မလုပ်သင့်တာကို မလုပ်မိဖို့အတွက်လည်း လိုအပ်တယ်လို့ ဆိုလိုတာလား ဖေဖေ။

**အကျွန်ုပ်** အမှန်ကတော့ ကိုယ်ရည်ကိုယ်သွေး ထက်မြက်သူတွေဟာ သူများ မတတ်နိုင်တာကို တတ်နိုင်ကြတယ်။ ဒီလို တတ်နိုင်တဲ့အတွက် လည်း မာန်တက်တတ်ကြတယ် သမီးရဲ့။ အဲဒီလို မာန်တက်သူဟာ အကြောင်း ဟုတ်သည် မဟုတ်သည်ကို မခွဲခြားနိုင်ဘဲ သူ့အတတ်ပညာအစွမ်းကို ပြတတ် တယ်။ ခေတ်သစ်ကမ္ဘာမှာ အဲလ်ဖရက်နိုဗယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒိုင်းနမိုက်ခေါ်တဲ့ ပေါက်ကွဲစေတတ်တဲ့ အဖျက်လက်နက်ကြီးကို တီထွင်ခဲ့မိလို့ ကြီးစွာ နောင်တရခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူဟာ အစကတော့ ချမ်းသာချင်တဲ့ လောဘနဲ့ လုပ်ခဲ့မိတာ၊ လူတွေကို သေစေချင်တဲ့ ဒေါသနဲ့ လုပ်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သူတီထွင်လိုက်တဲ့ ဒိုင်းနမိုက်ကြောင့် လူတွေ၊ သတ္တဝါတွေ အများကြီး သေကျေပျက်စီးကြတာ မြင်တော့ သူရရှိခဲ့သမျှ စည်းစိမ်ဥစ္စာတွေကို အားလုံးစွန့်ကြဲလှူဒါန်းပြီး ခုခေတ် ထင်ရှားတဲ့ နိုဗယ်ဆုကြီးကို ဖန်တီးပေးခဲ့တယ်။ မြတ်စွာဘုရားလက်ထက်တော် အခါကလည်း အဇာတသတ်မင်းကို အကြောင်းပြုပြီး သဗ္ဗိဝလုလင်ဇာတ်ကို မြတ်စွာဘုရား ဟောတော်မူခဲ့တယ်။ အဇာတသတ်သည် ဘုရားရှင်နှင့် ဆန့်ကျင် ဘက်ဖြစ်သူ အကျင့်သီလတရား မရှိသူ၊ ယုတ်မာမှုသာရှိသူ ရှင်ဒေဝဒတ်ကို ကြည်ညို၍ ဆရာတစ်ဆူ သတ်မှတ်ပြီး ပစ္စည်းများစွာ အကုန်ခံကာ ဂယာသီသံ အရပ်မှာ ကျောင်းကြီးဆောက်လှူ ကိုးကွယ်ခဲ့ဖူးတယ်။ ဒီ ရှင်ဒေဝဒတ်ကြောင့် အဇာတသတ်မင်းဟာ အရိယာသူတော်စင် ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့တယ်။ ဒီဂရုက် (ပိတုဃာတကကံ)ကြောင့် ဒီဘဝမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရထိုက်သူ ဖြစ်ပါလျက် သောတာပန်အရိယာဖြစ်ခွင့် အကြောင်းကြီး ဆုံးရှုံးနစ်နာခဲ့ရတယ်။ ဒါကို အကြောင်းပြုပြီး မြတ်စွာဘုရားက အတိတ်ဝတ္ထုဖြစ်တဲ့ သဗ္ဗိဇာတ်ကို ဟောတော်မူတယ်။

**သမီး** သဗ္ဗိဇာတ်ဆိုတာ သမီး ကြားဖူးလား မသိဘူး။

**အကျွန်ုပ်** သမီးက ဘယ်လို ကြားဖူးလို့လဲ။

**သမီး** သဗ္ဗိဝလုလင်ဆိုတာ ကျားသေကို အသက်သွင်းတဲ့ လူ မဟုတ်ဘူးလား ဖေဖေ။

**အကျွန်ုပ်** သမီးက မှတ်ဉာဏ်ကောင်းတာပဲ။ ဟုတ်တာပေါ့။ အတိတ်ဘဝ တုန်းက ဘုရားလောင်းဟာ ချမ်းသာတဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်တယ်။ အရွယ်ရောက်တော့ တက္ကသိုလ်ပြည်မှာ ပညာသင်ကြားပြီး ဗာရာဏသီပြည်မှာ ဒိသာပါမောက္ခ ဆရာကြီး လုပ်နေသတဲ့။ ဒီအခါ သဗ္ဗိဝလုလင်ဟာ ဘုရားလောင်း ထံမှာ ပညာသင်ကြားနေတယ်။ ဆရာကြီးက သဗ္ဗိဝလုလင်ကို 'သေသူကို ရှင်စေနိုင် တဲ့ မန္တန်' ကို သင်ပေးသတဲ့။ သဗ္ဗိဝလုလင်ဟာ သေသူကို ရှင်သန်လှုပ်ရှားထကြွ အောင် လုပ်နိုင်တဲ့ မန္တန်ကိုသာ သင်ယူတတ်မြောက်သော်လည်း အသက်ပြန်နုတ် တဲ့ မန္တန်ကိုတော့ မသင်ခဲ့ရဘူးတဲ့ကွယ်။ တစ်နေ့ကျတော့ ပညာသင်ဖက် တပည့်များနဲ့အတူ တောထဲကို သွားတော့၊ ကျားသေတစ်ကောင်ကို တွေ့သတဲ့၊ ဒီအခါ သဗ္ဗိဝလုလင်က ''အပေါင်းအသင်းတို့ ဒီကျားသေကို အသက်ရှင်ပြီး ထလာအောင် ငါ လုပ်ပြမယ်'' လို့ ကြွားကြွားဝါဝါဆိုသတဲ့၊ အပေါင်းအသင်းများက

www.burmeseclassic.com

www.burmeseclassic.com



''မဖြစ်နိုင်ပါဘူးကွာ'' ဆိုတော့ သူ့စိတ်ထဲ မခံမရပ်နိုင်ဖြစ်ပြီး၊ ''မင်းတို့ မယုံရင် ခု မင်းတို့ ရှေ့မှောက်မျက်မြင်မှာပဲ ငါ အသက်သွင်းပြမယ်'' ဆိုပြီး အသက်သွင်း မန္တန်ကို ရွတ်သတဲ့။ အပေါင်းအသင်းများက ''မင်း စွမ်းရင် လုပ်စမ်းပါ'' လို့ မြှောက်ပင့်ပေးတာကိုး။ အပေါင်းအသင်းတွေက မြှောက်ပေးပြီး သစ်ပင်ပေါ်ကို တက်နေကြတယ်။ သဉ္ဇီဝကတော့ သူ့အစွမ်းသူ့ပညာကို ပြချင်တာနဲ့ ကျောက်ခဲ တစ်လုံးကို မန္တန်ရွတ်ပြီး ဒီကျောက်ခဲနဲ့ ကျားသေကို ပစ်ပေါက်လိုက်သတဲ့။ ကျားလည်း သေရာက ရှင်သန်ထလာပြီး သဉ္ဇီဝကို ခုန်အုပ်ပြီး လည်ပင်းကို ကိုက်ဖောက်လိုက်တာ သဉ္ဇီဝလည်း ဒီနေရာတွင် လဲပြီး အသက်ဆုံးရှုံးရသတဲ့ ကွယ်။

**သမီး** ဒီဝတ္ထုမှာ အကျင့်သီလ မရှိတဲ့၊ ယုတ်မာဆိုးသွမ်း စရိုက်ကြမ်းတဲ့ ဒေဝဒတ်လို လူကို တန်ခိုးကြီးအောင်၊ အာဏာကြီးအောင် လုပ်မိရင် ပျက်စီးဆုံးရှုံးတတ်တယ်ဆိုတဲ့ သင်ခန်းစာကို ရပါတယ် ဖေဖေ။ လောကမှာ ဒီလိုလူကို မြှောက်စားမိရင် မိမိ ပျက်စီးတတ်တယ်ဆိုတဲ့ အကြောင်းကို သိ နားလည် ထားဖို့လည်း အလွန် လိုအပ်တယ်ဆိုတာ ပေါ်ပါတယ် ဖေဖေ။ သီလ မရှိသူ လက်ထဲ အဏာမြှူလက်နက် တပ်ဆင်ပေးလိုက်ရင် ကိုယ်ပါ ပျက်စီးသွားမယ် ဆိုတာ၊ ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်လာနိုင်တယ်ဆိုတာ သိဖို့လိုအပ်ကြောင်း ထင်ရှားပါတယ် ဖေဖေ။ အကြောင်းဟုတ်သည် မဟုတ်သည်ကို နားလည် ကျွမ်းကျင်သူ ဖြစ်ဖို့အရေးမှာ မလုပ်သင့်တာကို မလုပ်မိဖို့၊ မလုပ်သင့်တာကို လုပ်မိရင် မိမိပျက်စီးခြင်းကို ဆောင်ရွက်သလို ဖြစ်နိုင်ကြောင်း သိသင့်တာ ထင်ရှား ပါတယ် ဖေဖေ။

**အကျွန်ုပ်** တစ်ခါတလေကျတော့ အန္တရာယ်က လွတ်မြောက်ဖို့အတွက် မလုပ်သင့်တာကို လုပ်မိလို့ မလွတ်မြောက်ရုံသာမက၊ မိမိရော သူတစ်ပါးပါ ပျက်စီး ဆုံးရှုံးရတာမျိုးလည်းရှိကြောင်းကို မြတ်စွာဘုရား ဟောတော်မူတဲ့ ဝေဒဗ္ဗဇာတ်မှာ လာသေးတယ် သမီးရဲ့။

**သမီး** အဲဒါ ငါးရာ့ငါးဆယ်ထဲမှာ သမီးဖတ်ဖူးတဲ့ မန္တန်ရွတ်လို့ ရွှေမိုးငွေမိုး ရွာစေတဲ့ ပုဏ္ဏားအကြောင်း ဇာတ်လား မသိဘူး ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီးရဲ့။ ဒီပုဏ္ဏားဟာ သူ့အတတ်ပညာကို ပြရင် သူ့အတွက် ချမ်းသာရလိမ့်မယ်လို့ အကြောင်းဟုတ်သည် မဟုတ် သည်ကို နားမလည် မဆင်ခြင်ဘဲ ပညာစွမ်းပြမိလို့ သူနဲ့တကွ လူပေါင်း တစ်ထောင် လောက် အသတ်ခံရတဲ့အကြောင်းလေ သမီး။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ဟုတ်ကဲ့ ဖေဖေ။ ဒီခေတ်လူငယ်တွေ အမြင်ကျယ်အောင် ဇဟုသုတဖြစ်အောင် ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** ကဲ. . .၊ ပြောပြမယ် နားထောင်၊ ငါးရာ့ငါးဆယ် ကျမ်းထဲမှာ ရေးထားတဲ့အတိုင်း ပြောပြမယ်။ လွန်လေပြီးသော အတိတ်ကာလ တုန်းက ရွာငယ်တစ်ရွာမှာနေတဲ့ ပုဏ္ဏားတစ်ယောက်ဟာ ဝေဒဗ္ဗအကျင့်ရှိတဲ့ မန္တန်ကို တတ်တယ်တဲ့။ ဒီမန္တန်ဟာ တန်ဖိုး အတိုင်းမသိထိုက်၏။ မြတ်သော သူတို့နှင့်သာ ထိုက်၏လို့ ဖော်ပြထားပြီး နက္ခတ်ကြုံတဲ့ အချိန်မှာ မန္တန်ကိုရွတ်၊ ကောင်းကင်ကို မော့ကြည့်လိုက်ရင် ကောင်းကင်က ရတနာခုနစ်ပါးမိုးကို ရွာစေနိုင် သတဲ့။ ထိုစဉ်အခါ ဘုရားလောင်းသည် ထိုပုဏ္ဏားထံမှာ အတတ်ပညာကို သင်ယူ နေပါတယ်တဲ့။ တစ်နေ့သ၌ ပုဏ္ဏားဟာ ဘုရားလောင်းကို ခေါ်ပြီး ပြုဖွယ်ကိစ္စ ကြောင့် မိမိရွာက ထွက်ပြီး စေတတိုင်းကို ခရီးသွားတယ်ဆိုပဲ။ ခရီးလမ်းကြား တစ်ခုသော တောအုပ်ကို ရောက်တော့ ပေသနကဆိုတဲ့ ခိုးသားငါးရာနဲ့ ကြုံတွေ့ ရတယ်။

**သမီး** ပေသနက သူခိုးဆိုတာ ဘာလဲ ဖေဖေ။

**အကျွန်ုပ်** ခုခေတ်စကားနဲ့ ပြောရင် ပြန်ပေးဆွဲတဲ့ ဓားပြမျိုးပေါ့။ လူ နှစ်ယောက်ဖမ်း။ တစ်ယောက်ကို ပြန်လွှတ်၊ တစ်ယောက်ကို ဖမ်းထားပြီး ပြန်ပေးငွေ တောင်းတယ်။ သူတို့လိုချင်တဲ့ ငွေကို ယူလာပြီး လူကို ရွေးရတယ်။ ဒီလို ဓားပြလူဆိုးမျိုးကို ပေသနက သူခိုးလို့ ခေါ်တာ။ လမ်းမှာ ဒီလူဆိုးသူခိုးတွေက ပုဏ္ဏားနဲ့ ဘုရားလောင်း နှစ်ယောက်စလုံး ဖမ်းပြီး ဘုရားလောင်း ကို ပြန်လွှတ်တယ်။ အိမ်ပြန်ပြီး ငွေယူလာပြီး ပုဏ္ဏားကို ငွေပေးရွေးခိုင်းတာပေါ့။ ဘုရားလောင်းက ပုဏ္ဏားကို ရှိခိုးပြီး အကျွန်ုပ်သည် တစ်ရက်နှစ်ရက်အတွင်း ငွေကိုယူပြီး ပြန်လာပါမည်။ ယနေ့သည် ဥစ္စာမိုး ရွာစေတတ်သော နက္ခတ်ကြုံသည် ဖြစ်လိမ့်မည်။ ဆရာပုဏ္ဏားသည် ဆင်းရဲခြင်းကို သည်းခံပါ။ သည်းမခံနိုင်ဘူးဆိုပြီး မန္တန်ကို ရွတ်ပြီး ရတနာမိုးရွာအောင် မလုပ်ပါနဲ့၊ အဲဒီလို ရတနာမိုးရွာအောင် လုပ်လျှင် ပျက်စီးခြင်းသို့ ရောက်ပါလိမ့်မယ်လို့ မှာကြားပြီး ထွက်ခွာသွားသတဲ့။ ညကျတော့ ပုဏ္ဏားက နက္ခတ်ကို ကြည့်လိုက်တယ်။ ရတနာမိုးရွာစေသော နက္ခတ်ကြုံတာကို တွေ့ရသတဲ့။ ငါ ဘာဖြစ်လို့ ဥစ္စာအတွက်နဲ့ ဆင်းရဲဒုက္ခ ခံနေရမလဲ၊ ရတနာမိုး ရွာစေသဖြင့် ရအပ်သော ဥစ္စာကို ပေးပြီး ချမ်းသာစွာ နေသွားမှာပေါ့လို့ အကြံဖြစ်သတဲ့။ ပြီးတော့ ဓားပြတွေကို မေးသတဲ့၊ သင်တို့ ငါ့ကို ဖမ်းကြတာ ဘာလိုချင်လို့ ဖမ်းထားကြတာလဲ။ ဥစ္စာအလို့ငှာ ဖမ်းတာပေါ့ဟု

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများက ဖြေတယ်။ ဒီအခါ ပုဏ္ဏားက သူ့ကို ဓားပြတွေ အထင်ကြီးစေချင်တဲ့ မာနလည်း ပါမှာပေါ့ကွယ်။ သင်တို့ ဥစ္စာလိုချင်ရင် ငါ့ကို ပြန်လွှတ်ကြ၊ ရေချိုး အဝတ်ကောင်းဝတ်၊ ပန်းနံ့သာ ပန်ပေးကြပါ။ ငါသည် ဥစ္စာမိုးကို ရွာစေလတ္တံ့လို့ ပြောတော့။ သူခိုးတွေကလည်း သူပြောတဲ့အတိုင်း ဆောင်ရွက်ပေးကြသတဲ့။ ပုဏ္ဏားလည်း ယှဉ်သော နက္ခတ်ကို ကြည့်ပြီး မန္တန်ကို ရွတ်တာပေါ့။ ရွတ်လိုက်ရင်ပဲ ကောင်းကင်က ရတနာတွေ ကျဆင်းလာသတဲ့။ လူဆိုးများလည်း ကျလာတဲ့ ရတနာတွေ ရွှေတွေငွေတွေကို သိမ်းကျုံးထုပ်ပိုးပြီး သွားကြသတဲ့။ ပုဏ္ဏားလည်း သူတို့ နောက်က လိုက်သွား ဆိုပဲ။

လမ်းကျတော့ တခြားခိုးသားများက သူတို့ကို ဥစ္စာအလို့ငှာ ဖမ်းကြပြန်သတဲ့။ ယခင် သူခိုးများက သင်တို့ ဥစ္စာလိုချင်လို့ ဖမ်းတာဖြင့် ဒီပုဏ္ဏားကိုသာ ဖမ်းကြပါ။ ဒီပုဏ္ဏားသည် ရတနာမိုးကို ရွာစေနိုင်တယ်လို့ ပြောကြသတဲ့။ ငါတို့လက်ထဲ ပါလာတဲ့ ဥစ္စာတွေကိုလည်း ဒီပုဏ္ဏားပေးလို့ ရခဲ့ကြတာဟု ဆိုသတဲ့။ ဒီအခါ နောက်ခိုးသားများက ယခင်ခိုးသားများကို လွှတ်ပြီး၊ ပုဏ္ဏားကို ဖမ်းကြတယ်။ ဥစ္စာပေးဖို့ တောင်းယူတော့ ပုဏ္ဏားက နက္ခတ်မကြုံဘူး။ ဒီနက္ခတ်က တစ်နှစ်မှာ တစ်ခါသာ ကြုံတယ်။ သင်တို့စောင့်နိုင်မှ ရမယ်လို့ ပြောသတဲ့၊ ဒီတင် ခိုးသားများလည်း ဒေါသထွက်ပြီး ပုဏ္ဏားယုတ် သူများကိုတော့ ဥစ္စာများ ဖိပြီး ပေးတယ်၊ ငါတို့ကိုတော့ တစ်နှစ်စောင့်ခိုင်းတယ်ဆိုပြီး ပုဏ္ဏားကို ဓားနဲ့ နှစ်ပိုင်း ခုတ်ပိုင်းပြီး သတ်ပစ်လိုက်သတဲ့၊ ပြီးမှ ရှေးက များသော ဥစ္စာရထားသည့် ခိုးသားများဆီကို မီအောင်လိုက်ကြပြီး တိုက်ခိုက်ကြသတဲ့။ သေတဲ့ သူတွေဆီက ဥစ္စာကို ရသူနဲ့ မရသူအချင်းချင်း တစ်ခါ စစ်တိုက်ကြပြန်ရာ၊ ခိုးသားတစ်ထောင်လုံးလည်း အသက် ဆုံးရှုံးကြရသတဲ့။ လူနှစ်ယောက်ပဲ ကျန်တယ်။ ဒီလူ နှစ်ယောက်က တစ်ခါ ဥစ္စာတွေ ယူပြီး ခရီးဆက်ကြပြန်တော့ ရွာတစ်ရွာ အနီးမှာ ချုံပုတ်တစ်ခုထဲ ဥစ္စာတွေကို ဝှက်ပြီး တစ်ယောက်က ထမင်းချက်၊ တစ်ယောက်က သန်လျက်ကို စွဲပြီးစောင့်ရာ ထမင်းချက်တဲ့လူ ပြန်လာတော့ ဥစ္စာကို စောင့်တဲ့လူက လောဘ တက်ပြီး ဒီထမင်းချက်ကို ခုတ်သတ်လိုက်တာ ကောင်းပါတယ်လို့ စဉ်းစားနေတယ် တဲ့။ ဒီအချိန်မှာ ထမင်းချက်ပြီး ပြန်လာသူကလည်း ဒီဥစ္စာတွေကို သူတစ်ယောက် တည်းရအောင် သန်လျက်စွဲကိုင်ထားသူစားမည့် ထမင်းထဲ အဆိပ်ခတ်ထားသတဲ့။ အဆုံးမှာတော့ ဥစ္စာအတွက်နဲ့ လူအားလုံး အသက် ဆုံးရှုံးကြရတာပေါ့ သမီးရယ်။

**သမီး** — အင်း...၊ သံဝေဂ ရစရာပဲနော်။ လောဘကြောင့် ပျက်စီးတတ်ကြတယ်။ အကြောင်းဟုတ်သည် မဟုတ်သည်ဖြ မကျွမ်းကျင်

www.burmeseclassic.com

www.burmeseclassic.com



မလိမ္မာဘဲ မိမိရဲ့ အတတ်ပညာ၊ အစွမ်းသတ္တိကို ပြရင် ချမ်းသာမရ၊ ပျက်စီးရတယ် ဆိုတာပေါ်ပါတယ် ဖေဖေ။ အင်း . . ၊ သမီးခေါင်းထဲမှာတော့ စဉ်းစားပြီး နားလည်စရာတွေ အလွန်များသွားပါပြီ ဖေဖေ။ လောကမှာ ဘယ်လို အကြောင်းကြောင့် ဘယ်လို အကျိုးဆက်တွေ ဖြစ်ပေါ်လာတတ်တယ်ဆိုတာ သိဖို့ လွယ်ပါ့မလား ဖေဖေ။

**အကျွန်ုပ်** လွယ်တော့ မလွယ်ဘူးပေါ့ သမီးရယ်။ ဒါပေမဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန ကိလေသာတွေ၊ ဒိဋ္ဌိကိလေသာတွေ လိမ်းကျံသော အကြောင်းသဖွယ်ဖြစ်ရင်တော့ မြတ်စွာဘုရားက အကျိုး (ဝိပါက) မှာ ပစ္စုပ္ပန်မှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသတွေပဲ ရမယ်လို့ ဟောတော်မူတယ်။ သံသရာမှာလည်း အပါယ်ဇာတိပဲ ရမယ်တဲ့။

**သမီး** ဒါဆို လူ့လောကမှာ လူတွေဟာ ချမ်းသာကို အလိုရှိကြပါလျက်နဲ့ ဆင်းရဲ ရောက်ကြရတာဟာ အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိ၊ မကျွမ်း၊ မလိမ္မာလို့ပဲလို့ ဆိုနိုင်မလား ဖေဖေ။

**အကျွန်ုပ်** အင်း . . ၊ သမီးမေးခွန်းက ကောင်းလိုက်တာ မြတ်စွာဘုရားကို သိကြားမင်း မေးတဲ့ မေးခွန်းဖြစ်နေပြီ။ အဲဒီ မေးခွန်းကို မြတ်ဗုဒ္ဓ ဖြေကြားတော်မူခဲ့ပုံကိုလည်း သိထားသင့်တယ်။ ဘယ်လိုအကြောင်းကြောင့် ဘယ်လို အကျိုး ဖြစ်ပေါ်ရတယ်ဆိုတာကို ဟောထားတာပဲကွယ်။

**သမီး** သမီး ကြားချင်ပါတယ် ဖေဖေ၊ ပြောပြပါဦး။

**အကျွန်ုပ်** အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာကျွမ်းကျင်သူ ဖြစ်ဖို့ ဆိုရာမှာ တစ်ခါတလေကျတော့ အကျိုးကိုသာ လူတွေက တွေ့ပြီး၊ ဒီအကျိုးဟာ ဘယ်အကြောင်းကြောင့် ဖြစ်တာလဲဆိုတာကိုတော့ မသိတတ်ကြဘူး။ ဒီကိစ္စမှာ လူ့ဉာဏ်မမီလို့လည်း ဖြစ်တတ်တယ်။ အတွေ့အကြုံ နည်းလို့လည်း ဖြစ်နိုင်တယ်။ ဒါမျိုးကျတော့ အတုမရှိတဲ့ မြတ်ဗုဒ္ဓလို ပုဂ္ဂိုလ်ထူးရဲ့ သဗ္ဗညုတဉာဏ်နဲ့မှသာ သိနိုင်တယ်။ လူ့ဉာဏ်က တိမ်တော့ နက်နဲတဲ့ တရားကို မသိနိုင်ဘူးပေါ့ကွယ်။ ခု ဖေဖေပြောမည့် ကိစ္စမှာလည်း သိကြားမင်းမေးတဲ့ အမေးကို ဘယ်လိုလူသားမျိုးမှ တိတိကျကျ ပြတ်ပြတ်သားသား မဖြေနိုင်ဘူး။ မြတ်ဗုဒ္ဓရဲ့ ဉာဏ်စက်ကွင်းထဲကို ရောက်တော့ ရှင်းခနဲ၊ လင်းခနဲ အဖြေက တိတိကျကျ ထွက်လာတယ်။ ဒီသဘောကို သမီးခေါင်းထဲမှာ ကနဦးကပင် စွဲအောင် မှတ်ထားရမယ်။ လူမဖြေနိုင်ဘူး၊ ဘုရားဉာဏ်နဲ့မှ သိနိုင်ဖြေနိုင်တဲ့ ကိစ္စတွေ ရှိတယ်။ ဖေဖေတို့ ဒဿနိက ပညာသင်ခဲ့တုန်းက ယုတ္တိဗေဒပညာရပ် (Logic) မှာ

www.burmeseclassic.com

www.burmeseclassic.com



Causal Relation ခေါ်တဲ့ ကြောင်းကျိုးဆက်တရားရဲ့ သဘောကို လေ့လာသင်ကြားခဲ့ရတယ်။ အနောက်တိုင်းသားတွေ ယုံကြည်နေတာက အကြောင်းနဲ့အကျိုး ဆက်နွယ်မှုမှာ ကာလနဲ့ဌာန အစဉ်ဆက်ဖြစ်မှု (spatial-temporal Continuum) ရှိရမယ်လို့ မှတ်ယူထားကြတယ်။ မြန်မာစကားမှာ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗာနဂိုရ်က နွားမ ပေါင်ကျိုးတာ ဘာမှကြောင်းကျိုး အဆက်အစပ်မရှိဘူးဆိုတဲ့ သဘောဟာ နေရာဌာနနှင့် အချိန်ကာလ အဆက်အစပ် ရှိမှသာအကြောင်းနဲ့ အကျိုးဆက်စပ်မှု ရှိတယ်လို့ ထင်ကြတယ်။ ဒါက ရုပ်ပတ်ဝန်းကျင်မှာတော့ ဟုတ်ချင်ဟုတ်မယ်။ နာမ်ပိုင်း ဉာဏ်ပိုင်းဆိုင်ရာမှာတော့ ဒီလို မဖြစ်နိုင်ဘူး။ ဒီသဘောကို သိကြားမင်း အမေးပုစ္ဆာကို မြတ်ဘုရား ဖြေတော်မူတဲ့ အဖြေတွေမှာမှ ပိုပြီး ထင်ရှားပါလိမ့်မယ်ကွယ်။

**သမီး** သိကြားမင်းရဲ့ အမေးတွေကို ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** ဒါက သုတ်မဟာဝါ ပါဠိတော် သက္ကပဉှာသုတ်မှာ လာတယ်လို့ မှတ်ထားဦးနော်။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရား ဂူကြီးတစ်ခုထဲမှာ အောင်းပြီး သီတင်းသုံးနေတော်မူစဉ် သိကြားမင်း တာဝတိံသာနတ်ပြည်က လူ့ပြည်ကို ဆင်းလာပြီး အမေးပုစ္ဆာတွေ ထုတ်တာ (၁) သူ့ ပထမမေးတာက အရှင်ဘုရား၊ လူနတ်ဗြဟ္မာ သတ္တဝါ မှန်သမျှဟာ အန္တရာယ်ကင်းလို့ ဘေးရှင်းခြင်းကိုသာ အလိုရှိကြပါသော်လည်း ထိုလူ နတ် ဗြဟ္မာ သတ္တဝါ မှန်သမျှမှာ အန္တရာယ်လည်း မကင်း၊ ဘေးလည်း မရှင်းကြသည်သာ များပါသည်။ အဘယ်ကြောင့် ထိုသို့ ဖြစ်ကြရပါသလဲ ဘုရားတဲ့။

**သမီး** သိကြားမင်းမေးတဲ့ မေးခွန်းက အနှစ်သာရ ရှိလိုက်တာ ဖေဖေရယ်။ ဒါဘာကြောင့် ဖြစ်ရသလဲ။ အကြောင်းဟုတ်သည် မဟုတ်သည်ကို ခွဲခြားသိဖို့ရာ ဘယ် လူပညာရှိအတွက်မှ လွယ်ကူသည့် ကိစ္စမဟုတ်ပါဘူး ဖေဖေရယ်။

**အကျွန်ုပ်** အေး..၊ ဟုတ်တယ်၊ ဘယ်လောက်ပဲ ပညာရှိရှိ လူပုဂ္ဂိုလ်ရဲ့အဖြေကတော့ ရှင်းတယ်။ ဘယ်သူမှလည်း မငြင်းနိုင်ဘူး။ မယုံရင်လာစမ်းကြည့်လို့ အစမ်းခံရဲတဲ့ အဖြေမျိုး သမီးရဲ့။

**သမီး** ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရား ဖြေတော်မူတာက လူတွေ အန္တရာယ်ကင်း

www.burmeseclassic.com

www.burmeseclassic.com



ဘေးမရှင်းရတဲ့ အကြောင်းက တခြားမဟုတ်ဘူး။ ဣဿာမစ္ဆရိယ ဆိုတဲ့ အကုသိုလ်စိတ်ကြောင့် ဖြစ်ရတာပဲတဲ့ကွယ်။ ဣဿာမစ္ဆရိယ မကင်းလို့ဘဲ တဲ့။ ဣဿာမစ္ဆရိယကို မပယ်နိုင်လို့ ဖြစ်ရတာပဲတဲ့။ ဣဿာက မနာလိုတာ ငြူစူတာ မစ္ဆရိယက ဝန်တိုတာ၊ လူများပစ္စည်းကိုတော့ လိုချင်တပ်မက်တယ်။ သူများကို ဖျက်ဆီးချင်တယ်။ ကိုယ့်ပစ္စည်းကျတော့ သူများ ယူသွားမှာ စိုးရိမ်တယ်။ မပေးနိုင်ဘူး။ ပါသွားရင် မခံနိုင်ဘူး။ ဒီသဘော ရှိနေရင် ဘယ်တော့မှ အန္တရာယ် မကင်းဘူး။ ဘေးမရှင်းဘူး။ ဒါလက်တွေ့ ထင်ရှားတဲ့ တရားပဲ သမီးရဲ့။ ဘုရားက ဒီလို ဖြေတော်မူတာကို သိကြားမင်းက မကျေနပ်သေးဘူး ထပ်မေးပြန်တယ်။ အရှင်ဘုရား ဣဿာမစ္ဆရိယဟာ ဘာအကြောင်းကြောင့် ဖြစ်ရတာလဲ ဘုရားတဲ့။ ဘာမေးတာလဲ။

သမီး ဣဿာမစ္ဆရိယကို ဖြစ်စေတတ်တဲ့ အကြောင်းတရားကို မေးတာ ပါ ဖေဖေ။

အကျွန်ုပ် ဒီနေရာမှာတော့ အကြောင်းဟုတ်သည် မဟုတ်သည်ကို ခွဲခြား သိဖို့ လွယ်ပါ့မလား။

သမီး မလွယ်ပါဘူး ဖေဖေ။ သမီးခေါင်းထဲ အဖြေရှာကြည့်ပါတယ် ဖေဖေ။

အကျွန်ုပ် ဘာပေါ်သလဲ။

သမီး ဟင့်အင်း ဘာမှ မပေါ်ပါဘူး ဖေဖေ။

အကျွန်ုပ် အေး..၊ ဒါဟာ သိဖို့ လွယ်တဲ့ ကိစ္စမဟုတ်ဘူး။ ဒီအကြောင်းကို သာ တိတိကျကျ သိရင် ဣဿာမစ္ဆရိယ ကင်းအောင် လုပ်လို့ လွယ်တာပေါ့။ အကြောင်းဆက်လိုက်ရင် အကျိုးပေးမှာပဲကိုးကွယ်။

သမီး သိကြားမင်းရဲ့ အမေးတွေက သိပ်ပိုင်တာပဲ။ ဒါကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘယ်လို ဖြေသလဲ ဖေဖေ။

အကျွန်ုပ် အေး..၊ ဘုရား ဖြေတော်မူတာက ပြတ်သားတယ်။

သမီး ဘယ်လိုလဲ ဖေဖေ။

အကျွန်ုပ် မနာလိုဝန်တို ဖြစ်ရတာ အင်္ဂလိပ်လိုတော့ envy, jealousy, ill လို့ ဆိုရတာပေါ့ကွယ်။ ဣဿာရဲ့ သဘောအကျယ်၊ မစ္ဆရိယရဲ့ သဘောအကျယ်ကို သမီးသိချင်ရင်တော့ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ ကိုယ်ကျင့်အဘိဓမ္မာ စာအုပ်မှာ လေ့လာကြည့်ပေါ့ကွယ်။

သမီး ဖေဖေကလည်း တစ်ဆက်တည်း သမီး နားလည်အောင် ဖေဖေပဲ ပြောပြပါလား။

www.burmeseclassic.com

www.burmeseclassic.com



**အကျဉ်းနိုပ်** ဖေဖေ ပြောပြလည်း ရပါတယ်။ ဒါပေမဲ့ သမီးကိုယ်တိုင် လေ့လာကြည့်တော့ မစ္ဆရိယငါးမျိုးဆိုတာ ဘာလဲဆိုတာပါ သိသွားမှာပေါ့။ မဟုတ်ဘူးလား။ ဒီမှာ ဖေဖေ ပြောချင်တာက ဣဿာဆိုတာ ကိုယ်ထက်သာ မနာလိုတာ၊ အကြံတူ ရန်သူလုပ်တာ၊ ငါးပိသည်က ရွှေသည်အပေါ် ဣဿာဖြစ်ဖို့ ခဲယဉ်းတယ်။ ရွှေသည်ချင်း ငပိသည်ချင်းကျတော့ ဣဿာဖြစ်တယ်။ ဆရာတော်ကြီးက ရဟန်းသံဃာ အချင်းချင်း၊ ဓမ္မကထိကချင်း၊ စာချဘုန်းကြီးချင်း၊ ဆရာတော်ချင်းတောင် ဣဿာဖြစ်တတ်တယ်လို့ ဖော်ပြထားတယ်။ (နှာ-၆၈) ဒီမှာ မဟာဂန္ဓာရုံ ဆရာတော်ကြီးက ဟိမဝန္တာမြဂူမှာ အောင်းနေတဲ့ ခြသေ့်တစ်ကောင်ကို ဝက်တွေက ကြောက်ရွံ့ပြီး မနာလိုဖြစ်ကြရုံမျှသာမက အကွက်တောက်နေတဲ့ မြဂူကိုတောင် မမြင်ချင်၊ မရှုချင်ဖြစ်ပြီး ဝက်အချင်းချင်း တိုင်ပင်ပြီး ရွှံ့တွေနဲ့ ကိုယ်ကို လိမ်းကျံပြီး မြဂူကို အရောင်မှိန်အောင် လုပ်သတဲ့။ အဲဒါ ဝက်တွေ ရွှံ့နဲ့ လိမ်းကျံလို့ မြဂူအရောင် မညှိုးတဲ့အပြင် တိုးလို့သာ ပြောင်လက်လာသတဲ့ကွယ်။ ဣဿာဖြစ်မှုကြောင့် အဖြစ်ခံရသူမှာ အကျိုးမယုတ်ဘဲ၊ ဣဿာဖြစ်သူမှာသာ အကျိုးယုတ်တတ်ကြောင်း၊ ပညာရှိ အထင်သေးခံရတတ်ကြောင်း၊ သံသရာမှာလည်း အောက်တန်းကျဖို့သာ အကြောင်းရှိကြောင်းများကို ဟောထားတယ် သမီးရဲ့။ ပြီးတော့ ဆရာတော်က ဣဿာနဲ့ ဆက်နွယ်ပြီး အတ္တုက္ကံသန = မိမိကိုယ်ကို ချီးမြှောက်ခြင်းနဲ့၊ ပရဝမ္ဘန-သူတစ်ပါးကို ရှုတ်ချခြင်း အပြစ်အကြောင်းကိုလည်း ဖော်ပြထားတယ်။

လောကပတ်ဝန်းကျင်ကိုသာ သမီးကြည့်တတ်မယ်ဆိုရင် ဘုရားဟောတရားဟာ ဘယ်လောက်မှန်သလဲဆိုတာ မမြင်ချင်အဆုံးပဲ၊ မကြားချင်အဆုံးပဲ မဟုတ်လားကွယ်။ ကဲ ဣဿာမစ္ဆရိယကြောင့် သတ္တဝါတွေမှာ အန္တရာယ်မကင်းဘူး။ ဘေးမရှင်းဘူးဆိုတာ ပေါ်ပြီနော်။

**သမီး** ပေါ်ပါပြီ ဖေဖေ။ မစ္ဆရိယ ငါးမျိုးဆိုတာ ပြောပြပါဦး။

**အကျဉ်းနိုပ်** မစ္ဆရိယဆိုတာ envy ပဲ၊ jealousy ပဲလေ၊ မနာလိုတာ ဝန်တိုတာပေါ့ကွယ်။ သူတစ်ပါး မရစေချင်တာ၊ သူများ ရသွားမှာ စိုးရိမ်တာ မစ္ဆရိယပဲကွယ်။ ဘုရားက မစ္ဆရိယ ငါးမျိုးဟောတယ်။ (၁) အာဝါသမစ္ဆရိယ-နေရာဌာနနဲ့ ပတ်သက်တဲ့ မနာလို ဝန်တိုခြင်း၊ (၂) ကုလမစ္ဆရိယ-ကိုယ့်ဆွေမျိုး၊ ကိုယ့်သားများ ကိုယ့်ဒကာများက သူများဘက် ပါသွားမှာ သူများကို ဆက်ဆံမှာ ကိုးကွယ်ဆည်းကပ်မှာကို မနာလိုတာ၊ (၃) လာဘမစ္ဆရိယ-ပစ္စည်းဥစ္စာ လာဘ်လာဘ အခွင့်အရေးတို့၌ မနာလို ဝန်တိုတာ (၄) ဝဏ္ဏမစ္ဆရိယ-ကိုယ်အဆင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သတင်း နှစ်မျိုးလုံး၌ ဝန်တိုခြင်း။ (၅) ဓမ္မမစ္ဆရိယ–မိမိတတ်သိသော တရား (အတတ်ပညာ) ၌ ဝန်တိုခြင်း။ ငါးမျိုး မှတ်ထားနော် သမီး။

**သမီး** နားလည်ပါပြီ ဖေဖေ။ ဣဿာမစ္ဆရိယ ဘာကြောင့် ဖြစ်ရသလဲ ဆိုတော့ မြတ်ဗုဒ္ဓက အချစ်အမုန်းကြောင့်လို့ ဖြေလိုက်တာ ရင်ထဲ စူးဝင်သွားသလိုပါပဲ ဖေဖေရယ်။ နက်နဲလိုက်တာ၊ လူ့သဘော၊ လောကသဘော ထင်ရှားလိုက်တာ၊ အံ့သြစရာ ကောင်းလိုက်တာ။

**အကျွန်ုပ်** ဒါတင်မကသေးဘူး သမီးရဲ့။ သိကြားမင်းက သူ့မေးခွန်း မဆုံးသေး ဘူးဆိုပြီး ဆက်မေးပြန်တယ်။

**သမီး** ဘယ်လို မေးသေးလဲ ဖေဖေ။

**အကျွန်ုပ်** ချစ်ခြင်း မုန်းခြင်းဆိုတာ တရားကိုယ်ကတော့ ချစ်ခြင်းက လောဘ ပဲ။ မုန်းခြင်းက ဒေါသပဲလေ။ သိကြားမင်းက ဆက်မေးတယ်။ ချစ်ခြင်း မုန်းခြင်း ဘယ်ကလာတာလဲ၊ ဘာကြောင့် ဖြစ်တာလဲ ဘုရားတဲ့။

**သမီး** ဘုရားအဖြေက ဘယ်လိုလဲ ဖေဖေ။

**အကျွန်ုပ်** ဘုရားက တစ်လုံးတည်း ဒက်ခနဲ ဖြေတော်မူတယ်။ ချစ်ခြင်း၊ မုန်းခြင်းဟာ ဆန္ဒက လာတာပဲတဲ့။ ဒီနေရာမှာ ဘုရားက ဟောလို့ ဆန္ဒငါးမျိုး ရှိကြောင်းလည်း ဆရာတော်က ဟောပြန်တယ်။

**သမီး** ဆန္ဒငါးမျိုးကို သိပါရစေ ဖေဖေ။

**အကျွန်ုပ်** အင်း . . ၊ သိသင့်တယ်၊ ဘုရားဉာဏ်ဘယ်လောက် ပိုင်သလဲ၊ ပေါ်လာလိမ့်မယ်။ ဆန္ဒငါးမျိုးဆိုတာ (၁) ရှာမှီးတဲ့ ဆန္ဒ၊ (၂) ရပြန်တော့ ဝမ်းသာတဲ့ ဆန္ဒ၊ (၃) ပဋိလာဘဆန္ဒ၊ (၄) ရလာတော့ သုံးဆောင်ချင် တဲ့ ဆန္ဒ၊ (၅) သုံးဆောင်ချင်တော့ သိမ်းဆည်းချင်ပြန်ရော ဒါလည်း လောဘ ဆန္ဒပဲလေ၊ သိမ်းဆည်းပြီး ခွဲစိတ်ဝေခြမ်းချင်တဲ့ ဆန္ဒ လာပြန်ဦးမယ်။ ဒီဆန္ဒ ငါးမျိုးကြောင့် ချစ်ခြင်း မုန်းခြင်း လာတယ်တဲ့။ ဒီ ဣဿာမစ္ဆရိယကြောင့် ကိုယ်မှာ ရောဂါအနာတွေလည်း ရတတ်သတဲ့။ ဒီအဖြေတွေကို နာရတော့ သိကြားမင်း သောတာပန်တောင်တည်သွားသတဲ့ကွယ်။ တစ်ခါ သိကြားက ဒီဆန္ဒတွေ ဘယ်က လာတာလဲ၊ ဘာကြောင့် ဖြစ်တာလဲလို့ မေးမြန်းတယ်။

**သမီး** ဘုရားက ဘယ်လိုဖြေသလဲ ဖေဖေ။

**အကျွန်ုပ်** ဘုရားအဖြေက တစ်လုံးတည်း တစ်ခွန်းတည်း ဘာမှ မတိမ်း မစောင်းဘူး။ ဝိဘတ်ကြောင့် ဖြစ်တာတဲ့။

**သမီး** အင်း . . ၊ ဒီလောက်နက်နက်နဲနဲ သိဖို့ မလွယ်ပါလား ဖေဖေရယ်၊ ဘုရားမို့သာ ဖြေနိုင်တာပဲနော်။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** တစ်ခါ သိကြားမင်းက ဝိဘတ်ကကော ဘယ်ကလာတာလဲလို့ ထပ်မေးတယ်။

**သမီး** ဘုရားက ဘယ်လို ဖြေသလဲ ဖေဖေ။

**အကျွန်ုပ်** အဲဒီဝိဘတ်က ပပဉ္စတရား၊ (တဏှာ၊ မာန၊ ဒိဋ္ဌိ) က လာတာပဲတဲ့ သမီးရဲ့။

**သမီး** ဒါဆိုရင် သတ္တဝါတွေ အန္တရာယ်ကင်း ဘေးရှင်းချင်ပါလျက် အန္တရာယ်မကင်း ဘေးမရှင်းတာဟာ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား အရင်းခံကြောင့်ပဲပေါ့နော် ဖေဖေ။ အနုလုံသဘောနဲ့ ပြောရင်တော့ အန္တရာယ်မကင်း ဘေးမရှင်းတာဟာ ဣဿာမစ္ဆရိယကြောင့်၊ ဣဿာမစ္ဆရိယကလည်း အချစ်အမုန်းကြောင့် ဖြစ်တာ၊ တစ်ခါ အချစ်အမုန်းကလည်း ဆန္ဒက လာတာနော်။ ဆန္ဒကလည်း ဝိဘတ်က လာတာ ဖြစ်နေပြန်တယ်။ ဝိဘတ် ဘယ်ကလာသလဲ မေးတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ (ပပဉ္စတရား) က လာတယ်လို့ ဘုရား ဖြေတယ် မဟုတ်လား။ ဒါဆိုရင် ပဋိလုံအားဖြင့် ပြောင်းပြန်သွားကြည့်ရင် ပပဉ္စကြောင့် ဝိဘတ်။ ဝိဘတ်ကြောင့် ဆန္ဒ၊ ဆန္ဒကြောင့် အချစ် (လောဘ) အမုန်း (ဒေါသ) အချစ်အမုန်းကြောင့် ဣဿာမစ္ဆရိယ (မနာလိုဝန်တို) ဖြစ်ရတယ်။ မနာလိုဝန်တိုမှုကြောင့် သတ္တဝါတွေမှာ အန္တရာယ်မကင်း ဘေးမရှင်းဘူးဆိုတဲ့ ကြောင်းကျိုးဆက်ပုံတရား ပေါ်လာတယ် ဖေဖေ။

**အကျွန်ုပ်** အဲဒါလည်း ခန္ဓာပဋိသစ္စာသမုပ္ပာဒ်တစ်ခုပဲပေါ့ သမီးရဲ့။ သမီးက ပဋိသစ္စာသမုပ္ပာဒ်ကို အနုလုံ၊ ပဋိလုံ ဆင်ခြင်တတ်နေပြီပဲ။

**သမီး** ဒါဆိုရင် ပပဉ္စကို ပပျောက်သွားအောင် သတ်နိုင်ရင် သတ္တဝါတွေ အန္တရာယ်ကင်း ဘေးရှင်းတဲ့ အဖြစ်ကို ရောက်နိုင်ပြီလို့ ဆိုရမှာပေါ့ နော်။

**အကျွန်ုပ်** ဟား. . .၊ ဆိုနိုင်ရုံ ဘယ်ကမလဲ၊ ဒီဘဝမှာလည်း အန္တရာယ်ကင်း ဘေးရှင်းတဲ့ဆီ ရောက်တယ်။ သံသရာမှာလည်း အပါယ်တံခါး ပိတ်ကရောပေါ့ကွယ်။

**သမီး** ဒါကြောင့် မြတ်ဗုဒ္ဓက အကြောင်းဟုတ်သည် မဟုတ်သည်ကို သိဖို့ ကျွမ်းကျင်လိမ္မာဖို့ အရေးကို ကိုယ်ရည်ကိုယ်သွေးကောင်း တစ်ခုအဖြစ် ဟောတော်မူခဲ့တာနဲ့ တူပါတယ်။

**အကျွန်ုပ်** အမှန်ကတော့ မြတ်ဗုဒ္ဓဟာ လူသားတွေရဲ့ ဘဝဆင်းရဲတွင်းက လွတ်မြောက်ကြောင်း တရားတွေကို အစုံအလင် ဟောတော်မူ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဖြစ်ပါတယ် သမီးရဲ့။ ဒါပေမဲ့ ဖေဖေတို့ မြန်မာဗုဒ္ဓဘာသာဝင်တွေက မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို အနှစ်သာရကို နားလည်အောင် အားမထုတ်ကြဘူး။ အပေါ်ယံ မိရိုးဖလာလောက်နဲ့ ပြီးနေကြတယ်။ ဒီတရားတွေဟာ ပစ္စက္ခလူ့ဘောင် အကျိုးစီးပွားအတွက်လည်း အသုံးချတတ်ရင် တန်ဖိုးမဖြတ်နိုင်တဲ့ တရားတော်တွေ ချည်းပဲကွယ်။ ဒါပေမဲ့ တချို့သော ရဟန်းသံဃာတော်တွေက မြတ်ဗုဒ္ဓရဲ့ လေးနက်တဲ့ တရားတော်တွေကို လူတွေက နှိုက်နှိုက်ချွတ်ချွတ် သိကုန်ရင် သူတို့အတွက် အနေမချောင်ဘူး ထင်ပြီး သစ္စာဆိုက်အောင်၊ အမှန်သိအောင် မလုပ်ချင်ကြဘူး။ တလောကပဲ ဖေဖေ့ဆီကို လူတစ်စု ရောက်လာတယ်။ သူတို့ ကိုးကွယ်တဲ့ ဆရာတော်က သင်ထားပုံက မဂ်ကိစ္စဖိုလ်ကိစ္စဟာ လူသာမန်တွေရဲ့ ကိစ္စမဟုတ်ဘူး။ လူနဲ့ မဆိုင်ဘူး။ လူဆိုတာ သူတော်ကောင်းတရား ခုနစ်ပါး တည်ရင် ပြီးတယ်လို့ သင်ထားသတဲ့။

**သမီး** အင်း. . .၊ ဒီလူကြီးတွေကတော့ ခေါက်ရိုးကျိုးကျေနေလို့ မီးပူထိုးတာတောင် မစန့်တဲ့ အဝတ်အထည်တွေနဲ့ တူနေပါပြီ ဖေဖေရယ်။ အရေးကြီးတာက နောင်လာနောက်သား လူငယ်တွေ အထင်မှား အမြင်မှား မဖြစ်ဖို့ အရေးကြီးပါတယ် ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ လူငယ်တွေအကြောင်း ဟုတ်သည် မဟုတ်သည်၌ ကျွမ်းကျင်ဖို့ လိမ္မာဖို့ သိပ်အရေးကြီးတယ်။ သူတို့ ခေါင်းထဲမယ် အမြင်ကြည်လင်ဖို့ လိုပါတယ်ကွယ်။ အကြောင်း ဟုတ် မဟုတ်ကို သိအောင် ကျွမ်းကျင်လိမ္မာအောင် ထပ်စုံစမ်းဖို့လည်း လိုတယ်ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရား ဇာတကနိပါတ် ပါဒဥလီဇာတ်မှာ ဟောပါတယ်ကွယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ ပြဿနာတွေ ဖြစ်ရင်၊ ဘယ်အကြောင်းကြောင့် ဖြစ်သလဲ၊ ဘယ်အကြောင်းကြောင့် ဖြစ်နိုင်တယ်၊ ဘယ်အကြောင်းက မဖြစ်နိုင်ဘူးဆိုတာ ခွဲခြားသိဖို့ စိစစ်ဖို့လိုတဲ့ သဘောပဲဖြစ်မယ် ထင်ပါတယ်ဖေဖေ။ နောက်ထပ် အကြောင်းဟုတ်သည် မဟုတ်သည် ကျွမ်းကျင်လိမ္မာသူဖြစ်ဖို့ ကိုယ်ရည်ကိုယ်သွေး ပြုစုပျိုးထောင်ရေးကိစ္စမှာ ဘယ်အချက်တွေကို သိဖို့ လိုတယ်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောတော်မူပါသေးသလဲ ဖေဖေ။

**အကျွန်ုပ်** အကြောင်းဟုတ်သည် မဟုတ်သည်ကို သိကျွမ်းလိမ္မာဖို့ အရေးဟာ အလွန်ကျယ်ဝန်းပြီး နက်နဲပါတယ်ကွယ်။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိဖို့မှာ အချိန်ကာလကို ကြည့်တတ်ဖို့လည်း လိုတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



လူမှန် နေရာမှန် ဟုတ်မဟုတ် သိဖို့လည်း လိုတယ်။ ဒီအကြောင်းကို မြတ်စွာဘုရားသည် တဏ္ဍုလာနဠိဇာတ်မှာ ဟောတယ်။

**သမီး** ဘယ်လိုလဲ နည်းနည်းလောက် ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** ရှေးလွန်လေပြီးသော အတိတ်ကာလတုန်းက ဘုရားလောင်းဟာ ဘုရင်တစ်ပါးထံမှာ ရာဖြတ်အမတ် ဖြစ်ခဲ့သတဲ့။ မင်းက အလိုရမှုက်ကြီးလှတယ်တဲ့။ ရာဖြတ်အမတ်က ပစ္စည်းကို တန်ရာတန်ဖိုး ဖြတ်ပေးတယ်။ ဒါကို ဘုရင်က ဒီရာဖြတ်တန်ဖိုးဖြတ်တာ များလွန်းတယ်။ ငါ၏ မင်းဘဏ္ဍာတော်များ မကြာမီ ကုန်လိမ့်မည်ဆိုပြီး မိုက်မဲသော ရာဖြတ်သစ်တစ်ဦးကို ခန့်ထားသတဲ့။ ရာဖြတ်သစ်က ပစ္စည်းတန်ဖိုးကို လျှော့ဖြတ်သတဲ့။ မြင်းကုန်သည်တွေ ယူလာတဲ့ မြင်းအကောင်ငါးရာရဲ့ တန်ဖိုးကို တစ်ကွမ်းစားပဲဟု ဖြတ်သတဲ့။ ဒါကို ပစ္စည်းရှင်တို့က မကျေနပ်လို့ ရာဖြတ်သစ်ကို တံစိုးထိုးပြီး တစ်ကွမ်းစားရဲ့ တန်ဖိုးကို ပြောပါဆိုလျှင် ရာဖြတ်မင်းက တစ်ကွမ်းစား၏ တန်ဖိုးကို ဘယ်၍မည်မျှ ထိုက်တန်ကြောင်း ဘုရင်ရှေ့မှောက်မှာ ပြောပေးပါဆိုပြီး ခေါ်သွားသတဲ့။ ဒီရာဖြတ်မိုက်ဟာ ဘုရင့်ရှေ့တော်ကို ရောက်တော့ "အချင်းရာဖြတ်၊ တစ်ကွမ်းစား၏ တန်ဖိုးသည် ဘယ်လောက်ရှိသလဲလို့ မေးသတဲ့။ ရာဖြတ်က တစ်ကွမ်းစားဆိုတာ အတွင်းတစ်ဆယ့်နှစ်ယူဇနာ၊ အပြင်ယူဇနာ သုံးရာကျယ်ဝန်းတဲ့ ဗာရာဏသီ တစ်ပြည်လုံး ထိုက်ပါတယ်" လို့ ဖြေသတဲ့။ ဒီအခါကျမှ ဘုရင့်အပါးမှာ ခစားတဲ့ မှူးကြီးမတ်ရာတွေက လက်ခုပ်လက်ဝါး တီးပြီး ရယ်ကြတာပေါ့ကွယ်။ ဘုရင်လည်း အရှက်ရပြီး ရာဖြတ်သစ်ကို နှင်ထုတ်လိုက်သတဲ့။

**သမီး** ဒီဇာတ်ကလည်း အကြောင်းဟုတ်သည် မဟုတ်သည် အလိမ္မာ ကျွမ်းကျင်မှုဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေး အရေးကြီးကြောင်းကို သိနားလည်စေပါတယ် ဖေဖေ။ သမီးတို့ ဒီအကြောင်းကို ဆွေးနွေးခဲ့ကြတာ အတော်အသင့် စုံလင်ပါပြီ ဖေဖေ၊ ဒီကရပ်ပြီး တခြား ကိုယ်ရည်ကိုယ်သွေး တစ်ခုအကြောင်းကို ဆွေးနွေးပါဦး ဖေဖေ။

**အကျွန်ုပ်** ကဲ...၊ သမီးကျေနပ်ပြီဆိုရင် နောက်အကြောင်းအရာ တစ်ခုကို ပြောင်းကြသေးတာပေါ့။ နေဦး ဘုရားဟောတော်မူထားတဲ့ အကြောင်းထဲက ဘယ်အကြောင်းကို ဆက်ပြောသင့်သလဲ၊ စဉ်းစားလိုက်ဦးမယ်။ ဟုတ်ပြီး 'အဇ္ဈဝ' ဆိုတဲ့ ဖြောင့်မတ်သူဖြစ်ကြောင်း တရားအကြောင်းကို ဆက်ပြီး ဆွေးနွေးကြတာပေါ့။

**သမီး** ကောင်းပါပြီ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com

# ၇။ ဖြောင့်မတ်သောသူ ဖြစ်ကြောင်းတရား

သမီးငယ် ယာယာ၏ စိတ်အားထက်သန်မှု(Seriousness)ကို နှစ်သက်မိသည်။ သူသည် အသိဉာဏ် ဖွံ့ဖြိုးရေး၌ မရောင့်ရဲလွယ်သူ ဖြစ်သည်။ ယခုလည်း သူသိလိုသော မြတ်ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရားအကြောင်းကို ဆက်လက် မေးမြန်းစုံစမ်းရန် အတွက် အပေါ်ထပ်ရှိ အကျွန်ုပ်၏ စာရေး စာဖတ်ခန်း ထဲသို့ စောစောစီးစီး သူ ဝင်လာပြန်သည်။

**သမီး** — သမီး ဘုရားမှာ ရေချမ်းနဲ့ ပန်းတွေ ကပ်လှူပြီး ဘုရားရှိခိုးလို့လည်း ပြီးပြီ။ တရားကိုလည်း နာရီဝက်တိတိ အားထုတ်ခဲ့ပြီးပြီ ဖေဖေ။

**အကျွန်ုပ်** — သမီးက ဘယ်အလုပ်ကိုပဲ ဖြစ်ဖြစ် မနိုမကတ်ဘဲ ကိုယ့်တာဝန် ကိုယ်ယူပြီး ဆောင်ရွက်တတ်တာ ဖေဖေက သဘောကျတယ်။ ခုလည်း မနေ့က ဖေဖေတို့ ပြောခဲ့ကြတဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး မြတ်ဗုဒ္ဓရဲ့ အမြင်တွေကို မေးဖို့ ဝင်လာတာ မဟုတ်လား။

**သမီး** — ဟုတ်ပါတယ် ဖေဖေ။ သမီးက အကြောင်းအရာတစ်ခုကို ခေါင်းထဲမှာ လုံးစေ့ပတ်စေ့ ရှင်းရှင်းမသိရရင်၊ ထမင်းဝအောင် မစားရလို့ ဆာလောင်နေသလိုပဲ ခံစားရပါတယ် ဖေဖေ။

**အကျွန်ုပ်** — အင်း. . ။ ဒီလို စိတ်အားထက်သန်မှုမျိုး ရှိတာဟာလည်း ကိုယ်ရည်ကိုယ်သွေးကောင်းတစ်ခုပါပဲကွယ်။ ကဲ. . ။ သမီး ဘာသိချင်သေးလို့လဲ၊ မေးပါ။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးနှင့် ဆိုင်တဲ့ အကြောင်းတရားတွေ၊ အချက်အလက်တွေဟာ မစုံသေးဘူး၊ မကုန်သေးဘူးလို့ ထင်ပါတယ် ဖေဖေ။ အဲဒါ ဆက်ပြီး ပြောပြပါဦးလို့ အဖေကြီးကို နားပူအောင် လုပ်မလို့လာတာလေ. . ဟဲ. . ဟဲ။

**အကျွန်ုပ်** ဒီလို ဗဟုသုတများဖို့ အမြင်ကျယ်အောင်လုပ်တာကို မိဘတွေစိတ်ထဲမှာ၊ ဆရာသမားတွေ စိတ်ထဲမှာ နားပူနားဆာ လုပ်တယ်လို့ မထင်တတ်ပါဘူး သမီးရယ်။ ကဲ. .၊ ဒါထားပါတော့ ဒီနေ့ ဆက်ပြောရမှာက ကိုယ်ရည်ကိုယ်သွေးထဲမှာ ဖြောင့်မတ်သူ ဖြစ်ကြောင်းတရား 'အဇ္ဇဝကာ' ဖြောင့်မတ်သူရဲ့ အဖြစ်ဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်တယ်ကွယ်။ ဖြောင့်မတ်[illegible] honesty ပါဠိလို အဇ္ဇဝလို့ ခေါ်တယ်။ ရိုးသားတာက simple, native လို့ ဆိုရတော့ ရိုးတာမှာ အ,တာ ပါနေတယ်။ ဒါကြောင့် silly ဆိုတဲ့ ပညာမဲ့တဲ့ သဘော၊ မိုက်မဲတဲ့ သဘော၊ တွေဝေတဲ့ သဘောတွေ ပါတယ်။ honesty တို့၊ ingenuousness ဆိုတာကျတော့ ဖြောင့်မတ်တာ၊ ဖြောင့်မတ်ခြင်းမှာ သစ္စာရှိခြင်း သဘော faithful ရော၊ စစ်မှန်ခြင်းသဘော၊ စင်ကြယ်ခြင်း bona fide သဘောအထိ သက်ဝင်တယ်။ ဖြောင့်မတ်ခြင်းမှာ ထိန်းချုပ်မှု မရှိခြင်း၊ ပွင့်လင်းခြင်း၊ အပြစ် ကင်းစင်ခြင်း သဘောတွေပါတယ်။ artless ကလိမ်ကကျစ် မလုပ်ဘူး။ ပရိယာယ်မာယာ မများဘူး။ Innoöcent အပြစ်ကင်းစင်ခြင်းသဘောရှိတယ်။ noble မြင့်မြတ်ခြင်းသဘော ရှိတယ်။ ဒါက ခေတ်သစ်အင်္ဂလိပ်အဘိဓာန်ကြီး တစ်ခုဖြစ်တဲ့ Random House မှာ ဖွင့်ပြထားတာကွဲ့။ ဘုရားဟောထားတာကတော့ ဖြောင့်မတ်သူဖြစ်ကြောင်း တရားတွေထဲမှာ 'အဇ္ဇဝတာ' ဆိုတာကတော့ မကောက်ကျစ် သည်၏ အဖြစ်ကိုရော၊ 'အဇိမှတာ' မကွေးသည်၏ အဖြစ်ကိုရော၊ မကိုင်းမညွတ် သည်၏ အဖြစ်ကိုရော 'အကုဋိလတာ' ဖော်ပြတာ တွေ့ရတယ်။

**သမီး** သမီးနည်းနည်းတော့ ခံစားတတ်လာပါပြီ ဖေဖေ။ ဒီနေရာမှာ ဖြောင့်မတ်ခြင်းသဘောတွေကို ရင်ထဲက နားလည်ဖို့အတွက် မဖြောင့်မတ်ခြင်းသဘောတွေကို သိရင် ပိုပြီးများ အမြင်ရှင်းမလား မသိဘူး ဖေဖေရယ်။

**အကျွန်ုပ်** ဆန့်ကျင်ဘက်သဘောနဲ့ ယှဉ်ပြတော့ ပိုပြီး သိမြင်လွယ်တာပေါ့ကွယ်၊ သမီးရဲ့ ထင်မြင်ချက် ယူဆချက်ဟာ မှန်လိမ့်မယ်။ မြတ်ဗုဒ္ဓက သဘောအတော်များများကို ပြပြီး အဲဒီမဖြောင့်မတ်ခြင်း သဘောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်း၊ ပျက်စီးခြင်း ဖြစ်ရပုံများကို တော်တော်များများ ဟောကြားတော်မူခဲ့တယ် သမီးရဲ့။

**သမီး** ဖြောင့်မတ်ခြင်း သဘောရဲ့ ဆန့်ကျင်ဘက် သဘောတွေကို ဘယ်လိုများ ပြသလဲ ဖေဖေ။

**အကျွန်ုပ်** မဖြောင့်မတ်ခြင်း သဘောကတော့ (၁) ဟန်ဆောင်ခြင်း၊ အယောင် ဆောင်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်ဖြားခြင်း၊ မကောင်း ကြံစည်ခြင်း စသည်တို့ကို ပြတယ်။ မြတ်စွာဘုရားက ဘီမသေနဇာတ်မှာ အယောင် ဆောင်ခြင်း သဘောကို ပေါ်လွင်အောင် ဟောကြားတော်မူခဲ့တယ်။

**သမီး** ခြသေ့ယောင် ဆောင်သော မြေခွေးဆိုတာမျိုးလား ဖေဖေ။

**အကျွန်ုပ်** ဟုတ်တာပေါ့။ ဒေါင်းယောင်ဆောင်သော ကျီးဆိုတာ သမီး ကြားဖူးတယ် မဟုတ်လား။

**သမီး** ကြားဖူးပါတယ် ဖေဖေ။

**အကျွန်ုပ်** အေး . . ၊ အယောင်ဆောင်ခြင်းဟာ ဖြောင့်မတ်ခြင်းကို ပစ်ပယ်တဲ့ သဘောပဲ သမီးရဲ့။ သမီးပြောတဲ့ ခြသေ့ယောင်ဆောင်တဲ့ မြေခွေး ဇာတ်ဝတ္ထုကို မြတ်စွာဘုရား ဘာကြောင့် ဟောတော်မူသလဲ ဆိုတာကော သမီးသိရဲ့လား။

**သမီး** ပုံဝတ္ထုကို ကြားဖူးတယ် ဆိုတာ အပြည့်အစုံ ဝတ္ထုဇာတ်လမ်းနဲ့ တကွ ဘာကြောင့် ဒီပုံဝတ္ထုကို မြတ်စွာဘုရား ဟောတော်မူသလဲ ဆိုတာ ကြားဖူးတာ မဟုတ်ပါဘူး။ ခြသေ့ယောင်ဆောင်တဲ့ မြေခွေးလိုပဲလို့ သူများ ပုံနိုင်းနိုင်းပြီး ပြောတာ ကြားဖူးရုံ ရှိတာပါ။

**အကျွန်ုပ်** အင်း . . ၊ ဒါဆို ရိုးဖြောင့်ခြင်း၊ ဖြောင့်မတ်ခြင်း သဘောကောင်းတဲ့ အယောင်ဆောင်တတ်တဲ့ ရှင်ဒေဝဒတ်ကို အကြောင်းပြုပြီး ဒီဇာတ် ကို ဟောတာ သမီးရဲ့။ ဒေဝဒတ် ကျဆုံးတာဟာ ဖြောင့်မတ်ခြင်း မရှိလို့ပဲကွဲ့။

**သမီး** ဟုတ်လား ဖေဖေ၊ သမီးကို ပြောပြပါဦး။ သမီးတို့ လူငယ်တွေ အတွက် သင်ခန်းစာ ရအောင်လို့ပါ ဖေဖေ။

**အကျွန်ုပ်** သမီးရဲ့ စေတနာကို ဖေဖေက လေးစားပါတယ်ကွယ်။ ကိုယ်နဲ့ ခေတ်ပြိုင် လူငယ်တွေ ကိုယ်ရည်ကိုယ်သွေးကောင်းတွေ ဖွံ့ဖြိုးလာ စေချင်တဲ့ သမီးကို ဖေဖေက ပြောပြရတာ အကျိုးများပါတယ်။

**သမီး** ဖေဖေမှာ အကျိုးများတယ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** အိုကွယ်၊ သမီးကလည်း သမီးက ဒီလို စေ့စေ့စပ်စပ် မေးလို့ ဖေဖေကလည်း စိတ်ရှည်ရှည်နဲ့ ဖြေပေးတော့ လူငယ်တွေအတွက် အကျိုးများမည့် စာအုပ်တစ်အုပ် ဖေဖေ ရေးဖြစ်သွားတာပေါ့ကွယ်။

**သမီး** ဪ. . .၊ ဟုတ်တာပေါ့နော်၊ သမီးစိတ်ထဲမှာလည်း အကျိုးပြု စာအုပ်တစ်အုပ် ပေါ်ထွန်းလာစေချင်ပါတယ်။ အခုသမီးတို့ သူငယ်ချင်း ခေတ်လူငယ်တွေ ပြောသံကြားပါတယ်။ ဦးဆန်းလွင် ရေးတဲ့ စာအုပ်တွေကို ဖတ်ရတာ အစားကောင်းတစ်ခုကို စားရသလိုပဲတဲ့။

**အကျွန်ုပ်** ဖေဖေက ရသစာပေတွေ ရေးတာ မဟုတ်တော့သူတို့က အရသာတွေ့ကြလို့လား။

**သမီး** အရသာရှိတာ တစ်ခုတည်းနဲ့ဆိုရင် ကလေးကြိုက်တဲ့ ချိုချဉ် လောက်ပဲ တန်ဖိုးရှိမှာပေါ့ ဖေဖေရဲ့။ ခုသူတို့ ပြောတာက ဖေဖေ့ စာတွေက အရသာလည်း ရှိတယ်။ စားလိုက်ရင် ဗိုက်လည်း ဝပြီး အားလည်းရှိတဲ့ အစာ၊ အားရှိတဲ့ မုန့်နဲ့ တူတယ်တဲ့။ အားရှိတဲ့ မုန့်ဆိုတာ ဘာလဲလို့ မေးကြည့်တော့ ဆေးဖြစ်တဲ့ မုန့်မျိုးပေါ့တဲ့။ အားလည်းရှိတယ်။ စားပြီးရင် မျက်စိအမြင်လည်း ကြည်တဲ့ မုန့်မျိုးနဲ့ တူပါသတဲ့ ဖေဖေ။

**အကျွန်ုပ်** အား. . .၊ ဒါဆိုရင် ဖေဖေ စာရေးဆရာ ဖြစ်ခဲ့ရတာကိုလည်း ကျေနပ်သွားပြီ။ ဖေဖေ ဘဝမျိုးစုံမှာ ကျင်လည်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ စာရေးဆရာဘဝကိုတော့ အနှစ်သက်ဆုံးပဲ။ ဖေဖေတို့ ငယ်ငယ်တုန်းက စာရေးဆရာပေါက်စဘဝမှာ စာရေးဆရာဆိုတာ အရက်သမား၊ ကန်စွန်းရွက်နဲ့ ထမင်းစားရတဲ့လူကို ခေါ်တယ်လို့ လူတွေစိတ်ထဲမှာ မှတ်ထားကြတယ်၊ မြန်မာပြည်က စာရေးဆရာကြီးတွေဟာ ဆင်းဆင်းရဲရဲနဲ့ ကွယ်လွန်သွားကြရတာ များပါတယ်။ ဒါပေမဲ့ ကမ္ဘာမှာ ပေါ်ထွန်းခဲ့ကြတဲ့ စာရေးဆရာကြီးတွေကျတော့ ချမ်းချမ်းသာသာ နေနိုင်စားနိုင်ကြတာ တွေ့ရတယ်။ ဒါကြောင့် ဖေဖေက စာရေးခြင်းဖြင့် ရအပ်သော ချမ်းသာဆိုတာကို ရှာချင်ခဲ့တယ်လေ။ ချမ်းသာဆိုတာ စီးပွားဥစ္စာတစ်ခုတည်း မဟုတ်ဘူး။ မိမိ စာပေက နောင်လာနောက်သားတွေကို ကျေးဇူးပြုတယ်ဆိုတာကို သိရလို့ ခံစားရတဲ့ ပီတိ၊ သုခကို ပြောတာ။ ဖေဖေ ကံကောင်းပါတယ်။ အဲဒီ ချမ်းသာ နှစ်ခုစလုံးကို ဖေဖေ မသေခင်မှာပဲ ခံစားရတယ်လေ။ အဲ. . .၊ ဖြောင့်မတ်ခြင်းရှိသူ ဖြစ်စေတတ်သော အကြောင်းကို ပြောရင်း စကားက ဘယ်ရောက်သွားသလဲ မသိဘူး။

**သမီး** လူငယ်တွေအတွက် စာအုပ်ကောင်းတစ်အုပ် ဖြစ်လာဖို့ ရည်ရွယ် ကြောင်း ပြောရင်း ဘေးရောက်သွားတာပါ ဖေဖေ၊ ပြောနေတာက

www.burmeseclassic.com

www.burmeseclassic.com



ဒေဝဒတ်မှာ ဖြောင့်မတ်မှု မရှိဘဲ၊ အယောင်ဆောင်တတ်လို့ ပျက်စီးရတာကို အကြောင်းပြုပြီး ဟောတဲ့ ခြသေ့ယောင်ဆောင်တဲ့ မြေခွေးအကြောင်း ပြန်ပြောပါဦး ဖေဖေ။

**အကျွန်ုပ်** အေး . . အေး . . ၊ အဖြစ်က ဒီလို သမီးရဲ့၊ အယောင်ဆောင်တာ ဟာ တုပခြင်း တစ်မျိုးပဲ သမီး။ လောကမှာ မတုဘဲနဲ့ မတုသင့်ဘူး။ အစစ်က တန်ဖိုးကြီးတယ်။ အတုက ဘယ်တော့မှ တန်ဖိုးမရှိဘူး။ အတုပေါ်တယ် ဆိုတာ အစစ်ကို ဖျက်ဆီးဖို့ ကြိုးစားတာ၊ မဖြောင့်မတ်တာ။ ဒီလို ကောက်ကျစ်တဲ့ အတတ်မှာတော့ ရှင်ဒေဝဒတ်ဟာ တစ်ဖက်ကမ်းခပ်ပဲ။ ခုခေတ်မှာလည်း ကုန်ပစ္စည်း တစ်ခု စွံရင် အဲဒီကုန်ပစ္စည်းနဲ့ ဆင်တူယိုးမှား အယောင်ဆောင်အတုတွေ လုပ်ပြီး ကြီးပွားအောင် ကြံတတ်ကြတယ်။ ဒါပေမဲ့ ကြီးပွားမလာဘဲ ကိုယ်ပါ ဆုတ်ယုတ်ပျက်စီးတာပဲ များပါတယ်။ ဒါပေမဲ့ ဂျပန် လူမျိုးတွေဟာ ပင်ကိုအားဖြင့် ရိုးဖြောင့်တဲ့ လူမျိုးတွေဖြစ်တယ်။ ဒါကြောင့် သူတို့ စီးပွားရေး တိုးတက်ခါစ တုန်းက ဂျပန်လူမျိုးတွေဟာ သူများ ပစ္စည်းတွေကို တုပပြီး လိုက်လုပ်ကြတယ်။ ဒါပေမဲ့ သူများနာမည်၊ သူများတံဆိပ်တွေကို အရေးမလုပ်ဘူး။ သူ့နာမည် သူ့တံဆိပ် နဲ့ လုပ်တယ်။ ပစ္စည်းက လှတယ်။ ကောင်းတယ်။ သူများ ဈေးကွက်ထဲမှာ ဈေးလျှော့ရောင်းပြီး ကြာတော့ ဂျပန်ပစ္စည်းတွေကို လူကြိုက်များအောင် လုပ်နိုင်ခဲ့ တယ်။ ဒီလို တုတာက ယှဉ်ပြိုင်တာ၊ မသမာလုပ်တာ မဟုတ်ဘူး။ ဒါကြောင့် ဂျပန်လူမျိုး ကြီးပွားလာတယ်။ ဂျပန်ပစ္စည်းတွေ တစ်ကမ္ဘာလုံးမှာ ဈေးကွက်ရလာ တယ်။ တချို့နိုင်ငံတွေက ဒီလို မဟုတ်ဘူး။ ဂျပန်ပစ္စည်းတွေလို့ ထင်ယောင်ထင်မှား ဖြစ်အောင် နာမည်တွေ တံဆိပ်တွေပါ အတုလုပ်ပြီး ရောင်းတယ်။ ဖေဖေက အတုအယောင်သဘောကို သမီး ပိုနားလည်အောင်လို့ ပြောနေတာနော်။ ခု ရှင်ဒေဝဒတ် ဘုရားကို တုပုံပြောဦးမယ်။

**သမီး** ဟုတ်ကဲ့ပါ ပြောပါ ဖေဖေ။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီး ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်အခါက ခုပြောမည့် 'ဝိရောဇဇာတ်' ကို ဟောတော်မူတယ်။ ဒေဝဒတ်ဟာ အလျင်တုန်းက ဈာန်သမာပတ်တွေ ရရှိခဲ့ဖူးတယ်။ နောက်ပိုင်းကျတော့ မြတ်စွာဘုရားအပေါ်မှာ မနာလို ဝန်တိုပြီး မဖွယ်မရာတွေ၊ အလိုဆိုးတွေနဲ့ လုပ်တော့ ဈာန်သမာပတ်များ ယုတ်လျော့ ပပျောက်သွားတယ်။ ဟိုတုန်းက ဈာန်အဘိညာဉ်တန်ခိုးနဲ့ လူအထင် ကြီးအောင်၊ အဇာတသတ်မင်း ကိုးကွယ်အောင် လုပ်နိုင်ခဲ့သော်လည်း ဈာန် ယုတ်လျော့ ပျောက်ကွယ်သွားတော့ လာဘ်လာဘလည်း ဆုတ်ယုတ် သွားတ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွယ်။ ဒီအခါကျတော့ ကြံမိကြံရာ ကြံစည်ပြီး မြတ်စွာဘုရားကို အကြောင်းငါးခု ပြပြီး အရေးဆိုတယ်။ ဘုရားက သူတောင်းဆိုတာတွေကို တစ်ချက်မှ လက်မခံဘူး။ အားလုံးကို ပယ်ချပစ်လိုက်တယ်။ ဒီအခါ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးနှစ်ပါးကို ဆည်းကပ်လာကြတဲ့ ဓမ္မဝိနယမှာ လိမ္မာခြင်း မရှိကြ သေးတဲ့ ရဟန်းသစ် ငါးရာကို ဖြားယောင်းခေါ်ဆောင်ပြီး ဂယာသီသမှာ သွားပြီး တစ်စင်ထောင်တယ်။ သံဃာကို ဂိုဏ်းခွဲခြင်းဆိုတဲ့ အကုသိုလ် ဂရုကံကြီးကို ကျူးလွန်လိုက်တယ်။ အချိန်တန်တော့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ထဲမှာ ဒေဝဒတ်နောက်ကို ပါသွားတဲ့ သံဃာတော်တွေ ဉာဏ်ရင့်လာပြီ ဆိုတာကို သိမြင်တော် မူတယ်။ ဒီအခါ အဂ္ဂသာဝက နှစ်ပါးကို ခေါ်ပြီး ထိုရဟန်းငါးရာဆီကို စေခိုင်းလိုက်တယ်။ အဂ္ဂသာဝက နှစ်ပါး ရောက်လာတာကို မြင်တော့၊ ဒေဝဒတ်က သူ့ကိုယ်သူ မြတ်စွာဘုရားလို တင့်တယ်စွာ စံပယ်နေတယ်ဆိုတာကို ပြလိုတဲ့ အတွက် ရဟန်းသံဃာများကို သာဝကနှစ်ပါးကသာ တရားဟောပါဆိုပြီး သူက ကျောဆန့်ဦးမယ်ဆိုပြီး အတွင်းကို ဝင်အိပ်တယ်။ အဂ္ဂသာဝက နှစ်ပါးလည်း ရဟန်းသံဃာများကို တရားဟောလိုက်တာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရသွားကြတော့ ရဟန်းငါးရာစလုံး အဂ္ဂသာဝကကြီး နှစ်ပါးနောက်ကို ပါသွားကြတယ်။ မနက်မိုးလင်း တော့ ကျောင်းပေါ်မှာ သံဃာတစ်ပါးမှ မရှိဘဲနှင့် ကျောင်းကြီးဟောင်းလောင်း ကျန်ရစ်ခဲ့တာပေါ့ကွယ်။ မနက်ကျတော့ ကောကာလိက ရောက်လာပြီး ရှင်ဒေဝဒတ်၊ သင်၏ ပရိသတ်သည် အဂ္ဂသာဝက နှစ်ပါးနောက်ကို ပါသွားပြီ၊ ကျောင်းကိုလည်း အချည်းနှီး ပြုခဲ့ကြပြီ။ သင်ကတော့ အိပ်ကောင်းတုန်းပဲဆိုပြီး ဒေဝဒတ်ရဲ့ ရင်ဝကို ဖနောင့်နှင့် ဆောင့်ကန်လိုက်တာ ဒေဝဒတ်ပါးစပ်က သွေးစိမ်း အန်ထွက်ပါရောတဲ့။ အဲဒီအခါကစပြီး ဒေဝဒတ်လည်း မကျန်းမာတော့ဘဲ နာတာရှည် ဖြစ်သွားသတဲ့။ ရှင်သာရိပုတ္တရာတို့ ဘုရားကျောင်းတော်ကို ပြန်ရောက်တဲ့အခါ ဘုရားက ဒေဝဒတ် သင်တို့ကို မြင်သောအခါ ဘယ်သို့ ပြုမူသလဲလို့ မေးတော်မူတယ်။ 'အရှင်ဒေဝဒတ် သည် အကျွန်ုပ်တို့ကို မြင်သောကာလ ဘုရား၏ တင့်တယ်စံပယ်ခြင်းကို ပြုအံ့ဆိုပြီး ဘုရားအတုကို ခိုးလို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ပါသည် ဘုရား' လို့ လျှောက်ထားကြသတဲ့။ ထိုအခါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'သာရိပုတ္တရာ ဒေဝဒတ်သည် ယခုအခါမှာသာ ငါ၏ အတုကို ပြု၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေးအတိတ်ဘဝတုန်းကလည်း ဒီလိုပဲ ပျက်စီးခြင်းသို့ ရောက်ဖူးပြီး' ဆို၍ သာရိပုတ္တရာအရှင်မြတ်ကြီးက တောင်းပန်သည့်အတွက် အတိတ်ဝတ္ထုကို ဟောတော်မူတာပဲ သမီး။

**သမီး** အတိတ်ဝတ္ထုကို ပြောပြပါဦး ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ဝတ္ထု

**အကျွန်ုပ်** အတိတ်ဘဝတုန်းက မြတ်စွာဘုရားဟာ ဟိမဝန္တာမှာ ကေသရာဇာ ခြင်္သေ့မင်း ဖြစ်ခဲ့ဖူးတယ်။ တစ်နေ့ကျတော့ ကေသရာဇာခြင်္သေ့မင်းဟာ ဂူကထွက်ပြီး အရပ်လေးမျက်နှာကို ကြည့်၍ ခြင်္သေ့သံကို ဟောက်တယ်။ နောက်ပြီး အစာရှာဖို့ ထွက်သတဲ့။ ကျွဲကြီးတစ်ကောင်ကို လမ်းမှာတွေ့တော့ ကိုက်သတ်ပြီး အစာကို စားတာပေါ့ကွယ်။ အစာစားပြီး ရေအိုင်တစ်အိုင်ကို ဆင်းပြီး ဝမ်းကို ရေဖြင့် ဖြည့်တယ်။ ဒီအခါ မြေခွေးတစ်ကောင်ဟာ အစာရှာဖို့ အပြေးအလွှားသွားရင်း ခြင်္သေ့ကို မြင်တော့ ပြေးဖို့ မတတ်နိုင်တဲ့အတွက် ခြင်္သေ့ ရှေ့မှာ လက်ဖြင့် ရှိခိုးပြီး ဝပ်နေသတဲ့။ ခြင်္သေ့က ဘာလုပ်တာလဲလို့ မေးတော့ အကျွန်ုပ်သည် အရှင်၏ ခြေရင်းမှာ နေပြီး လုပ်ကျွေးလိုပါသည်လို့ ဆိုသတဲ့။ ခြင်္သေ့လည်း ကောင်းပြီ၊ လာ ငါ့ကိုလုပ်ကျွေးလော့ဆိုပြီး ခေါ်သွားသတဲ့၊ ခြင်္သေ့ စားပြီးတဲ့ အသားအကြွင်းအကျန်ကို စားရတော့ မြေခွေးလည်း ရက်ပိုင်းအတွင်း ဝလာတာပေါ့။ တစ်နေ့ကျတော့ ခြင်္သေ့က ဂူထဲ အိပ်လျက်ပင် မြေခွေးကို တောင်ထိပ် ပေါ်သွားပြီး တောင်ခြေမှာ ဘာသားကောင် ရှိသလဲကြည့်၊ ဘာသားကို စားချင် သလဲ ပြော ဆိုပြီး ခိုင်းလိုက်သတဲ့။ ဒီအခါ မြေခွေးဟာ တောင်ထိပ်ကို သွားပြီး တောင်ခြေမှာရှိတဲ့ ဆင်မြင်းကျွဲသတ္တဝါတွေထဲက သူစားချင်တဲ့ အသားကို ခြင်္သေ့ ကို သွားပြောသတဲ့၊ ဒီအခါ ခြင်္သေ့က မုန်ယိုနေတဲ့ ဆင်ကို ကိုက်သတ်ပြီး ဆင်သားကို စားတယ်။ မြေခွေးကိုလည်း ဆင်သားကို ကျွေးတာပေါ့ကွယ်။ မြေခွေးလည်း အစာကောင်းစားပြီး အိပ်တာပေါ့။ ကာလအတန်ကြာလာတော့ မြေခွေးစိတ်ကြီး ဝင်လာပြီး ငါလည်း ခြေလေးချောင်းရှိတာပဲ၊ ဘာကြောင့် သူတစ်ပါး ကျွေးတဲ့ အစာကို စားပြီး မှီခိုနေရမလဲ။ ဒီနေ့ကစပြီး ငါသည် ဆင်ကို သတ်ပြီး စားမယ်။ ခြင်္သေ့လည်း အရှင်ထွန်းပလော့ဆိုတဲ့ စကားကို ကြားရင် ဆင်ကို သတ်နိုင်တယ်။ ငါလည်း သူ့လိုပဲ ဇမ္ဗုက ထွန်းပလော့ ဆိုတဲ့ စကားနဲ့ လာန္တိုးလျှင် မုန်ယစ်နေသော ဆင်ကို သတ်ဖြတ်ပြီး စားနိုင်မည်ထင်ပြီး ခြင်္သေ့ကို သွားပြောသတဲ့။ သူကိုယ်တိုင် ဆင်ပြောင်ကြီးကို ကိုက်သတ်ချင်ကြောင်းပေါ့။ ဒီအခါ ခြင်္သေ့က သင်သည် ဒီအမှုကို မပြုချင်ပါနဲ့၊ သင်စွမ်းနိုင်မည် မဟုတ်လို့ ပြောသော်လည်း မြေခွေးကို တားလို့ မရဘူးတဲ့။ ဒါနဲ့ ခြင်္သေ့က မြေခွေးစိတ်တိုင်းကျ ပြောတယ် ဆိုပဲကွယ်။ မြေခွေးလည်း ဂူထဲက ထွက်၊ တောင်ထိပ်ပေါ် တက်ပြီး အရပ် လေးမျက်နှာကို ကြည့်ရင်း မာန်သွင်းပြီး ဟောင်သတဲ့၊ ပြီးမှ တောင်ခြေမှာရှိတဲ့ မုန်ယစ်နေတဲ့ ဆင်ပြောင်ကြီးကို ကိုက်သတ်မည် ကြံပြီး ခုန်အုပ်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ဆင်ပေါ်သို့ မရောက်ဘဲ ဆင်ဘေးမှာ ကျတာ ဆင်ကြီးက နင်းခြေပြီး သတ်လိုက်လို့ ခေါင်းအစိတ်စိတ် ကွဲ၊ ကိုယ်အရိုးအားလုံး ကြေပြီး သေဆုံးပျက်စီးသွားတာပေါ့ သမီးရယ်။ ဒီဖြစ်ရပ်မှာ မတူတာကို တုပတာဟာလည်း ဖြောင့်မတ်ခြင်း ကင်းတာကို ပြတာပဲ။

**သမီး** အင်း . . ၊ ဟုတ်တာပဲနော်။ ဖြောင့်မတ်ခြင်း သဘောဆိုတာကို နားလည်ဖို့မှာ သူ့ရဲ့ ဆန့်ကျင်ဘက် သဘောတွေကို နားလည်ဖို့လည်း လိုတာပဲနော်။

**အကျွန်ုပ်** ကောက်ကျစ်တဲ့ သဘော။ ဒါလည်း ဖြောင့်မတ်ခြင်းရဲ့ ဆန့်ကျင်ဘက် သဘောပဲ သမီးရဲ့။ ဒါကြောင့် ဖြောင့်မတ်ခြင်းရဲ့ ကျေးဇူးကို သရုပ်ပေါ်စေလိုတဲ့အတွက် မြတ်စွာဘုရားက ကောက်ကျစ်ခြင်းရဲ့ အပြစ်တွေကို တော်တော်များများ ဇာတ်ဝတ္ထုများနဲ့ လူပြိန်းတွေ နားလည်အောင် ဟောတော်မူခဲ့တယ်လေ။ ဥပမာ သေရိဝဝါဏိဇဇာတ်၊ ဒါက ကွယ်လွန်သူ ဇာတ်ဆရာကြီး အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ရဲ့ ရွှံကုန်သည် ဇာတ်လေ သမီးရဲ့။ ကြားဖူးတယ် မဟုတ်လား။ မြတ်စွာဘုရားဟာ ဒီဇာတ်ကို အကြောင်းပြုပြီး ဟောတော်မူတယ်။

***အတိတ်ဝတ္ထု*** ရှေးလွန်လေပြီးသော အတိတ်ဘဝတုန်းက ဘုရားလောင်းဟာ သေရိဝတိုင်းမှာ ရွှံကုန်သည် ဖြစ်ခဲ့ဖူးတယ်။ တစ်ခါမှာတော့ လောဘရမ္မက်ကြီးတဲ့ ရွှံကုန်သည် တစ်ဦးနဲ့အတူ တစ်နေရာကို ရွှံရောင်းဖို့ သွားသတဲ့။ အရိဋ္ဌပုရမြို့ကို ရောက်တော့ တစ်ကြိမ်တစ်ခါက ပစ္စည်းဥစ္စာ ချမ်းသာပြီး သားမြေးများ လက်ထက်ကျမှ မွဲသွားတဲ့ အဖြစ်ကို ရောက်နေကြတဲ့ အဘွားနှင့် မြေးမတို့ နေတဲ့ အိမ်ရှေ့ကို ရောက်သတဲ့။ သူဌေးတွေ အိမ်မှာ ကြာမြင့်စွာ မသုံးဆောင်ဘဲ ထားလို့လည်း ညစ်နေတဲ့ ရွှေခွက်တစ်ခွက်ဟာ အိုးခွက်တွေ ကြားထဲကို ရောက်နေတယ်တဲ့ သမီးရယ်။ မြေးအဘွား နှစ်ယောက်စလုံးကလည်း သူတို့မှာ ရွှေခွက်ရှိမှန်း မသိကြဘူးတဲ့။ လောဘရမ္မက်ကြီးတဲ့ ရွှံကုန်သည်ဟာ မြေးအဘွားနေကြတဲ့ အိမ်ရှေ့ကျတော့ ရွှံကို လိုချင်လို့ အဘွားကို ပူဆာသတဲ့။ အဘွားကလည်း သူ့မှာ ရွှေစတွေ မရှိလို့ မြေးမအတွက် ရွှံကို ဝယ်ဖို့ မတတ်နိုင်တော့ အိုးခွက်တွေ ကြားထဲ ရောက်နေတဲ့ အသုံးမပြုဘဲထားတဲ့ ရွှေခွက်နဲ့ရွှံ လဲလှယ်ဖို့ အားထုတ်သတဲ့။ လောဘရမ္မက်ကြီးတဲ့ ရွှံကုန်သည်ဟာ ရွှေခွက်ကို မြင်တော့ ဒါ ရွှေခွက် ဖြစ်နိုင်တယ်။ ဟုတ်မဟုတ် စမ်းကြည့်မယ်ဆိုပြီး ရွှေခွက်ကို အပ်ကလေးနဲ့ ခြစ်ကြည့်သတဲ့။ ရွှေခွက်ဖြစ်မှန်း သိတော့ ဒီမြေးအဘွားကို ဘာမှ မပေးဘဲ

www.burmeseclassic.com



ဒီရွှေခွက်ရအောင် ယူမည်ဆိုပြီး အကောက်ကြံတယ်။ ပြီးတော့ "ဒီခွက်က ပဲဝက်တောင်မှ မတန်ဘူး" ဆိုပြီး မြေပေါ်ကို စွန့်ပစ်ချလိုက်တယ်တဲ့ကွယ်။ ပြီးတော့ ဟန်ဆောင်ပြီး ဘာမှမတန်တဲ့ သဘောနဲ့ ထွက်သွားတယ်လေ။ ဒီအချိန်မှာ ဘုရားလောင်း ရွှဲကုန်သည်ကလည်း ဒီအိမ်ရှေ့ကို ရောက်လာပြန်တော့ ရွှဲဝယ်ပြန်သတဲ့။ ဘုရားလောင်းဟာ ဖြောင့်မတ်သူ ဖြစ်တဲ့အတွက် "ဟာ.. အဘွားရယ်၊ ဒီရွှေခွက်က အသိုးတစ်သိန်းလောက် ထိုက်တာပါ။ ကျွန်တော့်မှာက အဖိုးတစ်သိန်းတန်တဲ့ ကုန်ပစ္စည်းမပါဘူး ခင်ဗျ" လို့ ပြောသတဲ့။ ဒီအခါ အဘွားကြီးက "မောင်ရယ်.. စောစောက ရွှဲသည်ကတော့ ဒီခွက်ဟာ ပဲဝက်တောင်မှ မတန်ဘူးဆိုပြီး မြေပေါ် ပစ်ချသွားတယ်။ ယခု မောင့်လက်ထဲကျတော့ အဖိုးတန် တစ်သိန်းထိုက်တယ်ဆိုတော့ ဒီခွက်ဟာ မောင်နဲ့ ထိုက်လို့ မောင် ရတာပဲကွယ်။ မောင့်ရဲ့ ကောင်းမှုကြောင့် မောင့်လက်ထဲကျမှ ရွှေခွက် ဖြစ်သွားတယ် ထင်ပါရဲ့ကွယ်၊ ကဲ.. ဒီခွက်ကို မောင့်ကိုပဲ အဘွားပေးပါတယ်။ မင်းပေးချင်သလောက်သာ ငါ့ကို ပေးခဲ့ပါ။ ငါ့မြေးကလေးက ရွှဲလိုချင်လို့ပါကွယ်" လို့ ပြောသတဲ့။ ဒီအခါ ဘုရားလောင်းက သူ့မှာ ပါလာသမျှ ရွှဲတွေကို အဘွားကို ပေးပြီး တောင်းနဲ့ ချိန်ခွင်ကိုသာ ယူပြီး ရွှေခွက်နှင့်တကွ ပြန်သွားတာပေါ့။ ဒီအခါကျမှ ကောက်ကျစ်စဉ်းလဲတဲ့ ရွှဲကုန်သည်က မြေးအဘွားအိမ်ကို ပြန်သွားပြီး "စောစောက ခွက်ကို ယူခဲ့၊ သင်တို့ကို တစ်စုံတစ်ခုတော့ ပေးခဲ့မယ်" ဆိုပြီး တောင်းတာပေါ့ကွယ်။ ဒီအခါကျမှ ရွှေခွက်ဟာ ဘုရားလောင်း ရွှဲကုန်သည်လက်ထဲ ပါသွားပြီဆိုတာ သိရပြီး ရူးသွပ်သွားသတဲ့ သမီးရဲ့။ လောဘရမ္မက်ကြီးပြီး ကောက်ကျစ်စဉ်းလဲတဲ့ ရွှဲကုန်သည်ဟာ ရွှေခွက်ရသွားတဲ့ ဘုရားလောင်းအပေါ် ရန်ငြိုးဖွဲ့ပြီး နှလုံးကွဲမတတ် ခံစားရတာ နောက်ဆုံးတော့ သွေးအန်ပြီး သေပါလေရောတဲ့။

**သမီး** ဒီဇာတ်ကို ဇာတ်ပြားတောင် သွင်းထားသေးတယ် ထင်ပါတယ်။ ရွှေမန်းဦးတင်မောင် အသံနဲ့ သမီး ကြားဖူးပါတယ်။ ပေးပေး.. မပေး ပေးပေး၊ ပေးပေးပေး ငါရွှေခွက်ပေးဆိုပြီး ရွှေမန်းဦးတင်မောင် ငိုချင်းချတာ သမီး သိပ်သဘောကျပါတယ် ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ်၊ ဟုတ်တယ်၊ ရွှေမန်းဦးတင်မောင်ရဲ့ အသံသွင်း ဇာတ်လမ်းတွေထဲမှာ ဗုဒ္ဓဝင်တွေထဲမှာ ဗုဒ္ဓဝင်ဇာတ်တွေလိုပဲ ဒီရွှဲကုန် သည်ဇာတ်လမ်းလည်း ဂန္ထဝင်မြောက်ပါတယ်ကွယ်။

**သမီး** မြတ်စွာဘုရား ဟောတဲ့ ဇာတ်ဝတ္ထုတွေထဲမှာ နောက်ထပ် မှတ်သားစရာရှိရင် ပြောပြပါဦး ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** အများကြီးရှိတယ် သမီးရဲ့။ လိတ္တဇာတ်ဆိုတာလည်း ဟောထားတယ်။ လိတ္တဆိုတာ အဆိပ်လူးထားတဲ့ ကြွေအန်စာတုံးပေါ့ကွယ်။

အတိတ်ဘဝမှာ ဘုရားလောင်းဟာ ကြွေအန်ကြူးသမားသူဌေးသား ဖြစ်ခဲ့ဖူးတယ်။ တစ်နေ့ကျတော့ ကောက်ကျစ်တဲ့ ကြွေအန်သမား တစ်ယောက်နဲ့ ကစားကြတယ်။ ကောက်ကျစ်တဲ့ အန်စာသမားက မိမိအနိုင်ရမည့် ကြွေအန်ပွဲဆို ဆက်ကစားပြီး ရှုံးမည့်ပွဲဆိုရင် ဆက်မကစားဖြစ်ဘူး။ အန်စာတုံးကို ပါးစပ်ထဲ ငုံပြီး ဝှက်သတဲ့။ အန်စာတုံး ပျောက်ပြီ ဆိုပြီး ပွဲဖျက်တာပေါ့ကွယ်၊ ဒီလိုဆိုတော့ ဘုရားလောင်းက ''လုပ်ဦးပေါ့ကွာ၊ တစ်နေ့ကျတော့ မင်းသိမယ်'' ဆိုပြီး အန်စာတုံးကို အိမ်ကို ဆောင်ယူသွားပြီး ချက်ချင်း သေစေတတ်တဲ့ အဆိပ်တွေနဲ့ လူးသတဲ့။ ပြီးမှ ဒီအန်စာတုံးကို ယူလာပြီး ကြွေအန်ကစားကြပြန်တာပေါ့။ ကောက်ကျစ်တဲ့ ကြွေအန်သမားကလည်း ရှေးနည်းအတိုင်း ရှုံးခြေမြင်တော့ အန်စာတုံးကို ပါးစပ်ထဲ ငုံလိုက်တာ ကောက်ကျစ်တဲ့ ကြွေအန်သမားလည်း တစ်ခဏချင်း မူးမေ့ပြီး ခွေကျသွားသတဲ့။ ဘုရားလောင်းကလည်း ဗိဝိတဒါနပြုမှ တော်မည်ဆိုပြီး အသင့်ယူလာတဲ့ အန်ဆေးကို တိုက်မှ အသက်ရှင်သွားသတဲ့ကွယ်။ ကောက်ကျစ်ခြင်းကြောင့် တစ်ကြိမ်တစ်ခါ ချမ်းသာရသည်၊ အနိုင်ရသည်ဆိုသော်လည်း နောက်ဆုံးတွင် ပျက်စီးဆုံးရှုံးရကြောင်းကို ဟောတဲ့ ဇာတ်ပေါ့ သမီးရယ်။ ဒီဇာတ်မျိုးကို မြတ်စွာဘုရား တော်တော်များများ ဟောတော်မူခဲ့တယ်။ သမီး ကြားဖူးမလား မသိဘူး။ ပုစွန်ကြော်တတ် ဖျိုင်းလည်းပြတ်ဆိုတဲ့ စကားလေ။ အဲဒီပုံဝတ္ထုကလေးလည်း စိတ်ဝင်စားစရာ ကောင်းတယ်။ မဖြောင့်မတ်သောသူ၏ အဖြစ်သည် ဒုက္ခရောက်ပြီး ပျက်စီးတတ်ပုံကို ပြတာပဲကွယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ။ ခုမှ သမီး မှတ်ဉာဏ်ထဲမှာ ရိုးသားဖြောင့်မတ်သူ အကျိုးခံစားရပုံကို ပြတဲ့ သစ်ခုတ်သမားနဲ့ မြစ်စောင့်နတ် ပုံပြင်ကိုလည်း သတိရပါတယ် ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ်၊ ဟုတ်တယ်၊ ရေထဲကို ပုဆိန်ကျသွားလို့ ငိုနေတဲ့ သစ်ခုတ်သမားကို မြစ်စောင့်နတ်က သနားလို့ ရွှေပုဆိန်၊ ငွေပုဆိန်တွေကို ပြတဲ့အခါ သူ့ပုဆိန်မဟုတ်ဘူး။ သူ့ပုဆိန်က သံပုဆိန်ဆိုပြီး ရိုးသားဖြောင့်မတ်မှုကြောင့် သစ်ခုတ်သမားကို မြစ်စောင့်နတ်က ရွှေပုဆိန်ပေးဖူးကြောင်း ကြားရတဲ့အခါ လောဘကြီးတဲ့ သစ်ခုတ်သမား နောက်တစ်ဦးက သူ့ပုဆိန်ကို မြစ်ထဲကျအောင် လုပ်ပြီး မြစ်စောင့်နတ်ကများ သူ့ကိုလည်း ရွှေပုဆိန် ပေးမလား ထင်ပြီး မြစ်နားမှာ ငိုနေတာ၊ သူ့လို ဖြောင့်မတ်ခြင်း မရှိတဲ့ လူဟာ နောက်ဆုံးဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မရှော်ပဲ မိမိရဲ့ ပုဆိန်ပါ ဆုံးဖူးကြောင်း ပုံဝတ္ထုကလေးလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်ကွယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ။

**အကျွန်ုပ်** အေးကွယ်၊ ဖေဖေတို့ ငယ်ငယ်တုန်းက မြန်မာစာ သင်ကြားရမှာ ဖတ်ရတဲ့ ဒေါင်းတံဆိပ်ဖတ်စာထဲမှာ ဖြောင့်မတ်ခြင်းရဲ့ အကျိုး၊ မဖြောင့်မတ်ခြင်းရဲ့ အပြစ်တွေကိုပြတဲ့ သင်ခန်းစာ အတော်များများ ပါတယ်။ မင်းမှုထမ်းမှာ တံစိုး၊ လက်ဆောင်စားတာ၊ လာဘ်စားတာလည်း အမှန်တော့ မရိုးသား မဖြောင့်မတ်တဲ့ သဘောပဲကွယ်။

**သမီး** လာဘ်စားတယ်ဆိုတာလည်း မဖြောင့်မတ်တဲ့ သဘော၊ လောဘ ရမ္မက်ကြောင့် မတော်မတရား လုပ်တာပေါ့နော်၊ သီလပျက်တဲ့ သဘောပဲလို့ ဆိုရမှာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ် သမီးရဲ့၊ မြတ်စွာဘုရားက 'အသိလက္ခဏဇာတ်' မှာ လာဘ်စားခြင်းကြောင့် လတ်တလော ဒုက္ခရောက်သည့် အကြောင်းကို ဟောတော်မူတယ်။

**သမီး** သမီး ကြားချင်လို့ ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** အေး . . . ပြောပြတာပေါ့ကွယ်။ အသိလက္ခဏာဆိုတာက သန်လျက် လက္ခဏာလို့ အဓိပ္ပာယ်ရတယ်။ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်က သန်လျက်လက္ခဏာကို ဝေဖန်တဲ့ ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုပြီး ဒီဇာတ်ကို ဟောတော်မူတာ။ ပန်းပဲသမားက သန်လျက်ကို မင်းကို ဆက်သတဲ့အခါ ပုဏ္ဏားက သန်လျက်ကို နမ်းပြီး လာဘ်ထိုးတဲ့ ပန်းပဲသမားရဲ့ သန်လျက်ကို "ဒီသန်လျက်က ကောင်းခြင်း မင်္ဂလာနှင့် ပြည့်စုံပေ၏"လို့ ဆုံးဖြတ်ချက်ပေးတယ်။ လာဘ်မထိုးတဲ့ ပန်းပဲသမား ဆိုရင် "အမျိုးအစားညံ့၏။ ကောင်းခြင်းမင်္ဂလာနှင့် မပြည့်စုံ" ဆိုပြီး ကဲ့ရဲ့တယ်။

တစ်နေ့ကျတော့ လာဘ်ထိုးခြင်းကို မနှစ်သက်တဲ့ ဝါသနာမပါတဲ့ ပန်းပဲလုပ်သားကောင်းတစ်ယောက်ဟာ ပုဏ္ဏားကို အမြင်ကတ်နေသတဲ့၊ ဒါကြောင့် သန်လျက်တစ်ခုပြုလုပ်ပြီး သန်လျက်အိမ်ထဲ ငရုတ်သီးမှုန့်တွေ ထည့်ပြီး မင်းကြီးကို သန်လျက်ဆက်သတဲ့။ ပုဏ္ဏားလည်း ထုံးစံအတိုင်း သန်လျက်ကို နမ်းကြည့်တဲ့အခါ ဟပ်ချီး၊ ဟပ်ချီးနှင့် ချေဆတ်လိုက်တာ ချေမိချေရာ ချေတာ ကြောင့် နှာခေါင်းနဲ့ သန်လျက်ထိပြီး နှာခေါင်းထက်ပိုင်းပြတ်ပါလေရောတဲ့။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ဟဲ. . ဟိ ပုဏ္ဏားနှာခေါင်း ကျည်ပွေ့မထိဘဲ သန်လျက်ထိတော့ ထက်ပိုင်းပြတ်တာ ကောင်းတယ်။

**အကျွန်ုပ်** ဒီအကြောင်းကို မြတ်စွာဘုရား ကြားတဲ့အခါ ဒီပုဏ္ဏား ခုဘဝမှာသာ သန်လျက်ထိလို့ နှာခေါင်းပြတ်တာ မဟုတ်သေးဘူး။ ရှေ့ဘဝတုန်းကလည်း ဒီလိုပြတ်ဖူးတယ် ဆိုပြီး အတိတ်ဝတ္ထုကို ဟောတော်မူတယ်။

**သမီး** အတိတ်ဝတ္ထုက ဘယ်လိုလဲ ဖေဖေ။

**အတိတ်ဝတ္ထု** အတိတ်ဝတ္ထုမှာ ပုဏ္ဏားတစ်ယောက် သန်လျက်ကို နမ်းပြီး လက္ခဏာဖြတ်တာ နှာခေါင်းပြတ်သည်အထိ ဝတ္ထုဇာတ်လမ်းက အတူတူပဲ သမီးရဲ့ ထူးတာက မင်းက ပုဏ္ဏားအတွက် ဆေးသမားကို ခေါ်ပြီး နှာခေါင်းပြတ်တို ဆေးကုပြီး ချိပ်သားနဲ့ ပြန်ကပ်ပေးပြီး နန်းတော်ထဲ ပြန်ခစားစေသတဲ့။ ဒီအချိန်မှာ မင်းကြီးမှာ သားတော် မထွန်းကားဘဲ သမီးတော် တစ်ယောက်နဲ့ တူတော်မောင်တစ်ယောက်သာ ထွန်းကားသတဲ့။ မင်းကြီးလည်း သမီးနဲ့ တူကို နန်းတော်ထဲ အတူထားပြီး ကြီးပြင်းလာကြတော့ တစ်ဦးကို တစ်ဦး ချစ်ခင်စုံမက် နှစ်သက်နေကြတယ်တဲ့။ တစ်နေ့ကျတော့ မင်းကြီးက ဆွေမျိုးတိုးပွားအောင် ဆိုပြီး သမီးတော်ကိုလည်း မင်းသားတစ်ပါးနှင့် ထိမ်းမြားစေမည်၊ တူတော်ကိုလည်း တခြားမင်းသမီးတစ်ဦးနှင့် ထိမ်းမြားစေမည် ကြံစည်တယ်ဆိုပဲ။ ဒီလို ကြံစည်ပြီးနောက် သမီးတော်နဲ့ တူတော်မောင်ကို တခြားစီ ခွဲထားလိုက်တယ်။

ဒီအခါ တူတော်မောင်က မင်းသမီးကို နန်းတော်က အပြင်ကို ခေါ်ထုတ်ပေးဖို့ ငွေတစ်ထောင်ပေးပြီး နတ်ကတော်ကို စေခိုင်းသတဲ့။ ဒါကို နတ်ကတော်ကလည်း လက်ခံတယ်ပေါ့ကွယ်။ လက်ခံပြီး နတ်ကတော်က မင်းကြီးကို အကျွန်ုပ်က ဒီလို ပြောမယ်နော်လို့ သူ့အကြံအစည်ကို မင်းသားကို ပြောပြသတဲ့ သမီးရဲ့။ ''မင်းသား ကျွန်ုပ်က မင်းကြီးကို ဒီလို ပြောမယ်။ မင်းသမီးကိုယ်ပေါ်မှာ မကောင်းဆိုးဝါး စီးနေတယ်။ ဒါကြောင့် မင်းသမီးကို သုသာန်ထုတ်ပြီး ခုတင်အောက်၌ သူသေကောင်ထားပြီး မင်းသမီးကို နံ့သာရည်အိုးတစ်ရာ့ရှစ်လုံးနှင့် ရေချိုးကာ မကောင်းဆိုးဝါးကို မျှောပစ်ရမယ်'' လို့ ပြောဆိုပြီး မင်းသမီးကို သုသာန်သို့ ထုတ်ခဲ့ပါသတဲ့ကွယ်။ သင်က အဲဒီနေ့မှာ ငရုတ်မှုန့် ယူပြီး သုသာန်ခုံစင်ဝိုင်းတွင် အလျင်သွားနှင့်ပြီး သူသေကောင်လို မှောက်အိပ်နေပါ။ အကျွန်ုပ်တို့က မင်းသမီးပါတဲ့ ခုတင်ကို သင့်အပေါ်မှာ ချတဲ့အခါ သင်က ငရုတ်မှုန့်ကို ရှူပြီး ချေပါ။ အဲဒီအခါ ကျွန်ုပ်တို့က မင်းသမီးကို ပစ်ထားခဲ့ပြီး ထွက်ပြေးမယ်။ အဲဒီအချိန်ကျရင် သင်က မင်းသမီး ခေါ်ပြီး အိမ်ကို သွားပေတော့''လို့ မှာသတဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော်က ဒီအစီအစဉ်အတိုင်း မင်းကြီးကို လျှောက်တဲ့အခါ မင်းကြီးကလည်း သဘောတူသတဲ့။ တစ်နေ့ကျတော့ မင်းသမီးကို သုသာန်ကို ထုတ်ကြတာပေါ့။ မင်းသားလည်း ကြိုတင်စီစဉ်ထားတဲ့အတိုင်း သုသာန်ကို သွားပြီး သူသေကောင် သရဏဂုံတင်တဲ့ ခုံစင်ဝိုင်းအောက် မှောက်အိပ်နေတာပေါ့။ နတ်ကတော်နဲ့ အဖွဲ့လည်း မင်းသမီးကို ခုတင်ပေါ် တင်ပြီး သုသာန်ကို ခေါ်ဆောင်လာပြီး ခုတင်ကို မင်းသားအပေါ်မှာ ချလိုက်ကြသတဲ့။ မင်းသားလည်း ကြိုတင်မှာထားတဲ့အတိုင်း ဧရုတ်မှုန့်ကို ရှူရှိုက်ပြီး ချေလိုက်တာ နတ်ကတော်နဲ့ အဖွဲ့လည်း မင်းသမီးကို ထားခဲ့ပြီး ပြေးကြတာပေါ့။ အဲဒီအခါ မင်းသားလည်း မင်းသမီးကို ခေါ်ပြီး အိမ်မှာ သွားနေတယ်လေ။ မင်းကြီးလည်း ကာလကြာလာတော့ တူတော်မောင်ကို မင်းအဖြစ်ပေးပြီး သမီးတော်ကို မိဖုရားကြီးအရာမှာ စံစေတယ်။ သန်လျက်ကို ဝေဖန်တတ်တဲ့ ပုဏ္ဏားကိုလည်း တူတော်မောင်မင်းကိုပဲ ဆက်လက်ခစားစေသတဲ့ကွယ်။ တစ်နေ့ နေ့ဘက်ကို မျက်နှာလှည့်ပြီး မင်းကို ခစားစဉ် ပုဏ္ဏားရဲ့ နှာခေါင်းက ချိပ်ဟာ အရည်ပျော်ပြီး ပြုတ်ကြပါရောတဲ့။ ပုဏ္ဏားလည်း အရှက်ရလို့ မျက်နှာကို အောက်ငုံ့ပြီး ခစားစဉ် မင်းက သီလို့ "ပုဏ္ဏား ချေတယ်ဆိုတာ ကောင်းတဲ့ လူမှာ ကောင်းသော်လည်း၊ မကောင်းတဲ့ လူမှာ မကောင်းဘူး၊ သင်ကတော့ ချေဆတ်လို့ နှာခေါင်းပြုတ်တယ်။ ငါကတော့ ချေဆတ်လို့ မင်းဖြစ်တယ်၊ မင်းသမီးကိုလည်း ရတယ်" လို့ ပြောတယ်တဲ့။

**သမီး** မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ဟာ အတုမရှိဘူး ဆိုတာ မှန်လိုက်တာနော် ဖေဖေ။ ပြဿနာမှန်သမျှ ဘုရားရှေ့မှောက်ကို ရောက်လျှင် အတိတ်ဝတ္ထုကို ဆောင်ပြီး ဟောနိုင်တယ်။ လူတွေမှာ ခုဘဝ စရိုက်တွေဟာ အတိတ်ဘဝက အကျင့်စရိုက်တွေနဲ့ ဆက်စပ်နေရုံမျှမကဘူး အဖြစ်တွေလည်း တူနေသလိုပဲနော်။ ဒါလည်း ပဋ္ဌာန်းဒေသနာရဲ့ သဘောပဲ ဖြစ်မယ် ထင်ပါရဲ့။

**အကျွန်ုပ်** အင်း. . စဉ်းစားတတ်တဲ့ လူအတွက်တော့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ဟာ ကြည်ညိုရှိခိုးချင်စရာချည်းပါပဲကွယ်။ ဘယ်ပြဿနာပဲဖြစ်ဖြစ် ဘုရားဆီကို ရောက်ရင် ပြေလည်သွားတာချည်းပဲ။ ခုဖေဖေတို့ ပြောလာကြတာ ဖြောင့်မတ်ခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး သဘောနော်။ ဖြောင့်မတ်တယ်ဆိုတာ မကောက်ကျစ်တာ မစဉ်းလဲတာပေါ့ သမီးရဲ့။ ခု သမီး အတော်အတန် သဘောပေါက်ရောပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ပေါက်လာပါပြီ ဖေဖေ။ ပိုပြီး သဘောကျတာက ကောက်ကျစ်စဉ်းလဲခြင်းရဲ့ အပြစ်တွေကို သိလာရလို့ ဖြောင့်မတ်ခြင်းရဲ့ တန်ဖိုးကို ပိုနားလည်လာပါတယ် ဖေဖေ။ ကောက်ကျစ်စဉ်းလဲတာဟာ ကြာရှည် အကျိုးမပေးဘူး။ ဖြောင့်မတ်သူနဲ့ တွေ့ရင် အပြစ်ဖြစ်တာပဲနော်။ ဗျိုင်းက ကောက်ကျစ်ပြီး ရေခန်းနေတဲ့ အိုင်က ငါးပုစွန်တွေကို ရေများတဲ့ အိုင်ဆီ ပို့ပေးမယ်ဆိုပြီး အယုံသွင်းတယ်။ ပြီးတော့ ငါးတွေက လိုက်တော့ လမ်းတစ်ဝက်မှာ ငါးတွေကို စားသောက်ပစ်တယ်။ ဉာဏ်ရှိတဲ့ ကဏန်း (ပုစွန်လုံး) နဲ့ကျတော့ သူ့လည်ပင်းကို လက်မနဲ့ ညှပ်ပြီး လိုက်သွားတယ်။ ဟိုရောက်တော့ ပုစွန်လုံးကို ချပြီး စားမယ် လုပ်တော့ ပုစွန်လုံးက သူ့လည်ပင်းကို လက်မနဲ့ ကိုက်ဖြတ်ပစ်လိုက်လို့ ဗျိုင်း သေခြင်းဆိုးနဲ့ သေရတယ် ဆိုတာ တော်တော်ဉာဏ်ပါတဲ့ ဇာတ်ပဲ ဖေဖေ။

**အကျွန်ုပ်** အေး . . ကူဋဝါဏိဇာတ် ဘုရားဟောတော်မူတာလည်း ဉာဏ်ပါတယ်။ ကောက်ကျစ်စဉ်းလဲလို့ ပျက်စီးရတဲ့ အကြောင်းပဲ သမီးရဲ့။

**သမီး** ပြောပြပါဦး ဖေဖေ၊ သမီး မကြားဖူးသေးလို့ပါ။

**အတိတ်ဝတ္ထု** လွန်လေပြီးသော အတိတ်ကာလတုန်းက ပဏ္ဍိတနဲ့ အတိပဏ္ဍိတလို့ အမည်ရတဲ့ ကုန်သည်နှစ်ယောက် စပ်တူ ကုန်ကူးကြသတဲ့။ ကုန်ရောင်းပြီး အမြတ်အစွန်းရပြီး ပြန်လာတော့ ကောက်ကျစ်တဲ့ ကုန်သည်က ''ပဏ္ဍိက မင်းက ပစ္စည်းတစ်ပုံသာ ရထိုက်တယ်။ ငါက နှစ်ပုံ ရထိုက်တယ်လို့ ပြောသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းက ပဏ္ဍိတပဲ၊ ငါက အတိပဏ္ဍိတ ဖြစ်နေလို့'' ဆိုပြီး ပြောတော့ အငြင်းပွားကြတာပေါ့ကွယ်။ ဒီအခါ အတိပဏ္ဍိတဆိုသူက အကောက်ကြံပြီး ဉာဏ်ဆင်တယ်။ သူက သူ့ဖခင်ကို သစ်ခေါင်းထဲမှာ ထားပြီး ''ဖခင် ကျွန်တော်တို့ လာမေးရင် အတိပဏ္ဍိတက နှစ်ပုံ၊ ပဏ္ဍိတက နှစ်ပုံ ရထိုက်မယ်လို့ ပြောပေးပါ'' ဆိုပြီး မှာထားတာပေါ့။ ပြီးတော့ မိတ်ဆွေ ပဏ္ဍိတတဲ့သွားပြီး ''သူငယ်ချင်း ငါ့အတွက် ပစ္စည်းနှစ်ပုံ ရထိုက်မထိုက်ကို ရုက္ခစိုး သိပါတယ်။ ရုက္ခစိုးထံမှာ သွားမေးမယ်'' လို့ ပြောပြီး သွားသတဲ့။ ရုက္ခစိုး လုပ်ထားတဲ့ သူ့ဖခင်ကို မေးတော့ ရုက္ခစိုးအတုက ''ပဏ္ဍိတက ပစ္စည်း တစ်ပုံ ရထိုက်တယ်။ အတိပဏ္ဍိတက နှစ်ပုံရထိုက်တယ်'' လို့ ဆုံးဖြတ်လိုက်သတဲ့။ ဒီအခါ ဘုရားလောင်းကုန်သည် ပဏ္ဍိတက ရုက္ခစိုး တကယ်ဟုတ်မဟုတ် သိရအောင် သစ်ခေါင်းထဲကို ကောက်ရိုးအမှိုက်တွေ ထည့်ပြီး မီးတိုက်တာပေါ့၊ ဒီအခါ အတိပဏ္ဍိတရဲ့ ဖခင် ရုက္ခစိုးတုလည်း ကိုယ်တစ်ပိုင်းကို မီးစွဲပြီး ထွက်လာရတော့တာ ပေါ့ သမီးရယ်၊ ကောက်ကျစ်စဉ်းလဲခြင်းရဲ့ အကျိုးရလာဘ်ဟာ ပျက်စီးခြင်းပဲပေါ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတာပေါ့ကွယ်။ ဒါတွေကို စဉ်းစားကြည့်ရင် မဖြောင့်မတ်ခြင်းဟာ သူလည်း ဆင်းရဲ ကိုယ်လည်းဆင်းရဲခြင်းကို ဖြစ်စေတယ်။ ဖြောင့်မတ်ခြင်းကသာ ကိုယ်ရော သူတစ်ပါးနှစ်ဦးသား ချမ်းသာကို ဆောင်နိုင်တဲ့ တရားဆိုတာ ပေါ်တာပေါ့ကွယ်။ မဟော်သဓာဇာတ်တော်ဟာ မြတ်စွာဘုရားက လူရဲ့ ကိုယ်ရည်ကိုယ်သွေးကောင်း တွေကို ဖော်ပြထားတဲ့ ဇာတ်တော်ကြီးပဲ။

သမီး ဟုတ်တာပေါ့နော်၊ အဲဒီဇာတ်တော်ထဲမှာ မဟော်သဓာ ပညာရှိကို ပျက်စီးကြောင်း အကောက်ကြံနေကြတဲ့ အမတ်ကြီး လေးဦးရဲ့ အကောက်ကြံပုံ အမျိုးမျိုးကို ဖော်ပြထားတယ်။ မဟော်သဓာကတော့ မိမိကို ထိခိုက်နစ်နာစေနိုင်တဲ့ ရှင်ဘုရင် မနှစ်သက်ပေမဲ့ မှန်သော ကိစ္စကို ဖြောင့်မတ်စွာပဲ ပြောဆိုပြုမူခဲ့တာ ထင်ရှားပါတယ် ဖေဖေ။

အကျွန်ုပ် ကဲ. . . ဒါဆိုရင်၊ ဖြောင့်မတ်သော သူ ဖြစ်ကြောင်း တရားဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး သဘောတွေကို သမီးနားလည်လောက်ပါပြီ။

သမီး ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး နားလည်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ၇။ နှုးညံ့ပြေပြစ်သောသူ ဖြစ်ကြောင်းတရား

သမီးငယ်၏ မျက်နှာရွှင်လန်းနေသည်။ သူ့စိတ်ထဲမှာ မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ဉာဏ်သက်ဝင်တိုင်း ပီတိပါမောဇ္ဇတရားများ ဖြစ်နေပုံ ပေါ်သည်။ ယနေ့လည်း ပြုံးရွှင်သော မျက်နှာကလေးဖြင့် သူ့မျက်ပေါ်တွင် မေးချင်သော အမေးပုစ္ဆာများကို ဆောင်လျက် အကျွန်ုပ် စာရေးနေသော စာဖတ်ခန်း စားပွဲအနီးသို့ ချဉ်းကပ်လာပြန်သည်။ အကျွန်ုပ်က စာရေးနေရာမှ သူ့မျက်နှာကလေးကို လှမ်းကြည့်ပြီး မေးလိုက်သည်။

**အကျွန်ုပ်** သမီးမျက်နှာကလေးက ဒီနေ့ ပိုပြီး ကြည်လင်ရွှင်လန်းနေပါတကား။ ဘာတွေများ ဝမ်းသာစရာ တွေ့နေလို့လဲ။

**သမီး** သမီးဘဝမှာ အဖိုးတန် မိုးကုတ်တွင်းထွက် ပတ္တမြားကျောက်ကောင်း တစ်လုံးကို ရသလိုပဲ ခံစားနေရလို့ပါ ဖေဖေ။ ကျောက်ကောင်းဆိုတာ အရည်ရော အသွေးပါကျောက်မျိုးကို ခေါ်တာနော် ဖေဖေ။

**အကျွန်ုပ်** ဟာ . . ဟုတ်တာပေါ့ သမီးရဲ့။ ပတ္တမြားကျောက်ကောင်းဆိုတာ အရည်ကလည်း ရွှန်းရွှန်းစိုနေရတယ်။ ကျောက်ရည်လမ်းကလည်း တည့်နေရတယ်။ လုံးချောဆိုရင် ဂေါ်ကြိုးတွေကလည်း ဖြာနေရမယ်။ ကြည်လင်တဲ့ ကောင်းကင်ပြင်မှာ သောက်ရှူးကြယ်တစ်လုံး ထွန်းပနေသလိုပဲ ဖြစ်နေရတယ်။ အသွေးကျပြန်တော့လည်း ရဲရဲနီပြီး လည်သီးရောင် ထနေရတယ်။ ကာရက် carat ကလည်း အချိန်စီးမယ်ဆိုရင် ပြည့်တန်တဲ့ ပတ္တမြားပေါ့ သမီးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သမီး carat ဆိုတာ ဘာလဲ ဖေဖေ။

အကျွန်ုပ် တန်ဖိုးရှိတဲ့ အလေးချိန်ကို ပြောတာ သမီးရဲ့။ ရွှေရည်ရွှေသွေးကို တိုင်းတာလည်း ကာရက်ပဲ ခေါ်တယ်။ (၂၄) ကာရက်ဆိုရင် ရွှေသန့် (အခေါက်စစ်စစ်) ပေါ့ကွယ်။

သမီး ဒါဆိုရင် လူမှာလည်း ကိုယ်ရည်ကိုယ်သွေးဆိုတာ လူကို တန်ဖိုးတွက်ဖို့ တိုင်းတာတဲ့ လူ့ကာရက်ပေါ့နော် ဖေဖေ။

အကျွန်ုပ် ငါ့သမီးကတော့ ကြံကြံဖန်ဖန် စဉ်းစားတတ်တယ်။ သမီး ပြောတာ မမှားပါဘူး။ လူမှာလည်း ကိုယ်ရည်ကိုယ်သွေး ဆိုတာ ရုပ်အသွင်အပြင်ရော၊ စိတ်အရည်အသွေးတွေရော ပါတာပေါ့။

သမီး ဒါဆို ကိုယ်ရည်ကိုယ်သွေးလို့ ဘာဖြစ်လို့ မရေးဘဲ ကိုယ်ရည်ကိုယ်သွေးလို့ ရုပ်သဘောနှစ်ခု ထပ်ဆင့်ပြီး ပြောသလဲ ဖေဖေ။

အကျွန်ုပ် ဒါကတော့ ဘာသာစကား အသုံးအနှုန်း အရေးအဖွဲ့ ပုံစံတစ်ခုပေါ့ကွယ်။ ရေးထုံး syntax လို့ ဆိုရမှာပေါ့။ ဒီမှာ ကိုယ်နှစ်လုံးထပ်ရေးသော်လည်း အဓိပ္ပာယ် ယူတဲ့အခါကျတော့ ဒုတိယကိုယ်ကို စိတ်လို့ယူရတယ်။ စကားဖိုစကားမ ထားသုံးတာလေ။ 'ကုသလံ ကုသလံ ဖယံ' ဆိုရာမှာလည်း ကုသလံ တစ်ခုက ကုသိုလ်ကို ပြောတာ နောက်ကုသလံက အကုသိုလ်ကို ပြောတာ။

သမီး ဒါဆို ကိုယ်ရည်ကိုယ်သွေးဆိုတာ ကိုယ်နဲ့ဆိုင်တဲ့ အရည်အချင်းရော၊ စိတ်နဲ့ ဆိုင်တဲ့ အရည်အချင်းရော ပါတာပေါ့နော်။

အကျွန်ုပ် အေးပါ. . .၊ ရုပ်နာမ်နှစ်ပါးစလုံးနဲ့ ဆိုင်တဲ့ အရည်အသွေးသဘောကို ကိုယ်ရည်ကိုယ်သွေးလို့ ပြောတာပဲလေ။

သမီး ဖေဖေက ဒီလို ပြောလို့ မေးဦးမယ်။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးရဲ့သဘောကို ပြတဲ့ ပဋ္ဌိစ္စသမုပ္ပာဒ်ဒေသနာကို နားလည်ရင် ရုပ်နာမ်ဆိုတာ ဖြစ်ပြီး ပျက်တဲ့ အနိစ္စတရားပဲ။ အစိုးမရတဲ့ အနတ္တတရားပဲ။ ဆင်းရဲအောင် နှိပ်စက်တတ်တဲ့ ဒုက္ခတရားပဲ မဟုတ်လား ဖေဖေ၊ ရုပ်နာမ်မှာ ကိုယ်ရည်ကိုယ်သွေး တခြား ရှိပါဦးမလား။

အကျွန်ုပ် ဖေဖေ့သမီးက သစ္စာဆိုက်အောင် စဉ်းစားနေတာကိုး။ ဟုတ်တယ်။ ပရမတ်ရုပ်နာမ်ရဲ့ သဘောနဲ့ ပြောရင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးက လွဲလို့ တခြား ဘာကိုယ်ရည်ကိုယ်သွေးမှ မရှိဘူး။ ခုဖေဖေတို့ ပြောနေတာက ပညတ်ကို ပြောနေကြတာ၊ သမုတိ သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



သဘောမှာတော့ ပုဂ္ဂိုလ်သတ္တဝါ၊ လူ၊ နတ်၊ တိရစ္ဆာန်ကို အရှိထားရတယ်။ မိဘ၊ သားသမီး၊ အဘိုး၊ အဘွား ထားရတယ်။ ရွှေတွေ စိန်တွေ ပတ္တမြားတွေကို အရှိထားပြီး စဉ်းစားရတယ်။ ဖောက်ပြန်ပြောင်းလဲနေတဲ့ အရှိတရား၊ မမြဲပေမဲ့ ယာယီအရှိသဘောနဲ့ ထားပြီး စဉ်းစားရတာမျိုးပေါ့။ ဒါကြောင့် ဆရာကြီး ဦးဖိုးစ အင်္ဂလိပ်လို ရေးခဲ့တာ စာအုပ်တစ်အုပ်မှာ ကိုယ်ရည်ကိုယ်သွေးနဲ့ ပတ်သက်ပြီး ရေးထားတဲ့ စာတစ်ပိုဒ်ကို ဖေဖေ ဖတ်မိတယ်။

**သမီး** ဘာစာအုပ်လဲ ဖေဖေ။

**အကျွန်ုပ်** စာအုပ်နာမည်က ဘာပါလိမ့် နေဦး၊ သတိရပြီ၊ Brief Outline of Buddhism တဲ့ သမီးရဲ့။ နေဦး ဖေဖေစာအုပ်ကို ယူလိုက်ဦးမယ်။ သူရေးထားတဲ့အတိုင်း ပြောပြမယ်။

ဒီမှာ တွေ့ပြီ၊ ခေါင်းစဉ်က Constitution of Personality တဲ့။ အဓိပ္ပာယ်ကတော့ ကိုယ်ရည်ကိုယ်သွေး ဖွဲ့စည်းပုံလို့ ဆိုရမှာပေါ့။ သူရေးထားတာက In the sphere of conventional truth personality exists, but in the sphere of ultimate truth this personality is nothing but material and immaterial factors of a person (namarufram) တဲ့ ဆရာကြီး ဦးဖိုးစ ရေးတဲ့ အဓိပ္ပာယ်ကို သမီး နားလည်တယ် မဟုတ်လား။

**သမီး** နားလည်ပါတယ် ဖေဖေ။ သမုတိသစ္စာနယ်၌ ကိုယ်ရည်ကိုယ်သွေး သဘောသည် တည်ရှိ၏။ သို့သော် ပရမတ္တသစ္စာနယ်တွင်မူ ထိုကိုယ်ရည်ကိုယ်သွေး သဘောသည် လူပုဂ္ဂိုလ်တစ်ဦး၏ နာမ်ရုပ် (နာမရူပ) သဘောပင် ဖြစ်၏လို့ ဆိုလိုတာ မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** သမီးက အင်္ဂလိပ်စာကိုတောင် အတော်အဓိပ္ပာယ် ဖော်တတ်နေပြီပဲ။ မှန်တယ်၊ မှန်တယ်၊ ပရမတ်သဘောနဲ့ ပြောရင် ကိုယ်ရည်ကိုယ်သွေးဆိုတာ နာမ်ရုပ်ပဲကွဲ့။

**သမီး** ဒါပေမဲ့ ခုသမီးတို့ ရှေ့မှာပြောခဲ့ကြတဲ့ ကိုယ်ရည်ကိုယ်သွေးတွေက နာမ်သဘောတွေပဲ များနေသလိုပဲနော် ဖေဖေ၊ ဆုံးမလွယ်တာ အကြောင်း ဟုတ်သည် မဟုတ်သည်နှင့် လိမ္မာတာ၊ အဆွေခင်ပွန်းကောင်းရှိသူ ဖြစ်တာ၊ ဖြောင့်မတ်သောသူ ဖြစ်တာတွေက နာမ်သဘောချည်းပဲ မဟုတ်လား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** မှန်တယ်၊ ကိုယ်ရည်ကိုယ်သွေး ဆိုတာ ရုပ်လုတာထက် စိတ်လုတဲ့ သဘောက ပိုကဲပါတယ်။ ဒါက ရုပ်သဘောနဲ့ အကဲဖြတ်ပုံကို ပြောတာ၊ ကိုယ်ရည်ကိုယ်သွေးကောင်းဆိုတာ အများအားဖြင့် စိတ်ပိုင်း 'အလှအပ' တရား သဘောတွေပါပဲ။ ဒါပေမဲ့ ခုဖေဖေ ပြောမယ်။ နူးညံ့ပြေပြစ်သူ ဖြစ်ကြောင်း တရား(မဒ္ဒဝ)ကျတော့ စိတ်အလှကြောင့် ရုပ်မှာပေါ်လာတဲ့ 'အလှတရား' တစ်ခု အကြောင်းပဲကွယ်။ ဒီကိုယ်ရည်ကိုယ်သွေးဟာ နာမ်သဘောနဲ့ ရုပ်သဘော အပြန် အလှန် ကျေးဇူးပြုတဲ့သဘော ပါနေလို့ ပိုပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ ကိုယ်ရည် ကိုယ်သွေး တစ်ခုလို့တောင် ဆိုနိုင်မယ်လို့ ဖေဖေ ထင်ပါတယ်ကွယ်။

**သမီး** အင်း . . ဖေဖေ ပြောမှ သမီးက ပိုပြီး သိချင်လာပြီ၊ ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဒီ ကိုယ်ရည်ကိုယ်သွေးမှာ နှစ်ပိုင်းပါတယ်။

**သမီး** ဘယ်လို နှစ်ပိုင်းလဲ ဖေဖေ။

**အကျွန်ုပ်** နူးညံ့ခြင်း(ဝါ) နူးညံ့သည်၏ အဖြစ်က တစ်ပိုင်း၊ ပြေပြစ်ခြင်း(ဝါ) ပြေပြစ်သည်၏ အဖြစ်က တစ်ပိုင်းပါတယ်။ ပါဠိလို နူးညံ့တာကို 'မုဒုတာ' လို့ ခေါ်တယ်။ ပြေပြစ်တာကျတော့ 'မဒ္ဒဝတာ' လို့ ခေါ်တယ်ကွဲ့။ ဒီလို နူးညံ့မှု (မုဒုတာ) နဲ့ ပြေပြစ်မှု (မဒ္ဒဝတာ) ဖြစ်ဖို့ အရေးမှာ မခက်ထန်သည်၏ အဖြစ် (အကက္ခဠတာ) ဖြစ်ရမယ်။ မကြမ်းတမ်းသည်၏ အဖြစ် (အကထိနက)၊ နှိမ့်ချသည်၏ အဖြစ် (မာနမရှိသည်၏ အဖြစ်) 'နိစစိတ္တတာ' ဆိုတဲ့ အရည်အချင်း တွေ ပြည့်စုံရတယ်တဲ့။

**သမီး** လေးနက်ပြီး တန်ဖိုးရှိလိုက်တာ ဖေဖေရယ်။ မြတ်စွာဘုရားဟာ လူရဲ့ ကောင်းတဲ့ သဘာဝကိုရော၊ ဆိုးတဲ့ (မကောင်းတဲ့) သဘာဝ တွေကိုရော အကြွင်းမဲ့ သိတယ်ဆိုတာ အကယ်မှန်ပါကလားလို့ သမီးပိုပြီး သိသိလာလေ ပိုပြီး မြတ်ဗုဒ္ဓကို ကြည်ညိုရလေပါပဲ ဖေဖေရယ်။ သိပ်အံ့သြဖို့ ကောင်းတာပဲနော်။

**အကျွန်ုပ်** အဘိဓမ္မာဆိုတာ အဲဒီလို ထူးကဲမှန်မြတ်လှတဲ့ တရားတွေကို ပြောတာပဲ သမီးရဲ့။ ပညတ်သဘောနယ်မှာလည်း အနောက်တိုင်း စိတ်ပညာရှင်တွေ ဖြစ်တဲ့ behaviourists တွေတောင် လူရဲ့ ကိုယ်အမူအရာ၊ စိတ်အမူအရာတွေကို ဒီလောက် နက်နက်နဲနဲ သိမ်သိမ်မွေ့မွေ့ သိမှာ မဟုတ်ပါဘူး ကွယ်။ ကဲ . . ခုကြည့်စမ်း နူးညံ့ပြေပြစ်တဲ့ သဘောဟာ ရသပညာသဘောနဲ့ပဲ ကြည့်ကြည့် ကိုယ်ကျင့်တရား ပညာသဘောနဲ့ပဲ ကြည့်ကြည့် 'အလှတရား

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ် ပွားစေနိုင်တဲ့ တရားတစ်ခုဆိုတာ ပေါ်မလာဘူးလား။ ဒီနေရာမှာ နာမ်သဘောနဲ့ ရုပ်သဘောရဲ့ ကြောင်းကျိုးဆက် တရားကိုလည်း ပိုပြီး သိမြင်နားလည်လာရတာပေါ့ မဟုတ်ဘူးလား။

**သမီး** မှန်လိုက်တာ ဖေဖေရယ်။ ဖေဖေက ဒဿနပညာရှင်တစ်ယောက်ဆိုတော့ ပိုပြီး အတွေးအမြင် ရှင်းရှင်းနားလည်တာပေါ့။ ဖေဖေက ခုနင်က နူးညံ့ပြေပြစ်ခြင်း သဘောကို 'အလှတရား' လို့ သုံးနှုန်းလိုက်သလားလို့ သမီး ကြားလိုက်ရတယ်။

**အကျွန်ုပ်** ဟုတ်တယ် သုံးလိုက်တယ်လေ။

**သမီး** နူးညံ့ပြေပြစ်ခြင်းကို အလှတရားလို့ ဘာကို ရည်ရွယ်ပြီး သုံးနှုန်းလိုက်တာလဲ ဖေဖေ။

**အကျွန်ုပ်** Beauty ကို အင်္ဂလိပ်ကို ကိုယ်စားပြုတဲ့ နည်းပညာစကားလုံးတစ်လုံးရှိတယ်။ aesthetic (အက်စ်သက်တစ်) ဆိုတဲ့ ဝေါဟာရတစ်လုံးရှိတယ်။ အဲဒီ စကားကို ရသပညာလို့လည်း ခေါ်ကြတာ၊ အမှန်ကတော့ 'အလှတရား' လို့ ပြောရင်လည်း ရတယ်။ လောကမှာ 'အလှတရား' ဆိုတဲ့ ရသခံစားမှုကို ဖြစ်စေတဲ့ တရားတစ်ခု ရှိတယ်။ အဲဒါက ဘာလဲ ဆိုတော့ လူပုဂ္ဂိုလ်မှာ ဖြစ်စေ၊ အရာဝတ္ထုတစ်ခုမှာ ဖြစ်စေ၊ ထိတွေ့ခံစားသူရဲ့ စိတ်အာရုံကို ပြင်းပြင်းပြပြ ရွှင်လန်းလာအောင်၊ နှစ်သက်ပြီး ပျော်ရွှင်လာအောင်၊ ကြည်လင်ရွှင်ပျလာအောင် လုပ်တတ်တဲ့ ကိုယ်ရည်ကိုယ်သွေးကို 'အလှတရား' လို့ ခေါ်တယ်။ ဒီအလှတရားထဲမှာ နက်ရှိုင်းတဲ့ စိတ်ကြည်မှု နှစ်သက်မှု ဖြစ်စေတတ်တဲ့ သတ္တိတို့ ရှိတယ်ဆိုရင်လည်း ရတယ်။ အဲဒါ အလှတရားပဲကွဲ့။ အနုပညာ လက်ရာတစ်ခုကို မြင်လိုက်ရတဲ့အခါ ရင်ထဲအသည်းထဲက နှစ်သက်စွဲလမ်းသွားစေနိုင်တဲ့ အစွမ်းသတ္တိမျိုး။ မိန်းမချောတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့ခံ့ထည်တဲ့ အဆင်းရုပ်ရုံကို မြင်လိုက်ရတဲ့အခါ မြင်ရသူတိုင်းရဲ့ စိတ်ထဲမှာ မက်မက်မောမော ရှိပြီး (ရင်သပ်ရှုမောရပြီး) နှစ်သက်ဖွယ် ဖြစ်သွားတဲ့ သဘော၊ စိတ်ထဲမှာ နက်နက်နဲနဲ တန်ဖိုးထားပြီး လိုချင်စွဲလမ်းသွားစေတတ်တဲ့ သဘောဟာ အလှတရားပဲပေါ့ကွယ်။

**သမီး** သမီး အတွေးထဲမှာ တော်တော်ရှင်းလာပါပြီ ဖေဖေ။ ဒါဆို နူးညံ့ပြေပြစ်ခြင်း ကိုယ်ရည်ကိုယ်သွေးဆိုတာ အလှတရားနဲ့လည်း ဆိုင်တယ်လို့ ဖေဖေ ပြောချင်သလား မသိဘူး။

**အကျွန်ုပ်** ကဲ. . သမီးကိုပဲ ဖေဖေ မေးမယ်။ အနုပညာ လက်ရာတစ်ခုမှာ လူတွေ ခံစားရတဲ့အခါ နှစ်သက်စွဲမက်စရာ ဖြစ်အောင် စွမ်းဆောင်တဲ့ သတ္တိဟာ နူးညံ့ပြေပြစ်မှုလား၊ ကြမ်းတမ်းခက်ထန်မှုလား။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** နူးညံ့ပြေပြစ်မှုပါ ဖေဖေ။

**အကျွန်ုပ်** ဒသသနသဘောနဲ့ ပြောရင် နူးညံ့ခြင်းရဲ့ ဆန့်ကျင်ဘက် ပက္ခ သဘောက ခက်မာတာပဲလေ။ ပြေပြစ်ခြင်း သဘောရဲ့ ပက္ခက ကြမ်းတမ်းတာပဲလေ။ ဒါကို မြတ်စွာဘုရားက သိမြင်တော်မူပြီးဖြစ်လို့ နူးညံ့ခြင်း (မုဒုတာ) ကို မခက်ထန်ခြင်း (အကက္ခဠတာ) လို့ ဖော်ပြထားတယ်။ ပြေပြစ်ခြင်းကို တော့ မကြမ်းတမ်းခြင်း (အကထိနတာ) လို့ ဖော်ပြထားတာကို ကြည့်လေ။ ဒါတင်မကသေးဘူး။ လူမှာ ဘယ်လောက်ပဲ နူးညံ့ခြင်းသဘော၊ ပြေပြစ်ခြင်းသဘော ရှိစေဦးတော့ ထောင်လွှားခြင်းသဘော (မာနကြီးခြင်းသဘော) ရှိရင်လည်း နူးညံ့ ပြေပြစ်ခြင်း သဘောအားလုံးရဲ့ အလုပျက်တတ်တာကို မြတ်စွာဘုရား သိမြင်တော် မူသည့်အတွက် မကြွင်းမကျန် ဟောထားပေးတယ်။

**သမီး** ဘယ်လို ဟောထားသေးသလဲ ဖေဖေ။

**အကျွန်ုပ်** နှိမ့်ချသော စိတ်ရှိသူ၏ အဖြစ် (နိစစိတ္တတာ) ဆိုတဲ့ ကိုယ်ရည် ကိုယ်သွေးလည်း လိုသေးတယ်လို့ ထည့်ဟောထားတယ်။ ဒီလို သဘောတွေ ရှိမှသာလျှင် ထိုပုဂ္ဂိုလ်မှာ နူးညံ့ပြေပြစ်ခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး ဖြစ်ပေါ်နိုင်ကြောင်းကို ဟောတော်မူထားတယ်။ ဘယ်လောက်ပဲ ဂုဏ်ပကာသန ရှိရှိ၊ဘယ်လောက်ပဲ တန်ခိုးအာဏာ ရှိရှိ၊ ဘယ်လောက်ပဲ ပစ္စည်းဥစ္စာရှိရှိ ကြမ်းတမ်း ခက်ထန်သောသူ၊ မပြေမပြစ် ဆက်ဆံသူ၊ ထောင်လွှားမာန ရှိသူကို လူမုန်းတာပဲ။ ဘယ်လောက်ပဲ လှုလှု၊ ဘယ်လောက်ပဲ စွန့်ကြဲကြဲ၊ ဝါကြွားလိုတဲ့ သဘော၊ ထောင်လွှားခြင်း သဘောနဲ့ လှူပြီး လူအထင်ကြီးစေချင်တဲ့ သဘောနဲ့ လှူပြီး ကမ္ပည်းကြီးတွေ ထိုးရင် သူတို့ ထင်သလို လူတွေက ကြည်ညိုပြီး သာဓုမခေါ်ဘူး။ 'ဟွန်း' ဆိုပြီး နှာခေါင်းရှုံ့ရုံပဲ ရှိမယ်။ လူအထင်ကြီးအောင် ထောင်လွှားပြလို့ကတော့ မုန်းရုံပဲ ရှိတော့မပေါ့။ ချဉ်ဖတ်ဖြစ်ရုံ ရှိတော့မပေါ့။ ကြီးကျယ်တဲ့ အလုပ်ကို လုပ်နိုင်သော်လည်း ကိုယ့်ကိုယ်ကိုယ် နှိမ့်ချခြင်းရှိရင် ဒီပုဂ္ဂိုလ်ကို လူအားလုံးက ကြည်ညိုပါတယ်။

**သမီး** ဒါဆို နူးညံ့ပြေပြစ်၊ နှိမ့်ချတတ်သူဖြစ်ခြင်းဆိုတဲ့ ကိုယ်ရည် ကိုယ်သွေးဟာ လူတွေ ကြည်ညိုလေးစားခြင်းကို အလိုရှိသော သူတို့မှာ ရှိအပ်တဲ့ ဘဝရဲ့ အလုတရားတစ်ခုလို့ အဓိပ္ပာယ်ဖွင့်လိုက်ရင် ရမလား မသိဘူး ဖေဖေ။

**အကျွန်ုပ်** ငါ့သမီးက စာရေးဆရာ သမီး ပီသလာပြီ။ ရကောင်းပါတယ် သမီးရဲ့၊ ဒီကိုယ်ရည်ကိုယ်သွေးဟာ လူသားရဲ့ အလုတရားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကတော့ အမှန်ပါပဲကွယ်။ မြတ်စွာဘုရားဟာ ဒီကိုယ်ရည်ကိုယ်သွေးကို ထင်ရှားအောင်လို့ ဇာတ်နိပါတ်တော်တွေလည်း ဟောတော်မူခဲ့ပါတယ်။

**သမီး** သမီးဉာဏ်အမြင်ကျယ်အောင် ဗဟုသုတရအောင် ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** အေး. . . ပြောပြမယ်။ မြတ်စွာဘုရားက ကြမ်းတမ်းခက်ထန်ခြင်းကို လူတိုင်းမကြိုက်တဲ့အကြောင်းကို သာလကဇာတ်မှာ ဟောတော်မူခဲ့တယ် သမီးရဲ့။

**သမီး** ကြမ်းတမ်းခက်ထန်စွာ ဆက်ဆံခြင်းကို လူတိုင်းမကြိုက်ဘူး ဆိုတော့ ဒါဟာ universal truth တစ်ခုပဲလို့ ဆိုသင့်သလား ဖေဖေ။

**အကျွန်ုပ်** ငါ့သမီးကလည်း ဒဿနဆန်ဆန် မေးခွန်းတွေတောင် မေးတတ်လာပြီ။ ဟုတ်တာပေါ့ သမီးရဲ့။ လူအားလုံး (လူတိုင်း) ဆိုတော့ အကြွင်းမဲ့ သဘောပဲလေ။ ကြမ်းကြမ်းတမ်းတမ်း ခက်ခက်ထန်ထန် ပြုမူဆက်ဆံတာကို ဒီလောကမှာ ကြိုက်နှစ်သက်သူ မရှိဘူး ဘယ်သူမှ မကြိုက်ဘူးဆိုတော့ တစ်လောကလုံး ခြုံပြီး ပြောသလို ဖြစ်သွားပြီ ဒါ universal truth ပဲပေါ့ကွယ်။

**သမီး** ဒါဆို ဆန့်ကျင်ဘက် ပဋိသဘောနဲ့ဆိုရင် နူးညံ့သိမ်မွေ့ပြေပြစ်တဲ့ သဘောကိုတော့ တစ်လောကလုံးရှိတဲ့ လူတိုင်း (လူမျိုး မရွေး၊ ဘာသာမရွေး) ကြိုက်နှစ်သက်တယ်လို့ စွဲမှတ်သင့်တာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အင်း. . . မှတ်သင့်တာပေါ့၊ မှတ်ရမယ်၊ အဲဒါကို ပေါ်လွင်စေချင်လို့ မြတ်ဘုရားက ကြမ်းတမ်းခက်ထန်ခြင်းရဲ့ အပြစ်ကို ပြပြီး ဟောတော်မူတာ ထင်ပါရဲ့။

**သမီး** အဲဒီဇာတ်ကို သိပါရစေ ဖေဖေ။

**အကျွန်ုပ်** ဇာတ်နာမည်က 'သာလကဇာတ်' တဲ့၊ မြတ်စွာဘုရား ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ်အခါက မထင်ရှားတဲ့ ထေရ်ကြီးတစ်ပါးကို အကြောင်းပြုပြီး ဟောတာ သမီးရဲ့။ မထေရ်ကြီးဟာ လူငယ်တစ်ဦးကို ရှင်ပြုပေးပြီး ဇေတဝန်ကျောင်းမှာနေပြီး ကိုရင်ကလေးကို နှိပ်စက်နေသတဲ့။ ကိုရင်ကလေးလည်း နှိပ်စက်တဲ့ ဒဏ်ကို မခံနိုင်တော့လို့ လူထွက်လိုက်တာပေါ့။ ဒီအခါကျတော့ မထေရ်ကြီးက ကိုရင်လေးအိမ်ကို သွားပြီး "ကိုရင် မင်းသပိတ်သင်္ကန်းတွေဟာ မင်းအတွက်ပဲ၊ ငါ့သပိတ်သင်္ကန်းတွေဟာလည်း မင်းအတွက်ပဲကွယ်" ဆိုပြီး ချော့သတဲ့။ ကိုရင်ကလေးကိုလည်း သာမဏေပြုပေးလိုက်ပြန်သတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ မထေရ်ကြီးဟာ ဒီကိုရင်ကို ကိုရင်ပြန်ဝတ်တဲ့ နေ့ကစပြီး နှိပ်စက်ကလူပြုမှု ပြန်သတဲ့။ ကိုရင်ကလည်း နှိပ်စက်တဲ့ဒဏ်ကို မခံနိုင်လို့ လူထွက်ပြန်ရောတဲ့။ ဒီအခါကျတော့ မထေရ်ကြီးက အကြိမ်ကြိမ်သွားပြီး ချော့ပါသော်လည်း ကိုရင်ကို ပြောဆိုချော့မော့ သိမ်းသွင်းလို့ မရတော့ဘူးပေါ့ သမီးရဲ့။ တရားသဘင်ကျတော့ ကိုရင်က လိမ္မာပါးနပ်တဲ့ သူငယ်ဆိုတော့ သက်နှ်းပြန်မဆီးတော့ဘူးပေါ့။ ဟိုမထေရ်ရဲ့ စိတ်ဓာတ်ကို သိသွားပြီပဲကိုး'' ဟု ပြောဆိုဖေဖန်သံကို ကြားကြရသည်။ ဒီအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူတဲ့အခါ ''ရဟန်းတို့ ဒီသူငယ်ဟာ ယခုဘဝမှာသာ လိမ္မာပါးနပ်တာ မဟုတ်ဘူး။ ရှေးအတိတ်ဘဝတုန်းကလည်း လိမ္မာပါးနပ်ခဲ့ဖူးတယ်။ တစ်ကြိမ်လောက် သူတစ်ပါးအပြစ်ကိုမြင်ရင် နောက်ဘယ်တော့မှ မပေါင်းသင်းတော့ဘူး'' လို့ မိန့်တော်မူပြီး အတိတ်ဇာတ်ဝတ္ထုကို ဟောတော်မူတယ်။

***သမီး*** အတိတ်ဇာတ်ကို သိပါရစေ ဖေဖေ။

***အတိတ်ဝတ္ထု*** ရှေးလွန်လေပြီးသော အတိတ်ကာလတုန်းက ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်ခဲ့ဖူးသတဲ့။ အရွယ်ရောက်တဲ့အခါ စပါးရောင်းအလုပ်နဲ့ အသက်မွေးသတဲ့။ အလမ္မာယ်ဆရာတစ်ယောက်ဟာ မျောက်တစ်ကောင်ကို ကောင်းကောင်း လေ့ကျင့်သင်ကြားပေးထားပြီး မြွေဆေးထိုးထားပေးကာ မျောက်အား မြွေလို ကစ္ဆ ကစားစေသတဲ့။ မျောက်နဲ့ မြွေကို ပွဲပြကာ အသက်မွေးဝမ်းကျောင်း ပြုတာပေါ့ သမီးရယ်၊ မကြာခင် ဗာရာဏသီပြည်မှာ ပွဲသဘင်ပြုလုပ်ချိန် နီးလာတော့ ကြော်ငြာများ ကပ်ထားတယ်။ မြွေအလမ္မာယ်ဆရာဟာ ဒီပွဲမှာ ဝင်နွှဲလိုတဲ့အတွက် ''ဒီမျောက်ကို ကောင်းကောင်း ထိန်းထားပေးပါ'' ဆိုပြီး စပါးကုန်သည်ထံမှ အပ်နှံထားခဲ့တယ်။ သူကတော့ ဗာရာဏသီပွဲကို သွားသတဲ့။

ဗာရာဏသီပွဲသဘင်က ခုနစ်ရက် ကျင်းပတယ်။ ပွဲပြီးမှ အလမ္မာယ်ဆရာဟာ စပါးကုန်သည်ထံ ပြန်သွားပြီး ''ငါ့မျောက် ဘယ်မှာလဲ'' လို့ မေးသတဲ့။ မျောက်ဟာ သူ့သခင်အသံ ကြားတော့ စပါးစည်ထဲက ထွက်လာတာပေါ့။ အလမ္မာယ်ဆရာလည်း မျောက်ကို ဝါးခြမ်းပြားတုတ်နဲ့ ရိုက်နှက်ပြီး ဥယျာဉ်ထဲကို ခေါ်သွားပြီး တစ်နေရာမှာ ချည်ထားလိုက်တယ်။ သူလည်း အိပ်ပျော်သွားတယ်။ မျောက်လည်း သူ့သခင် ချည်ထားတဲ့ ကြိုးကို ဖြေပြီး သရက်ပင်ပေါ်ကို တက်ပြေးသွားတယ်။ သရက်ပင်ပေါ် ရောက်တော့ သရက်သီးမှည့်များကို ခူးဆွတ်ပြီး စားတယ်။ အစေ့ကိုတော့ အလမ္မာယ်ဆရာကိုယ်ပေါ်ကို ပစ်ချသတဲ့။ အလမ္မာယ်ဆရာ နိုးလို့ မျက်စိကို ဖွင့်ကြည့်လိုက်တဲ့အခါ မျောက် သရက်ပင်ပေါ် ရောက်နေတာ မြင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မျောက်ကို ချော့မော့ဖြားယောင်းခေါ်ပြီး ပြန်ဖမ်းလိုတဲ့အတွက် သာယာနာပျော်ဖွယ် ပြောဆိုတာပေါ့။ 'သာလက သင်သည် ငါတို့ဆီမှာ တစ်ယောက်တည်းသော သား ဖြစ်တယ်။ ငါတို့ရဲ့ စည်းစိမ်ဥစ္စာတို့ကို သင့်ကို ပေးမယ်။ လာပါ၊ အိမ်ကို ပြန်ကြရအောင်'' လို့ ခေါ်သတဲ့။

ဒီအခါ ပါးနပ်တဲ့ မျောက်က ''အလမ္မာယ်ဆရာကြီး၊ သင်ဟာ ငါ့ကို လိမ္မာပါးနပ်တဲ့ မျောက်လို့ သိတယ် မဟုတ်လား။ သင်ဟာ ငါ့ကို ဝါးခြမ်းပြားနဲ့ ရိုက်နှက်ခဲ့တယ်။ ဒါကြောင့် သင့်အိမ်ကိုလည်း ငါမလိုက်တော့ဘူး။ သရက်သီးမှည့် တွေ ပေါတဲ့ ဒီတောထဲမှာပဲ နေရစ်တော့မယ်'' လို့ ဆိုသတဲ့။

**သမီး** ခက်ထန်ကြမ်းတမ်းတာတို့ နှိပ်စက်ကလူ ပြုတာတို့ကို လူမပြောနဲ့ တိရစ္ဆာန်တောင် မကြိုက်ဘူးလို့ ဆိုလိုတာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** နူးညံ့ပြေပြစ်ချိုသာစွာ ပြောတာကို တိရစ္ဆာန်တောင် နှစ်သက်တယ် လို့ ဘုရားဟောတယ် သမီးရဲ့၊ မြတ်စွာဘုရား ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံးနေစဉ်က ဆဗ္ဗဂ္ဂီ ရဟန်းခြောက်ပါးတို့ကို အကြောင်းပြုပြီး ရုန့်ရင်းကြမ်းတမ်းတဲ့ စကားကို ပြောရင် လူကို မဆိုထားနဲ့ တိရစ္ဆာန်တောင် မကြိုက်ဘူးဟု အတိတ်ဝတ္ထုကို ဆောင်၍ ဟောတော်မူခဲ့တယ်။

**သမီး** အတိတ်ဝတ္ထုကို ပြောပြပါဦး ဖေဖေ။ သမီး မကြားဖူးသေးလို့ပါ။

**အကျွန်ုပ်** အင်း... သမီးကြားဖူးမှာ မဟုတ်လား ဖေဖေ ပြောပြမယ်။ ဇာတ်နာမည်က 'နန္ဒိဝိလာသ'ဆိုတာ နွားလားဥသဘရဲ့နာမည်ပဲ သမီးရဲ့။ လွန်လေပြီးသော အတိတ်ကာလတုန်းက ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်မှာ ပုဏ္ဏားတစ်ယောက်မှာ အလှူခံလို့ရတဲ့ နွားလားတစ်ကောင် ရှိတယ်။ နန္ဒိဝိလာသလို့ နာမည်ပေးထားတယ်။ ပုဏ္ဏားဟာ နွားကို သားသမီးအရင်းပမာ ပြုစုစောင့်ရှောက် တယ်တဲ့။

ဒီလို ချစ်ခင်ယုယပြုစုလို့ နွားလားကလည်း ပုဏ္ဏားကို ကျေးဇူး ဆပ်ချင်လို့ဆိုပြီး ပြောသတဲ့။ နွားရှင်ပုဏ္ဏားအား ဂေါဝိတ္တက သူဌေးဆီကို သွားပြီး ငါ့နွားဟာ တစ်စပ်တည်း ချည်ထားတဲ့ လှည်းအစီး တစ်ရာကို တစ်ကောင်တည်းနဲ့ ဆွဲနိုင်တယ်။ မယုံရင် အသပြာတစ်ထောင်တမ်း လောင်းမယ်လို့ ပြောခိုင်းသတဲ့။ ပုဏ္ဏား သွားပြောတော့ ဂေါဝိတ္တက သူဌေးကလည်း လောင်းဖို့ သဘောတူသတဲ့။ လောင်းကစားပွဲ ပြုသောနေ့မှာ ပုဏ္ဏားဟာ နွားကို ရေချိုး၊ နံ့သာဆင်ပြီး တစ်စပ် တည်း ချည်တုပ်ပြီး ဝန်အပြည့် တင်ဆောင်ထားတဲ့ နွားလှည်းတန်းရဲ့ ထိပ်က လှည်းမှာ တပ်ဆင်ပြီး ပုဏ္ဏားက နှင်တံကို ကိုင်ကာ ''ဟဲ့... နွားယုတ် ကောက်ကျစ်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းလဲတဲ့ နွား ဆွဲစမ်း'' ဆိုပြီး ကြမ်းတမ်းစွာ စကားဆိုလိုက်သတဲ့။ နွားလည်း ငါ့သခင်ဟာ ငါ့ကို မဟုတ်မမှန်တဲ့ ကြမ်းတမ်း ခက်ထန်တဲ့ စကားကို ဆိုတယ်ဆိုပြီး လှည်းကို မဆွဲဘဲ နေလိုက်တာ ပုဏ္ဏားလည်း အသပြာတစ်ထောင် ရှုံးရောပေါ့။

ငွေတစ်ထောင် ရှုံးလို့ မှိုင်နေတဲ့ ပုဏ္ဏားကို နွားက မြင်တော့ သနားပြီး ပြောသတဲ့ ''အရှင်ပုဏ္ဏား သခင် ယခုလို ရှုံးခဲ့တာ ကျွန်ုပ်အပြစ် မဟုတ်ပါ။ သင့် အပြစ်သာ ဖြစ်ပါတယ်။ ကျွန်ုပ် (သင့်)အိမ်မှာ ဘာတစ်ခုမှ အကျိုးမဲ့ မပြုခဲ့ဘူး။ ကျင်ကြီးကျင်ငယ် ကိုတောင် စည်းကမ်းမဲ့ မစွန့်ခဲ့ပါပဲလျက် သင်က ကျွန်ုပ်ကို နွားယုတ်လို့ ဘာကြောင့် ဆိုသလဲ။ ဒီလို ကြမ်းတမ်းစွာဆိုတဲ့ အပြစ်ကြောင့် သင်ရှုံးရတာ၊ ခုတစ်ခါ ပြန်သွား။ ယခင်အတိုင်း ပြိုင်မယ်၊ အသပြာ နှစ်ထောင်တမ်း လောင်းမယ်လို့ ပြော'' ဖို့ တိုက်တွန်းပြန်သတဲ့။

ဒီတစ်ခါမှာတော့ ပုဏ္ဏားက လှည်းတစ်ရာ ဆက်စပ်ထားတဲ့ ပထမထိပ်ဆုံးက လှည်းမှာ နွားလားကို ကစေပြီး ''နွားမြတ်၊ နွားကောင်း၊ နွား သူတော်ကောင်းကြီး သွားကွယ်၊ ရုန်းလိုက် စမ်းပါ'' လို့ ချိုသာစွာ ဆိုလိုက်တော့ နွားလားက တစ်ချက်တည်း ရုန်းလိုက်တာ လှည်းတစ်ရာလုံး ပါသွားသတဲ့၊ ပုဏ္ဏားလည်း အသပြာ နှစ်ထောင် နိုင်သွားတာပေါ့။ ဒီဇာတ်ကို အကြောင်းပြုပြီး ဘုရားသခင်ကိုယ်တော်ကြီးက သူတစ်ပါးနှင့် ဆက်ဆံရာမှာ နူးညံ့ပြေပြစ်၍ ချိုသာသော စကားကို ပြောဆိုရာ၏လို့ ဟောတော်မူတယ်။

**သမီး** ဒီကိုယ်ရည်ကိုယ်သွေးဟာ လူမှုဆက်ဆံရေးဘဝနဲ့ ဆိုင်တယ်နော် ဖေဖေ။ လူအများအပေါ် လွှမ်းမိုးနိုင်တဲ့ အစွမ်းသတ္တိရှိဖို့ လူတကာ ကြည်ညိုလေးစားချစ်ခင်ခြင်းကို ခံရဖို့မှာ အမူအရာထက် အပြောအဆို နူးညံ့ပြေပြစ်ဖို့ ပိုပြီး လိုအပ်တယ် ဖေဖေ။

**အကျွန်ုပ်** မှန်တာပေါ့ကွယ်၊ လူဆိုတာက လူအဖွဲ့အစည်းနဲ့ ကင်းပြီး တန်ဖိုး ရှိနိုင်တာမှ မဟုတ်ဘဲ။ လူ့တန်ဖိုးဆိုတာ အဖွဲ့အစည်းထဲမှာသာ ရှိနိုင်တာမျိုးပဲ သမီးရဲ့။ လူမရှိတဲ့ ကျွန်းလွတ်တစ်ကျွန်းပေါ်ကို ရောက်သွားတဲ့ ရော်ဘာဆန်ခရူးဆိုးဟာ စိန်တုံးကြီးတွေကို ကျွန်းပေါ်မှာ တွေ့သော်လည်း ဒါတွေ ဟာ သူ့အတွက် ဒီနေရာမှာ ဘာမှ အဖိုးမတန်ဘူး။ လူ့အဖွဲ့အစည်းထဲ ရောက်မှ တန်ဖိုးရှိသလိုပေါ့ကွယ်။

**သမီး** ဟုတ်တယ်နော် ဖေဖေ၊ ဒါနဲ့ ဖေဖေ၊ ခုသမီးတို့ ပြောနေတဲ့ ကိုယ်ရည်ကိုယ်သွေး personality ဆိုတာဟာ စိတ်ပညာနဲ့ ဆိုင်တဲ့အကြောင်းအရာတစ်ခုပဲနော် ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဟုတ်တယ် သမီး၊ ဒါဟာ စိတ်ပညာနဲ့ ဆိုင်တဲ့ ကိစ္စတစ်ရပ်ပဲ။

**သမီး** ဒါဆိုရင် နူးညံ့ပြေပြစ်တာတို့၊ ကြမ်းတမ်းခက်ထန်တာတို့ဟာ ဗီဇနဲ့ ဆိုင်သလား၊ ပတ်ဝန်းကျင်နဲ့ ဆိုင်သလား ဖေဖေ။

**အကျွန်ုပ်** မြတ်ဗုဒ္ဓ ဟောကြား ဆုံးမတော်မူတာတွေကို ဖေဖေ လေ့လာကြည့်တာတော့ ဒီကိစ္စဟာ ဆုံးမပြုပြင်လို့ရတဲ့ ပတ်ဝန်းကျင်နဲ့ ဆိုင်တဲ့ သဘောတစ်ခုပဲကွယ်၊ ဥပမာ အဇာတသတ်မင်းဟာ ဒေဝဒတ်နဲ့ ပေါင်းသင်းတုန်းက ရက်စက်ကြမ်းကြုတ်ခဲ့တယ်။ နောင်အခါမှာ မြတ်စွာဘုရားရဲ့ တပည့်သာဝက ဖြစ်လာတဲ့အခါကျတော့ နူးညံ့ပြေပြစ်သူ ဖြစ်ရုံမျှမက တတိယ သင်္ဂါယနာပွဲ သဘင်ကြီးရဲ့ ဒါယကာတောင် ဖြစ်သွားတာပဲ ကြည့်ပါလား သမီးရဲ့၊ ကျားတို့၊ ခြင်္သေ့တို့တောင်မှ သားရဲတိရစ္ဆာန်ဆိုပေမယ့် လိမ္မာယဉ်ကျေးအောင် နူးညံ့ပြေပြစ်အောင် မွေးကျွေး ပြုပြင်ထားရင် ဆပ်ကပ်တို့ ရုပ်ရှင်တို့ထဲမှာ လူနဲ့အတူ သရုပ်ဆောင်နိုင်တာ တွေ့ရတယ်။ တောစိတ်ပျောက်ပြီး မြို့စိတ်၊ ရွာစိတ် ဝင်အောင် လုပ်ရင် ရတာပဲလေ။ ဒီအကြောင်းကို မြတ်ဗုဒ္ဓက 'မဟိဠာမုခ' ဇာတ်မှာ ဟောတော်မူတာလည်း ရှိတယ်။

**သမီး** ဇာတ်တစ်ဖြစ်အောင် ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** အေး . . ဒါတွေဟာ ဘုရားဟောတရားတွေ ဖြစ်ပေမယ့် လူငယ်တွေ မဆိုထားနဲ့ လူကြီးတွေတောင် မသိကြတာ များတယ်ကွယ်။ ဖေဖေ ပြောပြမယ်။

**သမီး** ကျေးဇူးများပါတယ် ဖေဖေ၊ ပြောပြပါဦး။

**အကျွန်ုပ်** ဒီ 'မဟိဠာမုခ' ဇာတ်ဟာ ဒေဝဒတ်ကို အကြောင်းပြုပြီး ဟောတာ သမီးရဲ့။

**သမီး** ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** ဒေဝဒတ်ဟာ အဇာတသတ်မင်းရဲ့ အထောက်အပံ့ကို ရပြီး ဂယာသီသမှာ ဘုန်းမီးနေလ ထွန်းပနေတုန်းကပေါ့။ သူ့မှာ တပည့်ပေါင်း များစွာ ခြံရံနေတယ်။ ရာဇဂြိုဟ်ပြည်သား မိတ်ဆွေနှစ်ဦးဟာ တစ်ယောက်က ဘုရား ထံမှာ၊ တစ်ယောက်က ဒေဝဒတ် ထံမှာ အသီးသီး ရဟန်း ပြုကြတယ်။ တစ်ယောက်နှင့် တစ်ယောက် အမြဲ အဆက်အသွယ် ပြုနေကြသတဲ့။ တစ်နေ့ကျတော့ ဒေဝဒတ်တပည့်က မြတ်ဗုဒ္ဓရဲ့ တပည့်ရဟန်းကို "နေပူကျဲကျဲမှာ ချွေးဒီးဒီးကျအောင် ဆွမ်းခံရတာ ပင်ပန်းလှပါတယ်။ ဆွမ်းမခံဘဲ ကောင်းကောင်းစားရအောင် ငါတို့ ဂယာသီသကို လိုက်စားပါလား" လို့ ခေါ်တယ်။ ခေါ်ဖန်များလာတော့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့ တပည့်ရဟန်းဟာ ဂယာသီသကို လိုက်ပါသွားပြီး ဆွမ်းစားတာပေါ့ သမီးရယ်။ ဒီကိစ္စဟာ ရဟန်းပရိသတ်အလယ်မှာ ကဲ့ရဲ့ရှုတ်ချဖွယ်ဖြစ်ပြီး ဘုရားရှင်နားကို ရောက်သွားတာပေါ့။ ဒီအခါ မြတ်ဗုဒ္ဓက အဲဒီရဟန်းကို ''သင်သည် ရှေးအခါကလည်း မြင်မြင်သမျှကို ဆည်းကပ်ဖူးပြီ'' ဟု ဆိုပြီး မိန့်တော်မူတယ်။

**သမီး** အတိတ်ဝတ္ထုကို သိချင်ပါတယ် ဖေဖေ။

***အကျဉ်းနှိပ်*** သမီးကတော့ အမြင်ကျယ်ချင်သူဆိုတော့ သိစရာ ရှိရင် အကုန်သိချင်မှာပဲဆိုတာ ဖေဖေ နားလည်ပါတယ်။ ကဲ . . အတိတ်ဝတ္ထုကို ပြောပြမယ် မှတ်ထားပေါ့။

**သမီး** ကောင်းပါပြီ ဖေဖေ၊ သမီးမှတ်ထားပါ့မယ်။

***အတိတ်ဝတ္ထု*** ဘုရားလောင်းဟာ ရှေးလွန်လေပြီးသော အတိတ်တာဝက ဗာရာဏသီမင်းရဲ့ အမတ်ကြီး ဖြစ်ခဲ့ဖူးသတဲ့။ ဒီမင်းမှာ မဟိဠာမုခအမည်ရတဲ့ မင်္ဂလာဆင်တစ်စီး ရှိတယ်။ အကျင့်ကောင်းတယ်၊ ဘယ်သူ့ကိုမှ ညှဉ်းဆဲလေ့မရှိဘူး။ ဒါပေမဲ့ ညကျတော့ သူခိုးများက ဆင်တင်းကုပ်နားကို လာပြီး ခိုးနည်း၊ တိုက်နည်း၊ သတ်နည်းများကို လေ့ကျင့်ကြတာကို မြင်တော့ မင်္ဂလာဆင်တော်ဟာ မြင်ဖန်များ ကြားဖန်များတာကြောင့် သူ့ကို သင်ပေးနေတယ်မှတ်ပြီး သူ့ထံကိုလာတဲ့ လူတိုင်းကို သတ်ဖြတ်တတ်လာတော့တယ်တဲ့။ ဒီအကြောင်းကို မင်းကြီး ကြားသိတဲ့အခါ ပညာရှိ အမတ်ကို စုံစမ်းနေတာပေါ့။ ပညာရှိအမတ်က စုံစမ်းတော့ အတုမြင် အတတ်သင် ဖြစ်နေတဲ့ သဘောကို သိသွားပြီး ''အရှင်မင်းကြီး ဆင်မှာ ရောဂါတစ်စုံတစ်ခု မရှိပါ။ သူခိုးများ တိုင်ပင်လေ့ကျင့်နေတာကို မြင်ကြားပြီး သူ့စိတ် ခက်ထန်လာတာ ဖြစ်ကြောင်း၊ ဒါကြောင့် မူလအတိုင်း ပြန်ပြီး ယဉ်ကျေးသိမ်မွေ့အောင် ရဟန်းပုဏ္ဏားများကို ဆင်တင်းကုပ်ကို ပင့်ဖိတ်ပြီး သီလနှင့်ပတ်သက်တဲ့ စကားများကို ဆွေးနွေးစေခြင်းအားဖြင့် ပြန်လည်၍ ယဉ်ကျေးလာနိုင်ကြောင်း'' ကို လျှောက်တင်သတဲ့။ မင်းကြီးလည်း ပညာရှိအမတ် အကြံပြုတဲ့အတိုင်း ပြုလုပ်တဲ့အခါ မင်္ဂလာဆင်ဟာ ပြန်ပြီး နူးညံ့ပြေပြစ်သူ ဖြစ်လာတယ်။ သူတော်ကောင်းတရား၌ ပြန်တည်လာသတဲ့ကွယ်။

**သမီး** ဒါဆိုရင် နူးညံ့ပြေပြစ်သူ ဖြစ်အောင် စောင့်ထိန်းခြင်း၊ သံဝရသီလနှင့် ပြုပြင်နိုင်ရင်၊ သင်ကြားပေးရင် ဖြစ်တာပေါ့နော် ဖေဖေ။

***အကျဉ်းနှိပ်*** ဒါက မွေးရာပါ စရိုက်မဟုတ်ဘူး သမီးရဲ့။ ခက်ထန်သူ၊ ကြမ်းကြုတ်သူ ဖြစ်လာတာ အများအားဖြင့် အပေါင်းအသင်းကြောင့် ဖြစ်တာများတယ်။ ပတ်ဝန်းကျင်ပေါ် မူတည်ပြီး ဖြစ်တာဆိုတော့ နူးညံ့ပြေပြစ်သူ ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ တရားတွေကိုလည်း သူတော်ကောင်း ပညာရှိကို ဆည်းကပ်ခြင်းအားဖြင့် ပြုစုပျိုးထောင်လို့ ရတာပေါ့ကွယ်။ ပညတ်နယ်၊ သမုတိသစ္စာနယ်မှာတော့ ကိုယ်ရည်ကိုယ်သွေးဆိုတာ မွေးရာပါ သဘောလည်း ရှိတယ်။ အတိတ်ကံပေါ် မူတည်တယ်။ ဒါပေမဲ့ ပစ္စုပ္ပန်ကံက ပိုပြီး အရေးကြီးတယ်။ ပစ္စုပ္ပန်ကံကောင်းရင် ကိုယ်ရည်ကိုယ်သွေး ကောင်းတွေကို ပြုစုပျိုးထောင်ပြီး ဖွံ့ဖြိုးအောင် လုပ်လို့ရတယ်။ အများအားဖြင့် ခက်ထန်ကြမ်းတမ်းတဲ့သူဟာ နူးညံ့တဲ့ မေတ္တာတရား သူ့ရင်ထဲမှာ ထွန်းပလာအောင် မလုပ်ပေးနိုင်လို့ ဖြစ်တာ သမီးရဲ့။ ဖေဖေ ငယ်တုန်းက ကြည့်ဖူးတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ ကြေးစားလူသတ်သမား တစ်ယောက်ဟာ သူဌေးသမီး မိန်းမချော တစ်ယောက်ကို သတ်ဖို့ ရှာတွေ့ယူပြီးမှ ဒီအမျိုးသမီးရဲ့ နူးညံ့တဲ့ အပြုအမူတွေ လုပတဲ့ အဆင်းရူပကာတွေကို သူကြည့်ရင်း အကဲခတ်ရင်း သူ့ရင်ထဲမှာ ဒီမိန်းမလှကလေးကို စွဲမက်လာပြီး သူ့စိတ်နှလုံးလည်း နူးညံ့သိမ်မွေ့သွားတယ်။ ဒီအချိန်ကျတော့ ဒီမင်းသားဟာ သူ့လက်ထဲက သေနတ်ကို ပစ်ချလိုက်ပြီး ထွက်ခွာသွားတယ်။ ခက်ထန်တယ်၊ ကြမ်းတမ်းတယ်ဆိုတာ ဒေါသကြောင့် ဒေါမနဿကြောင့် ဖြစ်တာပဲ သမီးရဲ့။ ဒါကြောင့် အဒေါသ စေတနာ မေတ္တာ သက်ရောက်လာရင် စိတ်နှလုံး သိမ်မွေ့သွားတယ်။ ခက်ထန်မှုတွေ ပပျောက်သွားတယ်။

**သမီး** နူးညံ့ပျော့ပြောင်းသူ မဖြစ်အောင် ပြုတတ်တဲ့ တရားထဲမှာ ဒေါသအပြင်၊ မာနလည်း ပါတယ်လို့ မြတ်စွာဘုရား ဟောတော်မူသေးတယ် မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** သမီးက မှတ်ဉာဏ်လည်း မဆိုးဘူး။

**သမီး** စိတ်ဝင်စားလို့ပါ ဖေဖေ။

**အကျွန်ုပ်** ဟုတ်တာပေါ့ကွယ်၊ လူဟာ ကိုယ်စိတ်ဝင်စားတာကို စွဲစွဲမြဲမြဲ မှတ်ထားလေ့ရှိတာ အမှန်ပဲကွယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာ၊ ထောင်လွှားတာတွေဟာ မာနရဲ့ သဘောတွေပဲကွယ်။ ဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသူဟာ သူတစ်ပါးကို အထင်သေးတတ်တယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ ဒီအကြောင်းကို သကုဏဂ္ဃိဇာတ်မှာ ဟောထားတယ်။ သကုဏဂ္ဃိ ဆိုတာက သိမ်းငှက်ကို ပြောတာ။ ဒီဇာတ်ကို ဟောတာမှာ ထူးခြားတာက အရင်ဇာတ်တွေလို တစ်စုံတစ်ယောက်ကို အကြောင်းပြုပြီးဟောတာ မဟုတ်ဘဲနဲ့ ကိုယ်တော်နဲ့ ဆန္ဒတော်အတိုင်း ဟောတော်မူလိုတဲ့ ဆန္ဒဖြစ်ပေါ်လာတဲ့အတွက် ဇေတဝန်ကျောင်းတော်မှာ ရဟန်းတွေကို ခေါ်ပြီး စိတ်လိုလက်ရ ဟောတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** မြတ်စွာဘုရားဟာ ဒီဇာတ်ကို တစ်စုံတစ်ယောက်ကို အကြောင်းပြု ပြီး ဟောတာ မဟုတ်ဘဲ မိမိသဘောဆန္ဒအလျောက် ဟောတော်မူတာဆိုတော့ အရေးကြီးလို့ပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဟုတ်လိမ့်မယ်၊ ဖေဖေ့အထင်တော့ သတ္တဝါမှာ မာနဝင်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းရင် နိမ့်ချတဲ့ သဘောမရှိတော့ဘူး။ အဲဒီအခါ မာနကြောင့် ခက်ထန်လာတယ်။ ဒီလို ခက်ထန်လာရင် လျင်လျင်မြန်မြန် ပျက်စီးတတ်ကြောင်းကို မြတ်စွာဘုရားက လူသားများကို သိစေလိုတဲ့ အတွက် ဟောတာ ဖြစ်ပါလိမ့်မယ်ကွယ်။ လောကမှာ လူတွေဟာ မာန်တက်ပြီဆိုရင် ကိုယ့်ကိုယ်ကိုယ်အထင်ကြီးလာတယ်။ ရန်သူကို အထင်သေးလာတတ်တာလည်းပါတယ်။ အဲဒီအခါ သူဟာ ပျက်စီးခြင်းလမ်းပေါ်ကို ရောက်တာပဲကွယ်။

**သမီး** ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရားက ဒီဇာတ်မှာ အတိတ်ဝတ္ထုကို ဟောပုံကိုပဲ ဖေဖေ ပြောပြမယ်။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ။

**အကျွန်ုပ်** ရှေးလွန်လေပြီးသောအခါ ကာလတုန်းက ဘုရားလောင်းဟာ ဘီလုံးငှက်ကလေး ဖြစ်ခဲ့ဖူးတယ်။ ဘီလုံးငှက်တွေဟာ အစာရှာတဲ့အခါ ထွန်စာခဲပေါ်မှာ နားပြီး အစာရှာကြတယ်။ တစ်နေ့ကျတော့ အလောင်းတော်ဘီလုံးငှက်ကလေးဟာ ကိုယ့်မိရိုးရာ စားကျက်ထဲမှာ အစာမရှာဘဲ သူတစ်ပါးစာကျက်ထဲမှာ အစာရှာဖို့အတွက် တောအုပ်အဆုံးကို ရောက်အောင် သွားမိတယ်။ ဘီလုံးငှက် နယ်ကျွံလာတာကို မြင်တော့ သိမ်းငှက်တစ်ကောင်က လျင်မြန်စွာ ပျံသန်းလာပြီး ဘီလုံးငှက်ကလေးကို ထိုးသုတ်လိုက်ပါသတဲ့ကွယ်။ သိမ်းငှက်အသုတ်ခံလိုက်ရတဲ့ ဘီလုံးငှက်ဟာ ဒီအခါကျမှ ငိုပြီး ပြောသတဲ့။ ''ငါညံ့တာ၊ ကံဆိုးတာပဲ၊ မသွားသင့်တဲ့ နေရာကို သွားမိတာကိုး၊ ကိုယ့်စားကျက်မှာ ကိုယ်ရှာစားရင် ဒီသိမ်းငှက် သုတ်နိုင်မှာ မဟုတ်ဘူး'' လို့ နောင်တရပြီး ငိုတာပေါ့။ ဒီအခါ သိမ်းငှက်က မာန်တက်လာပြီး ''အံမယ်. . မင်းကများ၊ မင်းစားကျက်က ဘယ်မှာမို့လဲ'' လို့ မေးသတဲ့။

''အကျွန်ုပ် စားကျက်က ထယ်စာခဲရှိရာ အရပ်မှာပါ''

''ဒါဆို ဘီလုံး၊ သင်သွားပေတော့၊ သင့်စားကျက်မှာ သင်ရှာစားလည်း သင်ငါ့လက်ထဲက မလွတ်နိုင်ပါဘူး'' ဆိုပြီး ဘီလုံးငှက်ကို ပြန်လွှတ်ပေးလိုက်သတဲ့။ ဘီလုံးငှက်ကလေးဟာ လွတ်သွားတဲ့အခါ ထယ်စာခဲပေါ် တက်နားနေသတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ ပြီးမှ ''သိမ်းငှက် လာစမ်းပါ'' လို့ ခေါ်လိုက်တယ်တဲ့။ သိမ်းငှက်လည်း မခံချင်စိတ် ဖြစ်လာတာပေါ့။ ကိုယ့်စွမ်းအားကိုလည်း ယုံကြည်ပြီးဖြစ်တော့ မာန်ဟုန်ပြင်းစွာ အတောင်ကို ဖြန့်ပြီး ဘီလုံးငှက် ရှိရာကို ပျံသန်းလာတာပေါ့ကွယ်။ ဘီလုံးငှက်လည်း သိမ်းငှက် အရှိန်ပြင်းစွာ ထိုးသုတ်လာတာ မြင်တော့ သူ့အနား မရောက်ခင်မှာဘဲ ထယ်စာခဲကြားထဲ ခုန်ချလိုက်တာ သိမ်းငှက်လည်း အရှိန်ကို မသတ်နိုင်ဘဲနဲ့ ထယ်စာခဲနှင့် ဝင်တိုက်လိုက်တာ ရင်လည်းကွဲ၊ မျက်စိလည်း ထွက်ပြီး သေပါရောတဲ့။

**သမီး** အင်း . . ဒီဖြစ်ရပ်ကလေးက မျက်စိထဲမှာ ပေါ်လာပါတယ် ဖေဖေ။ ပန်းချီကားချပ်ကလေးတစ်ခုလိုပဲ။ Contrast က သိပ်လှတာပဲ။ နှိမ့်ချတဲ့ ဘီလုံးငှက်နဲ့ ခက်ထန်မာန်ထောင်တဲ့ သိမ်းငှက်ရဲ့ အမူအရာ ဆန့်ကျင်ဘက် သဘောဟာ သိပ်ပေါ်လွင်တာပဲနော်။

**အကျွန်ုပ်** ဟုတ်တယ်။ အင်အားကြီးမားသူတွေ ခက်ထန်မာန်တက်ပြီး အင်အားယော်တဲ့ သူတွေအပေါ် အထင်သေး အမြင်သေး ဆက်ဆံရင် ဘေးတွေ့တတ်တဲ့ သဘောလေ။ ဒါ သင်ခန်းစာပဲပေါ့။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ သမီးဉာဏ်ထဲမှာလည်း အလင်းခတ် ကလေးတစ်ခု ပေါ်သွားသလိုပါပဲ။ ဒါတွေဟာ တကယ်တော့ ကိုယ်ရည်ကိုယ်သွေးနဲ့ စပ်ဆိုင်တဲ့ ဇာတ်တွေပါပဲနော်၊ မဆိုနိုင်ဘူးလား ဖေဖေ။

**အကျွန်ုပ်** ဟုတ်တာပေါ့ကွယ်၊ ဘီလုံးငှက်မှာ နှိမ့်ချတဲ့ ကိုယ်ရည်ကိုယ်သွေး ရှိတယ်။ ဉာဏ်အမြော်အမြင် ရှိတယ်။ သိမ်းငှက်က အင်အားကို အားကိုးတယ်။ မာန်ထောင်တယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတယ်။ ခက်ထန် ကြမ်းတမ်းတယ်။

**သမီး** အဲဒီ ခက်ထန်မှုက သူ့ကို သတ်လိုက်တာပဲလေ။

**အကျွန်ုပ်** ဟုတ်ပ၊ သမီး ပြောလိုက်မှ ရှင်းသွားတယ်။

**သမီး** နူးညံ့ပြေပြစ်သူ၊ နှိမ့်ချသော စိတ်ရှိသူ၊ မခက်ထန်သူ ဖြစ်ကြောင်း တရားတွေကို သမီး နားလည်လာပါပြီ ဖေဖေ။ ဒီကိုယ်ရည်ကိုယ်သွေးမှာ ခက်ထန်ကြမ်းကြုတ်သူ၊ မာန်ထောင်လွှားသူ ဖြစ်တာ ပတ်ဝန်းကျင် ကြောင့်လည်း ဖြစ်တယ်။ ခွန်အားကြောင့်လည်း ဖြစ်တယ်။ ပစ္စည်းဥစ္စာ အာဏာ၊ တန်ခိုးတို့ကြောင့်လည်း ဖြစ်နိုင်တယ်ဆိုတာတွေပါ သမီးနားလည်လာပါတယ် ဖေဖေ။ နောက်ဆုံး သမီးစိတ်ထဲ ပေါ်လာတာက ခက်ထန်ကြမ်းကြုတ်တဲ့ သဘော၊ ထောင်လွှားတဲ့ သဘောကို လူတိုင်း မုန်းတယ်။ နူးညံ့ပြေပြစ်တဲ့ သဘော၊

www.burmeseclassic.com



နိမ့်ချတဲ့ သဘောရဲ့ အကျိုးကျေးဇူး များပုံတွေကိုပါ သိနားလည်ခွင့်ရတာ သမီး အတွက်တော့ တန်ဖိုးကြီးလှပါတယ် ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ သမီးတစ်ယောက်တည်းအတွက် မကပါဘူး။ မြန်မာ လူငယ်ပရိသတ် အတွက်ရော၊ လူကြီးမိဘတွေအတွက်ပါ မြတ်ဗုဒ္ဓ ရဲ့ တရားတော်တွေက ကျေးဇူးများပါတယ်ကွယ်။ ကဲ. . .၊ ဒါလောက်ဆိုရင် နူးညံ့ပြေပြစ်သူ ဖြစ်စေတတ်သော အကြောင်းတရားများနှင့် ပတ်သက်ပြီး ဖေဖေတို့ ဆွေးနွေးလာခဲ့ကြတာ အတော်အသင့်တော့ စုံပြီ ထင်ပါရဲ့။ တရားဆိုတာ လိုရင်း တိုရှင်းပဲ ကောင်းတယ်။ ချဲ့လွန်းကျယ်လွန်းရင် ရောပြီး မျောသွားတတ်တယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ သမီးစိတ်ထဲ ကျေနပ်ပါတယ်။ မြတ်ဗုဒ္ဓက ကိုယ်ရည်ကိုယ်သွေးနဲ့ ပတ်သက်ပြီး နောက်ထပ် ဘာတွေကို ဟောပြသေးသလဲ ဖေဖေ။ ဒါလောက်ဆို ပြီးပြီလား ဖေဖေ။

**အကျွန်ုပ်** မပြီးသေးဘူး သမီးရဲ့။ မြတ်ဗုဒ္ဓက သည်းခံခြင်း တရားရှိကြောင်း တရား 'ခမနတာ' ဆိုတာကိုလည်း ဟောထားသေးတယ် သမီး ရဲ့။

**သမီး** ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ ပြောပြရမှာပေါ့။ ဒါမှ မြတ်ဗုဒ္ဓရဲ့ တရားအမြင်တွေဟာ ဘယ်လောက် ပြည့်စုံတယ်၊ ဘယ်လောက် နက်နဲတယ်၊ ဘယ် လောက် တန်ဖိုးရှိတယ်ဆိုတာ သမီးတို့လို လူငယ်တွေ သိနားလည်ခွင့် ရှိမှာပေါ့။ ကဲ. . . ပြောမယ်၊ နားထောင်။

www.burmeseclassic.com

www.burmeseclassic.com

## ၉။ သည်းခံခြင်းတရား ရှိသောသူ ဖြစ်ကြောင်းတရား

**သမီး** ဖေဖေ၊ သည်းခံခြင်းတရား ရှိသောသူ ဖြစ်ကြောင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အချက်အလက်တွေကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** အေး...၊ ပြောပြမယ်။ သည်းခံခြင်းဆိုတဲ့ ခန္တီသဘောမှာ နက်နက်နဲနဲ နားလည်သင့်တဲ့ အချက်တွေ တော်တော်များများ ပါတယ်ကွဲ့။ ခန္တီဆိုတဲ့ ပါဠိစကားကို မြန်မာလိုပြန်တော့ သည်းခံခြင်းလို့ပဲ ပြန်ရတယ်။ ဒါပေမဲ့ သည်းခံခြင်းရဲ့ သဘော ကွဲပြားပုံကိုတော့ အင်္ဂလိပ်အဘိဓာန်နဲ့ ကြောင်းတူသံကွဲ အဘိဓာန် (Dictionary of synonyms) ကျမှ ပိုပေါ်တယ်။

**သမီး** သဘောရှင်းအောင် ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ကောင်းပါပြီကွယ်။ ပြောရတာပေါ့။ ပထမခန္တီကို အင်္ဂလိပ်လို Patienee လို့ ပြန်သင့်ပါတယ်။ အင်္ဂလိပ်အဘိဓာန် LEARNER'S က ဆိုတာက သည်းခံခြင်း patience သည် ဒုက္ခဆင်းရဲ အဆင်မပြေခြင်းကို ခံနိုင်စွမ်းရှိခြင်း။ enduring trouble, suffering, inconverenience, without complaining မညည်းမညူဘဲ ဒုက္ခဆင်းရဲ၊ ကျပ်တည်းခြင်း၊ အဆင်မပြေခြင်းကို ခံနိုင်စွမ်းရှိခြင်းလို့ ပြတယ်။ တစ်ခါတစ်ရံ ရလဒ်ကို စောင့်စားနိုင်ခြင်း၊ စောင့်နိုင်ခြင်း၊ အောင့်အည်းနိုင်ခြင်း သဘောတွေ အားလုံး အကျုံးဝင်တယ် 2. to deal with problems calmly and without haste: အဆော တလျင် မပြုဘဲ ပြဿနာကို တည်ငြိမ်အေးချမ်းစွာ ဖြေရှင်းနိုင်စွမ်းရှိခြင်း သဘောလို့

www.burmeseclassic.com



လည်း ဆိုထားတယ်။ ဒီအဓိပ္ပာယ်ကိုပဲ Webster's Dictionary of synonyms မှာလည်း ဆိုထားသေးတယ်။ patience နဲ့ သဘောချင်းတူတဲ့ စကားလုံးတွေက endurance, fortitude, forbearance, stoicism စသည်တို့ပဲကွယ်။

သမီး အဓိပ္ပာယ်တစ်မျိုးတည်းကိုပဲ အင်္ဂလိပ်စကားကျတော့ ဝေါဟာရတွေက အများကြီးပဲ ဘာကြောင့် ခွဲထားသလဲ ဖေဖေ။

အကျွန်ုပ် အင်း. . ၊ ဒီမေးခွန်း သိပ်ကောင်းတယ်။ အကြောင်းမဲ့တော့ ဘယ်ခွဲထားပါ့မလဲ။ သဘောချင်းနည်းနည်းစီ ကွဲလို့ ခွဲထားတာလို့ ဆိုသင့်ပါတယ်ကွယ်။

သမီး ဒါဆို၊ သဘောကွဲပုံကို ပြပါဦး ဖေဖေ။

အကျွန်ုပ် အေး. . ၊ ခွဲပြီး သဘောကွဲအောင် ပြမယ်။ ကဲ. . ဒီစကားလုံးတွေရဲ့ သဘောကို အင်္ဂလိပ်အဘိဓာန်ကြီးတွေမှာ ဘယ်လိုပေးသလဲ ပထမခွဲကြည့်ရအောင်။ Patience: 1. the bearing of provocation, annoyance misfortune or pain without comblaint တဲ့ ဒါက Random House Dic.မှာ ဖွင့်ပြတာ။ ဒေါသကို ချုပ်တည်းနိုင်တာ၊ ဒေါမနဿဖြစ်တာ၊ ကံဆိုး၊ ကြမ္မာဆိုးငင်တာ သို့မဟုတ် နာကျင် ဆင်းရဲဒုက္ခတွေကို မညည်းမညူဘဲ ခံနိုင်အောင် လုပ်တာဟာ သည်းခံခြင်း patience.

သမီး နားလည်ပါပြီ ဖေဖေ။ patience နဲ့ endurance ကျတော့ ဘာကွာသလဲ။

အကျွန်ုပ် endurance ကို Random House မှာ ဖွင့်ပြထားတာက 1. the power of bearing pain, hardship or adversity လို့ ပြထားတယ်။ နာကျင်ဆင်းရဲခြင်း ဒုက္ခ၊ ကျပ်တည်းဆင်းရဲခြင်း ဒုက္ခ၊ ဆန့်ကျင်ဘက် ပြုခြင်းများအပေါ် ခံနိုင်ရည်ရှိခြင်းတဲ့ သမီးရဲ့။

သမီး ဟုတ်ကဲ့ပါ ဖေဖေ။ သဘောချင်းကတော့ သိပ်ပြီး မကွာလှပါဘူး။ ဒါဆို tolerance နဲ့ကျတော့ ဘယ်လို ကွဲတာလဲ။

အကျွန်ုပ် tolerance ကို RANDOM HOUSE မှာ ဖွင့်ပြတာက 1. a fair and objective attitude toward those whose opinions, practices, race, religion, nationality, or the like, differ from one's own: လို့ ပြတယ်။ ကိုယ်နှင့်မတူ ကွဲပြား

www.burmeseclassic.com

www.burmeseclassic.com



ခြားနားတာတွေ၊ အမျိုး၊ ဘာသာ ကွဲပြားခြားနားတာတွေ အပေါ်မှာ သင့်တင့်လျောက်ပတ်စွာ နှလုံးထားတတ်ခြင်း သဘောတဲ့။

**သမီး** ဒါလည်း ဆန့်ကျင်ဘက်များအပေါ် အသင့်အတင့် သဘောထားနိုင်ခြင်းဆိုတဲ့ စောစောက အဓိပ္ပာယ်ပဲပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဒီမှာ ထူးခြားတာက အမြင်မတူသူတွေ၊ အယူဝါဒ ကွဲပြားခြားနားသူတွေအပေါ်မှာ သင့်မြတ်သော သဘော၊ မဆန့်ကျင်ခြင်းသဘောကို ဆိုလိုတယ်။ ကိုယ်နဲ့မတူလို့ ကိုယ့်ရန်သူလို့ သဘောထားခြင်းဟာ tolerance သဘောပါပဲကွယ်။ ဒါက နှစ်ဆယ်ရာစုမှာ ပေါ်ထွက်လာတဲ့ အဘိဓာန်ထွက် စကားအနက်တွေလေ သမီးရဲ့။ အမှန်မှာတော့ ခုခေတ် ပညာရှင်တွေ ပြောဆိုတဲ့ စကားတွေကို မြတ်ဗုဒ္ဓက လွန်ခဲ့တဲ့အနှစ် ၂၅၀၀ ကျော်ကာလကပင် အစင်အကြယ် ဟောတော်မူထားခဲ့တာ အပြည့်အစုံပါပဲ သမီးရယ်။ အံ့သြစရာ ဆိပ်ကောင်းတာပဲ။

**သမီး** မြတ်ဗုဒ္ဓရဲ့ သဘောအမြင်တွေကို သိပါရစေ ဖေဖေ။ နှစ်ဆယ်ရာစု အနောက်တိုင်းပညာရှင်တွေရဲ့ အမြင်လို ပီပီပြင်ပြင်ရှိရဲ့လား ဖေဖေ။

**အကျွန်ုပ်** ဟဲ့ . . သမီးကလည်းမနိုင်းကောင်းတာကြီးကို၊ ဘုရားက သဗ္ဗညုတဉာဏ်နဲ့ ဟောတာ၊ လူပညာရှိ ပုထုဇဉ်တွေက စိန္တာမယဉာဏ်နဲ့ အဓိပ္ပာယ်ဖွင့်တာ၊ လေးနက်တာ၊ အဓိပ္ပာယ် သက်ရောက်တာ၊ အဓိပ္ပာယ် ကျယ်ဝန်းတာ၊ လူမှုဆက်ဆံရေးဘဝအပေါ် သက်ရောက်တာချင်းကတော့ အကွာကြီးကွာပါတယ်ကွယ်။ ပထမဆုံး ဖေဖေ ပြောချင်တာက အနောက်တိုင်း ပညာရှင်တွေ မဖြစ်နိုင်ခဲ့တာ၊ မသိနားမလည်ခဲ့တာ တစ်ချက်ကို မြတ်ဗုဒ္ဓက ဒက်ခနဲ အချက်ကျကျ ထောက်ပြထားတာ၊ ဖေဖေဖြင့် အံ့သြလို့ မဆုံးပါဘူးကွယ်။

**သမီး** သမီး သိပါရစေ ဖေဖေ၊ ပြောပြပါဦး။

**အကျွန်ုပ်** အေး . . ပြောမယ်။ မြတ်ဗုဒ္ဓက သည်းခံခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြရာမှာ သည်းခံပုံ အခြင်းအရာကို ပထမ ပြတယ်။

**သမီး** ဩော် . . ၊ ဟုတ်လား ဖေဖေ၊ ဘယ်လိုပြသလဲ ဟင်။

**အကျွန်ုပ်** ဟုတ်တယ်၊ မြတ်ဗုဒ္ဓက ဘာပြသလဲဆိုတော့ သည်းခံပုံ အခြင်းအရာ(ခပနတာ)မှာ (၁) က အထက်၌ နေစေခြင်း၊ မိမိထက်အသာ၊ အမြတ်ထားခြင်းသဘော ရှိရမယ်တဲ့။ (မိမိထက် သာတာကို မနာလို မဖြစ်ဘူး။) သူက ကိုယ့်ထက်သာရင် သူ့ကို အမွန်အမြတ်ထားပြီး လေးစားကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



စွာ လက်ခံနိုင်တဲ့ သဘော။ စီးပွားရေးမှာ ဖြစ်ဖြစ်၊ ပညာရေးမှာ ဖြစ်ဖြစ်၊ နိုင်ငံရေးမှာ ဖြစ်ဖြစ်၊ သူက ကိုယ့်ထက်သာရင် အဲဒီလို သာသွားခြင်းကို သည်းခံပြီး သူ့ကို ကိုယ်က အထက်မှာထားပြီး ဆက်ဆံရတယ်။ ဒါက စီးပွားရေးမှာ သူက ကိုယ့်ထက် အကြံဉာဏ် သာသလို၊ အင်အား သာသလို၊ ကိုယ့်ထက်ပိုပြီး ချမ်းသာကြီးပွား သွားရင် လူတွေ စိတ်ထဲမှာ သူ့ကို ပျက်စီးစေလိုတဲ့ ဣဿာ မစ္ဆရိယ စိတ်မျိုးပဲ ပေါ်တတ်တယ်။ ဒါကို မပေါ်ဘဲ သည်းခံနိုင်စွမ်း ရှိရမယ်။ မုဒိတာ ပွားနိုင်ရမယ်။ သူ ခုလို ကြီးပွား ချမ်းသာသွားတာကို မြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်စွမ်း ရှိရမယ်၊ ဒီအရည်အသွေးဟာ ပြဟ္မစိုရ်မေတ္တာနဲ့ ဆက်နွယ်နေတယ်၊ ဒါကို အနောက်တိုင်းသား ပညာရှင်တွေ မသိမြင်နိုင်ခဲ့ကြဘူး သမီးရဲ့။

**သမီး** ဟုတ်ပါတယ် ဖေဖေ။ သမီးတောင် စဉ်းစားပြီး စိတ်ထဲမှာ အံ့သြနေမိတယ်။ မြတ်ဗုဒ္ဓဟာ သိတော်မူလိုက်တာ၊ မြင်တော်မူလိုက်တာ နော်၊ ကြည်ညိုစရာ ကောင်းလိုက်တာ။ လူရဲ့ စိတ်နေသဘောက တခြားကိုယ်နဲ့ ယှဉ်ပြိုင်သူကို ကိုယ့်ခေါင်းပေါ် တင်ဖို့ဆိုတာ သိပ်ခဲယဉ်းတဲ့ အလုပ်ပဲ။ ဒါကို ဘုရားက အထက်မှာ ထားနိုင်ခြင်း၊ အထက်၌ နေစေခြင်း ရှိစေနိုင်တဲ့ ကိုယ်ရည် ကိုယ်သွေးဟာ တကယ့် သူတော်ကောင်း ပညာရှိ လူကြီးလူကောင်းတို့ရဲ့ သဘောထားပဲ၊ ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးပါပဲ ဖေဖေရယ်။

**အကျွန်ုပ်** တချို့ ဒီမိုကရေစီနိုင်ငံကြီးတွေမှာ ရွေးကောက်ပွဲ ဝင်ပြီး ယှဉ်ပြိုင်ကြတဲ့ သမ္မတလောင်းတွေဟာ တစ်ဦးက ကိုယ့်ထက်သာသွားရင် ချက်ချင်းအသိအမှတ်ပြုတယ်။ ကိုယ်ရှုံးကြောင်း ဝန်ခံပြီး လက်ဆွဲနှုတ်ဆက်တယ်။ ဝမ်းမြောက်လိုက်တာလို့ ပြောဖို့ ဝန်မလေးကြဘူးကွယ်။ အဲဒါ ဒီခန္တီ ကိုယ်ရည် ကိုယ်သွေး ရှိခြင်းပဲလေ။

**သမီး** ဟုတ်ပါတယ် ဖေဖေ။ သမီး သတိပြုမိပါတယ်။

**အကျွန်ုပ်** အနောက်တိုင်းပညာရှင်တွေက သည်းခံခြင်း သဘောကို ဖော်ပြရာမှာ မိမိနှင့် ဆန့်ကျင်သော၊ ကန့်ကွက်သော သဘောထား အယူအဆများ အပေါ်မှာ အကြည်အသာ သဘောထားတတ်ခြင်း၊ ခွင့်လွှတ်တတ်ခြင်းလောက်ကိုသာ သည်းခံခြင်း ရှိသူ၏ ကိုယ်ရည်ကိုယ်သွေး အခြင်းအရာလို့ ယူဆတယ်။ မိမိက ပြန်ပြီး မဆန့်ကျင်ရဘူး။ မဆန့်ကျင်ခြင်း သဘော၌ တည်ခြင်း ဆိုတဲ့ 'အဝိဝါသနတာ' ကို ထည့်မတွက်ခဲ့ကြဘူး။ မြတ်ဗုဒ္ဓကတော့ သည်းခံခြင်း ဆိုတာ မနိုင်လို့ ခွင့်လွှတ်ရခြင်း၊ အောင့်ခံရခြင်းထက် ပိုပြီး အဓိပ္ပာယ်လေးနက်တယ်။ မိမိကို ဆန့်ကျင် ကန့်ကွက်တာတွေကို မိမိက အောင့်အည်း သည်းခံတာ

www.burmeseclassic.com



မနိုင်လို့၊ မတုံ့ပြန်သာလို့ မျိုသိပ်ရတာမျိုးကို သည်းခံခြင်း ခန္တီလို့ ဗုဒ္ဓဘာသာက မယူဆဘူးကွယ်။ ကိုယ်က နိုင်တဲ့အချိန်၊ အသာစီး ရတဲ့အချိန်မှာ အရေးမယူဘဲနဲ့ ကိုယ့်အပေါ်မှာ ပြုမူထားတဲ့ အပြစ်တွေ အားလုံးကို သင်ပုန်းချေနိုင်တာမှ သည်းခံခြင်း အစစ်လို့ မှတ်တယ်။ အဲဒါကို မြတ်ဗုဒ္ဓက ဆန့်ကျင်ဘက် အဖြစ်ဖြင့် မတည်ခြင်း 'အဓိဝါသနတာ' လို့ ဟောတော်မူတယ်။

**သမီး** ကြားရတာ နှလုံးသား မြင့်မြတ်လိုက်တာ ဖေဖေရယ်။ ဒါမှသာ သူတော်ကောင်းတရား ကိုယ်မှာ တည်မှာပေါ့နော်။ ဒါဟာ တကယ့်ကို လူစွမ်းကောင်းတို့ရဲ့၊ စိတ်ဓာတ် မြင့်မြတ်သူတို့ရဲ့ စိတ်ဓာတ်ဆိုတာ ထင်ရှားပါတယ်။ တစ်နည်း ပြောရရင်တော့ ဒါဟာ အရိယာဓာတ် သူတော်ကောင်း တရားပဲလို့ ဆိုရမှာပဲနော်။

**အကျွန်ုပ်** မှန်ပါတယ် သမီးရဲ့။ ခန္တီဟာ ပါရမီတစ်ပါးပဲလေ။ ပါရမီဆိုတာ အင်္ဂလိပ်လိုတော့ perfection လို့ ခေါ်တယ်။ သည်းခံခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးမှာ နှိပ်စက်ညှဉ်းဆဲခံရခြင်း ဒုက္ခနှင့် ကြုံတွေ့သော်လည်း အမျက်မထွက် ပကတိငြိမ်သက်သော ဣန္ဒြေဖြင့် ခံနိုင်စွမ်းရှိခြင်း သဘောပါတယ်။ အမျက်ထွက်ရင် ဆန့်ကျင်ဘက်၌ တည်တဲ့ သဘောဖြစ်တာပေါ့။ အမျက်မထွက်ဘဲနှင့် ခွင့်လွှတ်နိုင်မှသာ သည်းခံခြင်းမည်တယ်။ အလောင်းတော် ခန္တီဝါဒီ ရသေ့ကို ကာလာဗုမင်းက နားရွက်ကို ဖြတ်၊ ခြေလက်ကို ဖြတ်တာကို အမျက်မထွက်ဘဲ သည်းခံ ခွင့်လွှတ်တယ်။ ရန်ငြိုးဖွဲ့တဲ့စိတ် မရှိဘူး။ အဲဒါ သည်းခံခြင်း ခန္တီဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးရဲ့ ထူးခြားချက်ပဲလေ။

**သမီး** ဒီအရည်အသွေးမျိုး လူ သာမန်ပုထုဇဉ်တွေမှာ ရှိနိုင်ပါ့မလား ဖေဖေ။

**အကျွန်ုပ်** စိတ်သဘောထား ကြီးမြတ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ် တချို့မှာ ရှိတတ်ပါတယ်။ ဥပမာ–အိန္ဒိယပြည်က မဟတ္တမဂန္ဒီလို ပုဂ္ဂိုလ်မျိုး၊ တောင်အာဖရိကက နယ်လဆင်မန်ဒဲလားလို ပုဂ္ဂိုလ်မျိုး၊ တရုတ်ပြည်က တိန့် ရှောက်ဖိန်လို ပုဂ္ဂိုလ်မျိုးတွေဟာ အကြီးအကျယ် ညှဉ်းပန်းနှိပ်စက်ခြင်း ဒုက္ခတွေကို ခံစားခဲ့ရဖူးတယ်။ ဒါပေမဲ့ သူတို့ ရင်ထဲမှာ ရန်ငြိုးမဖွဲ့ဘူး။ သူတို့က နိုင်တဲ့အခါ ခွင့်လွှတ်တယ်။ လက်တုံ့မပြန်ကြဘူး။ ဒါက ခန္တီရဲ့ ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးပဲ သမီးရဲ့။

**သမီး** ဒီကိုယ်ရည်ကိုယ်သွေး မြင့်မားမှုကြောင့် သူတို့ကို လူသားအားလုံး က လေးစားခြင်း ခံရတဲ့ မဟာလူသား (ဥတ္တမပုရိသ) များအဖြစ် ကမ္ဘာ့သမိုင်း တွင်ရစ်တာပဲပေါ့နော် ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် ဟုတ်တယ် သမီးရဲ့။ ဒီ ခန္တီဆိုတဲ့ သည်းခံခြင်း ကိုယ်ရည်ကိုယ်သွေး ဟာ အလိုရှိတဲ့ အကျိုးကို ပြီးစေနိုင်တဲ့ သတ္တိ ရှိတယ်လို့လည်း မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့တယ်။

သမီး ဟုတ်လား ဖေဖေ။ ဘယ်မှာ ဟောခဲ့တာလဲ ဟင်။

အကျွန်ုပ် 'ခန္တီဝဏ္ဏဇာတ်မှာ ဒီအကြောင်းကို ဟောတော်မူတယ်။ ဒီဇာတ်ကို မြတ်စွာဘုရားဟာ သာဝတ္ထိပြည့်ရှင် ကောသလမင်းကို အကြောင်း ပြုပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အခါက ဟောတာ သမီးရဲ့။

သမီး ဒီ ကောသလမင်းဆိုတာ ဟို..ဟို ကောသလအိပ်မက် ၁၆ ချက် ဆိုတာကို မက်တဲ့ မင်းလား ဖေဖေ။

အကျွန်ုပ် ဟုတ်တယ် သမီးရဲ့ သူပေါ့။ ဗုဒ္ဓနဲ့ နေ့တိုင်းလို တွေ့နေရ ဖူးနေ ရပေမယ့် သူ့အပေါ် တိတ္ထိဆရာတွေရဲ့ ဩဇာကသာ ပိုပြီး လွှမ်းမိုးနေတယ်။ ကြာကန်ထဲမှာနေပြီး ကြာရဲ့ အရသာကို မခံစားတဲ့ ဖားတစ်ကောင် လိုပဲ။ ဒါပေမဲ့ မြတ်စွာဘုရားဟာ သူနဲ့ ပတ်သက်ပြီး တရား တော်တော်များများ ဟောတော် မူခဲ့တယ်။ သံယုတ်ပါဠိတော်မှာ ကောသလ သံယုတ်ဆိုတာတောင် ရှိတယ်။

သမီး ဒါဆို ကောသလမင်းဟာ ကိုယ်ရည်ကိုယ်သွေး ညံ့တဲ့ မင်းလို့ ဆိုရမှာပေါ့နော် ဖေဖေ။

အကျွန်ုပ် ညံ့တာပေါ့ သမီးရဲ့။ ညံ့သလား မမေးနဲ့ သူက ဗုဒ္ဓရဲ့ အဆုံးအမ တွေ သူ့ရင်ထဲမှာ မတည်ဘူး။ သူ့ရင်ထဲက သံသယတွေ ဝိစိကိစ္ဆာ တွေကို မပယ်နိုင်ဘူး။

သမီး ထားပါတော့ ဖေဖေ၊ သူ့လို ညံ့ဖျင်းတဲ့ လူအကြောင်းကို သမီး သိပ်မသိချင်ပါဘူး။ စောစောက ဖေဖေပြောတဲ့ ခန္တီဝဏ္ဏဇာတ်ကို သာ ပြောပြပါ ဖေဖေ။

အကျွန်ုပ် အေး..ပြောမယ်။ ဒီဇာတ်ကို ဟောရမှာတော့၊ ကောသလမင်း က ခန္တီဆိုတဲ့ သည်းခံခြင်း ကိုယ်ရည်ကိုယ်သွေး ရှိနေပြန်တယ်။ 'သူ့နန်းတော်ထဲမှာ အလွန်တရာ ကျေးဇူးများတဲ့ အမတ်တစ်ယောက် ရှိတယ်။ အခါတစ်ပါးမှာ ဒီအမတ်ဟာ မောင်းမတစ်ယောက်နဲ့ မှောက်မှား ကျူးလွန်မိတယ်။ ကောသလမင်း ဒီကိစ္စကို သိသွားတဲ့အခါ၊ ''ဒီအမတ်ဟာ ငါ့အပေါ်မှာ အလွန် ကျေးဇူးများတယ်'' ဆိုပြီး ခွင့်လွှတ်လိုက်သတဲ့။ ဒါကို မြတ်စွာဘုရား ကြားသိတဲ့ အခါ မြတ်စွာဘုရားက ''မင်းကြီး သင်သာ ဤအမှုမျိုးကို ဤသို့ ခွင့်လွှတ်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ရှေးအခါက မင်းကောင်းမင်းမြတ်တို့သည်လည်း ဤကဲ့သို့ သည်းခံခဲ့ဖူးတယ်ဆိုပြီး အတိတ်ဝတ္ထုကို ဟောတယ်။

**သမီး** အတိတ်ဝတ္ထုကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်စိုးစဉ်၊ ထိုမင်းရဲ့ နန်းတွင်းမှာ အမတ်တစ်ယောက် ရှိတယ်။ သူဟာ နန်းတွင်းသူ တစ်ယောက်နဲ့ ကာယကံမြောက် ကျူးလွန်ခဲ့ပြန်တယ်။ ဒီအချိန်မှာ ဒီအမတ်ရဲ့ အစေအပါး အလုပ်သမား တစ်ယောက်ဟာလည်း အမတ်ကတော်နဲ့ ဖောက်ပြား ကျူးလွန်ခဲ့ပြန်တယ်။ အမတ်ဟာ ဒီအကြောင်းကို သိတဲ့အခါ အလုပ်သမားရဲ့ အပြစ်ကို သည်းမခံနိုင်၊ ခွင့်မလွှတ်နိုင်တဲ့အတွက် ဒီအလုပ်သမား အစေအပါးကို ဘုရင့်ရှေ့တော်ကို ခေါ်သွားပြီး ''အရှင်မင်းမြတ်၊ အကျွန်ုပ်ရဲ့ အမှုကြီးငယ်ကို ဆောင်ရွက်ပေးခဲ့တဲ့ အကျွန်ုပ်ရဲ့ အလုပ်သမားတစ်ယောက်ဟာ အကျွန်ုပ်မယားနဲ့ ပြစ်မှားကျူးလွန်ခဲ့ပါတယ်။ ဒီလူကို ဘယ်လို အပြစ်ဒဏ်မျိုး ပေးသင့်ပါသလဲ''လို့ မေးပြန်တယ်။ ဒီအခါ ရှင်ဘုရင်က ဆိုသတဲ့ ''အမတ်ကြီး၊ ငါ့မှာလည်း ထိုယောကျ်ား လို ငါရဲ့ အိမ်ရာကို ပြစ်မှားတဲ့ ယောကျ်ားတစ်ယောက် ရှိတယ်။ အဲဒီ ယောကျ်ား ဟာလည်း ငါရဲ့ အနီး၊ ဒီနေရာမှာပဲ ရှိတယ်။ ကျေးဇူးဂုဏ်အင်နဲ့ ပြည့်စုံသူဆိုတာ ရခဲတယ်။ ဒါကြောင့် သည်းခံခြင်းကိုသာ ငါနှစ်သက်တယ်''လို့ အမိန့်ရှိသတဲ့။

အမတ်လည်း သူ့ကို ရည်ညွှန်းပြီး ပြောမှန်းသိတဲ့အတွက် နန်းတွင်းသူ ပျိုဖြူတွေကို မပြစ်မှား မကျူးလွန်ဝံ့တော့ဘူးတဲ့။ အမတ်ရဲ့ အလုပ်သမားလည်း မင်းကြီးပြောတဲ့ စကားကို ကြားပြီး သူပြုခဲ့တဲ့ အပြစ်မျိုးကို မကျူးလွန်ရဲတော့ဘူးပေါ့ သမီးရယ်။ ဒီတရားကို ကြားလိုက်ရတော့ ကောသလမင်းရဲ့ အမတ်လည်း သူ ကျူးလွန်နေကျ အပြစ်ကို မကျူးလွန်တော့ဘူးတဲ့။

**သမီး** ဒါဆိုရင် သည်းခံခြင်း ကိစ္စမှာ ကျေးဇူး သိမှု ကျေးဇူးထောက်ထားမှု လည်း ပါတာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဒါကြောင့် သည်းခံခြင်းရှိသော အဖြစ်ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး ဟာ ကျေးဇူးတရားကို ထောက်ထားခြင်း၊ ကျေးဇူးအတွက် ပေးဆပ်ခြင်း သဘောလည်း ပါတယ်လို့ ဆိုရမှာပေါ့။ လောကမှာ သည်းခံခြင်းတရား မရှိတဲ့ လူတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေဟာ ကျေးဇူးကန်းသူတွေ ဖြစ်တယ်။ အပြန်အား ဖြင့် ကျေးဇူးကို မသိတတ်သူ၊ ကျေးဇူးကို မထောက်ထားသူတွေဟာ သည်းမခံ တတ်သူ၊ တစ်ကိုယ်ကောင်း ဆန်သူ၊ အတ္တဝါဒီတွေ ဖြစ်တတ်တယ်။ အတ္တကို အထိမခံဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ အမြင်မှား ရှိသူတွေဟာ သည်းခံခြင်း တရားမရှိသူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်တယ်။ ဒါကြောင့် ဒဿနဆန်ဆန် ပြောရရင် သည်းခံခြင်းတရားသည် သမ္မာဒိဋ္ဌိ (အဖြစ်မှန်) ပေါ်မှာလည်း တည်တယ်လို့ ဆိုနိုင်ပါတယ် သမီးရယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက သူ့ကျေးဇူးကို သိတတ်သင့်ကြောင်း၊ ကျေးဇူးကို ဆပ်တတ်သူသည် ပညာရှိဖြစ်ကြောင်း၊ ကျေးဇူးရှင်ကို ကျေးစွပ်က ဒုက္ခရောက်တတ်ကြောင်းတွေကို အများအစား ဟောတော်မူခဲ့တယ်။

**သမီး** မြတ်စွာဘုရားရဲ့ ဖြစ်တော်ခန်းထဲမှာ ယောက်ဖတော် ဒေဝဒတ်ဟာ ကျေးဇူးမသိတတ်ဆုံးပဲနေ့ာ်။ သူက မြတ်ဗုဒ္ဓအပေါ်မှာ သည်းခံနိုင်တော်မူတယ် မဟုတ်လား ဖေဖေ။

**အကျွန်ုပ်** အင်း. . .၊ သမီးရဲ့ ဆင်ခြင်ဉာဏ်ကလေးက တော်တော် ထိုးထွင်းပြီး သိတတ်လာပြီ။ ကျေးဇူးဂုဏ်အကြောင်းကို ဟောတော်မူတိုင်းမှာ ဒေဝဒတ်ကို အကြောင်းပြုပြီး ဟောတော်မူတာက များတယ် သမီးရဲ့၊ ရဟန်းသံဃာတွေ စုဝေးပြီး ရှင်ဒေဝဒတ်ဟာ ဘုရားရဲ့ ဂုဏ်ကျေးဇူးကို မသိတတ်ဘူး ဆို၍ ဝေဖန်ပြောကြားနေကြစဉ် မြတ်စွာဘုရား ရောက်လာပြီး၊ ရဟန်းတို့ ဒေဝဒတ်ဟာ ယခုဘဝမှာသာ ငါ့ရဲ့ ဂုဏ်ကျေးဇူးကို မသိတတ်တာ မဟုတ်ဘူး။ ရှေးလွန်လေပြီးသော အတိတ်ကာလတုန်းကလည်း မသိတတ်ခဲ့ကြောင်းကို ပြော၍ အတိတ်ဝတ္ထုကို ဟောတော်မူတယ်။ သီလဝဟတ္ထိဇာတ်မှာ လာတယ်။

**သမီး** အတိတ်ဝတ္ထုက ဘယ်လိုလဲ ဖေဖေ၊ ပြောပါဦး။

**အကျွန်ုပ်** ဘုရားလောင်းဟာ ဆင်ဖြစ်စဉ်ဘဝက ဆင်ပေါင်းရှစ်သောင်း ခြံရံပြီး ဟိမဝန္တာမှာ နေခဲ့တယ်။ ကာလကြာမြင့်တဲ့အခါ အပေါင်းအသင်းအပြစ်ကို မြင်ပြီး တစ်ဦးတည်းပဲ နေတော့တယ်။ အကျင့်သီလနဲ့ ပြည့်စုံသောကြောင့် 'သီလဝဟတ္ထိ' ဆိုတဲ့ အမည်နဲ့ ထင်ရှားတယ်။ ဗာရာဏသီပြည်သား မုဆိုးတစ်ယောက်ဟာ အသက်မွေးဝမ်းကြောင်းအတွက် ဟိမဝန္တာအတွင်း ဝင်ကာ ပစ္စည်း အရှာထွက်လာတာ၊ အရပ်မျက်နှာ မမှတ်မိလို့ မျက်စိလည် လမ်းမှားနေတယ်။ လမ်းမှားရင်း စိုးရိမ်ကြောက်လန့်တဲ့အတွက် ငိုပြီး သွားနေတယ်၊ သူ့ငိုသံကို ဘုရားလောင်း ဆင်မင်း ကြားတော့ မုဆိုးဆီကို သွားပြီး ဘာကြောင့် ငိုသလဲလို့ မေးတယ်။ အကြောင်းရင်းကို သိတဲ့အခါ နှစ်သိမ့်ပြီး ဗာရာဏသီပြည်ကို သွားတဲ့ ခရီးလမ်းရောက်အောင် ကျောကုန်းပေါ်မှာ တင်ပြီး ပြန်ပို့ပေးတယ်။ မိမိအရပ်ကိုလည်း ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ မှာလိုက်တယ်။ ဒါပေမဲ့ အဆွေခင်ပွန်းကို ပြစ်မှားတတ်တဲ့၊ ကျေးဇူးကို မသိတတ်တဲ့ မုဆိုးဟာ ဗာရာဏသီကို ရောက်တဲ့အခါ ဆင်စွယ်ပန်းပွတ် ကုန်သည်တွေဆီ သွားပြီး ဆင်စွယ်ကို ယူမယူ စုံစမ်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



သက်မဲ့ ဆင်စွယ်ထက် သက်ရှိဆင်စွယ်က ပိုပြီး တန်ဖိုးကြီးကြီး ရကြောင်း ကြားသိရတဲ့အခါ အစွယ်ကို ဖြတ်ယူရန် ဘုရားလောင်းဆင်မင်းထံကို ပြန်သွားတယ်။ ဆင်မင်းက ဘာလာလုပ်သလဲ မေးတော့ မိမိမှာ ဆင်းရဲလှ၍ ဆင်မင်းအစွယ်ကို ရလျှင် ရောင်းချပြီး အသက်မွေးဖို့ လာကြောင်း ပြောသတဲ့ကွယ်။ ဒီအခါ ဆင်မင်းလည်း သူ့အစွယ်ကို လွှနဲ့ တိုက်ပြီး ဖြတ်စေကာ သဗ္ဗညုတဉာဏ်ကို ရဖို့ ဆုတောင်းသတဲ့။ မုဆိုးလည်း ဆင်စွယ်ကို ရောင်းလို့ ရတဲ့ ငွေတွေ ကုန်ပြန်တော့ ဆင်မင်းဆီကို ပြန်သွားပြန်တာပေါ့။ ပြီးတော့ ဆင်မင်းအစွယ်ကို ရောင်းလို့ရတဲ့ အဖိုးအခဟာ သူ့မှာ  တင်နေတဲ့ ကြွေးတွေကို ပေးဆပ်ဖို့ လောက်ရုံမျှသာ ဖြစ်တယ်။ အသက်မွေးမှု ပြုနိုင်ဖို့ ကျန်အစွယ်ကိုလည်း ပေးပါဦးလို့ တောင်းသတဲ့ သမီးရယ်။

**သမီး** ရက်စက်လိုက်တာနော်။ ကျေးဇူးကန်းတဲ့ လူများ တယ်မုန်းစရာ ကောင်းတာပဲနော် ဖေဖေ။ ဆင်မင်းကလည်း သူတောင်းတဲ့ ဆင်စွယ်ကို ပေးတာပဲလား။

**အကျွန်ုပ်** ဘုရားအလောင်းတော်ပဲ သမီးရယ်။ ဆင်မင်းက သဒ္ဒါဖြူစင်စွာနဲ့ပဲ ပေးကမ်းလှူဒါန်းလိုက်ပြန်သတဲ့ကွယ်။ မုဆိုးလည်း ဒီဆင်စွယ်ကို ရောင်းစားပြီးရတဲ့ ငွေကို သုံးပြန်တယ်။ ဒီအခါ ကျန်နေသေးတဲ့ အစွယ်ရင်းကို လာပြီး တောင်းခံပြန်သတဲ့။ အလောင်းတော် ဆင်မင်းကလည်း မုဆိုးအလိုရှိတိုင်း မတွန့်မတို လှူပြန်သတဲ့။ မုဆိုးယုတ်လည်း ရက်ရက်စက်စက်၊ အစွယ်ရင်းတောင် မချန်ဘဲ သွေးစီးသန်ထွက် နာကျင်စွာ နှိပ်စက်သဖြင့် အသက်ဆုံးရှုံးမှု ဖြစ်အောင် ဖြတ်ယူပြန်သတဲ့။ ဒီအစွယ်ရင်းကို ရတော့ မုဆိုးပြန်တဲ့အခါ ဆင်မင်းရဲ့ မျက်စိ မြင်ကွင်းအဆုံးလည်း ရောက်ရော မုဆိုးကိုလည်း မြေပြိုပြီး မြေမျိုသွားပါလေရောတဲ့ ကွယ်။

**သမီး** ကောင်းလိုက်တာ။ မုဆိုးယုတ် မြေမြိုတာတော့ ဘယ်သူမှ သနားမှာ မဟုတ်ပါဘူး။ ဘုရားလောင်းရဲ့ မုဆိုးယုတ်အပေါ် သည်းခံနိုင်တဲ့ ခန္တီစွမ်းအားကိုတော့ အံ့ဩပါတယ် ဖေဖေရယ်၊ အလောင်းတော်တွေရဲ့ မေတ္တာဓာတ်ဟာ သိပ်အားကြီးလှပါတယ်။ ခု သမီး ဒီဇာတ်ကို နားထောင်လိုက်တော့ ခန္တီ၊ သည်းခံခြင်းဟာ မေတ္တာ ပါရမီနဲ့လည်း ဆက်စပ်နေသလိုပဲ။

**အကျွန်ုပ်** ခွင့်လွှတ်နိုင်မှုဟာ စွန့်လွှတ်နိုင်သူပဲ သမီးရဲ့။ အလောင်းတော်တို့ မည်သည် ကိုယ့်အကျိုးထက် သူတစ်ပါးအကျိုးကိုသာ ကြည့်

www.burmeseclassic.com



တယ်။ သူတစ်ပါးအတွက် မိမိအသက်ကို စွန့်ဖို့အတွက် ဝန်မလေးဘူး။ အသက်ကို သူတစ်ပါးအတွက် စွန့်ဖို့အထိ နိုင်မြဲတဲ့ ရဲစွမ်းသတ္တိလည်း ရှိတယ်။

**သမီး** ဒါဆိုရင် သည်းခံခြင်း ကိုယ်ရည်ကိုယ်သွေး ရှိဖို့မှာ၊ အနစ်နာခံလိုခြင်းနဲ့ အသက်ကိုပါ စွန့်လွှတ်နိုင်ခြင်းဆိုတဲ့ ရဲစွမ်းသတ္တိလည်း ရှိဖို့လိုတာလည်း ထင်ရှားပါတယ် ဖေဖေ။ ဒီနေရာ ဆင်မင်းဟာ ဒေါသကို ချုပ်တည်းနိုင်တယ်။ မုဆိုးရဲ့ ယုတ်မာမှုအပေါ်မှာ အပြစ်မယူဘဲ ခွင့်လွှတ်နိုင်တာတွေဟာ ခန္တီရဲ့ သတ္တိတွေပဲနော်။

**အကျွန်ုပ်** မှန်တယ်။ သမီးက ထိုးထွင်းဉာဏ်ရှိတယ်။ သည်းခံခြင်းဆိုတာ မနိုင်လို့ အောင့်ခံတာမျိုး မဟုတ်ဘူး သမီးရဲ့၊ နိုင်လျက်သားနဲ့ အပြစ်မယူ ကြည်ဖြူခွင့်လွှတ်နိုင်တာ၊ ဒါဘယ်လောက် မြင့်မြတ်သလဲ။

**သမီး** သူတော်ကောင်း။ သူမြတ်လောင်းတွေရဲ့ စိတ်ဓာတ်ပါ ဖေဖေ။ ဆင်းရဲခြင်း ဒုက္ခကို ကြံ့ခိုင်တဲ့ စိတ်ဓာတ်နဲ့ ကျော်ဖြတ်နိုင်တဲ့ အင်အားကို သည်းခံခြင်းလို့ အဓိပ္ပာယ် ဖွင့်ရင်တောင် ရမယ် ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** ငါ့သမီးက သူ့အဖေ ဆန်လာပြီ။ ဒဿနသံတွေ ထွက်လာတာ၊ တော်တော်နက်နက်နဲနဲ သိလာပြီ၊ ကြိုးစားပါ သမီးရယ်။ လူငယ်တွေဟာ ကိုယ့်ဘဝကို သစ္စာဉာဏ်ဆိုက်အောင် သုံးသပ်တတ်တဲ့ ဉာဏ်ပညာမျိုး ရလာစေချင်တယ်။

**သမီး** ဖေဖေ့ဆန္ဒတွေ နောင်တစ်ချိန်ကျရင် ပြည့်ဝလာပါလိမ့်မယ် ဖေဖေ။

**အကျွန်ုပ်** ဖေဖေ မသေခင် ဉာဏ်အဆင့်မြင့်တဲ့ မြန်မာလူငယ်တွေရဲ့ ခေတ်တစ်ခေတ်ကို မြင်ခဲ့ချင်တယ်။ ဒီဆန္ဒပြည့်ဝလာမယ့် နိမိတ်တွေတော့ ဖေဖေ မြင်တွေ့နေရပါပြီကွယ်။ အရုဏ်တက်စကိုတော့ မြင်နေရပါပြီ။

**သမီး** ဖေဖေ့ စေတနာကို သမီး နားလည်ပါတယ် ဖေဖေ။ စေတနာမှန်ရင် ကံအကျိုးပေး ကောင်းမှာပါ။ သမီးတော့ ဒီလို ယုံကြည်ထားပါတယ်။ ဒါနဲ့ သည်းခံခြင်း ကိုယ်ရည်ကိုယ်သွေး (သည်းခံပုံ အခြင်းအရာ)နဲ့ ပတ်သက်ပြီး မြတ်ဗုဒ္ဓက ထူးထူးခြားခြား ဘာများ ဟောသေးလဲ ဖေဖေ။

**အကျွန်ုပ်** အနောက်တိုင်းသား ပညာရှင်တွေ နားမလည်တာတွေ၊ သူတို့ မမြင်တတ်တဲ့ အခြင်းအရာတွေကို ဟောသေးတယ် သမီးရဲ့။

**သမီး** ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဘုရားက သည်းခံခြင်း ကိုယ်ရည်ကိုယ်သွေး ဖြစ်ပေါ်ဖို့ ကိစ္စမှာ (က) မကြမ်းတမ်းခြင်း သဘော 'အစဏ္ဍိက္က' ရှိရမယ်။ (ခ)

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံစွာ ပြောဆိုနိုင်ခြင်း၊ ကောင်းစွာ ဆိုအပ်သောစကား 'အနုသုရောပ' ရှိရမယ်။ (ဤဝမ်းမြောက်သည်၏ အစွမ်းဖြင့်၊ မိမိ၏ ပကတိစိတ် ရှိသည်၏ အဖြစ် (နှစ်သက်လိုလားခြင်း) 'အတ္တမနေသာစိတ္တသ'လည်း ရှိရမယ်တဲ့။ အဘိဓမ္မာ သဘော (ဒဿနသဘော)နဲ့ ပြောရရင်တော့ ခန္တီ (သည်းခံခြင်း) ဆိုတာ အဒေါသ ပြဋ္ဌာန်းတဲ့ မဟာကုသိုလ်၊ မဟာကိရိယာစိတ်နဲ့ ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်ပဲလို့ မြတ်ဘုရားက ဟောတော်မူတယ် သမီးရဲ့။

**သမီး** ဒါဆိုရင် သည်းခံနိုင်စွမ်းမှာ ငြိုငြင်တဲ့ သဘော မပါရဘူး၊ ဝမ်းသာတဲ့ သဘော၊ ခွင့်လွှတ်လိုက်ရတာကိုပဲ နှစ်သက်လိုလားခြင်း သဘောတွေ ပါရမယ်လို့ ဆိုလိုတာလား ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီးရဲ့။ မနိုင်လို့၊ မတတ်သာလို့ သည်းခံရတာ၊ ခွင့်လွှတ်ရတာမှာ ဒေါသပါတယ်။ မိမိရဲ့ ပကတိစိတ်နဲ့ ခွင့်လွှတ်ရတာ၊ သည်းခံရတာက အဒေါသ မေတ္တာစေတသိက်နဲ့ ယှဉ်တယ်။ ဒီလို ခွင့်လွှတ်လိုက်ရလို့ ဝမ်းမနည်းဘူး၊ ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်စေတယ်။

**သမီး** သမီး နားမလည်လို့ နမူနာတစ်ခုလောက် ပြပါ ဖေဖေ။

**အကျွန်ုပ်** ဖေဖေတို့ ဆရာတော်ကြီး ပြောဖူးတဲ့ ဖြစ်ရပ်ကလေး တစ်ခုကို ပြောပြမယ်။ ၁၉၅၀ ခုနှစ်မှာတုန်းကပေါ့ကွယ်၊ မိုးကုတ်မြို့မှာ မိုးကုတ်ဆရာတော်ဘုရားကြီး တရားဓမ္မဒေသနာများ ဟောနေတုန်းက ဦးဘဆိုတဲ့ မိုးကုတ်မှာ ကျောက်သူဌေးတစ်ယောက် ရှိသတဲ့။ သူက လီရှောအမျိုးသား၊ နမ့်ခမ်းဘက်က၊ အစကတော့ သူက ခရစ်ယာန်ဘာသာဝင် ဖြစ်တယ်။ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ မိုးကုတ်ကို ရောက်လာပြီး ကျောက်တွင်းမှာ တူးတဲ့ အလုပ်သမားဘဝနဲ့ စခဲ့ရသတဲ့။ သူဟာ အားလပ်တဲ့ အခါတိုင်း မိတ်ဆွေတစ်ဦးနဲ့အတူ မိုးကုတ်ဝိပဿနာတရားတွေကို နာရင်း၊ တရားကို နှစ်သက်ပြီး ဘုရားကိုပါ ကြည်ညိုလာတာကြောင့် ဗုဒ္ဓဘာသာကို ခံယူလိုက်သတဲ့။ ဦးဘဟာ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာပြီးနောက် သူ့ကံကလည်း အကျိုးပေးသန်လာတယ်။ သူ တူးသမျှတွင်း အောင်တာက များတယ်၊ ဒီအခါ တွင်းပိုင်ရှင်များက ဦးဘကို ယုံကြည်ကိုးစားလာကြပြီး အရင်းအနှီးများပါ ပေးလာကြသတဲ့။ မကြာခင်မှာပဲ ဦးဘလည်း တွင်းပိုင်ရှင် ဖြစ်လာပါရောတဲ့ကွယ်။ ကံကောင်းချင်တော့ သူကိုယ်ပိုင်တွင်းဟာ အကြီးအကျယ် ကျောက်အောင်ပြီး ဦးဘလည်း ကျောက်သူဌေး လူချမ်းသာဖြစ်လာတာပေါ့။ ဒီလို အောင်မြင်တဲ့အခါ ဦးဘစိတ်ထဲမှာ ကံကံ၏ အကျိုးကို ပိုပြီး ယုံကြည်လာတာပေါ့။ ဘုရားသခင် အလိုတော်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူချမ်းသာလာတာ မဟုတ်ဘူးဆိုတာ သူပိုပြီး နားလည်သွားသတဲ့။ မိုးကုတ်မြို့မှာ သူ့ရဲ့ ဂုဏ်သတင်း ကြီးမားလာတာပေါ့။ ဒါနဲ့ တစ်ခါမှာတော့ ဦးဘက သူ့မွေးရပ်မြေ နမ့်ခမ်းဘက်မှာ အလှူကြီးတစ်ခု လုပ်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာသတဲ့။ ဒါကြောင့် ဟိုခေတ်က ငါးသိန်း (ခုဆိုရင်တော့ သိန်း ၅၀၀ မကဘူးပေါ့) အဲဒီငွေ ငါးသိန်းကို လင်ရိုဗာကားပေါ် တင်၊ လှူဖွယ်ပစ္စည်းများ စားသောက်စရာများ ယူပြီး မိုးကုတ်ကနေ နမ့်ခမ်းဘက်ကို သွားတယ်တဲ့။ လမ်းမှာ ဂုတ်တွင်း ဂုတ်ထိပ် တံတားကို ဖြတ်ရတာပေါ့။ အဲဒီနေရာကို ရောက်တော့ လက်နက် ကိုယ်စီ ကိုင်ထားတဲ့ လူဆိုးဓားပြ ငါးယောက် ထွက်လာပြီး ဦးဘ ကားကို တားတာပေါ့။ ကားရပ်လိုက်တော့ ကားပေါ်က လူတွေ အောက်ဆင်း၊ မြေမှာ ဝမ်းလျားမှောက်နိုင်းသတဲ့။ ဒီအခါ ဦးဘက တရားကို နှလုံးသွင်းလိုက်ပြီး ဣန္ဒြေမပျက် ကားပေါ်က တည်တည်ငြိမ်ငြိမ် ဆင်းလာပြီး ဓားပြတွေကို မေးသတဲ့။ ''မောင်တို့ ့မောင်တို့က ဒါ ဘာလုပ်ကြတာလဲ'' ဓားပြတစ်ယောက်က သေနတ်ဒင်ဖြင့် ချိန်ရွယ်ပြီး. . .
''ဘာစကား ပြောတာလဲ၊ ဓားပြတိုက်တာပေါ့၊ ဒါတောင် မသိဘူးလား''

''အဘက အဲဒါ မောင်တို့ကို ပြောချင်လို့ မေးတာပါ။ နေပါဦးကွယ် အဘမှာ ကားပေါ်မှာ ငွေငါးသိန်း ပါတယ်။ လှူဖို့ ယူလာတာ။ ဒီလိုဆိုတော့ အဘက မောင်တို့ အပြစ်မဖြစ်အောင် လုပ်ချင်လို့ မေးတာ။ မောင်တို့က အဘကို ဓားပြတိုက်တယ်ဆိုရင် ခုနေအခါ ရဲတွေ၊ စစ်သားတွေ လာရင် မောင်တို့ကို ရာဇဝတ်မှုနဲ့ ဖမ်းမှာပေါ့။ မောင်တို့က ငွေလိုချင်တာပဲ မဟုတ်လား။ ဒီလိုဆို မောင်တို့ကို အဘပြောမယ် ဓားပြတိုက်တယ်ဆိုတဲ့ စကားကို မပြောကြနဲ့၊ အဘဆီမှာ အလှူခံလာကြတာလို့ ပြော၊ ဒါဆို မောင်တို့မှာ ရာဇဝတ်မှု မဖြစ်တော့ဘူး။ အဘအနေနဲ့လား နမ့်ခမ်းကျမှ လှူလည်း ဒီအလှူပဲ။ အဘက ဒီငွေကို မောင်တို့ ငါးယောက်ကို တစ်ယောက်တစ်သိန်းစီ လှူလိုက်မယ်။ မောင်တို့က အလှူခံကြပေါ့။ အဘ အနေနဲ့ကလည်း လှူဖို့လာတာ၊ စောစောစီးစီး အလှူခံပုဂ္ဂိုလ် ရောက်လာလို့ လှူဖို့ကိစ္စ ပြီးမြောက်သွားတယ်။ မောင်တို့ အနေနဲ့လည်း မကောင်းမှု ဒုစရိုက်တစ်ခုကို မလွန်ကျူးမိတဲ့အတွက် ရာဇဝတ်ဘေး မသင့်တော့ဘူး။ ဒီလိုဆို မောင်တို့လည်း အပြစ်ကင်းတဲ့ နည်းနဲ့ လိုချင်တဲ့ ငွေကိုရမယ်၊ အဘလည်း စောစော ကုသိုလ်ရတာပေါ့ကွယ်။ အဘရဲ့ စေတနာကတော့ ဒီအတိုင်း ဖြစ်တယ်။ ဒါကို မောင်တို့က သဘောတူရင် ခုအဘ ကားပေါ်မှာ စားစရာတွေ ပါလာသေးတယ်။ မောင်တို့ကို အဘက ကြည်ကြည်ဖြူဖြူနဲ့ ကျွေးလည်း ကျွေးမယ်။ ပေးလည်း ပေးမယ်။ မောင်တို့ သဘောကို အဘကို ပြောပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ‥ အဘ ကျွန်တော်တို့ အဘကို တောင်းပန်ပါတယ်။ စားပြတိုက်တယ်၊ လုယက်တယ်ဆိုတာ မကောင်းပါဘူး။ ကျွန်တော်တို့လည်း လုပ်ချင်လို့ လုပ်တာ မဟုတ်ပါဘူး အဘရယ်။ သားမယား စားစရာ မရှိလို့ လုပ်မိလုပ်ရာ စွန့်စားပြီး လုပ်ရတာပါ။ အဘလို သူတော်ကောင်းကို စော်ကားမိတာ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ အဘက ကျွန်တော်တို့ကို သနားလို့ ထောက်ပံ့လိုက်ရင် ကျွန်တော်တို့လည်း မကောင်းမှု မလုပ်တော့ပါဘူး။ ဒီငွေတွေနဲ့ ကောင်းကောင်းမွန်မွန် လုပ်စားပါတော့မယ်"

"သာဓုကွယ်၊ သာဓု‥ သာဓု။ အဘလိုချင်တာလည်း ဒါပဲကွယ်။ နမ့်ခမ်းရောက်မှာ အလှူလုပ်ရင်လည်း ဒီငွေတွေ ကုန်မှာပဲ။ ဒါပေမဲ့ မကောင်းမှုပြုမည့် လူကို ကောင်းမှု ပြုတဲ့ လူတွေ ဖြစ်အောင် ဒီငွေနဲ့ လုပ်နိုင်မှာ မဟုတ်ဘူး။ ခုကျတော့ အဘက ဒီငွေတွေကို မောင်တို့ကို လှူလိုက်ရလို့ မောင်တို့လို မကောင်းမှု ပြုတဲ့ လူတွေကို လူတော်သူကောင်း ဖြစ်အောင် ကူညီလိုက်ရလို့ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ငါ့တူတို့ရယ် မောင်တို့အပေါ်မှာ အဘအနေနဲ့ ဘာ အာဃာတမှာ မရှိဘူးနော်၊ ခုဒီငွေတွေ ပေးလိုက်တာ တကယ့်ကို ကြည်ဖြူတဲ့ စေတနာ သဒ္ဓါတရားနဲ့ ပေးလိုက်တာနော်။ နိဗ္ဗာန်မဂ်ဖိုလ်အတွက် အထောက်အပံ့အဖြစ်နဲ့ လှူလိုက်တာပါကွယ်။ ကဲ‥ ဒီငွေတွေကို တစ်ယောက်တစ်သိန်းစီ ခွဲယူကြ၊ အချင်းချင်းလည်း လောဘတက်ပြီး မညှဉ်းဆဲကြနဲ့။ နောင်ကိုလည်း မကောင်းမှု ဒုစရိုက်တွေကို မလုပ်ကြပါနဲ့တော့။ မောင်တို့ဘဝ ချမ်းသာသွားရင် အဘကျေနပ်ပါတယ်။ ဒီငွေနဲ့ လုပ်စားကြပါ။ လုပ်စားလို့ အဆင်မပြေလို့ နောင်လည်း အကူအညီ လိုရင် မောင်တို့ အဘဆီကို အကူအညီ တောင်းကြဦး။ အဘ ကူညီဦးမှာပဲ။ မိုးကုတ်မြို့မှာ ဦးဘဆိုရင် လူတိုင်းသိတယ်။ လာကြနော်။ ကဲရော့ ဒီထမင်းတွေ ဒီဟင်းတွေကိုလည်း စားသွားကြ၊ အဘတို့က အရေးမကြီးဘူး။ သီပေါရောက်မှ စားလည်း ဖြစ်တယ်။ မောင်တို့ ဝအောင် စားကြ။ ကဲ‥ ရော့၊ စားကြစမ်းပါ။ အဘ စိတ်ထဲမှာ ဝမ်းသာနေတယ်။ အဘအနေနဲ့ သတ္တဝါတွေကို ကယ်တင်လိုက်ရတယ်လို့ ခံစားနေရတယ်။ မောင်တို့လည်း အဘလိုပဲ ဝမ်းသာနိုင်ကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ မကောင်းတဲ့ အလုပ်တွေကို စွန့်နိုင်ကြပါစေ"

"အဘဆန္ဒအတိုင်း ကျွန်တော်တို့ လူကောင်းတွေ ဖြစ်အောင် လုပ်ပါ့မယ်။ ကျွန်တော်တို့ အဘကို ရှိခိုးကန်တော့ပါတယ် အဘ၊ ကျွန်တော်တို့ရဲ့ မိုက်မဲမှုတွေကို အဘ သည်းခံပါနော်။ ခွင့်လွှတ်ပါ အဘရယ်။ အဘမှာ ကိစ္စကြီးငယ် ရှိရင်လည်း ကျွန်တော်တို့ကို အကြောင်းကြားပါ။ ကျွန်တော်တို့ ချက်ချင်းရောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး အသက်ပေး ဆောင်ရွက်ပါ့မယ်လို့ ကတိပြုပါတယ် အဘ'' ကဲ..ဒီ ဖြစ်ရပ်မှာ ဦးဘ ရင်ထဲက ခန္တီသဘောကို သမီး အကဲခတ်ကြည့်စမ်း။ ဒေါသလား။ အဒေါသလား''

**သမီး** အဒေါသပါ ဖေဖေ။ ဒါပေမဲ့ ဒီလို ဖြစ်လိုဖြစ်ဖို့ လွယ်ပါ့မလား။ ဦးဘဟာ အလောင်းတော်ဆိုရင်တော့ ဖြစ်ကောင်း ဖြစ်နိုင်မယ်။ လူသာမန်ဆိုရင်တော့ ဖြစ်ခဲမယ်လို့ သမီး ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** သမီး သုံးသပ်တာ မမှားပါဘူး။ ဦးဘဟာ အလောင်းတော်တော့ မဟုတ်ဘူး။ ဒါပေမဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတွေကို နာပြီး ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်လာသူ ဗုဒ္ဓဘာသာအစစ် ဖြစ်တယ်။ သူ့ရင်ထဲမှာ ငါစွဲ အတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ပြုတ်နေလို့သာ သူဟာ ဒီလို နှလုံးသွင်းတတ်သွားတာ ဖြစ်မှာပေါ့။

**သမီး** ဒါဆိုရင် ဦးဘဟာ သောတာပန်အဆင့်လောက်တော့ ရောက်နေပြီ ဆိုရမှာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အေး..၊ သေချာတာပေါ့ကွယ်။ လောကမှာ ပုထုဇဉ်နဲ့ သောတာပန်ဟာ အဲဒီလို ကွာခြားတယ်။ ဒိဋ္ဌိပြုတ်တဲ့ လူဟာ မကြမ်းတမ်းခြင်းသဘော 'အစဏ္ဍိက္က' သဘော ရှိတယ်။ ကောင်းစွာဆိုသော စကား ရှိတယ်။ 'အနသုရောပ' ရှိတယ်။ ဒီလို အမှုမျိုးမှာ သည်းခံခွင့်လွှတ်ပြီး စွန့်လွှတ်ရတာကို ဝမ်းမြောက်ဝမ်းသာ နှစ်သက်လိုလားစွာနဲ့ ပြုမူနိုင်တယ်။ ဒီသဘောတွေကျတော့ ကမ္ဘာ့ပညာရှင်ဆိုသူတွေ ဘယ်နားလည်မလဲ သမီးရဲ့။ ဒါတွေက သဗ္ဗညုတဉာဏ်ရဲ့ ကိစ္စတွေလေ။

**သမီး** 'အတ္တမနသာစိတ္တဿ' ရဲ့ သဘောက သိပ်ပြီး သိမ်မွေ့တာပဲနော် ဖေဖေ။ ဒီအဖြစ်အပျက်ကလေးကို ကြားရတာ သမီးရင်ထဲမှာ ခန္တီရဲ့သဘော နက်နဲမှုကို ပိုပြီး ခံစားနိုင်ပါတယ် ဖေဖေ။ ဒါဆိုရင် သမီး မေးပါရစေ ဖေဖေ။

**အကျွန်ုပ်** မေးလေ။

**သမီး** ဒါဆိုရင် တကယ့်ကို ဝမ်းသာခြင်း၊ နှစ်သက်လိုလားခြင်းနဲ့ ကြမ်းတမ်းခြင်း မရှိ၊ ပကတိ ချမ်းသာစွာ ပြောဆိုခြင်း၊ သည်းခံခွင့်လွှတ်နိုင်ဖို့ဆိုတာ ဗုဒ္ဓဘာသာအမြင်နဲ့ ပြောရင် ဒိဋ္ဌိပြုတ်ဖို့ လိုတာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီး။ ဒိဋ္ဌိပြုတ်သော သူမှာသာ ဒီလို ကိုယ်ရည်ကိုယ်သွေးတွေ ဖြစ်ပေါ်လာနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** ဒါဆို သမီးတို့ လူငယ်တွေ သောတာပန် ဖြစ်အောင် လုပ်မှာပေါ့ နော်။

**အကျွန်ုပ်** အကောင်းဆုံးပေါ့ သမီးရဲ့။ သောတာပန် အနည်းဆုံး ဖြစ်အောင် အားထုတ်ထားသင့်တယ်။ အကြောင်းကြောင့်ကြောင့် သောတာပန်အရင့်အမာကြီး မဖြစ်ရင်တောင် ပိုမိုလွယ်ကူတဲ့ စူဠသောတာပန် (သောတာပန် အငယ်စား) ကလျာဏပုထုဇဉ်လောက်တော့ သမီးတို့ လူငယ်တွေ အသိဉာဏ် နိုးကြားပြီး ကြိုးစားသင့်တာ ထင်ရှားတယ် သမီး။

**သမီး** ဟုတ်ကဲ့ ဖေဖေ။ သမီး ဒီအတိုင်း ခံယူထားပါပြီ ဖေဖေ။

**အကျွန်ုပ်** သာဓုကွယ်၊ သာဓု သာဓု။

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ ကောင်းသောအမှု၌ မွေ့လျော်သူဖြစ်ကြောင်းတရား

သမီးငယ်သည် နံနက်တိုင်း ဘုရားရှိခိုးခြင်း၊ တစ်နာရီ တရားထိုင်ခြင်း၊ ပန်းရေချမ်း၊ ဆွမ်းကပ်လှူခြင်း ကိစ္စပြီးပြီဆိုလျှင် သူလေ့လာနေသော 'ကိုယ်ရည်ကိုယ်သွေး' အကြောင်း ဆက်ပြီး ဆွေးနွေးရန် အကျွန်ုပ်၏ အပေါ်ထပ် စာဖတ်ခန်းသို့ ဝင်လာတတ်သည်။ ခါတိုင်းလည်း စာဖတ်ခန်း သန့်ရှင်းရေးအတွက် သူ တာဝန်ယူ လုပ်ကိုင်မြဲဖြစ်သည်။ အိမ်ပေါ်ထပ်တွင် စာဖတ်ခန်းနှင့် ဘုရားခန်း၊ လသာဆောင် တွဲလျက်ရှိသည်။ စာဖတ်ခန်း၏ နောက်ဘက်တွင် သူ့အိပ်ခန်း ရှိသည်။ နေ့စဉ် အိမ်သန့်ရှင်းရေး ကိစ္စများသည် သူ့ကိစ္စ ဖြစ်သည်။ သူသည် မိန်းကလေး ဖြစ်သော်လည်း ယောက်ျားကလေးစိတ် ရှိသည်။ ချက်ပြုတ်လျှော်ဖွပ် အလုပ်ကို သူ ဝါသနာ မပါ။ ဗဟုသုတရအောင် စာဖတ်ခြင်း၊ လေ့လာခြင်းနှင့် စီးပွားဉစ္စာ ရှာဖွေခြင်း၊ လေ့လာသင်ကြားသင့်သော ပညာရပ်များကို လေ့လာခြင်း၊ ဘာသာစကား လေ့လာခြင်းများကိုလည်း သူလုပ်သည်။ သူ စင်ကာပူက ပြန်လာပြီးမှ အင်္ဂလန်က ပြုလုပ်သော LCCI စာမေးပွဲကို လေ့လာသင်ကြားပြီး စာမေးပွဲ အဆင့်ဆင့်ကို ဝင်ဖြေသည်။ နှစ်နှစ်အတွင်း တတိယအဆင့် ဒီပလိုမာအဆင့်ကို ဂုဏ်ထူး လေးဘာသာဖြင့် အောင်သည်။ DMA (Diploma in Management စီမံခန့်ခွဲမှု စာရင်းကိုင်ပညာ ဒီပလိုမာ) ဘွဲ့ကို ရသည်။ နောက်ပြီး သူ ဆယ်တန်းအောင်ပြီး စင်ကာပူကို ထွက်သွားသောကြောင့် တက္ကသိုလ်က ဘွဲ့မရသည်ကို အဝေးသင်တက္ကသိုလ်ကို တက်ပြီး တစ်နှစ်တစ်တန်း အောင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြေသည်။ ထို့ကြောင့် သူ့သူငယ်ချင်း (ဆယ်တန်းအတူနေ) များပင် အကြောင်းကြောင်းကြောင်း ဘွဲ့မရသေးခင် သူက ဘွဲ့ရသည်။ ထိုအချိန်တွင် သူ့လက်ထဲမှာ သိန်းပေါင်းများစွာ ရာဂဏန်းဖြင့် သူချမ်းသာနေပြီ၊ သူသည် မိဘစိတ်ချမ်းသာအောင် ထားလိုသော ဆန္ဒပြင်းထန်သည်။ ဘယ်အခါမှ မိဘကို ဆန့်ကျင်ဘက် ပြုလေ့မရှိ။ သူ့မှာ ကောင်းသော အမှုဒ္ဓ မွေ့လျော်သော သဘောရှိသည်။ ယနေ့လည်း အကျွန်ုပ် စာဖတ်ခန်းထဲသို့ ဝင်လာပြီး မေးသည်။

**သမီး** ဒီနေ့ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အခြင်းအရာတွေထဲက ဘယ်အချက်ကို ပြောမလဲ ဖေဖေ။

**အကျွန်ုပ်** 'သောရစ္စ' ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး အကြောင်းကို ဆွေးနွေးကြရင် မကောင်းဘူးလား။

**သမီး** 'သောရစ္စ' ရဲ့ အဓိပ္ပာယ်ကို သမီး နားမလည်ပါဘူး ဖေဖေ။

**အကျွန်ုပ်** ပါဠိလို 'သောရစ္စ' ကို မြန်မာလို ပြန်တဲ့အခါ ကောင်းမှုဒ္ဓ မွေ့လျော်သည်၏ အဖြစ်၊ တင့်တယ်သော အမူအရာ မွေ့လျော်ခြင်းလို့ အနက်ပေးတယ် သမီးရဲ့။ ဒါက ဆရာကြီး ဦးဟုတ်စိန်ရဲ့ ပါဠိ–မြန်မာ အဘိဓာန်မှာ လာတာ။

**သမီး** မြန်မာစကားတော့ မြန်မာစကားပဲ ဖေဖေ။ ဒါပေမဲ့ သမီးဉာဏ်ထဲမှာ ဘာနားလည်ရမှန်း မသိဘူး။ ကောင်းသောအမှုဒ္ဓ မွေ့လျော်ခြင်းကို အင်္ဂလိပ် အဘိဓာန်မှာ ဘယ်လို ဖွင့်သလဲ မသိဘူး။

**အကျွန်ုပ်** Childers ရဲ့ ပါဠိအဘိဓာန်မှာတော့ သောရစ္စကို tenderness, sympthy လို့ပဲ အနက်ပေးထားတယ်။ tenderness ဆိုတာ နူးညံ့သိမ်မွေ့ခြင်း။ ထောက်ထားညှာတာခြင်းလို့ပဲ အနက်ပေးတယ်။ ဒါလည်း ကောင်းမှုဒ္ဓ မွေ့လျော်ခြင်းဆိုတဲ့ လိုရင်းအနက်ကိုတော့ မရောက်ပါဘူး ကွယ်။ RANDOM HOUSE အဘိဓာန်မှာတော့ easily moved to sympathy or compassion လို့ ပြထားတာ တစ်ချက်တွေ့တယ်။ လွယ်ကူစွာ ကရုဏာသက်တတ်တဲ့ သဘောကို ပြောတာ။ ဒါလည်း လိုရင်းတော့ မရောက်သေးဘူး သမီးရဲ့။ ဒါကလည်း စိတ်နှလုံး နူးညံ့ပျော့ပျောင်းတဲ့ သဘောလောက်ပဲ အဓိပ္ပာယ် ထွက်လိမ့်မယ်လို့ ဖေဖေ ထင်တယ်။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ မြတ်ဗုဒ္ဓရဲ့ ဆိုလိုရင်းကို မရောက်သေးဘူးလို့ သမီး စိတ်ထဲလည်း ထင်ပါတယ်။ ဘုရားက တခြားကိုယ်ရည်ကိုယ်သွေးတွေမှာလို ဒီကိုယ်ရည်ကိုယ်သွေးမှာ ပါတဲ့ တခြားအခြင်းအရာတွေကို ဟောမထားဘူးလား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် ဟောပါတယ် သမီးရဲ့။ ဘုရားက လိပ်ပတ်လည်အောင် ဟော ထားပါတယ်။

သမီး ဘုရားဟောပုံကိုပဲ ပြောပါ ဖေဖေ။ ဒီကိစ္စမှာ သမီးက နားဝေး နေတယ်။

အကျွန်ုပ် အေး . . ပြောရတာပ။ မြတ်ဗုဒ္ဓက သောရစ္စရဲ့ သဘောကို ဖော်ပြ တာက အကြင်ကိုယ်၌ဖြစ်သော (ကာယကံ) မလွန်ကျူးမှု (ကာယ သုစရိုက် သုံးပါး)၊ နှုတ် (ဝစီကံ/စကား) ၌ ဖြစ်သော မလွန်ကျူးမှု (ဝစီသုစရိုက် လေးပါး)၊ ကိုယ်နှုတ်နှစ်ပါး၌ ဖြစ်သော မလွန်ကျူးမှု (အာဇီဝလျှင် ရှစ်ခုမြောက် ဖြစ်သော၊ အာဇီဝဋ္ဌမကသီလ) သည် ရှိ၏။ ဤဆိုအပ်ခဲ့ပြီးသော သဘောကို ကောင်းသောအမှု၌ မွေ့လျော်သူ၏အဖြစ် (ကောင်းသော အမှု၌ မွေ့လျော်သူ ဖြစ်အောင် ပြုတတ်သော တရား) သောရစ္စလို့ ဆိုအပ်၏လို့ ဟောထားတယ်။ ပြီးမှ ထပ်ပြီးဆိုတာက အလုံးစုံသော အကျင့်သီလကို စောင့်စည်းခြင်းကိုလည်း ကောင်းသောအမှု၌ မွေ့လျော်သော သူ၏အဖြစ် (ကောင်းသော အမှု၌ မွေ့လျော် သောသူ ဖြစ်အောင် ပြုတတ်သော တရား) သောရစ္စဟု ဆိုအပ်၏ ဆိုပြီး အနက်ပေးထားတယ်။

သမီး ဒါဆို . . ၊ သောရစ္စဆိုတာ သီလနဲ့ ဆိုင်တဲ့ တရားကို ပြောတာပဲ ပေါ့နော်။ အာဇီဝဋ္ဌမက သီလကို စောင့်ထိန်းသောသူ၊ ဘယ်သီလ ကိုမဆို စောင့်ထိန်းသော သူဟာ သောရစ္စ ကိုယ်ရည်ကိုယ်သွေး ရှိသူ ဖြစ်တယ်လို့ ဆိုလိုတာပေါ့နော်။

အကျွန်ုပ် သိပ်ဟုတ်တာပေါ့ကွယ်။ သီလမရှိသော သူဟာ ဘယ်အလုပ်ကိုပဲ လုပ်လုပ် ကောင်းသော အမှု၌ တည်သူလို့ မဆိုနိုင်ဘူး။ ဒီနေရာမှာ နားလည်သင့်တာက ကောင်းသောအမှု၌ မွေ့လျော်သူ ဖြစ်ကြောင်းတရား 'သောရစ္စ' ဟာ သီလကို အခြေခံထားတဲ့ တရား။ အထူးသဖြင့် အာဇီဝဋ္ဌမကသီလ ကို အခြေခံထားတာကို တွေ့ရတယ်။

သမီး ဒါဆိုရင် အာဇီဝဋ္ဌမကသီလ၌ တည်သော သူဟာ ကောင်းသော အမှု၌ မွေ့လျော်သူဖြစ်ပြီလို့ ဆိုနိုင်ပြီလား ဖေဖေ။

အကျွန်ုပ် အာဇီဝဋ္ဌမကသီလဟာ မဂ္ဂင်ထိုက်တဲ့ သီလဖြစ်တယ်။

သမီး အာဇီဝဋ္ဌမကသီလ၌ တည်သော သူသည် ကောင်းသောအမှု၌ မွေ့လျော်သူဖြစ်ပြီလို့ ဆိုထားတာ အာဇီဝဋ္ဌမကသီလကို ပိုကဲပြီး အမွှမ်းတင်ထားတာ ဘာကြောင့်လဲ ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ထူးခြားတဲ့ သီလမို့ပဲလို့ မှတ်ထားပါ သမီးရဲ့။ စောစောက ပြောသလို ဒီသီလဟာ မဂ္ဂင်ထိုက်တဲ့ သီလ ဖြစ်တယ်။ လူ့ဘဝမှာ အသက်မွေးမှု ကိစ္စနဲ့ ဆိုင်တဲ့ သီလဟာ ဒီအာဇီဝဋ္ဌမကသီလပဲ။ ဒီသီလဟာ လူတိုင်းအတွက် ခါးဝတ်လို အမြဲ ဆောက်တည်အပ်တဲ့ သီလ ဖြစ်ကြောင်းကို ကျေးဇူးတော်ရှင် လယ်တီဆရာမြတ်က မဂ္ဂင်ဒီပနီမှာ ဖော်ပြထားတယ်။ မဟာစည် ဆရာတော်ဘုရားကြီးကလည်း အာဇီဝဋ္ဌမကသီလကို အာဒိဗြဟ္မစရိယသီလ ဖြစ်တယ်လို့ ဖော်ပြထားတာ မှတ်သားရဖူးတယ်။

**သမီး** အာဇီဝဋ္ဌမကသီလနဲ့ ပတ်သက်ပြီး လယ်ကီဆရာတော်က ဘယ်လိုများ ဆိုထားသလဲ၊ ပြည့်ပြည့်စုံစုံ ပြောပြပါ ဖေဖေ။

**အကျွန်ုပ်** ပြည့်ပြည့်စုံစုံဆိုရင် မဂ္ဂင်ဒီပနီမှာ ဖော်ပြထားပုံကို ပြောမယ်။ လယ်တီဆရာတော်က သီလက္ခန္ဓမဂ္ဂင် ထူထောင်ပုံအပိုင်းမှာ အာဇီဝဋ္ဌမကသီလနဲ့ ပတ်သက်ပြီး ဘယ်လိုဖော်ပြထားသလဲဆိုတော့ ''ရှေးဦးစွာ ဒိဋ္ဌိ၏ တတိယဘုံကြီးကို ပယ်ဖျက်ခြင်းငှာ၊ လူဖြစ်သော သူတို့သည် အာဇီဝဋ္ဌမက သီလကို ခံယူဆောက်တည်၍ လုံခြုံစွာ စောင့်ထိန်းသဖြင့် သီလဝိသုဒ္ဓိ၌ တည်ကြ ကုန်ရာ၏။ မိမိတို့ အလိုအလျောက် နှုတ်မြွက်၍ ဆောက်တည်လျှင် ပြီးပါ၏။ နှုတ်မြွက်၍ မဆောက်တည်သော်လည်း ပါဏာတိပါတ အစရှိသော ရှစ်ပါးသော အမှုတို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး လွတ်ကင်းအောင် ရှောင်ကြဉ်မည်ဟု အဓိဋ္ဌာန်လျက် ရှောင်ကြဉ်လျှင်လည်း ပြီး၏'' (လယ်တီဒီပနီပေါင်းချုပ်–ပတွဲ–နှာ ၁၉၆/၁၉၇) လို့ ဆိုပြီး အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ဖော်ပြထား တယ်။ (အလိုအလျောက် မိမိဘာသာ) ဆောက်တည်ရာမှာ သီလတောင်းဖွယ် ကိစ္စမရှိပြီ (တောင်းနေစရာ မလိုဟု ဆိုလိုသည်) ဒီ သီလဟာ နိစ္စသီလမျိုး ဖြစ်တယ်။ တစ်ခါ ခံယူဆောက်တည်ထားလျှင် မလွန်ကျူးသမျှ ကာလပင်လုံး မပျက်ပြီ၊ လွန်ကျူးမိပြန်လျှင် ကျူးလွန်မိသော သိက္ခာပုဒ်ကိုသာ ထပ်၍ဆောက် တည်ရသည်။ မကျူးလွန်မိသော သိက္ခာပုဒ်လို ထပ်၍ ဆောက်တည်ဖွယ် မရှိပြီ။ ထပ်၍ ဆောက်တည်လျှင်လည်း အပြစ်မရှိ၊ တည်မြဲစေခြင်း အကျိုးသာ ရှိ၏။ အာဇီဝဋ္ဌမကသီလသည် ငါးပါးသီလကဲ့သို့ နိစ္စသီလမျိုး ဖြစ်၏။

လယ်တီဒီပနီပေါင်းချုပ် ပ–တွဲ နှာ–၁၉၆ မှာ ဖော်ပြထားတာက ''သဗ္ဗာ ယ ဒိဋ္ဌိ၊ အစီးအပွား ဖြစ်သော ကာယဒုစရိုက် သုံးပါး၊ ဝစီ ဒုစရိုက်လေးပါးတို့ကို ဖယ်ရှားခြင်းငှာ သီလက္ခန္ဓမဂ္ဂင်သုံးပါး (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ)

www.burmeseclassic.com

www.burmeseclassic.com



ကို ထူထောင်ရသည်။ အာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်၍ စောင့်ထိန်းရမည်ဟု ဆိုလိုသည်တဲ့။

**သမီး** သမီး သဘောပေါက်ပါပြီ ဖေဖေ။ ကာယဒုစရိုက်တွေ၊ ဝစီဒုစရိုက်တွေကို ပယ်ရှားလိုက်ရင်ပဲ ကောင်းသော အမူ၌ တည်သောသူ ဖြစ်နိုင်ပြီဆိုတာ သမီးနားလည်ပါပြီ ဖေဖေ။ ဒီအထဲမှာမှ အာဇီဝဆိုတဲ့ အသက်မွေးမှု စင်ကြယ်ခြင်း (သမ္မာအာဇီဝ) ကို ထပ်ဖြည့်ထားတာဆိုတော့၊ အာဇီဝဋ္ဌမကသီလကို ဆောက်တည်လိုက်ရင်ပဲ ကောင်းသောအမူ၌ မွေ့လျော်သူ ဖြစ်ကြောင်း တရားတွေနဲ့ ပြည့်စုံသွားပြီဆိုတာ သဘောရှင်းပါပြီ ဖေဖေ။

**အကျွန်ုပ်** အေး..၊ ဒီသီလထဲမှာ ထူးခြားမှုတွေ အများကြီး ရှိတယ် သမီးရဲ့။ ဒီသီလကို အာဒိမဂြဗြဟ္မစရိယက သီလလို့လည်း ခေါ်ရကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ဂအတွဲမှာ ဖော်ပြထားသေးတယ်။

**သမီး** ဘယ်လိုဖော်ပြထားလို့လဲ၊ ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဆရာတော်ရဲ့ အာဘော်အတိုင်း ပြောမယ်။ ဆရာတော်က "အရိယာမဂ်ဟူသော မြတ်သောအကျင့် (မဂ္ဂဗြဟ္မာစရိယ) ၏ အစဉ် (ရှေးအဖို့၌) ဖြစ်စေအပ်ပြီး၊ စေအပ်သော သီလဖြစ်သောကြောင့် အာဒိဗြဟ္မာစရိယက မည်၏။ ၎င်းသည် အာဇီဝဋ္ဌမကသီလ၏ အယူလေတည်း"(နှာ ၃၃) လို့ ဆိုထားတယ်။

**သမီး** ဒါဆိုရင် ကောင်းသောအမူဆိုတာ ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါးနဲ့ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးပဲပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဒါပေါ့ သမီးရဲ့၊ သူ့အသက်ကို မသတ်၊ သူ့ဥစ္စာကို မခိုး၊ သူ့အိမ်ရာကို မကျူးလွန်၊ မုသားမပြော၊ ကုန်းတိုက်စကားမဆို၊ ရုန့်ရင်းကြမ်းတမ်းတာကို မပြော၊ သိမ်ဖျင်းတာတွေကို နှုတ်မှာမဆောင်ဘူး။ ဒီပြင် မိစ္ဆာအာဇီဝလည်း မလုပ်ဘူးဆိုရင်၊ အဲဒါကောင်းသော ကိုယ်မှုနှုတ်မှု၌ မွေ့လျော်သူ ဖြစ်ပြီလို့ ဆိုနိုင်တာပေါ့ကွယ်။ သဘောရှင်းရဲ့လား။

**သမီး** သိပ်ရှင်းတာပဲ ဖေဖေရယ်။ သမီးလည်း ဒါဆို နေ့စဉ် အာဇီဝဋ္ဌမကသီလကို ဆောက်တည်သင့်တာပေါ့နော်။

**အကျွန်ုပ်** ဒီသီလဟာ ငါးပါးသီလလိုပဲ လောကီနယ်မှာ လူသားတိုင်း ဆောက်တည်အပ်၊ ကျင့်သုံးအပ်တဲ့ သီလပဲ သမီးရဲ့၊ သမီးလည်း ဆောက်တည်

www.burmeseclassic.com

www.burmeseclassic.com



ထားလျှင် သိပ်ကောင်းတာပေါ့။ အမှန်ကတော့ ဘယ်သီလပဲ ဖြစ်ဖြစ် သီလ ဆောက်တည်ပြီး ကျင့်သုံးရင် ကောင်းသော အမှု၌ မွေ့လျော်ခြင်း အဓိပ္ပာယ်ချည်း ပါပဲ သမီးရယ်။ သီလစေတနာ ပြဋ္ဌာန်းတဲ့ မဟာကုသိုလ်စိတ်၊ မဟာကိရိယာစိတ်၊ လောကုတ္တရာ စိတ်နဲ့ ယှဉ်ဖက် စေတသိက်ကို ကောင်းသော အမှုမှာ မွေ့လျော်သူ ဖြစ်ကြောင်း ကိုယ်ရည်ကိုယ်သွေးပဲလို့ မှတ်လို့ရပါတယ် သမီးရယ်။

**သမီး** သမီးစိတ်ထဲ ရှင်းသွားပြီ ဖေဖေ။ ဒီအချက်ဟာ တော်တော် အရေးကြီးတယ်လို့ သမီး ထင်ပါတယ်။ သမီး စဉ်းစားမိတယ် ဖေဖေ။

**အကျွန်ုပ်** ဘာများလဲ သမီးရဲ့။

**သမီး** ခုခေတ်သိပ္ပံပညာရှင်တွေမှာ ဒီလိုသီလကို အခြေခံတဲ့ ကောင်းမှု၌ မွေ့လျော်ခြင်းရှိသောသူ ဖြစ်ကြောင်း တရား ကိုယ်ရည်ကိုယ်သွေးမျိုး ရှိကြရင် ဒီကမ္ဘာလောကကြီးဟာ ငြိမ်းချမ်းသာယာလာမယ်လို့ သမီး ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** သမီးက လောကငြိမ်းချမ်းရေးအထိတောင် စဉ်းစားတတ်နေပြီလား။ သမီးရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ တိုးတက်နေတာတွေ့လို့ ဖေဖေ လည်း ဝမ်းမြောက်နေရတယ်။ သမီးကောင်းတစ်ယောက် ကျောက်ကောင်းတစ်ပွင့် လိုပဲ တန်ဖိုးရှိတဲ့ လူသားကလေး တစ်ယောက်ကို မွေးခဲ့ရလို့ ဝမ်းသာရတာပေါ့ ကွယ်။

**သမီး** သမီး စိတ်ထဲမှာလည်း အဖေနဲ့ တူသော သမီး ဖြစ်ချင်ပါတယ် ဖေဖေ။ ဖေဖေ တွေ့မြင်ချင်တဲ့ ကိုယ်ရည်ကိုယ်သွေး ကောင်းတဲ့ လူငယ်ခေတ်တစ်ခေတ် ပေါ်ပေါက်လာအောင် သမီးလည်း ကိုယ်နည်းကိုယ့်ဟန်နဲ့ ကြိုးစားပါ့မယ် ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ နူးညံ့သိမ်မွေ့ ပြေပြစ်သော ချစ်ဖွယ်စကားကို ဆိုတတ်သူ ဖြစ်ကြောင်းတရား

သမီးငယ်၏ မျက်နှာပေါ်၌ အသိအလိမ္မာ ဉာဏ်ပညာ မြင့်မားရေး၌ အားရတင်းတိမ်ခြင်း မရှိပုံ အမူအရာသည် အထင်အရှား ဖြစ်ပေါ်နေသည်။ နံနက်စောစော သူ လုပ်စရာ အလုပ်ကိစ္စများ၊ ဗုဒ္ဓဝေယျာဝစ္စများကို ဆောင်ရွက်သည်။ ပြီးလျှင် အကျွန်ုပ် စာရေးနေသလား အကဲခတ်သည်။ စာမရေးဘဲ စာဖတ်နေလျှင် သူ ဝင်လာသည်။ သူ ရသင့်သော အခြင်းအရာကို အရယူသည်။ သို့သော် သူ့ကြောင့် အကျွန်ုပ်ကို အနှောင့်အယှက်လည်း မဖြစ်အောင် ငဲ့သော သဘောလည်း ရှိသည်။ ပြီးမှ နူးညံ့သိမ်မွေ့ပြေပြစ်သော ချစ်ဖွယ်စကားကို ဆိုသည်။

**သမီး** အဖေကြီး၊ သမီး ဝင်ခဲ့မယ်နော်... ဗုဒ္ဓဝေယျာဝစ္စတွေ ပြီးသွားပြီ၊ မနက်ခင်း စိတ်ရွှင်လန်းနေတုန်းမှာ မေးချင်တာကလေးတွေ သတိရလို့ မေးချင်ပါတယ် ဖေဖေ။

***အကျွန်ုပ်*** အေး... ရတယ်... ရတယ်... လာခဲ့၊ စိတ်ကြည်နေရင် ဉာဏ်ပွင့်တယ်။ သမီးက ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတရား အမြင်တွေကို ဆက်မေးချင်နေတာ မဟုတ်လား။

**သမီး** ဟုတ်ပါတယ် ဖေဖေရဲ့၊ သမီးရင်ထဲမှာ အရသာ ရှိတဲ့ အစာကို စားရတာ မဝသေးသလိုဘဲ၊ စားပြီးရင်း စားချင်တဲ့ စိတ် ပေါ်နေသလိုပဲ၊ မဆုံးသေးတဲ့ ပုံပြင်တစ်ပုဒ်ကို ငယ်ငယ်တုန်းက အိပ်ရာဝင်တဲ့အခါ မေမေ ပြောပြထားလို့ ဆက်ပြီး နားထောင်နေချင်တာနဲ့လည်း တူပါတယ် ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဒေါ့ . . အစားအသောက်မှာတော့ မဝသေးလို့ ဆိုပြီး အတိုင်းအရှည် မရှိဘဲ စားရင် ကျန်းမာရေး ထိခိုက်တတ်တယ်။ ဉာဏ်ပညာကိစ္စမှာတော့ အတိုင်းအရှည် ရှိရတယ်လို့ ဘုရားဟောတာ မတွေ့ရဘူး။ လောကမှာ မိမိသိတာနဲ့ မသိသေးတာကို နှိုင်းယှဉ်ရင် မသိသေးတာက အဆမတန် များတယ် သမီးရဲ့။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ၊ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတရားအမြင်တွေက လောကီသားတွေအတွက် အဘက်ဘက်က ကျေးဇူးများလှပါတယ် ဖေဖေ။ ဘုရားက နောက်ထပ် ဘယ်အခြင်းအရာ၊ ဘယ်ကိုယ်ရည်ကိုယ်သွေးတွေကို မြင့်မားအောင်လုပ်ဖို့ လိုတယ်လို့ ဟောခဲ့ပါသလဲ ဖေဖေ။

**အကျွန်ုပ်** အင်း . . ခုပြောမည့်အချက်ဟာ လောကီလူသားတွေအတွက် လူမှုဆက်ဆံရေးဘဝမှာ အလွန်အရေးကြီးတဲ့ အချက်ပဲ သမီးရဲ့။ ဘာသာစကားဆိုတာ လူမှုဆက်ဆံရေးနယ်မှာ ဆက်သွယ်ရေး ပရိယာယ်တစ်ခုပဲလေ။ ဒဿနသဘောနဲ့ ကြည့်ရင်တော့ ဘာသာစကားမှာ အသံရဲ့ သဘော၊ အနက်အဓိပ္ပာယ်သဘောတွေ၊ ဝါကျဖွဲ့ထုံးဆိုင်ရာ သဘောတွေ၊ အင်္ဂလိပ်လိုပြောတော့ Phonatics semantics, syntax ဆိုတာတွေကို လေ့လာရတယ်။ လူမှုဆက်ဆံရေး သဘောအနက်ကိုကျတော့ ကျင့်ဝတ်ဆိုင်ရာ အနက်အတွက် သဘောနဲ့ လေ့လာရတယ်။ အင်္ဂလိပ်လိုတော့ (Ethical meaning) ကို လေ့လာရတယ်။ ဒါကြောင့် ဘုရားက မဂ္ဂင်ရှစ်ပါးထဲမှာ 'သမ္မာဝါစာ' ဆိုတဲ့ Right Speech ကို ဟောတော်မူတယ်။ သမ္မာဝါစာကို မြန်မာလို ပြောရင်၊ ကောင်းစွာ ပြောဆိုခြင်း၊ မှန်ကန်သော စကားကို ဆိုခြင်းလို့ ဘာသာပြန်ရတယ်။

**သမီး** ဒါဆိုရင် မဟုတ်မမှန်တာကို ပြောဆိုတာဟာ မကောင်းသောစကားကို ပြောဆိုခြင်းပဲပေါ့နော် ဖေဖေ။

**အကျွန်ုပ်** မှန်တာပေါ့ သမီးရဲ့။ ဒီမှာ စကားရဲ့ အကျိုးသက်ရောက်မှုကို ထည့်စဉ်းစားလာရပြီ။ မဟုတ်မမှန်သော စကားကို ပြောရင် ဘယ်လို အကျိုးသက်ရောက်မှု ရှိသလဲ။ ဒါကို အဖြေရှာရမယ်။

**သမီး** မဟုတ်မမှန်သော စကားကို ပြောမှန်းသိလျှင် သူ ပြောတဲ့ စကားကို ကြားရသူတိုင်းရဲ့ စိတ်မှာ နှစ်သက်မှုလည်း မရှိဘူး။ ယုံကြည်မှုလည်း မရှိဘူး။ ရွံရှာမုန်းတီးမှုကိုပဲ ဖြစ်စေမှာပေါ့နော် ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် အေး.. ဒါကြောင့် စကားပြောတဲ့အခါ မိမိပြောတဲ့ စကားက ဟုတ်မှန်ဖို့ သိပ်အရေးကြီးတယ်။ မဟုတ်မမှန်တဲ့ စကားကို ကျတော့ သမီး သုံးသပ်ပြသလို၊ ကြားသူ မနှစ်သက်ဘူး။ ကြားသူ မယုံကြည်ဘူး၊ ကြားသူတိုင်းက ရွံ့ရှာစက်ဆုပ်တယ်။ ဒါကြောင့် မဟုတ်မမှန်သော စကားသည် မကောင်းသဖြင့် ပြောတဲ့ စကား၊ evil speech ဖြစ်သွားတယ်။ ဒီအခါ ဝစီဒုစရိုက် လေးပါး ဖြစ်ပေါ်လာတယ်လို့ မြတ်ဗုဒ္ဓက ဟောတယ်။ ဝစီကံနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ မကောင်းမှု လေးမျိုး ရှိတယ်။

သမီး မုသာဝါဒါ၊ ဖရုဿဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပဝါစာ ဆိုတာ တွေလား ဖေဖေ။

အကျွန်ုပ် သမီးက အကင်းပါးတယ်။ သဘောကို သိလွယ်တယ်။ ဒီလို အကင်းပါးတာ ကောင်းတယ်။

သမီး သမီးက ဒီလို ဒဿနဆန်ဆန် စဉ်းစားရတဲ့ အကြောင်းအရာဆိုရင် စိတ်ဝင်စားတတ်တာကိုး။

အကျွန်ုပ် ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါကိုက ကောင်းတဲ့ ကိုယ်ရည် ကိုယ်သွေး တစ်ခုပဲလေ။ ကဲ.. ပြောရင်းအကြောင်းအရာကို ဘေးမရောက်သွားစေနဲ့၊ ပြန်ကောက်ကြစို့။

သမီး ဟုတ်ကဲ့ ဖေဖေ။ ဒါဆို ကောင်းစွာ ပြောသော စကား၊ မှန်ကန်စွာ ပြောသော စကားဆိုတာ အကျိုးဖြစ်စေတဲ့ စကား၊ နှစ်သက်စရာ ကောင်းတဲ့ စကား၊ လူယုံကြည်တတ်တဲ့ စကားလို့ ဆိုရင် ရမလား မသိဘူးနော်။

အကျွန်ုပ် ရတာပေါ့ သမီးရဲ့၊ ဒါက အနက်ထွက်နဲ့ အကျိုးသက်ရောက်မှု သဘောနှစ်ခုကို ပေါင်းပြီး ပြောတာ၊ အဲဒီအထဲမှာ အသံထွက် သဘောကိုပါ ပေါင်းလိုက်ရင် မုသာဝါဒက မမှန်မကန် ပြောတာဆိုတော့ အနက်ထွက်သဘောနဲ့ ပြောတာ၊ လိမ်လည်လှည့်ဖြားတာ၊ တစ်နည်းဆိုတော့ မဖြောင့်မတ်တဲ့ သဘောနဲ့ ပြောတာ။

သမီး ဖြောင့်မတ်တယ်ဆိုတာ ဘာကိုဆိုတာလဲ ဖေဖေ။

အကျွန်ုပ် ဖြောင့်မတ်တာဟာ မိမိ ပြောဆိုတဲ့ စကားရဲ့ အနက်ထွက်နဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေအချက်အလက် (facts) နဲ့ ကိုက်ညီတာ၊ တစ်သဘောတည်း၊ တစ်ထပ်တည်း ဖြစ်တာပဲပေါ့ သမီးရဲ့။ အချက်အလက်က တစ်မျိုး၊ အနက်ထွက်က တခြား၊ ကွဲလွဲသွားတာ၊ အချက်အလက်နဲ့ အနက်ထွက်နဲ့ မကိုက်ဘူးလို့ နာသူရဲ့ စိတ်ထဲမှာ ခံစားရတာ၊ နာသူက ပြန်ပြီး သူ့စကား

www.burmeseclassic.com

www.burmeseclassic.com



အနက်ထွက်နဲ့ သူပြောတဲ့ အကြောင်းအချက်နဲ့ ကိုက်သလား မကိုက်သလား စိစစ်တဲ့အခါ တခြားစီ၊ တလွဲစီ ဖြစ်နေတယ်လို့ သိရင် သူဟာ မဖြောင့်မတ်သော စကားကို ဆိုတယ်။ သူဟာ မဟုတ်မမှန်သော စကားကို (အကောက်အကွေ့အားဖြင့်) ပြောတယ်လို့ ခံစားနားလည်သွားရော၊ ဒီအခါကျတော့ ကြားသူနာသူရဲ့ စိတ်ထဲမှာ ဒီစကားကို မနှစ်သက်ဘူး။ စက်ဆုပ်တဲ့ ခံစားချက်ကို နားလည်ခံစားရတယ်။ ဒါက အနက်ထွက်နဲ့ စပ်တဲ့ ဝစီဒုစရိုက်ပဲလေ။ ဖရုသဝါစာကျတော့ အနက်ထွက်ရော၊ အသံထွက်ရော ကြမ်းတမ်းတာ၊ ဒေါသပါတာ။

**သမီး** ဟုတ်ပြီ အနက်ထွက်ရော၊ အသံထွက်ရော ကြမ်းတမ်းတဲ့ စကားဟာ ဘယ်နည်းနဲ့မှ မချောဘူးပေါ့။ မနူးညံ့ဘူး၊ မပြေပြစ်ဘူးဆိုတာ ထင်ရှားပါတယ် ဖေဖေ။

**အကျွန်ုပ်** ဟုတ်တာပေါ့၊ ငါ့သမီးက အကင်းပါးတယ်လို့ ဒါကြောင့် ဖေဖေက ပြောတာ။ သမီး သုံးသပ်တာ အမှန်ပဲ၊ ကြမ်းတမ်းသောအားဖြင့် ဆိုသော စကားသည် အသံအားဖြင့်လည်း မနူးညံ့ဘူး၊ မချောမွေ့ဘူး။ ခက်ထန်တယ်။ ဒေါသပါတယ်။ မာနပါတယ်။ ဒီစကားမျိုး ကြားရနာရသူ စိတ်ထဲမှာ မလိမ္မာဘူး။ မှုသား မပါဘူး။ အမှန်ကို ပြောတာမှန်းတော့ သိတယ်။ ဒါပေမဲ့ မနှစ်သက်ဘူး၊ နားထဲရင်ထဲမှာ မချိုဆိမ့်ဘူး၊ နားခါးတယ်၊ နားကြားပြင်းကတ်တယ်။ ဒီတော့ ကိုယ်လိုသော အကျိုးကိစ္စ မပြီးနိုင်ဘူးပေါ့။

**သမီး** ဟုတ်ပါတယ် ဖေဖေ၊ ဒါကြောင့် မြတ်ဗုဒ္ဓက ''နူးညံ့သိမ်မွေ့၊ ပြေပြစ်သော ချစ်ဖွယ်စကားကို ဆိုတတ်သူဖြစ်ဖို့ လိုတယ်''လို့ ဟောတာကို၊ သမီး နားလည်လာပါပြီ ဖေဖေ။

**အကျွန်ုပ်** စဉ်းစားကြည့်လေ၊ ဖရုသဝါစာဆိုတဲ့ ကြမ်းတမ်းခက်ထန်တဲ့ စကား၊ ရန့်ရင်းတဲ့ စကားဟာ ချစ်ဖွယ်သော စကား ဖြစ်နိုင်ပါ့မလား။

**သမီး** ဟုတ်ပါတယ်။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ဖေဖေ။

**အကျွန်ုပ်** ဒါကြောင့် မြတ်ဗုဒ္ဓက နူးညံ့သိမ်မွေ့ပြေပြစ်သော ချစ်ဖွယ်စကားရဲ့ ဆန့်ကျင်ဘက် သဘောတွေကို ဖော်ပြပြီး ဟောတော်မူတယ်။

**သမီး** ဟုတ်လား ဖေဖေ၊ ပြောပြပါဦး။

**အကျွန်ုပ်** ဟုတ်တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာ သိပ်ရှင်းပါတယ်။ (က) အကြင်စကားသည် မပြေမပြစ် အဖုအထစ်ရှိ၏။ (ခ) နားမချမ်းသာဖွယ်ဖြစ်၏။ ဆွေးမြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



သမီး ဆွေးမြည့်၏ဆိုတာ ဘာကိုဆိုလိုတာလဲ ဖေဖေ၊ ရုပ်ဝတ္ထုပစ္စည်းကို သာ လူတွေက ဟောင်းနွမ်းဆွေးမြည့်တယ်လို့ ပြောကြတာ၊ ဘုရားက စကားကို ဆွေးမြည့်၏လို့ သုံးထားတာ ထူးခြားနေသလိုပဲ သမီးစိတ်ထဲ ဖြစ်ပါတယ် ဖေဖေ။

အကျွန်ုပ် အေး…၊ (က) မပြေပြစ်၊ အဖုအထစ် ရှိခြင်း သဘောကိုတော့ ဘုရားက 'ကဏ္ဍက' လို့ ပြတယ်။ နားမချမ်းသာခြင်း၊ ဆွေးမြည့်ခြင်း သဘောကိုတော့ 'ကက္ကသ' လို့ ဟောထားတယ်။ ဒီအနက်တွေကို လေ့လာကြည့်ရမယ်။

သမီး ဟုတ်ကဲ့ပါ ဖေဖေ၊ ပြောပြပါဦး။

အကျွန်ုပ် 'ကဏ္ဍက' အဖုရှိသည်ဆိုတာက အဆစ်၊ အထုံး ရှိသလိုပေါ့ ကွယ်၊ မချောဘူး၊ မပြေဘူး၊ ထိတွေ့သူရဲ့ စိတ်မှာ ခလုတ်တိုက်သလို အခုအခံဖြစ်လို့ မချမ်းသာတဲ့ ခံစားချက် ဖြစ်ပေါ်တာကို ဆိုပါတယ်။

သမီး စကားထစ်တာမျိုးလား ဖေဖေ။

အကျွန်ုပ် စကားထစ်တာက အနက်မပြေပြစ်တာ မဟုတ်ဘူး သမီးရဲ့။ အသံမပြေပြစ်တာ၊ ကဏ္ဍက ဆိုတာက ကြားရသူ စိတ်ထဲမှာ စိတ်ခုစရာ၊ မနှစ်သက်စရာ၊ အောင့်သက်သက်နှင့် ဘဝင်မကျစရာ စိတ်ထဲခလုတ်တိုက်တာမျိုး ဖြစ်ရတဲ့ ခံစားချက်သဘောကို ပြောတာ။

သမီး ဩော်…ဟုတ်ပြီ၊ သမီးနားလည်ပြီ။ စကားထစ်တာကို လူက သည်းခံပြီး နာနိုင်တယ်။ နာရသူရဲ့ စိတ်ထဲမှာ နာကျင်တဲ့ ခံစားမှုကို မခံစားရဘူး။ စကားက မပြေပြစ်ဘူး။ သူတစ်ပါးကို ထိခိုက်စေတဲ့ အပြောအဆိုမျိုး ဖြစ်ရင် နာရသူရဲ့ စိတ်ထဲမှာ နာကျင်တဲ့ ခံစားမှုကို ခံစားရတယ်လို့ ဆိုရမှာပေါ့။

အကျွန်ုပ် ဟုတ်ပါတယ် သမီးရဲ့။

သမီး ကဏ္ဍကကို ဆွေးမြည့်၏လို့လည်း ဟောထားတယ်ဆိုလားလို့ သမီးကြားလိုက်မိတယ်။ အဲဒါက ဘာကို ဆိုတာလဲ ဖေဖေ။

အကျွန်ုပ် သဘောရင်းကတော့ နားမချမ်းသာတဲ့ စကား၊ ကြားရသူစိတ်ထဲ သည်းမခံနိုင်စရာဖြစ်ပေါ်လာအောင် ထိခိုက်စွာ ပြောတဲ့စကားကို ဆိုရမှာပေါ့။

သမီး ဟုတ်ကဲ့ ဖေဖေ။ အရာဝတ္ထုတစ်ခုဟာ ဆွေးမြည့်သွားရင် တန်ဖိုးမဲ့ ဖြစ်သွားတဲ့ သဘော၊ အသုံးမကျဖြစ်သွားတဲ့ သဘော၊ လူမနှစ်သက် ဖြစ်သွားတဲ့ သဘောကို ပြောတာ ဖြစ်မှာပါနော်။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဟုတ်ပါတယ် သမီးရဲ့၊ မြတ်ဗုဒ္ဓက မပြေပြစ်၊ မနူးညံ့မသိမ်မွေ့တဲ့ စကားရဲ့ ဆန့်ကျင်ဘက်စကားကို 'ကက္ကသ' လို့လည်း ဟောထားသေးတယ်။

**သမီး** ကက္ကသဆိုတာ ဘာကို ဆိုလိုတာလဲ ဖေဖေ။

**အကျွန်ုပ်** ကျမ်းဂန်ထဲမှာတော့ 'ကက္ကသ' ရဲ့ အနက်ကို ကြမ်းတမ်းခက်မာသည်လို့ ပေးထားတယ်လို့ ဖော်ပြထားတယ်။ သူတစ်ပါး မခံသာအောင် ပြောတဲ့စကားဟာ ကြားရသူရဲ့ နားထဲမှာ မချမ်းသာမှုကို ခံစားရတယ်လို့ ပြောတာပါ သမီးရဲ့။ ဒီလို စကားမျိုးဟာ နူးညံ့သိမ်မွေ့သော ချစ်ဖွယ်စကားကို မြတ်စွာဘုရားက နှုတ်ချိုသျှိုတစ်ပါး ဖြစ်တယ်လို့ နိဒ္ဒိဝိလာသဇာတ်မှာ ဟောတော်မူခဲ့ပုံကို ပြောပြဖူးတယ်လေ။

**သမီး** ဪ..၊ ဟုတ်..ဟုတ်.. နွားလားဥသဘအကြောင်းလား ဖေဖေ။ တိရစ္ဆာန်တောင်မှ နူးညံ့သိမ်မွေ့ချစ်ဖွယ်သော စကားကို ပြောမှကြိုက်တယ်ဆိုတဲ့ အကြောင်းမဟုတ်လား။

**အကျွန်ုပ်** ဟုတ်တယ်၊ ဟုတ်တယ်။ သျှိုဆိုတာ ပီယဆေးသဘောပေါ့။ လူချစ်လူခင် များအောင် စွမ်းဆောင်နိုင်တဲ့ သတ္တိလေ။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ။ သမီးနားလည်ပါပြီ။ နူးညံ့သိမ်မွေ့ပြေပြစ်ခြင်းမရှိတဲ့ စကားဟာ သူတစ်ပါး မုန်းတီးမှုကို ဖြစ်အောင် နောက်ထပ်ဘယ်လို ဘယ်ပုံ လုပ်တတ်တယ်လို့ ဘုရားက ဟောတော်မူသေးလဲ ဖေဖေ။

**အကျွန်ုပ်** အင်း..၊ ဘုရားက 'ကဋုက' ဆိုတဲ့ သဘောကို ထပ်ဟောသေးတယ်။

**သမီး** ဘယ်လို ဟောလို့လဲ ဖေဖေ။

**အကျွန်ုပ်** 'ပရကဋုက' ရဲ့ အဓိပ္ပာယ်ကတော့ သူတစ်ပါးနား၌ ခါးစပ်သည်လို့ အနက်ရတယ်။ ကျမ်းဂန်ထဲမှာတော့ သူတစ်ပါးကို စပ်ပူစေတတ်၏လို့ ပြထားတယ်။

**သမီး** စပ်ပူတယ်ဆိုတာ ဘာကို ဆိုလိုသလဲ ဖေဖေ။

**အကျွန်ုပ်** ကြားရနာရသူ စိတ်ထဲမှာ ဒေါသကို ဖြစ်စေတတ်တဲ့ သဘောကို ဖြစ်စေတတ်တဲ့ သဘောကို ပြောတာပဲ သမီးရဲ့။

**သမီး** သမီး သဘောပေါက်ပါပြီ ဖေဖေ။ နောက် အခြေခံအရာတစ်ခုကို ပြောပါဦး။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** နူးညံ့သိမ်မွေ့ပြေပြစ်သော ချစ်ဖွယ်စကားကို ပြောဆိုတတ်တဲ့ ကိုယ်ရည်ကိုယ်သွေး ဖြစ်ပေါ်မှုကို ဖျက်ဆီးစေတတ်တဲ့ နောက်အကြောင်းတရားတစ်ခုကိုတော့ မြတ်ဗုဒ္ဓက 'ပရာဘိသဖ္ဖနီ' လို့ ပြတော်မူတယ်။

**သမီး** 'ပရာဘိသဖ္ဖနီ' ရဲ့ အနက်ကို ရှင်းပြပါဦး ဖေဖေ။

**အကျွန်ုပ်** ကျမ်းဂန်မှာတော့ 'ပရာဘိသဖ္ဖနီ' ရဲ့ အဓိပ္ပာယ်ကို သွားလိုရာသို့ သွားခွင့်မပေးဘဲ ဆူးခက်ကဲ့သို့ အလွန်ငြိတွယ်တတ်၏လို့ အနက်ပေးထားတယ်။ သူတစ်ပါးစိတ်ကို ထိခိုက်အောင် လုပ်တတ်တဲ့ သဘောကို ပြောတာပါ။

**သမီး** ဪ . . စကားပြောရင်း အနှောင့်မလွတ်၊ အသွားမလွတ်အောင် စောင်းချိတ်ပြောတဲ့ သဘောနဲ့ တူတယ်နော် ဖေဖေ။

**အကျွန်ုပ်** အင်း . . သူတစ်ပါးကို သူလုပ်ချင်သလို လွတ်လွတ်လပ်လပ် လုပ်ခွင့် မရအောင်၊ ဆူးခက်နဲ့ ငြိနေသလို နာလိုခံခက်ဖြစ်အောင် လုပ်တဲ့ သဘောကို ပြောတာ ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူများရဲ့ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို တားဆီးဆွဲငင်တဲ့ သဘောနဲ့ စကားနာထိုးတာမျိုး၊ စောင်းပြောတာမျိုးတွေကို သမီး တွေ့ဖူးမှာပါ။

**သမီး** သူတစ်ပါးစိတ်ကို ချုပ်ချယ်လိုတဲ့ သဘောနဲ့ ပြောတဲ့စကားမျိုး ဖြစ်မလား ဖေဖေ။

**အကျွန်ုပ်** ဆူးခက်နဲ့ ငြိအောင် လုပ်တယ်ဆိုကတည်းက မလွတ်လပ်အောင် ချုပ်ချယ်တဲ့ သဘောပဲ၊ ဒါပေမဲ့ တည့်တည့်မပြောဘူး၊ ကြားရသူ စိတ်ထဲမှာ ထိခိုက်အောင်၊ ဒုက္ခဝေဒနာ ခံစားရအောင် ဒေါမနဿ ဖြစ်အောင် စောင်းချိတ် ပြောတာမျိုး ဖြစ်နိုင်တာပေါ့။

**သမီး** သဘောပေါက်ပါပြီ ဖေဖေ၊ နောက်ထပ် ဘာများ ဟောသေးသလဲ ဖေဖေ။

**အကျွန်ုပ်** မြတ်စွာဘုရားရဲ့ ဉာဏ်တော်ဟာ အင်မတန် နက်ရှိုင်းပါတယ် သမီးရယ်၊ စကားနဲ့ သူတစ်ပါးကို စိတ်ဆင်းရဲအောင်လည်း လုပ်နိုင်တယ်၊ အဲဒါက ပရာဘိသဖ္ဖနီလို့ ပြခဲ့တယ်နော်၊ ခုဟောတဲ့ နောက်အချက်တစ်ချက်က 'ကောမသာမန္တာ' တဲ့၊ ကောဓသာမန္တာရဲ့ အဓိပ္ပာယ်က သူတစ်ပါးကို စိတ်ဆိုးအောင်၊ အမျက်ဒေါသ ထွက်အောင် ပြောတာ၊ ဒီအပြောအဆိုမျိုးဟာလည်း နူးညံ့ပြေပြစ်သော ချစ်ဖွယ်စကားကို ပြောဆိုတတ်တဲ့ ကိုယ်ရည်ကိုယ်သွေးကို ဖျက်ဆီးစေတတ်တဲ့ တရားလို့ မှတ်သားနိုင်တာပေါ့ သမီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** အံ့ဩစရာ ကောင်းလိုက်တာ ဖေဖေရယ်၊ မြတ်ဗုဒ္ဓရဲ့ ထိုးထွင်းသိမြင်မှုဟာ အတုမရှိဘူးဆိုတာ ပေါ်ပါတယ်။ စကားရဲ့ ပရိယာယ်အမျိုးမျိုးကိုရော စကားကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးသက်ရောက်မှု အမျိုးမျိုးကိုရော နားလည်ရတာ သိပ်ကို အမြင်ကျယ်စေပါတယ် ဖေဖေ။

**အကျွန်ုပ်** ဒီလောက် နက်နဲကျယ်ပြန့်တဲ့ သဘောတွေကို ဟောနိုင်တာဟာ လောကုတ္တရာ မပါသေးဘူး၊ လောကီသက်သက်ပဲ ရှိသေးတယ်။

**သမီး** မြတ်ဗုဒ္ဓရဲ့ တရားတော်တွေဟာ လောကီအကျိုးအတွက်လည်း ချန်မထားဘူးဆိုတာ သိပ်ပေါ်တာပဲ ဖေဖေ၊ နောက်ထပ် ဘယ်လိုများ ဟောသေးလဲ ဖေဖေ။

**အကျွန်ုပ်** နှုးညံ့သိမ်မွေ့ပြေပြစ်သော ချစ်ဖွယ်စကားကို ဖျက်ဆီးတတ်တဲ့ တရားထဲမှာ တည်ကြည်မှု သမာဓိကို မဖြစ်စေတဲ့ 'အသမာဟိသံဝတ္တနိက' လို့ ခေါ်တယ်။ ခုပြခဲ့ပြီးတဲ့ နှုးညံ့သိမ်မွေ့ပြေပြစ်တဲ့ ချစ်ဖွယ်စကားကို ဖျက်ဆီးတတ်တဲ့တရား (ခြောက်မျိုး) ကို ပယ်စွန့်ရတယ်၊ အဲဒီတရားခြောက်မျိုးကို ပယ်စွန့်ပြီး၊ အင်္ဂါ (ခုနစ်) မျိုးနဲ့ ပြည့်စုံတဲ့ စကားကိုသာ ပြောဆိုရမယ်လို့လည်း ဟောတော်မူတယ်။

**သမီး** ပြည့်စုံစေအောင်တဲ့ စကားအင်္ဂါ ခုနစ်မျိုးကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** (၁) 'နေဠ' ဆိုတာက အပြစ်ကင်း၏တဲ့။ (၂) 'ကဏ္ဏသုခ' နားချမ်းသာ၏၊ (၃) 'ပေမနီယ' နှစ်သက် မြတ်နိုးဖွယ် ရှိ၏။ (၄) 'ဟဒယင်္ဂမ' ဆိုတာက မထိခိုက်ဘဲ ချမ်းသာစွာ စိတ်နှလုံးသို့ သက်ဝင်၏။ (၅) 'ပေါရီ' ဆိုတာက နေပြည်တော်သူ မြို့ကြီးသားတို့ ပြောဆိုတဲ့ စကားလို ယဉ်ကျေး၏။ (၆) 'ဗဟုဇနကန္တ' ကြားရသူ အများနှစ်သက်၏။ (၇) 'ဗဟုဇနမနာပ' ဆိုတာက လူအများ စိတ်ကို နှစ်သက် မြတ်နိုးသည်၏ အဖြစ်ဖြင့် တိုးပွားစေတတ်၏တဲ့ ဘုရားက ဒီသဘောခုနစ်မျိုး ရှိတဲ့ စကားကိုသာ ပြောသင့်တယ်၊ ပြောတတ်တဲ့ ကိုယ်ရည်ကိုယ်သွေး ရှိအောင် လုပ်ရမယ်လို့ ဆုံးမတော်မူတယ်။

**သမီး** ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူ့စိတ်သဘာဝကို နှိုက်နှိုက်ချွတ်ချွတ် သိတော် မူလိုက်တာနော်။

**အကျွန်ုပ်** အဲဒါ သမီးတို့ လူငယ်တွေ မြတ်ဗုဒ္ဓအပေါ်မှာ မြင်သင့်တဲ့ ကြည်လင်တဲ့ အမြင်ပဲကွယ်၊ လူငယ်တွေဟာ တို့များ ရှေးဘိုးဘွားများ အမြတ်တနိုး လက်ခံထားခဲ့ကြတဲ့ ဗုဒ္ဓဘာသာရဲ့ သင်ကြားချက် Teachings တွေကို သမီးလို နားလည်အောင် ကြိုးစားချင်တဲ့ စိတ်၊ ကျယ်ကျယ်ပြန့်ပြန့်

www.burmeseclassic.com

www.burmeseclassic.com



သိအောင် လုပ်ချင်တဲ့ စိတ်မျိုး ထက်သန်ပြန့်ပွားလာမယ်ဆိုရင် အနာဂတ်မြန်မာ့လူ့ဘောင်မှာ ပြင်ပကလာတဲ့ အသိမှား၊ အမြင်မှား၊ အယူမှားတွေ လွှမ်းမိုးမလာနိုင်တော့ဘူးကွယ်။

**သမီး** သမီးတို့ ဘုရားဟောကြားတော်မူခဲ့တဲ့ အဆုံးအမ သာသနာဟာ လူသားတစ်ယောက်အတွက် လောကီကြီးပွားရေး အတွက်ရော လောကုတ္တရာ လွတ်မြောက်ရေး အတွက်ပါ၊ အားလုံး ပြည့်ပြည့်စုံစုံ ရှိပါကလား ဆိုတာ သမီးရင်ထဲမှာ ခု ခံစားလာရပါတယ် ဖေဖေ။

**အကျွန်ုပ်** အင်း...၊ ဖေဖေ့စိတ်ထဲမှာ မြန်မာဗုဒ္ဓဘာသာ ခေတ်လူငယ်ပရိသတ်ကို တခြားသော မိစ္ဆာအယူတွေထဲ လွင့်မျောပြီး ပါမသွားအောင် မြတ်ဗုဒ္ဓရဲ့ ဆိုဆုံးမ ထားတဲ့ သင်ကြားချက်တွေကို ကျယ်ကျယ်ပြန့်ပြန့်ပဲ နားလည်လာအောင် လုပ်ပေးရမယ်။ ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာထက် ပိုပြီး သူတို့အတွက် ကောင်းတဲ့အရာ၊ မြတ်တဲ့ တရား၊ တန်ဖိုးရှိတဲ့တရား တခြားဘယ်မှာမှ မရှိဘူးဆိုတာကို ဖေဖေသိခဲ့သလို သိစေချင်ပါတယ်ကွယ်။

**သမီး** ဖေဖေ့စေတနာ ဆန္ဒတွေကို သမီးကို ပိုပြီး နားလည်လာပါပြီ ဖေဖေ။ ဒါထားပါတော့၊ ဒီကိုယ်ရည်ကိုယ်သွေးကို ဟောရာမှာ ဆောင်ရန်ရှောင်ရန်ကို ခွဲ ဟောတော်မူတယ်နော်။ ရှောင်ရမှာတွေကိုလည်း တိတိကျကျ ပြတ်ပြတ်သားသား ပြတော်မူတယ်။ ဆောင်ရမှာကိုလည်း တိတိကျကျ ပြတ်ပြတ်သားသား ပြတော်မူတယ်နော်။

**အကျွန်ုပ်** အင်း...၊ တိကျတာ၊ ပြတ်သားတာကို တိကျသလား ပြတ်သားသလား၊ မပြောနဲ့၊ အဲဒီလို ဆောင်ရန် ရှောင်ရန်ကို ခွဲခြားပြပြီးမှ အကြင်ပြေပြစ်သော စကားရှိသူ၏ အဖြစ် 'သဏှဝါစတာ'၊ နူးညံ့သိမ်မွေ့သော စကား ရှိသူ၏ အဖြစ် 'အဖရုသဝါစတာ' မကြမ်းတမ်းသော စကား ရှိသူ၏ အပြစ် 'သခိလဝါစတာ' ဆိုပြီးလည်း ခွဲပြတော်မူသေးတယ်၊ အဲဒီလို သဘောသုံးရပ်ရှိတဲ့ ကိုယ်ရည်ကိုယ်သွေးကိုသာ နူးညံ့သိမ်မွေ့ပြေပြစ် ချစ်ဖွယ်စကားကို ဆိုတတ်သောသူ ဖြစ်အောင် ပြုတတ်သော တရား 'သာခလျ' ဆိုပြီး ပြထားသေးတယ်။

**သမီး** ပြည့်စုံလိုက်တာနော် ဖေဖေ။ နောက်ထပ် ဘာမေးစရာမှ မကျန်အောင်ပဲ။ သာဓုပါ ဖေဖေ သာဓုပါ။ သမီးစိတ်ထဲမှာ ဉာဏ်အလင်းရောင်ကြီးတစ်ခု ထွန်းလင်းလာသလိုပါပဲ ဝမ်းသာလိုက်တာ ဖေဖေရယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ လောကဝတ် ပျူငှာဖော်ရွေခြင်းရှိသူ ဖြစ်ကြောင်းတရား

သမီးငယ်သည် သူ့သူငယ်ချင်းများကို အိမ်သို့ ခေါ်ခဲ့သည်။ သူလည်း သူတစ်ပါးအိမ်သို့ အကြောင်းမရှိဘဲ သွားလည်ခဲ့သည်။ သူငယ်ချင်းတချို့ သူ့အိမ်ကို လာပြီဆိုလျှင်လည်း သမီးငယ်သည် ဖော်ရွေပျူငှာစွာဖြင့် ညှိသည် စိတ်ချမ်းသာအောင် လောကဝတ်ကျေပွန်စွာ ပြုစုသည်။ ဆွေမျိုးတော်သူများထဲမှ နွမ်းပါးသူများ အိမ်ကို ရောက်လာပြီဆိုလျှင်လည်း အစားအသောက်ဖြင့် ကျွေးမွေးညှိခံရုံမျှမက၊ အပြန်လက်ဆောင်လည်း ပေးလိုက်တတ်သည်။ သူ့အဒေါ်၏ သမီးကလေး အိမ်လာလည်တုန်းကလည်း သူဝတ်ဖို့ ချုပ်ထားပြီး သူက ဝလာသဖြင့် ဝတ်၍ မတော်ဖြစ်သွားသော တန်ဖိုးကြီး အဝတ်အစားနှစ်စုံကို လက်ဆောင်ပေးလိုက်သည်။ တစ်ခါကမူ အသိမိတ်ဆွေဟု ဆိုရုံမျှသာ ရင်းနှီးသူ၊ တခြားအယူမှ ဗုဒ္ဓဘာသာသို့ သက်ဝင်လာသူတစ်ဦးအိမ်သို့ ရောက်လာသည်။ သူတို့မှာ စီးပွားရေး အဆင်မပြေသဖြင့် လက်ဝတ်လက်စားများကို ချရောင်းရသည့်အကြောင်းကို ပြောပြတော့ သူသနားမိဟန်တူသည်။ ထိုအမျိုးသမီးမှာ ပန်ထားသော နားကပ်အတုကို သူ သတိထားလိုက်မိသည်။ အမျိုးသမီး ပြန်တော့ သူ့မိခင်ကို သူပြောသည်။

''သနားပါတယ် မေမေရယ်၊ ဒီအန်တီနားမှာ နားကပ်တောင် မရှိဘူး။ အတုကြီး ပန်ထားရတယ်။ အမေ့သဘော ဘယ်လို ရှိလဲဟင်၊ သမီးကတော့ သမီးတို့မှာ ပိုနေတဲ့ အမေ့ နားကပ်တွေထဲက တစ်ခုလောက် လက်ဆောင်ပေးလိုက်ချင်တယ်။ မေမေကကော''

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ငါ့ကလည်း သမီးနဲ့ တိုင်ပင်မလို့ပဲ။ သူ့ခမျာ နားကပ်တောင် မချွန်ဘဲ ရောင်းစားရရှာတယ်။ မေမေ့မှာက အပိုတွေ အများကြီးရှိတာပဲ။ သူ့နဲ့ လိုက်ဖက်တဲ့ Fancy နားကပ်မျိုးက မေမေ့အသက်အရွယ်နဲ့ ပန်လို့လည်း မကောင်းတော့ပါဘူး။ အဲဒီလို နားကပ်တွေထဲက သူ့နဲ့လိုက်မည့် နားကပ်တစ်စုံတော့ မေမေ့အထဲမှာ ရှိတယ်။ ပုလဲနဲ့ မဟူရာ ခြယ်ထားတာကလေး အဲဒါကို လက်ဆောင် ပေးလိုက်ရင် မကောင်းဘူးလား"

"ကောင်းပါတယ် မေမေ၊ ပေးလိုက်ကြရအောင်နော်" ဆိုပြီး သူသည် သူ့မိခင်နှင့်အတူ ထိုအမျိုးသမီး တည်းခိုနေသော အိမ်ကို လိုက်သွားပြီး နားကပ်ကို လက်ဆောင်ပေးပစ်လိုက်သည်။ သူ့စိတ်ထဲမှာ ဗုဒ္ဓဘာသာသို့ သက်ဝင်လာသော သူတို့မိသားစုကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက စောင့်ရှောက်ရန် ဝန်မလေးကြောင်း ကို နားလည်ပြီး အားကိုးနိုင်ပုံကို ပြလိုခြင်းလည်း ဖြစ်ဟန်တူသည်။ ယနေ့လည်း သူသည် မြတ်ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတရားအမြင်ကို ဆက်၍ နာလိုသေးသဖြင့် အကျွန်ုပ်၏ စာဖတ်ခန်းထဲသို့ ဝင်လာပြန်သည်။ သူ့လက်ထဲမှာ တံမြက်စည်းတစ်ချောင်းကိုင်လာပြီး အကျွန်ုပ်၏ စာဖတ်ခန်းကို သန့်ရှင်းရေး လုပ်ပေး သည်။ သန့်ရှင်းရေးကိစ္စပြီးမှ သူက မေးသည်။

**သမီး** — မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး သတ်မှတ်ချက် အခြင်းအရာတွေ ပြောစရာ ကျန်သေးလား ဖေဖေ။

**အကျွန်ုပ်** — တော်တော်များများ ကျန်သေးတယ် သမီးရဲ့။

**သမီး** — ဒါဆိုရင် ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** — ကိုယ်ရည်ကိုယ်သွေး အခြင်းအရာထဲမှာ မြတ်ဗုဒ္ဓက လောကဝတ် ပျူငှာစွာ ဖော်ရွေခြင်းကိုလည်း တစ်ခုအဖြစ် သတ်မှတ်ဖော်ပြထား တယ် သမီးရဲ့။ ဒီကိုယ်ရည်ကိုယ်သွေးကိုတော့ ပါဠိလို 'ပဋိသန္ထာရ' လို့ ခေါ်တယ်။ အဓိပ္ပာယ်ကတော့ တရား ဓမ္မနှင့်ဖြစ်စေ ပစ္စည်းအာမိသနဲ့ဖြစ်စေ ပျူငှာလောကဝတ် ကို အစေ့အစပ် ပြုခြင်းလို့ ဖော်ပြထားတယ်။

**သမီး** — ဒါဆိုရင် ပဋိသန္ထာရ နှစ်မျိုး ရှိသလား ဖေဖေ။

**အကျွန်ုပ်** — ဆိုရမှာပဲ သမီးရဲ့၊ ပစ္စည်းနဲ့ လောကဝတ် ပြုတာပဲ 'အာမိသပဋိ သန္ထာရ' တဲ့၊ တရားနဲ့ လောကဝတ်ပျူငှာဖော်ရွေစွာ ဆက်ဆံတာ ကိုကျတော့ 'ဓမ္မပဋိသန္ထာရ' လို့ ခေါ်ထားတယ်။ သဘောကတော့ ပျူပျူငှာငှာ ဆက်ဆံတယ်ဆိုတာက သူစိမ်းဧည့်သည် ဆိုပြီး မရင်းမနှီး သူစိမ်းပြင်ပလို သဘော မထားဘဲ ရင်းရင်းနှီးနှီး အကျွမ်းတဝင် ခင်မင်မေတ္တာရှေ့ထားပြီး အရေးတယူ

www.burmeseclassic.com

www.burmeseclassic.com



အလေးမူပြီး ခရီးဦးကြိုပြု လက်ခံတဲ့ သဘောပဲကွယ်။ အစေ့အစပ် ပြုတာကို ပဋိသန္ထာရလို့ ခေါ်တယ်။

**သမီး** အစေ့အစပ်ပြုတယ်ဆိုတာက ဘာသဘောကို ပြောတာလဲ ဖေဖေ။

**အကျွန်ုပ်** အစေ့အစပ် ပြုတယ်ဆိုတာ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံတဲ့ သဘော၊ သဘောတူ လက်ခံ ဆက်ခံတဲ့ သဘော၊ သဘောကွဲလွဲခြင်း မရှိဘူး။ ကြည်သာရွှင်လန်းခြင်းဖြင့် လက်ခံတာ၊ ဆက်ဆံတာကို ပြောတာပဲကွယ်။ အပြန်အလှန် ရင်းရင်းနှီးနှီး ဆက်ဆံ ပြောဆိုပြီး သဘောကွဲလွဲမှုများကို ပြေလည်အောင် ဖြေရှင်းတယ်၊ သဘောထား ညီညွတ်မှု ရအောင်လုပ်တာ အားလုံးကို အစေ့အစပ် ပြုတယ်လို့ဆို ရနိုင်ပါတယ်။

**သမီး** ဒီကိုယ်ရည်ကိုယ်သွေးဟာ အဆွေခင်ပွန်းကောင်း ရရှိခြင်းကို ဖြစ်စေတဲ့ အကြောင်းတစ်ခုလည်း ဖြစ်နိုင်တယ်လို့ သမီးစိတ်ထဲမှာ ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** ဖြစ်နိုင်တာပေါ့၊ တစ်ဦးနဲ့ တစ်ဦး ဆက်ဆံပေါင်းသင်းကြရာမှာ နှုတ်ကချိုရုံနဲ့ မပြီးဘူး။ နှုတ်ကတော့ ချိုပါရဲ့ လက်က တိုနေရင် လောကဝတ် ပျူငှာသူ ဖော်ရွေကျေပွန်ခြင်း ရှိသူ၊ ရင်းရင်းနှီးနှီး ဆက်ဆံခြင်းရှိသူလို့ မဆိုနိုင်ဘူးပေါ့။ အဆွေခင်ပွန်းကောင်း ရရှိရေးမှာ ပေးကမ်းစွန့်ကြဲခြင်းရှိသူဖြစ်ခြင်း 'စာဂဝန္တာ' ဆိုတာ ပါတယ်လေ။ လောကဝတ် ပျူငှာဖော်ရွေကျေပွန်ခြင်း ရှိသူဖြစ်ဖို့ အရေးမှာလည်းပစ္စည်း (အာမိသ) ဖြင့် ပျူငှာလောကဝတ် အစေ့အစပ်ပြုခြင်း ဆိုတာ ပါတယ်လေ။

**သမီး** ဒါဆို နှုတ်ကချည်း ချိုလို့ လောကဝတ်ပျူငှာဖော်ရွေစွာ ဆက်ဆံရုံနဲ့ မပြီးသေးဘူးပေါ့နော် ဖေဖေ။ လက်ကလည်း ပါဦးမှ၊ ပစ္စည်း လက်ဆောင်ပေးပြီးလည်း ဆက်ဆံဦးမှလို့ ဆိုရမှာပေါ့နော်။

**အကျွန်ုပ်** ပစ္စည်းလက်ဆောင်ပေးတာဟာ လိုအပ်တယ်။ ပါးစပ်နဲ့ ဖော်ရွေတာ၊ လောကဝတ်လုပ်တာကို လူတွေ နှစ်သက်ပေမယ့် အနှစ်မပါဘူး။ ပေါ့ရွှတ်တယ်လို့ သဘောထားတတ်ကြတယ်။ ဒါကြောင့် မိမိက အကြင်ပုဂ္ဂိုလ်ကို ရင်းနှီးတယ်၊ ခင်မင်တယ်၊ အမှတ်တရ ရှိစေချင်တယ်ဆိုရင် ပစ္စည်း အာမိသနဲ့ ပေးကမ်းပြီး ဆက်ဆံကြရတယ်။ အာမိသ ဆိုတာ သားစိမ်းကိုလည်း ခေါ်တယ်။ စားသောက်စရာ စားဖွယ်၊ ခဲဖွယ်၊ ဆွမ်း စသည် ပေးလှူအပ်တဲ့ ဆွမ်း၊ သင်္ကန်း စသည့် လှူဖွယ်ပစ္စည်းကိုလည်း ခေါ်တယ်။ လူအချင်းချင်းကျတော့ အမှတ်တရဖြစ်စေတဲ့ ပစ္စည်းလက်ဆောင်မွန်သမျှ အားလုံးကို အာမိသလို့ ဆိုနိုင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သမီး လောကဝတ်ပျူငှာဖော်ရွေစွာ ဆက်ဆံရမှာ ပစ္စည်းက အရေးကြီးသလား။ စိတ်စေတနာက အရေးကြီးသလား ဖေဖေ။

အကျွန်ုပ် ဟာ . . ငါ့သမီးက ထိုးထွင်းဆင်ခြင်တတ်လိုက်တာ။ အေး . . ဒီအချက်ဟာလည်း အတော် စဉ်းစားရမယ့် အချက်ပဲကွယ်။ လောကဝတ် ပျူငှာဆက်ဆံရမှာ ကိုယ့်ဘက်သူ့ဘက် ဆိုတာ ရှိတယ်။ တစ်ခါတလေကျတော့ သူ့ဆီက အခွင့်အရေး လိုချင်လို့ ပစ္စည်းလက်ဆောင်ပေးပြီး အချိုသပ် ဝင်လာတာကျတော့ စေတနာပါလို့ မဟုတ်ဘူး။ မျှော်လင့်ပြီး ပေးကမ်းတာလေ။ ဒါကိုတော့ အာမိသလို့ မဆိုနိုင်ဘူး။ တစ်စုံတစ်ခု အခွင့်အရေး ရချင်လို့ ပေးတာကျတော့ လက်ဆောင်မွန် မဟုတ်တော့ဘူး။ တံစိုးလက်ဆောင် ဖြစ်သွားပြီ။ လာဘ်လာဘ ရအောင်လို့ တံစိုးထိုးတာလို့ ခေါ်မယ်။

သမီး ဟုတ်ကဲ့ သမီးသဘောပေါက်လာပါပြီ ဖေဖေ။ ဒီနေရာမှာ ကိုယ်က မှီခိုခံရသူ ဖြစ်တဲ့အခါ ဝမ်းမြောက်ဝမ်းသာ အမှီခံတာ၊ အားကိုးခံတာလို့ ဆိုရင်ကော ရမလား မသိဘူးနော် ဖေဖေ။

အကျွန်ုပ် ဟုတ်တယ် သမီး။ လောကဝတ်ပျူငှာ ဖော်ရွေစွာ ဆက်ဆံခြင်းဆိုတာ ကိုယ်က အပေါ်စီး အသာစီး ရတဲ့အခါ မေတ္တာနဲ့ ငဲ့ညှာတဲ့ စိတ်သဘောထား ရှိပြီး သူများအရေးကို ကိုယ့်အရေးကဲ့သို့ စိတ်ဝင်တစား ဆောင်ရွက်ပေးတာ၊ မိမိရဲ့ စိတ်ရောကိုယ်ပါ ကြည်သာရွှင်လန်းစွာ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ဆက်ဆံခြင်းဟာ သူတစ်ပါး မှီခိုအားထားလာသူ၊ အကူအညီ တောင်းခံလာသူရဲ့ စိတ်ကို နွေးထွေးစေပြီး အားတက်ရွှင်လန်းစေနိုင်တယ်။ ဒီလို ဆက်ဆံခြင်းကြောင့် အရေးတယူ တလေးတစား ရင်းရင်းနှီးနှီး ပြုမူဆက်ဆံခံရသူရဲ့ စိတ်ထဲမှာ ပျူငှာဖော်ရွေသူကို ချစ်ခင်လေးစားလာရတယ်။ ဂုဏ်ကျေးဇူးကို အလဲအလှယ် ပြုလာရတယ်။ အကူအညီလိုသူ တစ်စုံတစ်ယောက်ကို (အလိမ်အညာ မဟုတ်ဘူး။ အမှန်အကန် အကူအညီ လိုသူကို) သူ့ဆီက တစ်စုံတစ်ရာ အတုံ့အပြန်အားဖြင့် မျှော်လင့်ချက် မပါဘဲ၊ ကူညီချင်တဲ့ စေတနာ သက်သက်နဲ့ ကူညီလိုက်တာဟာ လောကဝတ်ပျူငှာစွာ၊ ဖော်ရွေစွာ ဆက်ဆံခြင်း ကိုယ်ရည်ကိုယ်သွေးပဲ သမီးရဲ့။

သမီး လောကဝတ် ပျူငှာဖော်ရွေကျေပွန်ခြင်း ကိုယ်ရည်ကိုယ်သွေး ဆိုတာ အသိမိတ်ဆွေအပေါ်မှာသာ ထားရမည့် လောကဝတ်လား။ သူစိမ်းသြေည်သည်၊ အကျွမ်းမဝင်သူတွေ အပေါ်မှာပါ ထားရမည့် လောကဝတ်လား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** ဟေ့ . . သမီးမေးခွန်းကလေးက စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊ ဝါ့သမီးက တော်တော်စဉ်းစားဆင်ခြင်တတ်လာပြီပဲ။ ဖေဖေ အပင်ပန်းခံပြီး ပြောရကျိုးနပ်ပါတယ် သမီးရယ်။ အေး . . လောကဝတ် ဖော်ရွေပျူငှာ ကျေပွန်စွာ ဆက်ဆံရတဲ့ သဘောမှာ မိတ်ဆွေအပေါ်၊ ရင်းနှီးပြီးသူအပေါ်မှာသာ ထားရတာ မဟုတ်ဘူး။ သူစိမ်း၊ ဧည့်သည်၊ အကူအညီ လိုအပ်လာသူတွေအပေါ်မှာပါ ထားရတဲ့ သဘောထားပဲလို့ ဆိုနိုင်တယ် သမီး။ လမ်းခရီးမှာ တွေ့ကြတဲ့ ခရီးသည်ချင်း ဆက်ဆံရာမှာ လောကဝတ် ပျူငှာဖော်ရွေ ကျေပွန်စွာ ဆက်ဆံသူကို မရင်းနှီးသူကလည်း ရင်းနှီးလာတယ်။ မခင်မင်သေးသူကလည်း ခင်မင်လာတယ်။ မိမိရဲ့ လောကဝတ်ပျူငှာဖော်ရွေစွာ ဆက်ဆံတတ်တဲ့ ကိုယ်ရည်ကိုယ်သွေးကြောင့် လမ်းသွားရင်းလည်း မိတ်ကောင်း ဆွေကောင်း ရနိုင်တာပေါ့ကွယ်။ လမ်းသွားရင်း သူတစ်ပါးမှာ တရားသဘောအရ ဖြစ်စေ၊ ပစ္စည်းအာမိသအားဖြင့်ဖြစ်စေ၊ အကူအညီလိုလာတဲ့အခါ သူက အကူအညီ မတောင်းခံပါဘဲနဲ့ ကိုယ်က သူ့အရေးကိစ္စကို နားလည်စွာနဲ့ သူ့ကိစ္စကို ကိုယ့်ကိစ္စလို သဘောထားပြီး ပံ့ပိုးကူညီလိုက်ခြင်းအားဖြင့် အထောက်အပံ့ခံရသူရဲ့ စိတ်ထဲမှာ ပျူငှာဖော်ရွေစွာ ဆက်ဆံသူအပေါ်၊ ကျေးဇူးတရားနဲ့ ယှဉ်တွဲတဲ့ မဟာကုသိုလ်စေတနာတွေ တုံ့ပြန်ဖြစ်ပေါ်လာတာပေါ့ သမီးရဲ့။ ပျူငှာဖော်ရွေဆက်ဆံမှုမှာ အရေးကိစ္စပေါ်တဲ့အခါ သူ့မှာလည်း တုံ့ပြန်ကူညီရမယ်ဆိုတာဟာ ဝတ္တရားရှိတယ်လို့ အလိုအလျောက် နားလည်စေနိုင်တယ်။

**သမီး** ဒါဆိုရင် လောကဝတ်ပျူငှာဖော်ရွေစွာ ဆက်ဆံခြင်းဆိုတာ ကုသိုလ်စိတ်နဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ စေတသိက်ပဲပေါ့နော်။ သမီး ဉာဏ်ထဲမှာ ပိုပြီး ရှင်းလာပါတယ် ဖေဖေ၊ ဟုတ်တယ်၊ ဒါဟာ ကုသိုလ်စေတသိက်ပဲ။ လောကဝတ်ပျူငှာဖော်ရွေစွာ ဆက်ဆံခြင်းမှာ လောဘ၊ ဒေါသ၊ ကိလေသာတွေ ကင်းစင်နေရမယ်လို့ သမီးဉာဏ်ထဲ အလင်းရောင် ဖြစ်ပေါ်လာပါတယ် ဖေဖေ။ စိတ်ထဲမှာ စင်ကြယ်တဲ့ သဘောရှိနေမှသာ မျက်နှာမှာ ရွှင်လန်းမှုကို ဆောင်နိုင်ပြီး လောကဝတ်ကို ကျေပွန်စွာ ပြုနိုင်တယ် ဆိုတာ သဘာဝအားဖြင့် ထင်ရှားပါတယ် ဖေဖေ။ သမီး ပိုပြီး နားလည်သဘောပေါက်လာပါတယ်။

**အကျွန်ုပ်** သမီး စဉ်းစားပုံကလေးကို ဖေဖေ နှစ်သက်ပါတယ်။ လောကဝတ်ကို လူတွေက လောကွတ်ဆိုပြီးလည်း ပြောတတ်တယ်။ လောကွတ်ချော်တာ ဆိုပြီးလည်း ပြောတတ်တယ်။ ဆိုလိုတာက စိတ်ထဲမှာ စေတနာ ကုသိုလ်ဖော မပါဘဲ ပါးစပ်ဖျားက ခင်မင်ချင်ယောင်ဆောင်တာမျိုးလည်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးကျတော့ အဆက်ဆံခံရသူ စိတ်ထဲမှာရော၊ ဘေးကမြင်ရကြားရသူ စိတ်ထဲမှာပါ ရွံမုန်းတီးမှုကို ဖြစ်ပေါ်စေတယ်။ အထူးသဖြင့် စိတ်ရင်းစေတနာမပါဘဲ မကောင်းတတ်လို့ အပေါ်ယံသဘောနဲ့ လောကွတ်လုပ်တာ၊ အနှစ်မပါတဲ့ ဝတ္တရားအရ မတတ်သာလို့ ခေါ်ရပြောရတာဆိုတာ လူတိုင်းသိတယ်။ ဒီတော့ မှီခိုလာသူ၊ အားကိုးအားထားနဲ့ ချဉ်းကပ်လာသူရဲ့ ရင်ထဲမှာ နာကျင်တဲ့ ဝေဒနာကို ခံစားရတယ်။ သူ့အိမ်ကို သွားမိတာ မှားလေခြင်းဆိုပြီး နောင်တရတတ်တယ်။ နောင်အခါ မဆက်ဆံလိုတဲ့ ရွံမုန်းခါးသီးတဲ့ သဘော ပေါ်လာတတ်တယ်။ ပျူငှာလောကဝတ်နဲ့ ဖော်ရွေစွာ ဆက်ဆံမှုဆိုတာ Warmly welcome or warm-hearted သဘောကို ဆိုတာပဲကွယ်။

**သမီး** warm-hearted ကို ဘယ်လို နားလည်ရမလဲ ဖေဖေ။

**အကျွန်ုပ်** warm-hearted ကို having or showing effection cordialy ဆိုတော့ လှိုက်လှဲဝမ်းသာမှုကို ရင်မှာထားပြီး ဖော်ရွေစွာ ဆက်ဆံတာ၊ ခင်မင်ရင်းနှီးချစ်ခင်ကြတဲ့ သဘောကို ပြပြီး လှိုက်လှိုက်လှဲလှဲ လောကဝတ်ပျူငှာခြင်းကို ပြတာလို့ အဘိဓာန်မှာ ပြထားတယ်။

**သမီး** ဒါဆိုရင် ကိုယ်နဲ့ မရင်းနှီးသူ ဖြစ်ပေမဲ့ ပျူငှာခြင်းသဘောကို ပြချင်ရင်၊ လောကဝတ် ပျူငှာကျေပွန်စွာ ပြုတဲ့အခါ ကိုယ့်ရင်ထဲမှာ မယုံသင်္ကာ ဖြစ်ခြင်း၊ အေးစက်ခြင်း သဘော၊ စိတ်မပါလက်မပါဘဲ အပေါ်ယံအားဖြင့် ပေါ့ပေါ့တန်တန် မဆက်ဆံဘဲနဲ့ ယုံကြည်မှု၊ ခင်မင်မှု၊ ချစ်ခင်မှု၊ ဝမ်းမြောက်ဝမ်းသာဖြစ်မှုကို ဟန်မဆောင်ဘဲ Cordialy ဆိုတာ ဒီနေရာမှာ Sincerely လို့ အဓိပ္ပာယ်ယူရမှာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ် သမီးရယ်။ လောကဝတ်ပျူငှာဖော်ရွေစွာ ရင်းနှီးခင်မင်မှုကို ပြရာမှာ ရိုးဖြောင့်စွာ၊ နှလုံးသား စင်ကြယ်စွာ၊ စိတ်အားထက်သန်စွာ၊ ဖော်ပြမှုသာ ဆက်ဆံခံရသူရဲ့ စိတ်မှာ စိတ်အားငယ်မှု ပပျောက်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လာရတာပေါ့။ ပျူငှာလောကဝတ် ဖော်ရွေကျေပွန်ခြင်းဆိုရာမှာ တစ်ဖက်သားကို စိတ်အားမငယ်ရအောင်၊ စိတ်ပူပန်ခြင်း မရှိရအောင်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရအောင် အစေ့အစပ်ပြုတဲ့ သဘောအားလုံး အကျုံးဝင်ပါတယ်ကွယ်။

**သမီး** ဟုတ်ကဲ့ပါ ဖေဖေ၊ ဒီလောက် ပြောပြရင် သမီးစိတ်ထဲမှာ အသိအမြင် ရှင်းသွားပါပြီ။ နောက် အခြင်းအရာတစ်ခုကို ပြောပြပါဦး ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** မြတ်ဗုဒ္ဓက လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်မားရေးအတွက် လိုအပ်တဲ့ အခြင်းအရာ အားလုံးကို ပြည့်ပြည့်စုံစုံ၊ သဘာဝကျကျ ထိုးထွင်းသိမြင်ပြီး ဟောတော်မူခဲ့တာဖြင့် အံ့ဩစရာ၊ ချီးမွမ်းစရာ အလွန်ကောင်းတာပဲ သမီး။

**သမီး** ဘာတွေများ ထူးထူးခြားခြား ဟောခဲ့သေးလို့လဲ ဖေဖေ။

**အကျွန်ုပ်** ဣန္ဒြေခြောက်ပါး၊ တံခါးပေါက်တို့ စောင့်ရှောက်ပိတ်ဆို့ခြင်းဖြစ်ကြောင်းတရား (တစ်နည်း) ဣန္ဒြေကို စောင့်ထိန်းတတ်သူဖြစ်အောင် ပြုတတ်သော တရားကိုလည်း ကိုယ်ရည်ကိုယ်သွေး တစ်ပါးအဖြစ်နဲ့ ခွဲခြားဟောတော်မူခဲ့သေးတယ်။

**သမီး** ဟုတ်လား ဖေဖေ၊ သမီးတို့ လူငယ်တွေ အမြင်ကျယ်အောင် ပြောပြပါဦး ဖေဖေရယ်။

**အကျွန်ုပ်** အေး . . ပြောပြမယ်၊ နားထောင်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ ဣန္ဒြေတို့၌ စောင့်ထိန်းတတ်သူ ဖြစ်ကြောင်းတရား

**သမီး** မြတ်ဗုဒ္ဓ ဟောတော်မူတဲ့ ကိုယ်ရည်ကိုယ်သွေး အခြင်းအရာတွေဟာ လူမှုဆက်ဆံရေးဘဝမှာ အမှန်တကယ် ကောင်းကျိုး ချမ်းသာကို ဖြစ်ပေါ်စေနိုင်တဲ့ တရားချည်းဆိုတာ သိပ်ပေါ်တာပဲနော် ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီးရဲ့၊ လူ့အဖွဲ့အစည်းထဲမှာ အချင်းချင်း ဆက်ဆံတဲ့အခါ ဣန္ဒြေစောင့်ထိန်းမှုရဲ့ အရေးပါပုံကိုလည်း ဘုရားက ဟောတော်မူတယ်။ ဒါကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက 'ဣန္ဒြိယေသုဂုတ္တဒွါရတာ' လို့ ဟောတော်မူတယ်။ ဣန္ဒြိယေသုဂုတ္တဒွါရတာ ဆိုတာ အစိုးရမှု ဣန္ဒြေခြောက်ပါးရှိသူအဖြစ် ဣန္ဒြေကို စောင့်ထိန်းတတ်သောသူ ဖြစ်အောင် ပြုတတ်သောတရား ဆိုတာ ဘာလဲ။

**သမီး** ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဒီနေရာမှာ မျက်စိ (စက္ခုဣန္ဒြေ)ကို စောင့်ထိန်းခြင်းဆိုတာက စပြောမှ သမီး သဘောပေါက်လိမ့်မယ်။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ သမီး နားလည်အောင် ကြိုးစားပါ့မယ်။

**အကျွန်ုပ်** ကောင်းပြီ၊ ပထမ စက္ခုဣန္ဒြေကို မစောင့်ထိန်းတတ်သူရဲ့ သဘောကို ပြောပြမယ်။ ဒီကိစ္စမှာ ရိုးရိုး ပြောလို့ နားလည်နိုင်မှာ မဟုတ်ဘူး။ မြတ်ဗုဒ္ဓ ဟောတော်မူတဲ့ ပုဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာကို ပထမ ပြောမှ၊ (ခန္ဓပရိစ္စသမုပ္ပာဒ်)ကို သိမှ ဣန္ဒြေတို့၌ စောင့်ထိန်းခြင်း သဘောကို နားလည်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဋိစ္စသမုပ္ပာဒ်မှာ အနုလုံကတစ်ပိုင်း ပဋိလုံက တစ်ပိုင်းပါတယ်။ အနုလုံက ပဋိစ္စသမုပ္ပာဒ် သံသရာလည်ပုံကို ပြတာ၊ ပဋိလုံက ပဋိစ္စသမုပ္ပာဒ် သံသရာပြတ်ပုံကို ပြတာ၊ သံသရာလည်ပုံက စက္ခု၊ ပဋိစ္စရူပေ၊ ဥပစ္စတိ၊ စက္ခုဝိညာဏံ ဆိုတဲ့အတွက် မျက်စိအကြည်ရုပ်နဲ့ အဆင်းရုပ် တိုက်တဲ့အခါ မြင်စိတ် (စက္ခုဝိညာဏ်) ပေါ်တယ်။ စက္ခုဒွါရကို စောင့်ထိန်းခြင်း မရှိတဲ့လူဟာ မျက်စိအကြည်နဲ့ အဆင်းတိုက်တဲ့အခါ မြင်စိတ်ပေါ်တာပဲလို့ မသိတဲ့အတွက် ယောကျ်ားကို မြင်တယ်။ မိန်းမကို မြင်တယ်။ ပုဂ္ဂိုလ်ကို မြင်တယ်။ သတ္တဝါကို မြင်တယ်လို့ အမှတ်အသား ပုံသဏ္ဌာန် နိမိတ်ကို ယူလေ့ ရှိတယ်။ ကိလေသာကို ထင်ရှားပြတတ်တဲ့ လက်တွေ ခြေတွေ၊ ပြုံးဟန်၊ ရယ်ဟန်စတဲ့ အမူအရာ လက္ခဏာ၊ 'အနုဗျဉ္ဇန' ကို မြင်တယ်လို့ ယူလေ့ ရှိတယ်။ ဒီလို မြင်တာဟာ ဣန္ဒြေတို့၌ စောင့်ထိန်းပိတ်ဆို့ခြင်း မရှိတဲ့သူ 'ဣန္ဒြေယေသုအဂုတ္တဒွါရတာ' ရဲ့ အမြင်ဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်သတ္တဝါ၊ ပြုံးဟန်ရယ်ဟန် ဆိုတဲ့ အမှတ်အသား ပုံသဏ္ဌာန် နိမိတ်ကို ယူတတ်တဲ့အတွက် ထိုသူမှာ မက်မောမှု အဘိဇ္ဈာ(အလွန်လိုချင်တပ်မက်မှုကြောင့် သူတစ်ပါးဥစ္စာကိုပါ ကိုယ့်ဥစ္စာ ဖြစ်အောင် ကြံစည်မှု) ဖြစ်ပေါ်လာတယ်။ နှလုံးမသာခြင်း 'ဒေါမနဿ' ဖြစ်လာတယ်။ နှလုံးမသာခြင်းဆိုတာက စိတ်ဆင်းရဲခြင်းပေါ့ သမီးရယ်။

**သမီး** ဆိုလိုတာက စက္ခုဣန္ဒြေကို မစောင့်စည်းတတ်သူမှာ မြင်မှုဖြစ်တဲ့အခါ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါကိုလည်း မြင်တယ်။ ပြုံးဟန်ရယ်ဟန်ကို မြင်တယ်လို့လည်း အမှတ်အသား ပြုတယ်။ မြင်တာဟာ ကိုယ့်ခန္ဓာမှာ မြင်စိတ်ဆိုတဲ့ ဝိညာဏခန္ဓာ ပေါ်တာလို့ မသိဘဲ၊ ယောကျ်ား မိန်းမကို မြင်တယ်၊ ဥစ္စာပစ္စည်းတွေကို မြင်တယ်လို့ အမှတ်အသား နိမိတ်ကို ယူလိုက်တဲ့အတွက် လိုချင်တပ်မက်မှု အဘိဇ္ဈာတို့လို ကိလေသာတရားတွေ ကိုယ်မှာဖြစ်ပေါ်လာတယ်လို့ ဆိုတာလား ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ် သမီးရဲ့။ ကိုယ့်မှာ မြင်စိတ်ပေါ်တာကို မသိမှုဆိုတဲ့ 'အဝိဇ္ဇာ' က ဖုံးလွှမ်းထားတဲ့အတွက် မြင်တာကို အကြောင်းပြုပြီး တဏှာ၊ ဥပါဒါန်၊ ကံတွေ၊ သမုဒယ သစ္စာတွေ ပေါ်လာရင် ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့ ဒုက္ခသစ္စာကို ရတော့တာပေါ့ကွယ်။ ဒါဟာ ပဋိစ္စသမုပ္ပာဒ် အနုလုံသဘောပဲပေါ့။

**သမီး** ဟုတ်ကဲ့ ဖေဖေ၊ ပဋိစ္စသမုပ္ပာဒ်စက်ပိုင်း ဒေသနာနဲ့ ရှုလိုက်တော့ သမီးသဘောပေါက်ဖို့ လွယ်သွားပါတယ် ဖေဖေ။ ဒါဆိုရင် စက္ခုအစ ရှိတဲ့ ဣန္ဒြေကို စောင့်ထိန်း ပိတ်ဆို့တာဟာ ပဋိစ္စသမုပ္ပာဒ် ခန္ဓာသံသရာကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မှုကိစ္စ ရှိတယ်လို့ ဆိုရင်တောင် ရတယ်လို့ ထင်ပါတယ် ဖေဖေ။

**အကျွန်ုပ်** အေးပေ့ါ၊ အဲဒီလို ထိုးထွင်းပြီး သိရမှာပေ့ါ။ အမှန်တော့ အရပ်ထဲမှာ လူတွေ ပြောနေကြသလို 'ဣန္ဒြေကို မရှိဘူး' ဆိုတာက ကိုယ့်ကိုယ်ကိုယ် အစိုးမရဘူး။ မတည်ငြိမ်ဘူးလို့ဆိုတဲ့ အဓိပ္ပာယ်မျိုး ပြောကြတာ၊ အဲဒီသဘောနဲ့ ဣန္ဒြေကို စောင့်ရှောက်ပိတ်ဆို့အပ်သော တံခါးပေါက် ရှိသူဆိုတဲ့ သဘောက တခြားစီ သမီးရဲ့၊ မတူဘူး။

**သမီး** ဘယ်လို မတူတာလဲ ဖေဖေ။

**အကျွန်ုပ်** ဘုရားဟောတော်မူတဲ့ 'ဣန္ဒြိယေသုဂုတ္တဒွါရတာ' ဆိုတာက မျက်စိအကြည်နဲ့ အဆင်းရူပါရုံ တိုက်ဆိုင်တဲ့အခါ မြင်စိတ်ပေါ်တာ ကိုရော မြင်စိတ်ပျက်မှုဆိုတဲ့ အနိစ္စ လက္ခဏာကိုပါ မြင်အောင် ရှုတာ၊ ယောကျ်ား မိန်းမဆိုတဲ့ အမှတ်လက္ခဏာကို မယူဘူး။ ကိလေသာကို ဖြစ်စေတဲ့ ခြေဟန် လက်ဟန်၊ ပြုံးဟန်ရယ်ဟန် စတဲ့ အမူအရာ လက္ခဏာတွေကို မယူဘဲ၊ မြင်မြင်သမျှ သင်္ခါရတွေပဲ၊ အနိစ္စတွေပဲ၊ ဒုက္ခတွေပဲလို့သာ ရှုမြင်လေ့ရှိတာကို ဣန္ဒြေတို့၌ စောင့်ထိန်းမှုဆိုတဲ့ ပိတ်ဆို့အပ်တဲ့ တံခါးပေါက်ရှိသူဖြစ်ခြင်း ကိုယ်ရည်ကိုယ်သွေးလို့ ဆိုတာ သမီးရဲ့။

**သမီး** မသိပါဘူး ဖေဖေရယ်၊ သမီးတို့ သူငယ်ချင်း အချင်းချင်း ပြောနေ ကြတာက ဒီကောင်မ မျက်လုံးက မငြိမ်ဘူး၊ ဣန္ဒြေ မရှိဘူး။ ကောင်လေးတွေကို မြင်ရင် သိပ်ကစားတယ်၊ ကြာမျက်လုံးနဲ့ ကြည့်တယ်၊ လှုပ်လှုပ်ရွရွ လုပ်ပြတယ်၊ ရယ်ကာမောကာနဲ့ အထိန်းမရှိဘူး။ လွတ်နေတယ်လို့ ပြောကြတာ ကြားရတော့ ဣန္ဒြေဆိုတာ ကိုယ့်ကိုယ်ကိုယ် အရှိန်သတ်ပြီး ခပ်တည် တည် နေတာလို့ အောက်မေ့နေတာ ဖေဖေရဲ့။

**အကျွန်ုပ်** ဣန္ဒြေဆိုတာက အစိုးရတဲ့သဘောကို ဆိုတာပဲကွယ်။ ဣန္ဒြေမရှိ ဘူးလို့ ဆိုရင် လူပြိန်းနားထဲမှာ နားလည်တာက မတည်ငြိမ်ဘူး၊ ကိုယ့်ကိုယ်မှာ control မရှိဘူး။ စိတ်ယောက်ယက်ခတ်တယ်၊ လူငယ်စကား အရပ်စကားမှာတော့ နန့်တယ်၊ ပျံတယ် စသည်အားဖြင့် ပြောကြတာပေ့ါ။ အမှန် တော့ ဒါလည်း ဖဿမှာ ဝိဉာဏ်ပေါ်တာကို သတိမကပ်တတ်လို့ မသိမှု အဝိဇ္ဇာ လွှမ်းသွားရင် ဖဿကနေ ဝေဒနာကို စိတ်အစဉ်အဆက် ဖြစ်သွားရော။ ဝေဒနာမှာ လည်း သတိမကပ်တတ်လို့ အဝိဇ္ဇာ လွှမ်းဖုံးနေရင် (ငါ့မှာ သုခ/ဒုက္ခ ဝေဒနာ ဖြစ်သွားပြီလို့ မသိဘဲ) ဖြစ်ပေါ်လာတဲ့ ဝေဒနာကို ဝင်ပြီးခံစားရင်၊ ဝေဒနာဟာ တဏှာအဖြစ်သို့ ပြောင်းသွားရော၊ စောစောက ပြောခဲ့ကြတဲ့ စကားထဲမှာ ပါသလို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဖဿမှာ ဉာဏ်ပေါ်တာကို စိတ်တစ်ခု ငါ့ ခန္ဓာမှာ ပေါ်တာ ခန္ဓာတစ်ခု ပေါ်တာပဲလို့ မသိလိုက်ရင်။ ဒီမြင်စိတ်ကို ပုဂ္ဂိုလ်သတ္တဝါလို့ ယူတယ်။ ပြုံးဟန်၊ ရယ်ဟန် အမှတ်အသား ပုံသဏ္ဌာန်တွေကို ယူတယ်။ ပညတ်တွေပေါ်မှာ သောင်တင်သွားတယ်။ ဒီလိုပုံပန်း သဏ္ဌာန်နိမိတ်ကို ယူလိုက်ကြတဲ့အတွက် အဘိဇ္ဈာတွေ၊ ဒေါမနဿ၊ သောမနဿတွေ ဖြစ်ပေါ်လာရတာပေါ့ကွယ်။

**သမီး** နေပါဦး ဖေဖေ၊ သမီး ခေါင်းရှင်းပါရစေဦး။

**အကျွန်ုပ်** အေး . . ၊ ရှင်းအောင်လုပ်ပေါ့။

**သမီး** ဒါဆိုရင် 'ကာယေကာယာနုပဿီဝိဟရတိ'ဆိုတဲ့ ကာယာနုပဿနာတို့မှာ ပဋိစ္စသမုပ္ပါဒ် သဘောအရ ပေါ်တဲ့ ခန္ဓာတွေရဲ့ ဖြစ်မှုပျက်မှုကို မြင်အောင် သတိနှင့်ရှု၊ ပညာနဲ့ ဆင်ခြင်ဆိုတဲ့ သဘောပဲပေါ့နော်။

**အကျွန်ုပ်** အေး . . ၊ သမီးက ထိုးထွင်းဆင်ခြင်တတ်လာပြီပဲ။ ဟုတ်တာပေါ့ ဖဿမှာ ဘာပဲပေါ်ပေါ် ပေါ်တာကို ပထမ သိအောင် လုပ်၊ အဲဒါက ဖြစ်တာကို သိတာ၊ ပြီးတော့ ဒီလိုဖြစ်တဲ့ တရား၊ သင်္ခါရတရားဟာ ဖြစ်ပြီးပျက်သွားတာပဲလို့ သမ္မာဉာဏ်နဲ့ ဆင်ခြင်၊ ဖြစ်တာကို သိပြီး ပျက်တာကို လည်း မြင်အောင် ဉာဏ်နဲ့ ဆင်ခြင်ရမယ်။ ဒီလို လုပ်ဖို့အတွက် စိတ်ကို အစိုးရမှု၊ စောင့်ထိန်းပိတ်ဆို့ခြင်း ရှိမှ ဖြစ်တယ်။

**သမီး** ဒါဆိုရင် အစိုးရမှု စောင့်ထိန်းပိတ်ဆို့ခြင်း ရှိမှုဆိုတာ ဖြစ်ပျက်ဒုက္ခသစ္စာကို သိမြင်အောင် လုပ်တဲ့ ဝိပဿနာမဂ်ရဲ့ သဘောလို့ ဆိုနိုင်မလား မသိဘူး။

**အကျွန်ုပ်** ဒီနေရာမှာ စောင့်ထိန်းမှုရဲ့ အတိုင်းအတာကိုပါ သိနားလည်သင့်တယ်။ သီလမှာလည်း စောင့်ထိန်းခြင်း သဘောပါတယ်။ ဒါ့ထက်ပိုပြီး သမာဓိမှာလည်း စောင့်ထိန်းမှုသဘော ပါတယ်။ ဒီနေရာမှာတော့ စောင့်ထိန်းမှုကို 'ပိတ်ထားအပ်သော တံခါးရှိမှု' ဆိုတဲ့ စကားနဲ့ ဖော်ပြထားတာ ဆိုတော့ ဖဿကနေ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်ကို ကူးဆက်မသွားအောင် တားဆီးခြင်း၊ ပိတ်ပင်ခြင်း သဘော ပါတယ်။ 'ကာယေကာယာနုပဿီဝိဟရတိ' ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးဟာ မိုးကုတ်ဆရာတော်ကြီး သုံးနှုန်းတဲ့ စကားနဲ့ ပြောရရင်တော့ ရှေ့က ဖြစ်ပျက်ကို နောက်ကမဂ်နဲ့ သိအောင်လုပ်ပြီး ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်နဲ့ ဖြတ်တဲ့သဘော ဖြစ်တယ်လို့ ဖေဖေတော့ ယူဆမိတယ်။

**သမီး** ဟုတ်တယ်၊ သမီးရဲ့ စိတ်ထဲမှာလည်း အဲဒီအယူအဆကို နှစ်သက်ပါတယ် ဖေဖေ။ ဘာဖြစ်လို့လဲဆိုတော့ မြင်စိတ်ပေါ်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



စကျေ့ခြေကို မစောင့်ရှောက်တတ်ရင် မြင်စိတ်မှာ ဝိပဿနာဉာဏ်သွင်းပြီး ပဋိဗွ သမ္ပဟာဒ် ကို မဖြတ်နိုင်ဘူး။ မဖြတ်နိုင်ရင် တဏှာ၊ ဥပါဒါန်ကံကို ကူးဆက်သွားမှာပဲ။ သွားရင် သံသရာလည်မယ်။ ဒီနေရာမှာ စကျေ့ခြေကို စောင့်ထိန်းမှုဆိုတာ မြင်ရင် မြင်စိတ်ရဲ့ ဖြစ်ပျက်ကို မြင်အောင်ရှုတာ၊ ဣန္ဒြေစောင့်ရှောက်မှု မရှိရင် မြင်ကတည်း က ပုဂ္ဂိုလ်သတ္တဝါပုံပန်းသဏ္ဌာန်၊ ခြေဟန်လက်ဟန် အမှတ်အသား နိမိတ်တွေပေါ် မှာပဲ စိတ်က သောင်တင်သွားမှာပေ့ါ။ ဒါကြောင့် ဣန္ဒြေကို စောင့်ရှောက်ခြင်းဆိုတာ ဝိပဿနာဉာဏ်သွင်းပြီး မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှုဆိုတဲ့ ဒွါရခြောက်ပေါက်မှာ ဒိဋ္ဌိမကပ်အောင် စောင့်ထိန်းခြင်းပဲ ဖြစ်တယ်လို့ သမီးနားလည်တတ်ပါပြီ ဖေဖေ။

**အကျွန်ုပ်** မှန်တာပေါ့ သမီးရယ်။ ဒီနေရာမှာ ဘုရားက အာရုံနဲ့ ဒွါရ (စကျေ့အကြည်၊ နားအကြည်) တိုက်မိတဲ့အခါ သိမှုဝိဉာဏ်ပေါ်တာ ကို ယောက်ျားပဲ၊ မိန်းမပဲလို့ အမှတ်အသား ပုံသဏ္ဌာန်နိမိတ်ကို မယူဘဲ ဣန္ဒြေ ခြောက်ပါး။ တံခါးခြောက်ပေါက်မှာ ဖြစ်ပျက်ဒုက္ခသစ္စာ ပေါ်တာလို့ သိဖို့၊ မြင်ဖို့၊ ယူတတ်ဖို့အတွက် လုံခြုံစေခြင်း 'ဂုတ္တိ' ရှိရမယ်။ လုံခြုံစေပုံ အခြင်းအရာ 'ဂေါပနာ' ရှိရမယ်၊ လုံခြုံဖို့အတွက် စောင့်ရှောက်ခြင်း 'အာရက္ခ' ရှိရမယ်၊ ပိတ်ဆို့ခြင်း 'သံဝရ' ရှိရမယ်တဲ့။ အဲဒီလို စောင့်ရှောက်ခြင်း၊ ပိတ်ဆို့ခြင်း၊ လုံခြုံအောင် ထိန်းသိမ်းခြင်းသဘော ရှိတာကို 'ဣန္ဒြိယေသုဂုတ္တဒွါရတာ' လို့ ဆိုရကြောင်း ကိုယ်ရည်ကိုယ်သွေး သတ်မှတ်ချက်ကို ပေါ်လွင်ထင်ရှားအောင် ဟောတော်မူထား တယ်ကွယ်။

**သမီး** သမီးစိတ်ထဲတော့ ဒီကိုယ်ရည်ကိုယ်သွေးဟာ သမီးနားလည်တဲ့ စကားနဲ့ ပြောရရင်တော့ ဒါဟာ 'ဝိပဿနာဉာဏ်' ကို ဟောတာပဲ လို့ အောက်မေ့ပါတယ် ဖေဖေ။

**အကျွန်ုပ်** အေး . . ၊ သတိပဋ္ဌာန်တရားကို ဟောတာပဲပေါ့ကွယ်။

**သမီး** ကျေးဇူးအထူးတင်ပါတယ် ဖေဖေ၊ မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားမှုအတွက် ဟောတော်မူခဲ့တဲ့ တရားတွေဟာ လောကီနယ်နဲ့ ဆက်စပ်တယ်လို့ ဆိုရပေမယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ ရည်ရွယ်ထားတာ ထင်ရှားလိုက်တာ။

**အကျွန်ုပ်** သမီးရဲ့ ထိုးထွင်းသိတတ်တဲ့ ဉာဏ်ကလေးကိုတော့ ဖေဖေက သိပ်ပြီး ကျေနပ်တာပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄။ စားဖွယ် (ဘောဇဉ်) ၌
## အတိုင်းအရှည် သိတတ်သူ ဖြစ်ကြောင်းတရား

သမီးငယ်၏ အမှုအရာသည် ရှေးကထက် ပိုပြီး တည်ငြိမ်လာသော်လည်း စိတ်အား ထက်သန်စွာ အရာရာကို ဆင်ခြင်တိုင်းထွာ၍ လုပ်ကိုင်ဆောင်ရွက် တတ်လာသည်။ အကျွန်ုပ်မှာ ဆီးချိုသွေးချိုရောဂါ ရှိသောကြောင့် လည်းကောင်း၊ သွေးတိုးရောဂါ ရှိသောကြောင့် လည်းကောင်း၊ အစားအစာကို သုံးဆောင်သောအခါ သင့်မသင့် ဆင်ခြင်၍ စားနေရသည်။ သွေးထဲမှာ အချိုဓာတ် မများအောင် အချို ကစီဓာတ် နည်းသည့် အိန္ဒိယပြည်ဖြစ် 'ဘာ့စ်မာတီး' ဆန်ကို စားရသည်။ မြန်မာဆန်တွေက ကစီဓာတ် များသည်။ အသားဆိုလျှင်လည်း ဝမ်းတွင်းသားကို ရှောင်ရသည်။ ဝက်သားကို ကြိုက်သော်လည်း ရောဂါနှင့်မတည့်၊ တတ်နိုင်သမျှ ရှောင်ရသည်။ မြေကြီးထဲက ဥမှန်လျှင် ဘာဥကိုမျှ မစားရ။ သခွားသီး မတည့်၊ ကြက်ဟင်းခါးသီး မတည့်၊ သဘော်သီး မတည့်၊ ခါကြက်ဥခေါ် မုန်လာဥနီ မတည့်၊ အာလူး မတည့်၊ မြေပဲဆီ မတည့်။ ဒါကြောင့် မိမိအတွက် ဓာတ်စာကို သူ့အမေက ရွေးချက်ပေးရသည်။

အကျွန်ုပ်လည်း ထိုအခါမှစ၍ အစားအစာ (ဘောဇဉ်)ကို စားရာ၌ အတိုင်း အရှည်ကို သိ၍ စားသော စနစ်ကို ကျင့်သည်။ လက်ဖက်ရည် အလွန် ကြိုက်သော သူသည် သကြားပါသော (နို့ဆီချို) ပါသော လက်ဖက်ရည်ကို ဖြတ်ပစ်ရသည်။ တော်သေးသည်။ ကာလပေါ် ကော်ဖီမစ် အထုပ်ကလေးတွေ ထဲမှာ DIET (ဒိုက်ယက်) ခေါ် ဓာတ်စာကော်ဖီထုပ်ကလေးတွေ ပေါ်လာသည်။ DIET COKE

www.burmeseclassic.com

www.burmeseclassic.com



ခေါ် အဖျော်ရည်တွေ၊ ဆီးချိုသမားစားဖို့ သကြားလုံး၊ ချောကလက်တွေ လည်း ပေါ်လာသည်။ သမီးငယ်က သူ့ဖခင်သည် ယခင်အခါက အစားကောင်း စားတတ်သူ ဖြစ်မှန်း သိသဖြင့် မျိုးစုံ ဝယ်ကျွေးသည်။

**သမီး** ဒါတွေ ပေါ်လာတော့ မငတ်တော့ဘူးပေါ့ ဖေဖေရဲ့။

**အကျွန်ုပ်** အေး . . မငတ်ဘူး ဆိုပေမဲ့၊ စားရတာက စားပိုးနင့်ပါတယ် သမီး ရယ်။ ချောကလက် တစ်တောင့်ကို ၁၅၀၀/ လောက် ပေးစားရ တာဆိုတော့ လျှာပေါ်မှာ အရသာကလေး ခဏ ခံစားရတာပဲ ရှိတယ်။ ပေးရတဲ့ တန်ကြေးက မနည်းဘူး။ သမီးရဲ့ မေမေကလည်း ဖေဖေ စားမြိန်အောင် ဆိုပြီး ရွှေဘဲတို့ ရွှေငါးတို့က ဘဲကင်တစ်ကောင်ကို ထောင့်ခြောက်ရာ နှစ်ထောင်လောက်နဲ့ ဝယ်ကျွေးတယ်။ စက္ကန့်ပိုင်းလောက်ကလေး လျှာပေါ် အရသာ ခံစားဖို့အတွက်များ ငွေကုန်ကြေးကျ ခံလိုက်ရတာက မနည်းဘူး။ မထူးပါဘူး သမီးရယ်။

**သမီး** ဘာဖြစ်လို့ မထူးတာလဲ ဖေဖေရဲ့။ ဖေဖေ့ရောဂါက ဘာဆိုဘာမှ စားမရတာ၊ ခုကျတော့ ငွေကုန်ပေမဲ့ အရသာရှိတဲ့ အစားအစာ တွေ နည်းနည်းပါးပါး ဝမ်းနတ်ပေးတော့ တော်သေးတာပေါ့။

**အကျွန်ုပ်** မထူးပါဘူးကွယ်။ ဘာပဲ စားစား၊ ဘယ်လောက် တန်ဖိုးရှိတာ၊ အရသာရှိတာပဲ စားစား၊ ကျင်ကြီး (ချီး) ဖြစ်တာတော့ အတူတူ ပါပဲ၊ အစားအစာ စားတာ၊ ဘာအတွက် စားတာလဲ ဆိုတာလည်း သိဖို့ လိုသေးတာ၊ မြတ်ဗုဒ္ဓက အစားအစာ (ဘောဇဉ်) ကို စားသုံးရာမှာ အတိုင်းအရှည် သိတတ်သူ ဖြစ်ကြောင်းတရားတွေကိုလည်း ကိုယ်ရည်ကိုယ်သွေး အခြင်းအရာ တစ်ခုအဖြစ် ဟောဖော်ညွှန်ပြဆုံးမတော်မူထားသေးတယ်ကွဲ့။

**သမီး** ဟုတ်လား ဖေဖေ၊ မြတ်ဗုဒ္ဓက အစာစားရာမှာ ထားရမည့် ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး အခြင်းအရာတွေကိုတောင် ဟောတော်မူသေးလား ဖေဖေ။

**အကျွန်ုပ်** တို့များ ကိုးကွယ်တဲ့ မြတ်စွာဘုရားဟာ လောကီနယ်ထဲမှာ အဆင့် မြင့် လူသားတစ်ဦး (လူတော်လူကောင်း) တစ်ဦးအဖြစ် နေထိုင် သွားရာမှာ ရှိသင့်တဲ့ ကိုယ်ရည်ကိုယ်သွေး လိုအပ်ချက်မှန်သမျှကို တစ်ခုမကျန် ဟောတော်မူတယ်။

**သမီး** မြတ်ဗုဒ္ဓရဲ့ ဉာဏ်တော်ကတော့ အတုမရှိ၊ အတူမရှိဘဲနော်။ အစားအစာ (ဘောဇဉ်) ၌ အတိုင်းအရှည်ကို သိသူဖြစ်ကြောင်း တရားကို ဘယ်လိုများ ဟောတော်မူခဲ့သေးလဲ ဖေဖေ၊ ပြောပြပါဦးနော်။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** အေး . . . ၊ ပြောပြမယ် နားထောင်။ အစားအစာ (ဘောဇဧ်) ၌ အတိုင်းအရှည် သိတတ်သူ ဖြစ်ကြောင်းတရား၊ (ဘောဇနေ မတ္တညုတ) ကို ဘယ်လို ဟောသလဲဆိုတော့ မြတ်စွာဘုရားက သူ့သာသနာထဲက သားတပည့်တွေ ရဟန်းသံဃာတော်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးကို ဦးတည်ပြီး ဟောခဲ့တာ၊ ဒါပေမဲ့ အဆင့်မြင့်လူသား ဖြစ်ချင်သူတိုင်းအတွက် ဒီဟောကြားချက်တွေဟာ အလွန်တန်ဖိုးရှိတယ်။ ဒီနေရာမှာ အစားအသောက်စားတဲ့အခါ ဉာဏ်အဆင်အခြင် မပါဘဲ မစားရဘူး။ ဉာဏ်နဲ့ ဆင်ခြင်ပြီး သင့်လျော်သောအားဖြင့် စားရမယ်တဲ့။

**သမီး** သင့်လျော်သောအားဖြင့် စားရမယ်ဆိုတာ၊ ကိုယ်နဲ့ တည့်တဲ့ အစားအစာကိုသာ စားရမယ်၊ မတည့်တဲ့ အစားအစာကို မစားရဘူးလို့ ဆိုတာလား ဖေဖေ။

**အကျွန်ုပ်** ဒါလောက်ကတော့ ဘုရားမဟောလည်း လူတွေ စားတတ်ပါတယ် သမီးရဲ့။ ဥပမာ–သင်္ဘောသီးဟာ လူတကာအတွက် ဝမ်းပျော့စေတဲ့ ဝမ်းနုတ်ဆေးအဖြစ် စားရင် သင့်တယ်။ ဒါပေမဲ့ ဖေဖေ့ကျတော့ သင်္ဘောသီးစားရင် ဓာတ်ချုပ်သွားရော။ ဒါကြောင့် ဖေဖေက သင်္ဘောသီးဆို မစားဘူး။ ဒါက ကျန်းမာရေးနဲ့ သင့်မသင့်လောက် ပြောတာ။ ဘုရားဟောတော်မူတာက ဒီထက် ဉာဏ်အဆင့်အတန်း ပိုပြီး မြင့်တယ်။

**သမီး** ဘယ်လို ဆင်ခြင်ပြီး စားရမှာလဲ ဖေဖေ။

**အကျွန်ုပ်** အေး . . . ၊ ခုအဲဒါကို ပြောမယ်။ အစားအစာကို စားတဲ့အခါ (က) ကချေသည်၊ ကျွမ်းသမားတို့လို မြူးထူးပျော်ပါးခြင်းငှာ မစားရဘူးတဲ့။ (ခ) မင်းစားသလို၊ မှူးမတ်တွေ စားသလို မာန်ယစ်ခြင်းငှာလည်း မစားရဘူးတဲ့။ (ဂ) ပြည့်တန်ဆာမတွေ နန်းတွင်းသူတွေလို ခန္ဓာကိုယ်လှပခြင်းငှာ၊ ခန္ဓာကိုယ်ကို တန်ဆာဆင်ခြင်းငှာလည်း မစားရဘူးတဲ့။ (ဃ) လက်ဝှေ့သည်၊ လက်ပန်းသည်၊ နပန်းသမားတွေလို အသားအရေကို ပြည့်ဖြိုးခြင်း၊ တိုးပွားခြင်းငှာလည်း မစားရဘူးတဲ့။

**သမီး** ဒါဆို ဘယ်လိုသဘောမျိုးနဲ့ စားရမလဲ ဖေဖေ။

**အကျွန်ုပ်** အေး . . . ၊ မြတ်စွာဘုရားက အစားအစာ (ဘောဇဧ်) ၌ အတိုင်းအရှည်ကို သိသူဖြစ်ကြောင်းတရား ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြထားတယ်။ (က) ဤကိုယ် တည်တံ့ရန် (ခ) မျှတရန် (ဂ) ပင်ပန်းခြင်းကို ပယ်ဖျောက်ရန် (ဃ) ဆာလောင်မွတ်သိပ်ခြင်း ငြိမ်းရန် (င) မြတ်သော အကျင့်ကို ချီးမြှောက်ရန် အကျိုးငှာသာလျှင် အစာအာဟာရကို စားသောက်ရမယ်တဲ့၊ ဒီနေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ မြတ်စွာဘုရားက အစာအာဟာရကို စားသောက်ခြင်းကြောင့် ခံစားမှု ဝေဒနာ အဟောင်း။ ဒါက အစာမစားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဝေဒနာကို ပယ်ဖျောက်ဖို့ ရည်ရွယ်ပြီး စားရမယ်။ ခံစားမှု ဝေဒနာသစ်ဆိုတာက အလွန်စားခြင်းကြောင့် ဖြစ်တတ်တဲ့ ဝေဒနာသစ်ဆိုတာက အလွန်စားခြင်းကြောင့် ဖြစ်တတ်တဲ့ ဝေဒနာမျိုး လည်း မဖြစ်စေရအောင် ဆင်ခြင်တိုင်းထွာပြီး စားရမယ်။ ဘယ်လိုဆင်ခြင်တိုင်းထွာ ရမလဲဆိုတော့ ငါ့အား မျှတခြင်းသည် လည်းကောင်း၊ အပြစ်မရှိခြင်းသည် လည်းကောင်း၊ ချမ်းသာစွာ နေရခြင်းသည် လည်းကောင်း ဖြစ်လိမ့်မည်ဆိုသော ရည်ရွယ်ချက်ထား၍သာ အစာအဟာရကို စားရမယ်တဲ့။ စားဖွယ် (ဘောဇဉ်) ၌ (၁) ရောင့်ရဲသူ၏ အဖြစ် 'သန္တုဋ္ဌိတာ' ရှိရမယ်။ (၂) အတိုင်းအရှည်ကို သိသူ၏ အဖြစ် 'မတ္တညုတာ' ရှိရတယ်။ (၃) စားဖွယ်ဘောဇဉ်ကို ဆင်ခြင်သူ၏အဖြစ် 'ပဋိသင်္ခါ ဘောဇဉ်' ရှိသူဖြစ်ရမယ်လို့လည်း ဟောတော်မူတယ်။

**သမီး** အင်း . . ၊ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတွေကို နာရတော့ တစ်နေ့တစ်နေ့ လူတွေမှာ စားဖို့အတွက် ရှာဖွေနေရတဲ့ ဆင်းရဲ ကြီးကျယ်ပုံကိုပါ သမီး စဉ်းစားမိပါတယ် ဖေဖေ။

**အကျွန်ုပ်** သမီးက ဘာတွေကို စဉ်းစားမိလို့လဲ။

**သမီး** ဩော် . . ဖေဖေရယ်။ စားဝတ်နေရေးလို့ခေါ်တဲ့ လူ့အရေးဟာ စီးပွားရေးဘဝကို ဖြစ်ပေါ်စေတယ် မဟုတ်လား။ ဒီစားဖို့၊ ဝတ်ဖို့၊ နေဖို့ ရှာကြရင်း စီးပွားရေးဆိုတာ ဖြစ်လာတာ မဟုတ်လား။ စီးပွားရေး ဒုစဝထဲ ရောက်လာတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတွေအပေါ်လာ တယ်လေ။ တစ်ခါတလေ သမီး စဉ်းစားမိတယ်။

**အကျွန်ုပ်** ဘာတွေကို စဉ်းစားမိသလဲ သမီးက။

**သမီး** ဘာလုပ်ဖို့ စားနေရသလဲ ဆိုတာကို စဉ်းစားတာပါ။

**အကျွန်ုပ်** အေး . . အဲဒါ စိတ်ဝင်စားဖို့ ကောင်းတဲ့ မေးခွန်းပဲကွယ်။ လူတွေ စဉ်းစားဖို့ကောင်းတဲ့ မေးခွန်းပဲကွယ်။ လူတွေက စားဖို့ အတွက်ကိုပဲ သဲသဲမဲမဲ (တရားသဖြင့်၊ မတရားသဖြင့်) ရှာနေကြတယ်။ ဘာအတွက် စားနေကြရ တာလဲ ဆိုတာကို စဉ်းစားပုံကလေးကို ပြောပြစမ်းပါဦး။

**သမီး** သတ္တဝါမှန်သမျှမှာ အာဟာရ စားဖို့ ပါးစပ်ပေါက် ပါနေတယ်။ စားဖို့ ပါနေတဲ့ ပါးစပ်ပေါက်ထဲကို ထည့်ဖို့အတွက် အာဟာရကို နည်းအမျိုးမျိုးနဲ့ ရှာနေကြရတယ်။ စိုက်ပျိုးပြီးလည်း ရှာရတယ်။ သတ်ဖြတ်ပြီးလည်း ရှာရတယ်။ စားစရာ ရဖို့ကလည်း မလွယ်လှပါဘူး။ မလွယ်ကူတာကြောင့် တချို့

www.burmeseclassic.com



သည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လုပ်ကြရတယ်။ ငယ်ငယ်တုန်းက ဖတ်ရတဲ့ စာထဲမှာလိုပေါ့။ ငါဝမ်းပူဆာ မနေသာလို့ ဖားကို မြွေက ကိုက်ရတယ်ဆိုတာမျိုးပေါ့ ဖေဖေရယ်။ လူမှာတော့ ဆန်၊ ဂျုံ၊ စပါးရဖို့ စိုက်ရတယ်။ အသားရဖို့ သတ်ရတယ်။ ရပြန်တော့လည်း အစိမ်းစားလို့ မဖြစ်လို့ ချက်ပြုတ်ရတယ်။ ချက်ပြုတ်ရတော့ မီးရှာရတယ်။ ရေရှာရတယ်။ ချက်စရာ ပြုတ်စရာ အိုးခွက်တွေ ရှာရတယ်။ အစာအာဟာရတစ်ခု ဖြစ်ဖို့ မလွယ်ပါဘူး။ ထားပါတော့လေ ဖေဖေရယ်၊ အာဟာရကို ရပြန်တော့ တန်ဖိုးတွေ အများကြီး ပေးထားရတယ်။ အလကား မရဘူး။ အဲဒီ တန်ဖိုးရှိတဲ့ အစားအစာတွေကို ပါးစပ်ထဲ ထည့်ပြီး ဝါးမျိုလိုက်တာနဲ့ အဲဒါတွေဟာ မစင်ဖြစ်သွားတယ်။ တန်ဖိုးအားလုံး ဆုံးရှုံးကုန်တယ်။ ကိုယ်ထဲကို ထည့်တုန်းက အဖိုးဘယ်လောက်ပဲ တန်တန် ပြန်ထွက်လာတော့ ဘာတန်ဖိုးမှ မရှိတော့ဘူး။ ဒါ ဘာဖြစ်လို့လဲလို့ သမီး စဉ်းစားကြည့်တယ်။ အစတုန်းကတော့ သမီးစိတ်ထဲမှာ ခန္ဓာကိုယ်ဟာ ယန္တရားစက်ကြီး တစ်ခုနဲ့ တူတယ်လို့ အောက်မေ့ခဲ့ဖူးတယ်။ တကယ်တမ်းကျတော့ ဥပမာ–ဆီစက်ဆိုပါတော့ နှမ်းတွေ၊ ပဲတန်ဖိုးထက်ပိုပြီး တန်ဖိုးရှိတဲ့ ဆီ ထွက်လာတယ်။ ဘယ်စက်ရုံပဲ ဖြစ်ဖြစ် ကုန်ကြမ်းထုတ်လိုက်ရင် ကုန်ချောထွက်တယ်။ ကုန်ချောဟာ ကုန်ကြမ်းထက်ပိုပြီး တန်ဖိုးကြီးတယ်။ ခန္ဓာကိုယ်ထဲကျတော့ ကုန်ကြမ်းက ကုန်ချောထက်ပိုပြီး တန်ဖိုးကြီးတယ်။ ခန္ဓာကိုယ်ထဲ ကျတော့ ကုန်ကြမ်း ထည့်ချင်သလောက်ထည့်၊ ထည့်သမျှ တန်ဖိုးအားလုံး ဆုံးရှုံးသွားတယ်။ တန်ဖိုးအားလုံးကို ခန္ဓာက အသုံးမဝင် ဖြစ်သွားအောင် ဆုံးရှုံးသွားအောင် လုပ်ပစ်တယ်။

**အကျွန်ုပ်** — အင်း…၊ ဖေဖေ့ သမီးငယ်က ခန္ဓာကိုယ်ရဲ့ အပြစ်ဒေါသ အာဒီနဝတွေလို့ တော်တော်မြင်တတ်နေပြီပဲ။ အင်း… ဆိုစမ်းပါဦး နောက်ဘာတွေများ စဉ်းစားမိသေးသလဲ။

**သမီး** — သမီး စဉ်းစားမိတယ် ဖေဖေ။ ကဲ…၊ ကောင်းပြီ ဒီလောက်တောင် ကိုယ်က ပင်ပန်းကြီးစွာ ရှာဖွေမှသာ ရလာတဲ့ တန်ဖိုးတွေကို တန်ဖိုးမဲ့ ဖြစ်အောင် လုပ်ပစ်တတ်တဲ့ ခန္ဓာကို ဘာဖြစ်လို့ လုပ်ကျွေးနေရတာလဲ။ အဲဒါကို သမီး အဖြေရှာချင်လာတယ် ဖေဖေ။

**အကျွန်ုပ်** — အင်း… သိပ်ကောင်းတာပဲ အဖြေရှာတော့ ဘာတွေ့သလဲ၊ သမီး ဉာဏ်ထဲမှာ။

**သမီး** — အို… စိတ်ဆင်းရဲစရာ ကောင်းလိုက်တာ ဖေဖေရယ်။ အဖြေက ဒီခန္ဓာသေမှာစိုးလို့၊ နာမှာ စိုးလို့၊ မကျန်းမမာ ဖြစ်မှာ စိုးလို့

www.burmeseclassic.com

www.burmeseclassic.com



ရှာကျွေးနေရတယ်။ ရှာကျွေးတော့လည်း ဒီခန္ဓာက မနာဘူးလား ဆိုတော့၊ နာတာပဲ။ မအိုဘူးလားဆိုတော့၊ အိုတာပဲ။ မသေဘူးလား ဆိုတော့ သေတာပဲ။ ဒီတော့ သမီးစဉ်းစားမိတယ်။ အိုမယ့်အတူတူ သေမယ့်အတူတူ အပင်ပန်းခံပြီး ဘာဖြစ်လို့ ရှာကျွေးနေသေးလဲ။ ကျွေးလည်း မထူးဘူး။ ပင်ပန်းတာပဲ အဖတ်တင် တာချင်း အတူတူ ပစ်ထားလိုက်ပါလား။ ကျွေးမနေပါနဲ့တော့လားဆိုတော့ (ရှာကျွေး ရခြင်းရဲ့ အဓိပ္ပာယ်မဲ့ သဘောကို မြင်လို့) ရှာမကျွေးနဲ့ပေါ့လို့ ဆိုတော့လည်း စိတ်က မလွှတ်လပ်ဘူး။ ရှာမကျွေးဘဲ မနေဝံ့ဘူး။ အဓိပ္ပာယ် ကင်းမဲ့မှန်းလည်း သိတယ်။ မကျွေးဘဲနဲ့လည်း မနေနိုင်ဘူး။ မနေဝံ့ဘူး ဖေဖေရယ်။ ခက်လိုက်တာ မလွှတ်လပ်လိုက်တာ ရင်ထဲမှာ တင်းကျပ်လာတယ် ဖေဖေရယ်။ သမီးရင်ဘတ်ကို ဖိပြီး စဉ်းစားကြည့်တယ်။ ဘာဖြစ်လို့ လုပ်ကျွေးနေတာလဲ။ အဲဒါကို အဖြေရှာလို့ မရဘူး ဖေဖေ။ သမီးကို ပြောပြပါဦး။ ဒုက္ခကြီးလိုက်တာ။

**အကျွန်ုပ်** အေး. . .၊ အဲဒါ သမီးက ကိုယ့်ကိုယ်ကိုယ် ချစ်ခင်စွဲလမ်းနေတဲ့ တဏှာ၊ ဥပါဒါန်ဆိုတဲ့ သမုဒယသစ္စာကြောင့်ပေါ့ကွယ်။

**သမီး** ဟာ. . .၊ ဟုတ်ပြီ။ ဟုတ်တယ် ဖေဖေ။ ကိုယ့်ကိုယ်ကိုယ် ချစ်နေတဲ့ တဏှာ၊ အသက်ရှင်နေချင်တဲ့ ဘဝတဏှာ၊ မြင်မြင်သမျှကို ရယူခံစားချင်တဲ့ ကာမတဏှာကြောင့် ရှာကျွေးနေရတာ၊ ရှာပေးနေရတာ သမီး သဘောပေါက်ပါပြီ ဖေဖေ။ ဒါနဲ့ နေပါဦး ဖေဖေ။ သမီးခေါင်းထဲမှာ မေးခွန်းတစ်ခု ပေါ်လာတယ် ဖေဖေ။

**အကျွန်ုပ်** ဘာများလဲကွယ်။

**သမီး** ဒီခန္ဓာက အစာမရရင်လည်း နှိပ်စက်တယ်။ စားရရင်လည်း နှိပ်စက်တယ်။ ရှာလို့ ရတာတွေကိုလည်း ဖျက်ဆီးပစ်တယ်။ အကျိုးမဲ့ ချည်း လုပ်နေတယ်။ ဒီလောက် ကိုယ့်အပေါ် ကောင်းကျိုးမပေးတဲ့ ဒီခန္ဓာကို ဘာဖြစ်လို့များ ချစ်ခင်နှစ်သက်နေရတာလဲ ဖေဖေရယ်။

**အကျွန်ုပ်** ခု သမီးသိသလို အရင်က မသိခဲ့လို့ပေါ့ သမီးရဲ့။ သမီးဆိုတာ အမှန်(သစ္စာ)ကို မသိတာ၊ အဲဒါ အဝိဇ္ဇာလို့ ခေါ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက အဝိဇ္ဇာကြောင့် တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ သမုဒယသစ္စာတွေ ဖြစ်ပေါ်လာရကြောင်းကို ဟောတော်မူခဲ့တယ်။

**သမီး** ဟုတ်ပြီ။ သမီးနားလည်လာပါပြီ ဖေဖေ။ ဒီဒုက္ခသစ္စာကို သိမြင်ပြီး ဒီခန္ဓာအပေါ်မှာ မချစ်၊ မနှစ်သက်တဲ့စိတ် ဖြစ်ပေါ်ပြီး သူဟာ ဒီခန္ဓာကို လုပ်ကျွေးနေစရာ လိုသေးသလား ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



**အကျွန်ုပ်** လိုသေးတယ် သမီးရဲ့ ဆူးစူးရင် ဆူးနဲ့ ထွင်းရသလိုပဲပေါ့။ ဒီခန္ဓာကိုယ်ရဲ့ ဒုက္ခသစ္စာက လွတ်မြောက်ဖို့အတွက် ဘုရားသာသနာကျင့်နစ်ဖြာကို ဖြည့်ကျင့်ရဦးမယ်။ ဖြည့်ကျင့်တဲ့အခါ ဒီခန္ဓာကိုပဲ အသုံးချရဦးမယ်။ ဒါကြောင့် ဒီခန္ဓာကို မျှတရုံမျှ တည်တံ့ရုံမျှ ကျွေးရဦးမယ်၊ ဒါကြောင့် ကျေးဇူးတော်ရှင်တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက အစာအာဟာရ စားသုံးတဲ့အခါ ထားရမည့် စိတ်သဘောကို စာစပ်ခဲ့တယ်။

**သမီး** ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရည်ဆင်။ ပြည့်ဖြိုးခြင်းမှာ၊ မသုံးပါဘူး။ လေးဖြစ်ခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်ကျက်၊ အသက်မျှတမ်း။ မဟောမပန်း။ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း ဆိုတာလား ဖေဖေ။

**အကျွန်ုပ်** အေး. . .၊ ဟုတ်တယ်၊ အဲဒီလောက်ကလေးဟာ အစားအစာ (ဘောဇဉ်)၌ အတိုင်းအရှည်ကို သိခြင်းသဘောကို ဖော်ပြထားတာပဲကွယ်။ ဘုရားဟောအတိုင်း ပြထားတာပဲလေ။

**သမီး** ကောင်းလိုက်တာ ဖေဖေရယ်။ ဒီကိုယ်ရည်ကိုယ်သွေးဟာလည်း သစ္စာဉာဏ် ဖြစ်ပေါ်မှုအတွက် အရေးပါတဲ့ ကိုယ်ရည်ကိုယ်သွေးပဲ နော် ဖေဖေ။

**အကျွန်ုပ်** သိပ်ဟုတ်တာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၅။ မမေ့မလျော့သောသူ ဖြစ်ကြောင်းတရား

***အကျွန်ုပ်*** မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရားတွေထဲမှာ နောက်ဆုံးအနေနဲ့ အရေးကြီးတဲ့ အခြင်းအရာ တစ်ခုကို ပြောဦးမှ ဖြစ်မယ်။

***သမီး*** ပြောပါဦး ဖေဖေ။ ဘယ်လို ကိုယ်ရည်ကိုယ်သွေးမျိုးလဲ ဖေဖေ။

***အကျွန်ုပ်*** မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီး ကပ်နေတဲ့ အချိန်မှာ သံသရာဘေးကို မျှော်တွေးကြောက်လန့်ပြီး လွတ်မြောက်ကြောင်းတရားတွေကို ကျင့်ကြံပွားများ အားထုတ်နေကြတဲ့ ရဟန်းသံဃာတော်များကို မြတ်ဘုရားက– ''မမေ့မလျော့သော သတိနဲ့ ပြည့်စုံစွာ နေရစ်ကြ'' လို့ မှာတော်မူခဲ့တာ သမီး ကြားဖူးမှာပေါ့။

***သမီး*** ကြားဖူးပါတယ် ဖေဖေ။ 'အပ္ပမာဒေန၊ သမ္ပာဒေထ' ဆိုတာ မဟုတ်လား။

***အကျွန်ုပ်*** ဟုတ်တယ်။ မမေ့မလျော့ခြင်း 'အပ္ပမာဒ' တရားကို 'သတိ' လို့လည်း ဆိုကြတယ်။ သတိဆိုတာက အောက်မေ့တာ၊ အမှတ်ရတာ၊ မမေ့မလျော့တာ၊ ပညာသင်ကြားရာမှာပဲ ဖြစ်ဖြစ်၊ တရားအားထုတ်ရာမှာပဲ ဖြစ်ဖြစ်၊ လောကီစီးပွားရှာရာမှာပဲ ဖြစ်ဖြစ် ဖြစ်သတိနဲ့ ပြည့်စုံဖို့ အထူးလိုအပ်တယ်။ ဒီသဘောကို မြတ်ဗုဒ္ဓက သတိဆိုတဲ့ အောက်မေ့ပုံ အခြင်းအရာ 'သတိသရကာတာ' ကို ခွဲခြားပြီး ဟောတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** သတိပဋ္ဌာန်တရားဆိုပြီး ဘုရားက ဟောတော်မူရာမှာ သတိကို သာ အမြတ်ထားပြီး ဟောတော်မူတယ်နော် ဖေဖေ။ ဒီသတိနဲ့ ပြည့်စုံသူ မမေ့မလျော့သောသူ ဖြစ်ခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးဟာ အခြားသော ကိုယ်ရည်ကိုယ်သွေးများထက် တောင်မှ ပိုပြီး အရေးကြီးလို့လား မသိဘူး။

**အကျွန်ုပ်** 'သတိ' ဟာ ဆားနဲ့ တူတယ်လို့လည်း ဟောတော်မူတယ်။ ဘယ်ဟင်းပဲ ဖြစ်ဖြစ် ဆားမပါရင် အရသာ ပျက်တာပဲ။ ဒီအတိုင်းပဲ ဘယ်အမှု၊ ဘယ်ကိစ္စပဲ ဖြစ်ဖြစ် သတိမပါရင် အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့ ခဲယဉ်းတယ်။

**သမီး** ဒါဆို သတိရဲ့ သဘောတွေကို ပြောပြပါဦး ဖေဖေ။

**အကျွန်ုပ်** ဒီနေရာမှာ မေ့လျော့ခြင်းရှိသူ၊ မေ့လျော့သော သူ ဖြစ်စေတတ်တဲ့ အရာတွေကိုလည်း ဘုရားက ဟောထားတယ်။

**သမီး** ဘယ်လို ဟောသလဲ ဖေဖေ။

**အကျွန်ုပ်** သတိမေ့လျော့သောသူ ဖြစ်အောင် ပြုတတ်သော တရားကို 'မုဋ္ဌသစ္စာ' လို့ ပါဠိလို ခေါ်တယ်။ သတိမေ့လျော့ခြင်းမှာ 'အမှတ်မရခြင်း' 'အသတိ' ဆိုတာက မအောက်မေ့ခြင်းသဘော၊ စိတ်ထဲမှာ ပြန်ပြီး ပေါ်မလာတတ်တဲ့ သဘောပဲ။ ဒါကြောင့် သတိရတယ် အောက်မေ့တယ်ဆိုတာ 'သတိ'၊ အမှတ်မရတာ မအောက်မေ့တာ၊ စိတ်ထဲ ပြန်မပေါ်ဘဲ ငုပ်နေတာက 'အသတိ' သဘောပဲပေါ့ကွယ်။ ထပ်ကာထပ်ကာ အမှတ်တရ မဖြစ်တာ အစဉ် အောက်မေ့တာက 'အနုဿတိ' လို့ ခေါ်တယ်။ ထပ်တလဲလဲ သတိတရ ရှိအောင် ပွားများ အောက်မေ့တာကိုတော့ 'အနုဿတိ' လို့ ခေါ်တယ်။ ဗုဒ္ဓရဲ့ ဂုဏ်တော်ကို ထပ်တလဲလဲ သတိရအောင်၊ အောက်မေ့အောင် အမှတ်ရနေအောင် ပွားများ အားထုတ်ရတယ်။ ဒီလို အားထုတ်ခြင်းကို 'ဗုဒ္ဓါနုဿတိ' လို့ ခေါ်တယ်။

**သမီး** အရဟံဂုဏ်တော်ပွားများတာမျိုးလား ဖေဖေ။

**အကျွန်ုပ်** ဟုတ်ပါတယ်။ အဲဒါက အနုဿတိ၊ ပြီးတော့ တစ်ဖန်အောက်မေ့ တဲ့ သဘောက 'ပဋိဿတိ' လို့ ခေါ်တယ်။ တချို့လူတွေဟာ ဇာတိဿရဉာဏ်ကို ရတတ်တယ်။ သူတို့ကျတော့ ရှေးဇာတ် (အတိတ်ဘဝ) ဖြစ်ရပ်တွေကို ပြန်ပြီးအောက်မေ့နိုင်တယ်၊ သတိရတတ်တယ်။ ဒါဟာ အထူးအားဖြင့် ဖြစ်တဲ့ သတိ 'ပဋိဿတိ' ဆိုရမယ်။ အမြဲတစေ သတိရနေအောင် စိတ်မှာ ဆောင်တဲ့ သဘောကိုတော့ 'ဓာရဏတာ'လို့ ဘုရားက ဟောတယ်။ စိတ်ထဲ အမြဲအောင်းထား ဖွဲ့နှောင်ထားတဲ့ သဘောပေါ့ကွယ်။ အင်္ဂလိပ်လိုတော့ bearing

www.burmeseclassic.com

www.burmeseclassic.com



in mind လို့ဆိုတာပေါ့။ စိတ်ထဲမှာ ထိန်းသိမ်း ထားတာ preserving သဘောလည်း ဟုတ်တာပဲ။

**သမီး** perserve ဆိုတာ ကြာရှည်ခံအောင် လုပ်တာမဟုတ်လား ဖေဖေ။

**အကျွန်ုပ်** ဟုတ်တယ်။ စိတ်ထဲမှာ ပျောက်ပျက်မသွားဘဲ၊ ကြာရှည်အောက် မေ့သတိရနေအောင် ဆောင်ထားတဲ့ သဘောဟာ သတိရှိသူ ဖြစ်ခြင်းအကြောင်းတရားတစ်ခုပေါ့။ ရှေးတုန်းကတော့ ဗုဒ္ဓစာပေ ကျမ်းဂန်များကို မမေ့အောင်လို့ အာရုံဆောင်ထားခဲ့ကြတယ်။ ဒါဟာ bering in mind ဖြစ်အောင် လုပ်တာပဲပေါ့။ ဒါလည်း အမြဲသတိရှိသူ၊ မမေ့လျော့သူ ဖြစ်ကြောင်း အခြင်းအရာ၊ (ကိုယ်ရည်ကိုယ်သွေး) တစ်ခုပဲပေါ့။

**သမီး** တိပိဋကဓရ ပုဂ္ဂိုလ် အရှင်မြတ်များဟာ အင်မတန် မှတ်ဉာဏ်ကောင်းသူတွေ ဖြစ်တာ၊ သတိရှိသူတွေ ပြုမူနိုင် ကြတာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** သတိဗိုလ်၊ သတိက္ကန္ဓြေအလွန်ကောင်းကြလို့သာ တော်တော်ကို မမေ့လျော့ဘဲ ခေါင်းထဲမှာ အမြဲဆောင်ထားတော်မူနိုင်ကြတာပေါ့ သမီးရဲ့။ ဒီလို 'ဓာရဏတာ' ဖြစ်ဖို့ဆိုတာကလည်း ရေပေါ်မှာပေါ်တဲ့ ဘူးခွံလို အာရုံတွေပေါ်မှာ ပေါလောပေါ်တဲ့ အပြစ်မရှိဘဲ၊ အာရုံစူးစိုက်မှု 'အပီအပနတာ' ရှိလို့သာပေါ့။ စူးစိုက်ခြင်းသဘောဟာလည်း သတိကို ဖြစ်ပေါ်စေတယ်လို့ မှတ်ရမယ်။ မိလိန္ဒမင်းကြီးမေးလို့ ရှင်နာဂသိန် ဖြေတော်မူရာမှာတော့ သတိသည် ဆယ့်ခုနစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်တယ်လို့ ဟောထားတယ်။

**သမီး** ဆယ့်ခုနစ်ပါးသော အခြင်းအရာဆိုတာက ဘာတွေလဲ ဖေဖေ။

**အကျွန်ုပ်** ရှင်နာဂသိန် ဟောတာကတော့–

၁။ အမြဲသိမှတ်သောအားဖြင့် သတိသည် ဖြစ်၏။

၂။ အခြားသူတို့ လှုံ့ဆော်သောအားဖြင့်လည်း သတိသည် ဖြစ်၏။

၃။ ထင်ရှားသောအာရုံကို သိသောအားဖြင့်လည်း သတိသည် ဖြစ်၏။

၄။ အကျိုးစီးပွားရှိ၏ဟု သိသောအားဖြင့်လည်း သတိသည် ဖြစ်၏။

၅။ အကျိုးစီးပွားမရှိဟု သိသောအားဖြင့်လည်း သတိသည် ဖြစ်၏။

၆။ သဘောတူ အာရုံအားဖြင့်လည်း သတိသည် ဖြစ်၏။

၇။ သဘောကွဲ အာရုံအားဖြင့်လည်း သတိသည် ဖြစ်၏။

၈။ စကားကို ကြားသိသော အားဖြင့်လည်း သတိသည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၉။ မှတ်ကြောင်းအင်္ဂါလက္ခဏာအားဖြင့်လည်း သတိသည် ဖြစ်၏။

၁၀။ သူတစ်ပါး သတိပေးသောအားဖြင့်လည်း သတိသည် ဖြစ်၏။

၁၁။ အက္ခရာ အရေးအသားအားဖြင့်လည်း သတိသည် ဖြစ်၏။

၁၂။ ဂဏန်းသင်္ချာအရေအတွက်သော အားဖြင့်လည်း သတိသည် ဖြစ်၏။

၁၃။ နှုတ်တက်အာဂုံဆောင်သောအားဖြင့်လည်း သတိသည် ဖြစ်စေ၏။

၁၄။ ကမ္မဋ္ဌာန်းဘာဝနာအားဖြင့်လည်း သတိသည် ဖြစ်စေ၏။

၁၅။ ပေ၊ ပုရပိုက် စာအုပ်တို့နှင့် ဖွဲ့ယှက်ဆက်စပ်သော အားဖြင့်လည်း သတိသည် ဖြစ်၏။

၁၆။ အနီး၌ ဆည်းထားသောအားဖြင့်လည်း သတိသည် ဖြစ်၏။

၁၇။ သုံးဆောင်ခံစားဖူးသောအားဖြင့်လည်း သတိသည် ဖြစ်၏လို့ ဟော ထားတယ်။

**သမီး** BURMESE CLASSIC ကျန်တဲ့ အချက်တွေကိုတော့ သဘောပေါက်ပါတယ် ဖေဖေ။ ရှန့်ရှင်းသော အာရုံကို သိသောအားဖြင့် သတိဖြစ်တယ်ဆိုတာကို ဘယ်လို နားလည်ရမှန်း မသိဘူး ဖေဖေ။

**အကျွန်ုပ်** လူတစ်ယောက်ဟာ ဝိပဿနာတရားအလုပ်ကို အားထုတ်နေတယ်။ သူဟာ ဆင်းရဲတယ်။ တစ်ခါမှာတော့ အမှတ်မထင်ဘဲ သူသည် သိန်းသုံးရာတန် ထီကြီး ပေါက်တယ်။ ဒီသတင်းကို ကြားတဲ့နေ့မှာပဲ သူဟာ သတိပဋ္ဌာန်းတရားကို ပွားများအားထုတ်လိုက်တာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသွားတယ်။ ဒီလို ဖြစ်တာဟာ ရှန့်ရှင်းသော အာရုံကို သိသောအား ဖြင့် သတိဖြစ်ခြင်းလို့ ဆိုရတယ်။ ဒီအဖြစ်ကို သူဟာ တစ်သက်နဲ့တစ်ကိုယ် ဘယ်လိုမှ မေ့နိုင်မှာ မဟုတ်တော့ဘူးပေါ့ကွယ်။

**သမီး** သမီး သဘောပေါက်ပါပြီ ဖေဖေ။ ဒါဆိုရင် ဒီအခြင်းအရာ တစ်ဆယ့်ခုနစ်ချက်မှာ တစ်ချက်ချက်နဲ့အညီ မမေ့ပျောက်အောင် လုပ်နိုင်ရင် မမေ့မလျော့ခြင်း သတိနှင့် ပြည့်စုံသောသူ ဖြစ်နိုင်တာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အေး. . 'အသမ္မုဿနတာ' ဆိုတာ မမေ့ပျောက်သည်၏ အဖြစ် ကို ဟောတာပဲကွယ်။ အစိုးရမရ အောက်မေ့မှု၊ သတိခိုင်မြဲမှုကို သတိခြွေလို့ ခေါ်တယ်၊ မတုန်မလှုပ် အောက်မေ့မှု၊ အားကောင်းတဲ့ သတိကိုတော့ သတိပျက်လို့ ခေါ်ရတယ်။ ဒီလို ဣန္ဒြေထိုက်တဲ့သတိ၊ ပျက်တတ်တဲ့ သတိမျိုး သမ္မာသတိ၊ ကောင်းစွာ အောက်မေ့မှုလို့ ဆိုတာပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com



**သမီး** မမေ့လျော့သော သတိရှိသူ ဖြစ်ကြောင်းတရားမှာ အားကောင်းသော သတိရှိမှု၊ နိုင်မြဲတဲ့ သတိရှိသူ ဖြစ်မှသာ သမ္မာသတိရှိသူ ဖြစ်တယ်။ သမ္မာသတိရှိသောသူဆိုတာ မမေ့မလျော့သော သတိနှင့် ပြည့်စုံသော ကိုယ်ရည်ကိုယ်သွေး ရှိသူလို့ ဆိုမှာပေါ့နော် ဖေဖေ။

**အကျွန်ုပ်** အင်း . . ဟုတ်တာပေါ့ကွယ်။ ဒီအချက်ဟာ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သူ၊ မြင့်မားသူ ဖြစ်ရေးမှာ အခြားအခြင်းအရာအားလုံး ထက် ပိုပြီး အရေးပါတယ်။ ကျန်ကိုယ်ရည်ကိုယ်သွေးတွေ ထက်မြက်ရေး မြင့်မားရေးမှာလည်း မမေ့မလျော့သော သတိရှိသူ ဖြစ်မှသာ အောင်မြင်ပြီးမြောက်နိုင်တယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိရေး နိဗ္ဗာန်ကို မျက်မှောက်ရရေးမှာလည်း သတိကသာ အရာရာကို ပြဋ္ဌာန်းတယ်ဆိုတာ နှလုံးသွင်းထားရမယ်။

ဒါကြောင့် လူငယ်တွေ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သူများဖြစ်အောင် လုပ်ချင်ရင် ဖေဖေကတော့ သတိကောင်းသူ၊ သတိရှိသူတွေ ဖြစ်အောင် နေရာတကာမှာ သတိနဲ့ သမ္မာဇဉ်ယှဉ်တွဲပြီး စဉ်းစားဆုံးဖြတ်နိုင်သူတွေ ဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်ကွယ်။

BURMESE CLASSIC

ဆန်းလွင်

www.burmeseclassic.com